

# ဗုဒ္ဓတာကြွေးဗုံ

ရန်အောင်မျိုးညွန့်

ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ
အမှတ် ၉၀
သာသနာရေးဦးစီးဌာန

# ဘာသာရေး-သုတပဲညှို့ခဲ့ဝေပီး

စာအုပ်ဖြစ်ပါသည်



# ဂုဏ်တောင်မျိုးညွန့်

## ဗုဒ္ဓစာကြေးမုံ

ယနောင်စာပေ

သာသနာ—၂၅၂၂ ကောဇာ—၁၃၄၀

ဗုဒ္ဓ—၈

ယနေ့ခေါင်စာစဉ် (၂)
ဘာသာရေးဆိုင်ရာစာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် [၁၁၂၃၁]
ဘာသာရေးဆိုင်ရာ မျက်နှာဖုံးပုံနှိပ်ခွင့်အမှတ် [၃၂၂]

ပဉ္စမအကြိမ်

အုပ်ရေ-၁၀၀၀

၁၉၇၈-ခု

နိုဝင်ဘာလ

ပန်းချီ-သိန်းညွန့်

ဘလောက်-အမျိုးသား

မျက်နှာဖုံး-ချင်းတွင်း

စာအုပ်ချုပ်-အေးမိသားစု

တန်ဘိုး ၁၅-ကျပ်


ဦးမျိုးညွန့် (၀၁၉၉၃) ယနေ့ခေါင်စာပေ၊ က/၁၂၊ ဈေးပိုင်း၊ ၈-ရပ်ကွက်၊ တောင်ဥက္ကလာပ-ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြဲ) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ့ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်က ပုံနှိပ်သည်။

## ဗုဒ္ဓကြေ မုံနှင့် ဗုဒ္ဓစာကြေးမုံ။

ဤစာအုပ်နှစ်အုပ်ဖြင့် ကွယ်လွန်ပြီးဖြစ်သော ရမည်းသင်းခရိုင် ရန်အောင်မြို့နယ် မြောက်ကန်ကြီးရွာမှ ဘုန်းကြီးဘ- ဘုန်းကြီးအမေကြီးများ ဖြစ်ကြသည့် ကျေးဇူးရှင် မိဘ နှစ်ပါးအား အထူး (ဂရုဂါရဝ)ပြု၍ အမျှအတမ်း ပေးဝေပါ၏။

ရန်အောင်မျိုးညွန့်

၁-၁-၇၈



# သာယာအေးချမ်းကြပါစေ

*

ဤစာအုပ်ရှု
စာဆွေစုသည်
ဗဟုသုတ
ပေါကြွယ်ဝ၍
ရကြမှန်စွာ
ပန်းရွှေကြာနှယ်
သာယာအေးချမ်း
သော်တာစန်းသို
ရောင်လျှမ်းရွှန်းဝေ
ရှိပါစေ....။

ရန်အောင်မျိုးညွန့်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ နမော– တဿ-ကို ရှိခိုးသော နတ်မင်းကြီး ၅-ဦး | | ၁ |
| ၂။ ဖြည့်နိုင်ခဲ့သော ပါရမီသုံးပါး | .... | ၂ |
| ၃။ ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်ဟူသည် | .... | ၃ |
| ၄။ ဘုရားရှင်၏ ဆအသာဓာရဏ- ဉာဏ်တော် ခြောက်ပါး | .... | ၃ |
| ၅။ ဘုရားရှင်၏ ဒသဗလ ဉာဏ်တော် ဆယ်ပါး | .... | ၅ |
| ၆။ ဘုရားရှင်၏ ပကတိ အားတော်များ | .... | ၆ |
| ၇။ အဘဗ္ဗဋ္ဌာန တဆယ့်ရှစ်ပါး | .... | ၇ |
| ၈။ သာဝက သုံးမျိုး | .... | ၈ |
| ၉။ တရားနာသူ၏ နားခြောက်ပါး | .... | ၁၀ |
| ၁၀။ လဆန်း လပြည့် လကွယ် အကြောင်း | .... | ၁၁ |
| ၁၁။ အစိန္တေယျ လေးပါး | .... | ၁၃ |
| ၁၂။ နတ်နှင့်လူ တူသလား | .... | ၁၅ |
| ၁၃။ ရာဟု အသူရိန် နတ်မင်းအကြောင်း | .... | ၂၆ |
| ၁၄။ အသူရိန်နတ်မင်း ဘုရားရှင်အား ဖူးမြင်ပုံ | .... | ၃၀ |
| ၁၅။ မိုးမရွာခြင်း အကြောင်းတရား ငါးပါး | .... | ၃၃ |

မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၆။ မိုးရွာခြင်း၏ အကြောင်းတရား ရှစ်ပါး | .... | ၃၅ |
| ၁၇။ နဝရတ် ကိုးပါး ဖြစ်ပေါ်လာပုံ | .... | ၄၄ |
| ၁၈။ ဝင်္ကိသပုဏ္ဏား | .... | ၄၆ |
| ၁၉။ ခမ္မိကပဏ္ဍိတမင်း | .... | ၆၂ |
| ၂၀။ ပရဒါရကံနှင့် ရှင်အာနန္ဒာအလောင်း | .... | ၇၃ |
| ၂၁။ ရွှေတောင်မစံ ဟသာပျို | .... | ၇၅ |
| ၂၂။ မိတ္တဝိန္ဒုနှင့် တိတ္ထိ ဝတ္ထု | .... | ၇၉ |
| ၂၃။ ပုရာဏကဿပ ဝတ္ထု | .... | ၈၅ |
| ၂၄။ မက္ခလိဂေါသာလ ဝတ္ထု | .... | ၈၇ |
| ၂၅။ မိတ္တဝိန္ဒု သုံးမျိုး | .... | ၉၀ |
| ၂၆။ ပရိဗိုဇ်ရဟန်းနှင့် တိတ္ထိတက္ကတွန်း | .... | ၉၂ |
| ၂၇။ အပါယ်လေးဘုံအဖွင့် | .... | ၉၄ |
| ၂၈။ ငရဲအပြား | .... | ၉၆ |
| ၂၉။ ဝေသာလီပြည် တည်ရှိပုံ | .... | ၁၀၆ |
| ၃၀။ ဘုရားရှင်၏ ဆင်မင်းအကြည့်ဟူသည် | .... | ၁၁၃ |
| ၃၁။ သီဟိုဠ်ကျွန်း | .... | ၁၂၀ |
| ၃၂။ ဘုရားရှင် ပထမအကြိမ်သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း | .... | ၁၂၆ |
| ၃၃။ ဘုရားရှင် ဒုတိယအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း | .... | ၁၃၁ |
| ၃၄။ ဘုရားရှင် တတိယအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း | .... | ၁၃၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃၅။ ဘုရားရှင်၏ ခြေတော်ရာများ | .... | ၁၃၇ |
| ၃၆။ ပထမ ခြေတော်ရာ | .... | ၁၄၀ |
| ၃၇။ ဒုတိယ ခြေတော်ရာ | .... | ၁၄၁ |
| ၃၈။ တတိယ ခြေတော်ရာ | .... | ၁၄၁ |
| ၃၉။ လူမျိုး (၁၀၁) ပါးရေတွက်ပုံ | .... | ၁၄၂ |
| ၄၀။ လူမျိုး(၁၀၁) ပါးလင်္ကာ | .... | ၁၄၄ |
| ၄၁။ ခြေတော်ရာ သုံးကြိမ် တိမ်မြုပ်ခြင်းများ | .... | ၁၄၇ |
| ၄၂။ တောင်ဖီလာဆရာတော်နှင့်အဖွဲ့ ခြေတော်ရာရှာထွက်ခြင်း | .... | ၁၅၂ |
| ၄၃။ တောင်ဖီလာဆရာတော် အိပ်မက်မြင်မက်ပုံ | .... | ၁၅၄ |
| ၄၄။ သာလွန်မင်းတရားကြီး၏ ကြည်ညိုမှု | .... | ၁၆၀ |
| ၄၅။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏အလှူတော် | .... | ၁၆၂ |
| ၄၆။ မုဆိုးမင်းဆက် (၁၁) ပါး | .... | ၁၆၃ |
| ၄၇။ မဘိုမယ်ခေါ် ရှင်ဘိုမယ် | .... | ၁၆၅ |
| ၄၈။ ရာဇသင်္ကြန်၏ သတ္တိ | .... | ၁၇၀ |
| ၄၉။ ငကဲကျောက်ဆင့်တောင် | .... | ၁၇၂ |
| ၅၀။ သာကေတမြို့ | .... | ၁၇၅ |
| ၅၁။ ဘုရားလောင်း ရင့်မာတကျိပ် | .... | ၁၈၀ |
| ၅၂။ ဝံသတိုင်း ကောသမ္ဗီပြည် | .... | ၁၈၁ |
| ၅၃။ ဗာရာဏသီ မိဂဒါဝုန် | .... | ၁၈၆ |
| ၅၄။ မိထွေးတော် ဂေါတမီ ရဟန်းပြုပုံ | .... | ၁၉၀ |
| ၅၅။ စကြာဝတေးမင်း၏ အလောင်းကို သင်္ဂြိုဟ်ပုံ | .... | ၁၉၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၅၆။ ဂရုဓမ္မ တရားရှစ်ပါး | .... | ၁၉၇ |
| ၅၇။ မိထွေးတော် ဂေါတမီဝတ္ထု | .... | ၁၉၈ |
| ၅၈။ ဝင်္ဂတိုင်း ဝင်္ဂရာဇ်ပြည် | .... | ၂၁၀ |
| ၅၉။ ဇနပဒ ကလျာဏီဝတ္ထု | .... | ၂၁၂ |
| ၆၀။ ငါးဖြာသော ကောင်းခြင်း | .... | ၂၁၅ |
| ၆၁။ နာလန္ဒရွာ | .... | ၂၂၂ |
| ၆၂။ စန္ဒကူးသပိတ်နှင့် အရှင်ပိဏ္ဍောလ | .... | ၂၂၈ |
| ၆၃။ မဒ္ဒရာဇ်တိုင်း သာဂလပြည် | .... | ၂၃၇ |
| ၆၄။ ဘုရားရှင်သည် တိတ္ထိတို့ကို နှိမ်နင်းရန်—တန်ခိုးတော်ပြခြင်း | .... | ၂၃၉ |
| ၆၅။ ဥက္ကာခစသပြည် | .... | ၂၅၅ |
| ၆၆။ ဘုရားရှင် တာဝတိံသာသို့ ကြွတော်မူပုံ | .... | ၂၅၆ |
| ၆၇။ မယ်တော်နတ်သားအား အဘိဓမ္မာတရား-ဟောကြားပုံ | .... | ၂၆၁ |
| ၆၈။ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သား | .... | ၂၆၂ |
| ၆၉။ မြောက်ကျွန်းသို့ ဆွမ်းခံကြွပုံ | .... | ၂၆၆ |
| ၇၀။ ဘုရားရှင် နတ်ပြည်၌အာရုံခံသလား | .... | ၂၆၇ |
| ၇၁။ ဘုရားရှင် နတ်ဆွမ်းကို ဘုဉ်းပေးသလား | .... | ၂၆၈ |
| ၇၂။ မြောက်ကျွန်းသို့ ဆွမ်းခံကြွချိန် | .... | ၂၆၈ |
| ၇၃။ လင်းနို့သား ငါးရာ | .... | ၂၆၉ |
| ၇၄။ အဘိဓမ္မာ ဟူသည် | .... | ၂၇၀ |
| ၇၅။ ဘုရားရှင်အား ရှင်မောဂ္ဂလာန် ပင့်ဆောင်ပုံ | .... | ၂၇၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၇၆။ ဘုရားရှင် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ကြွပုံ | .... | ၂၇၅ |
| ၇၇။ သင်္ကဿနဂိုရ်ပြည် တည်ရှိပုံ | .... | ၂၀၀ |
| ၇၈။ ရှင်ဒေဝဒတ် | .... | ၂၀၁ |
| ၇၉။ ရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်း | .... | ၂၀၆ |
| ၈၀။ ဗိမ္ဗိသာရမင်းကြီး၏ ရှေးဝိပါက် | .... | ၂၉၀ |
| ၈၁။ ရှင်ဒေဝဒတ် ဘုရားရှင်ကို သေကြောင်းကြံခြင်း | .... | ၂၉၁ |
| ၈၂။ နာဠာဂိရိဆင်ဖြင့် တိုက်ခြင်း | .... | ၂၉၄ |
| ၈၃။ ဘုရားရှင်၏ ဝိပါက်တော် (၁၂) ပါး | .... | ၃၀၁ |
| ၈၄။ ရှင်ဒေဝဒတ်ကို မြေမျိုပုံ | .... | ၃၀၉ |
| ၈၅။ အရှင်လတ်လတ် မြေမျိုခံရသူခြောက်ဦး | .... | ၃၁၄ |
| ၈၆။ သုပ္ပဗုဒ္ဓမင်း မြေမျိုခံရပုံ | .... | ၃၁၄ |
| ၈၇။ အဇာတသတ်မင်း ဘုရားရှင်ကို ကြည်ညိုပုံ | .... | ၃၂၁ |
| ၈၈။ အဇာတသတ်မင်း အဝီစိငရဲ ကျသလား | .... | ၃၂၆ |
| ၈၉။ အဘသတ်မင်းမျိုး ငါးဦး | .... | ၃၂၇ |
| ၉၀။ မလ္လိကာဒေဝီ | .... | ၃၂၈ |
| ၉၁။ မဟာလ္လတာ-တန်းဆာဝတ်ရသူ အမျိုးသမီး သုံးဦး | .... | ၃၂၉ |
| ၉၂။ မဟာလ္လတာ-တန်းဆာလုပ်ရပုံ | .... | ၃၂၉ |
| ၉၃။ သုရဋ္ဌတိုင်း-သုဝဏ္ဏဘူမိ | .... | ၃၃၀ |
| ၉၄။ ကောသလမင်း အိပ်မက်များ | .... | ၃၃၃ |

အကြောင်းအရာ                    စာမျက်နှာ

၉၅။ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် .... ၃၅၃
၉၆။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံယူပုံ .... ၃၅၃
၉၇။ ရေဝတီ အမျိုးသမီး .... ၃၆၀
၉၈။ ဝိဒေဟတိုင်း-မိတ္ထိလာပြည် .... ၃၇၃
၉၉။ ကောင်းမှု၏အကျိုးကြောင့် နတ်ဘုံဗိမာန် ကြိုတင်ပေါက်နှင့်ပုံ .... ၃၇၅
၁၀၀။ အင်္ဂတိုင်း-စမ္ပာနဂိုရ်ပြည် .... ၃၇၇
၁၀၁။ ရောဟိနီနတ်သမီးနှင့် သိကြားမင်း .... ၃၇၉
၁၀၂။ တိုင်းကြီး ၁၆-တိုင်း .... ၃၈၂
၁၀၃။ ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံယူပုံ .... ၃၈၃
၁၀၄။ ရှင်မောဂ္ဂလာန်ကို ခိုးသားများ အရိုက်ခံရသော ဝိပါက် .... ၃၈၆
၁၀၅။ ပါဠိလိပုတ်ပြည် .... ၃၈၈
၁၀၆။ ပါဠိသိဂါမ-ဗျာဒိတ်ရ .... ၃၉၃
၁၀၇။ အမ္ဗပါလိကာ .... ၃၉၆
၁၀၈။ မြို့-ရွာ-နိဂုံး-ဇနပုဒ်-ခေါ်ပုံ .... ၃၉၉
၁၀၉။ ဝဿကာရနှင့် ဝေသာလီ .... ၃၉၉
၁၁၀။ လိစ္ဆဝီနှင့် ဝေသာလီ မည်ခြင်း .... ၄၀၆
၁၁၁။ နိဂုံး ဆုတောင်း .... ၄၀၈

ဗုဒ္ဓေါ-မေ-သီသေ-နိစ္စံ-တိဋ္ဌတု



# ဖိုငြိမ်းပြုကျမ်းဂန်ကြီးများ

၁။ ပဋ္ဌာနပကိဏ္ဏကကျမ်း
၂။ နရသာသနကျမ်း
၃။ အိန္ဒိယကြေးမုံကျမ်း
၄။ ဇိနတ္ထပကာသနီကျမ်း
၅။ မဟာဝင်ကျမ်း
၆။ ထေရပဒါန် ပါဠိတော် မြန်မာပြန်(၁)
၇။ လောကဟိတရာသီကျမ်း
၈။ ရွှေစက်တော် သမိုင်းကြီး
၉။ မဟာကောသလ-သောဠသအိပ်မက်ခန်း
၁၀။ မြန်မာ့ရေးရာ- သုတပဒေသာ။
၁၁။ ဇင်းမယ်ပဏ္ဏာသ မြန်မာပြန်
၁၂။ စွယ်စုံကျော်ထင်ကျမ်း (၁)
၁၃။ တထာဂတ ဥဒါန ဒီပနီကျမ်း (စ)

ယနောင်စာပေ။

# ယနောင်စာပေ၏ ပန်ကြားချက်

၁၉၇၇-ခုနှစ်၊ ဒီဇင်ဘာလတွင် မိသားစု ယနောင်စာပေ တိုက်သစ်ငယ်ကို စတင်ပြုစုတည်ထောင်ခဲ့သည်။

ဗုဒ္ဓကြေးမုံ ဘာသာရေးစာအုပ်ဖြင့် မင်္ဂလာယူ၍၊ ပထမခြေလှမ်းအဖြစ် စမ်းသပ်၍ပွဲထုတ်ခဲ့သည်၊ ပွဲဦးထွက်လက်ရွေးစင်အဖြစ် ထုတ်ဝေဖြန့်ချိမှုပြုခဲ့သည်၊ ရည်မှန်းထားသည်ထက် ပိုမို၍ အောင်မြင်မှုရရှိခဲ့သည်၊ ထို့ကြောင့် ယနောင်စာပေသည် ပထမစာအုပ်တအုပ်ထည်းဖြင့်၊ စာပေမှတ်တိုင်ထူနိုင်ခဲ့သည်။

ထိုသို့အောင်မြင်မှုရရှိခဲ့သည်မှာ ဦးစားပေး၍ ဖြန့်ချိမှုပြုပေးခဲ့ကြသော ကိုယ်စားလှယ်တော်ကြီးများကြောင့်၎င်း၊ လေးစားအပ်သောစာပေမိတ်ဆွေများ၏ဝယ်ယူဖတ်ရှုအားပေးမှုကြောင့်၎င်း၊ ဓမ္မမိတ်ဆွေများ၏ ဆုတောင်းမေတ္တာပို့မှုကြောင့်၎င်း၊

ယနေ့စာပေ၏ စေတနာမှန်ကန်မှုကြောင့်၎င်း၊ ထိုကဲ့သို့ အောင်မြင်မှုရရှိနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

ထို့ကြောင့် မိသားစု ယနေ့စာပေတိုက်သစ်ငယ်မှ စေတနာ တုန့်ပြန်သောအားဖြင့်၊ တအုပ်ထက်တအုပ် ပိုမိုကောင်းမွန်သော စာသန့်ပေသန့် စာအုပ်ကောင်းမျိုးကိုသာ၊ တတ်နိုင်သမျှ ထုတ်ဝေဖြန့်ချိမှုပြုသွားမည်ဟု စေတနာအပြည့်အဝထားရှိပါသည်။

ယနေ့စာပေမှ ထုတ်ဝေသောစာအုပ်များသည်၊ ဘာသာရေးဟု ဆိုရငြားလည်း ခက်ခဲနက်နဲသည့် တွေးခေါ်ရမည့်၊ ငြင်းခုံရမည့် သဘောတရား ဘာသာရေးစာအုပ်မျိုးမဟုတ်ပါ။

အဆင့်အတန်းမနိမ့်သည့် ရှားပါးသည့် ဘာသာရေးဗဟုသုတပညာပေးသည့်စာအုပ်မျိုး၊ ဘာသာရေးသုတပဒေသာ စာအုပ်မျိုးသာဖြစ်ပါသည်၊ သို့သော် အတိုချုပ်မှတ်စုစာအုပ်မျိုးလည်း မဟုတ်ပါ။

ခက်ခဲနက်နဲသည့် သဘောတရား ဘာသာရေးကို အခြေခံရစေမည့် စာအုပ်မျိုးသာ ဖြစ်ပါသည်။

ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာတမျိုးသားလုံး၏ တိုးတက်ယဉ်ကျေးမှုတွင် အခြေခံအကျဆုံးသော ဘာသာရေးစာပေနှင့် မနီးစပ်သောသူများအား ပို၍ပို၍နီးစပ်မှုရှိလာနိုင်စေရန် ရည်ရွယ်ပါသည်။

စာအုပ်ကိုပြုစုရေးသားရာတွင်လည်း အသက်ကြီးငယ်မဟူ လူတန်းစားမရွေး၊ မြန်မာစာ ဘတ်တတ်သူတိုင်း ငြီးငွေ့မှုမရှိရအောင်၊ စိတ်ဝင်စားမှုရှိရအောင်၊ ဘတ်ရမှတ်ရသည်၌ လွယ်ကူမှုရရှိအောင်၊ လွန်စွာရှားပါးသည့် ဘာသာရေးသုတဟောင်းများကို နိုက်နိုက်ချွတ်ချွတ်မှတ်သားစုဆောင်းမိရလေအောင်၊ တတ်နိုင်သမျှ စေတနာထား၍ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

စာအုပ်ကောင်းတအုပ်ကို အစမှအဆုံးအထိ၊ ဖြစ်မြောက်အောင်မြင်မှုရှိအောင် ပြုစုရသည်မှာ အထူးမလွယ်ကူပါ၊အကော်အခဲပေါင်းမြောက်များစွာကို၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲခံ၍ တွေ့ကြုံလာရသမျှသော ပြဿနာပေါင်းစုံကိုလည်း ဇွဲကောင်း-စိတ်ရှည် သည်းခံပြီး ပြုလုပ်နိုင်မှသာလျှင် ခံနိုင်ရည်ရှိမှသာလျှင် ထမြောက်အောင်မြင်မှု ရရှိနိုင်ပါသည်။

သို့ဖြစ်၍ ယနောင်စာပေသည် တိုင်းပြည်နှင့် တမျိုးသားလုံး၏ တိုးတက်ယဉ်ကျေးမှုကို ထိန်းချုပ်ရာတွင် အခြေခံအကျဆုံးဖြစ်သော သာသနာတော်၏ ရေရှည်တည်တန့်မှုတွင်၊ အလိုလားအပ်ဆုံးဖြစ်သော ဘာသာရေး စာပေတို့ကို ဘုရားဟောကျမ်းဂန်များမှငင်း၊ တပါးသော လောကုတ္တရာကျမ်းများမှငင်း—

တတ်နိုင်သမျှ ရှာဖွေမွှေနှောက် ကောက်နုတ်စုဆောင်းမှတ်သားပြီး, တင်ပြသွားမည်ဟူ၍သာ ယနောင်စာပေ၏ အဓိက

ရည်ရွယ်ချက်ဖြစ်ကြောင်း ပန်ကြားအပ်ပါသည်၊ သင်-မြင်-ကြား ဆရာအပေါင်းကိုလည်း အမြဲတန်းရိုသေလေးစား၍ ဂါရဝပြု ပါသည်။

ဤစာအုပ်ကို ဗုဒ္ဓကြေးမုံစာအုပ်နှင့် ဆက်စပ်၍ဖတ်လျှင် ပိုမို၍ ဆီလျော်ပါသည်။



နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

*

## ၁။ "နမော-တဿကို ရှိခိုးသော နတ်မင်းကြီး ၅-ဦး"

သာတာဂိရိယက္ခော- နမော။ တဿစ- အသုရိန္ဒကော။ ဘဂဝတော- မဟာရာဇာ။ သက္ကောပန- အရဟတော။ သမ္မာသမ္ဗုဒ္ဓေါ-ဗြဟ္မာစ။ ပဉ္စဒေဝါ- နမဿန္တိ, ဟူသော ပါဠိတော် နှင့်အညီ။

၁။ **သာတာဂိရိ** နတ်မင်းကြီးသည် နမော- ဟု ရှိခိုး၏။

၂။ **အသူရိန်** နတ်မင်းကြီးသည် တဿ- ဟု ရှိခိုး၏။

၃။ **စတုမဟာရာဇ်** နတ်မင်းကြီး လေးဦး တို့သည် ဘဂဝတော- ဟု ရှိခိုး၏။

၄။ သိကြား နတ်မင်းကြီးသည် အရဟာတော- ဟုရှိခိုး၏။
၅။ ဗြဟ္မာ မင်းကြီးတို့ကား သမ္မာသမ္ဗုဒ္ဓ- ဟု ရှိခိုး၏။
(မူကွဲရှိကြောင်းလည်း ကြားသိရဘူး၏။)
(လုံးတော်ဆရာတော်၏ ပုဋ္ဌာပကိဏ္ဏက ကျမ်း
စာမျက်နှာ- ၆၁-မှ)

*

၂။ ဖြည့်နိုင်ခဲသော ပါရမီသုံးပါး

၁။ ဒသပါရမီ – ဥစ္စာ-ပြည်ရွာတိုင်းကား သားမယားကို စွန့်၍ဖြည့်ခြင်း။
၂။ ဒသဥပပါရမီ – ထိုထက် ခြေ လက် မျက်စိ အင်္ဂါကို ဖြည့်၍စွန့်ခြင်း။
၃။ ဒသပရမတ္ထပါရမီ–ထိုထက် အသက်ကိုဖြည့်၍စွန့်ခြင်း။

ထိုပါရမီသုံးပါးသည် ဘုရားလောင်းမှတပါး အခြားသော ပုဂ္ဂိုလ်တို့ ဖြည့်စွမ်းနိုင်ရန် ခဲယဉ်းသော ပါရမီများပေတည်း။
(စွယ်စုံကျော်ထင်ကျမ်း မှ)

*

## ၃။ ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်ဟူသည်

ရွှေသား အင်းပျဉ်၌ တင်ထား အပ်သော ငွေမြှုပ်စုကဲ့သို့ မျက်မှောင်တော် နှစ်ဖက်တို့ အလယ်၌ ပေါက်ထွက်တော်မူ၏။

အထက်နဖူးသို့ ကန့်မြူးလျက် လကျာ်ရစ်လည်၍ တည်တော်မူ၏။ ထိုမွေးတော်သည် ဥဏ္ဏာလုံမွေးရှင်တော် မည်၏။

ထိုဥဏ္ဏာလုံမွေးရှင်တော်သည် ငင်၍ဆွဲသော် တလံခွဲမျှ ရှိ၏။

လွှတ်လိုက်သော် ခြုးနားငွှောင်းကဲ့သို့ ရစ်ခွေလျက် အထက်သို့ အညွန့်ဇမျှော်၍ တည်၏။

(သုတ်မဟာဝါ- အဋ္ဌကထာမှ)

*

## ၄။ ဘုရားရှင်၏ ဆအသာဓာရဏ ဉာဏ်တော်ခြောက်ပါး

၁။ **အာသယာနုသယဉာဏ်**—သတ္တဝါအပေါင်းတို့၏လိုအင်ဆန္ဒ အာသယကိုသိသောဉာဏ်။

၂။ **ဣန္ဒြိယပရောပရိယတ္တဉာဏ်**—သတ္တဝါတို့၏ ဣန္ဒြေပါရမီ အနုအရင့်ကိုသိသော ဉာဏ်။

၃။ **ယမကပါဋိဟာရိယဉာဏ်**—ရေမီး အစုံစသည့် ယမိုက်ပြာဋိဟာကို ပြတော်မူနိုင်သောဉာဏ်။

၄။ သဗ္ဗညုတဉာဏ်—အလုံးစုံသော တရားကို သိနိုင်သော ဉာဏ်။

၅။ မဟာကရုဏာ သမာပတ္တိဉာဏ် – သတ္တဝါ တို့အား သနားခြင်း မဟာကရုဏာပြဌာန်းသော ဉာဏ်။

၆။ အနာဝရဏဉာဏ်—ပိတ်ပင်တားဆီးခြင်း မရှိ။ အချင်းခပ်သိမ်း မြင်နိုင်သော ဉာဏ်များပေတည်း။

(ဇိနာလင်္ကာရ ဋီကာမှ)

၅။ ဘုရားရှင်၏ ဒသဗလဉာဏ်တော်ဆယ်ပါး

၁။ ဌာနာဌာန ကောသလ္လဉာဏ် — အရာ ဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်။
၂။ ကမ္မဝိပါကန္တရဉာဏ် — ကံအထူး- ဝိပါက် အထူးကို သိတတ်သောဉာဏ်။
၃။ သဗ္ဗတ္တဂါမိနိဉာဏ် — ကံ၏ အပိုင်းအခြားကို သိတတ်သော ဉာဏ်။
၄။ နာနာဓာတုဉာဏ်—ဓာတ်တို့၏အထူးအပြားကို သိတတ်သော ဉာဏ်။
၅။ အဓိမုတ္တိဉာဏ်—သတ္တဝါတို့၏ အလိုကို သိသောဉာဏ်။
၆။ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်—သတ္တဝါတို့၏ ဣန္ဒြေ ရင့် မရင့်ကို သိတတ်သောဉာဏ်။
၇။ ဈာနာဒိသံကိလေသဉာဏ်—ဈာန်စသည်တို့၏ ညစ်ညှုး ခြင်းကို သိတတ်သောဉာဏ်။
၈။ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်—ရှေး နေဘူးသော ခန္ဓာ အစဉ်ကို သိတတ်သောဉာဏ်။
၉။ ဒိဗ္ဗစက္ခုဉာဏ်—သတ္တဝါတို့၏ စုတိစိတ်- သန္ဓေစိတ်ကို သိတတ်သောဉာဏ်။
၁၀။ အာသဝက္ခယဉာဏ်—အာသဝေါ တရားတို့ကို ကုန်စေ တတ်သော ဉာဏ်များတည်း။

(သာရတ္ထ-သင်္ဂဟကျမ်း မှ)

*

## ၆။ ဘုရားရှင်၏ ပကတိ အားတော်များ

ဘုရားရှင်သည် ဆင်ပြောင် ဆယ်စီးအားကို ဆောင်နိုင်သည် ဆိုရာ၌ အောက်ပါအတိုင်း မှတ်ယူရာသည်။

၁။ ကာဠာဝက—ဆင်ရိုးရိုးအားသည် မဇ္ဈိမပုရိသဖြစ်သော ယောကျ်ားတကျိတ်တို့၏ အားကို ဆောင်နိုင်၏။

၂။ ဂင်္ဂေယျ—ဆင်သည် ကာဠာဝကဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

၃။ ပဏ္ဍရ—ဆင်သည် ဂင်္ဂေယျဆင် ဆယ်စီး အားကို ဆောင်နိုင်၏။

၄။ တမ္ဗ—ဆင်သည် ပဏ္ဍရဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

၅။ ပိင်္ဂလ—ဆင်သည် တမ္ဗဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

၆။ ဂန္ဓ—ဆင်သည် ပိင်္ဂလဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

၇။ မင်္ဂလ—ဆင်သည် ဂန္ဓဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

၈။ ဟေမ—ဆင်သည် မင်္ဂလဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

၉။ ဥပေါသထ—ဆင်သည် ဟေမဆင် ဆယ်စီး အားကို ဆောင်နိုင်၏။

## ၁၀။ ဆဒ္ဒန်–ဆင်သည် ဥပေါသထဆင် ဆယ်စီး အားကို ဆောင်နိုင်၏။

ဘုရားလောင်းသည် ထိုဆဒ္ဒန်ဆင် ဆယ်စီးအားကို ဆောင်နိုင်၏။

မြတ်စွာဘုရားသခင်သည် ဘုရား ဖြစ်မှသာလျှင် ထိုအားတော်ကို ဆောင်နိုင်သည် မဟုတ်။ (ပစ္ဆိမ-ဘဝိက) နောက်ဆုံးဖြစ်သော ဘုရားလောင်း ဘဝ၌ပင်လျှင် ဆဒ္ဒန်ဆင် ဆယ်စီးအားကို ဆောင်နိုင်၏။ ကုဋေတထောင်သော ပကတိဆင်တို့၏အားကို ဆောင်နိုင်၏။ ကုဋေ တသောင်းသော မဇ္ဈိမပုရိသယောကျ်ားတို့၏အားကို ဆောင်နိုင်၏။

(အပါဒါန် ပါဠိတော် မှ)

**မှတ်ချက်။** ။ဘုရားရှင်၏တထွာသည် မဇ္ဈိမပုရိသ၏ သုံးထွာ ရှိ၏။ ယခုလူတို့၏ နှစ်တောင့် ခြောက်သစ် ရှိ၏။

ဘုရားရှင်၏ ကိုးထွာသည် မဇ္ဈိမ ပုရိသတို့၏ တဆယ့်သုံးတောင့်ထွာ ရှိ၏။ ပကတိ ပုရိသတို့၏ အတောင်နှစ်ဆယ်နှင့် ခြောက်သစ် ရှိ၏။

(ဝိနည်း ပါဠိတော် မှ)

*

## ၇။ အဘဗ္ဗဋ္ဌာန တဆယ့်ရှစ်ပါး

ဗျာဒိတ်ခံယူပြီးသော ဘုရားလောင်းတို့ မည်သည့် (အဘဗ္ဗ-ဋ္ဌာန) တဆယ့်ရှစ်ပါးတို့၌ ဖြစ်တော်မမူကြကုန်။ ၎င်း တဆယ့်ရှစ်ပါးတို့ ဟူသည်—

၁။ ကန်းသောဘဝ
၂။ နားပင်းသောဘဝ
၃။ ရူးသွပ်သောဘဝ
၄။ အရိယိုသည်လည်း ဖြစ်တော်မမူသောဘဝ
၅။ ဆွံ့အသောဘဝ
၆။ အရိုင်းတောင်သူမျိုးဘဝ
၇။ ကျွန်မဝမ်း၌ ပဋိသန္ဓေယူသောဘဝ
၈။ နိယတ-မိစ္ဆာဒိဋ္ဌိ အယူရှိသောဘဝ
၉။ လိင်ပြန်သောဘဝ
၁၀။ အနန္တရိယကံထိုက်သောဘဝ
၁၁။ နူနာစွဲသောဘဝ
၁၂။ တိရစ္ဆာန်မျိုးဘဝ၌ ငုံးမင်းအောက် ငယ်သောဘဝနှင့် ဆင်ပြောင်အထက် ကြီးသောဘဝ
၁၃။ ပြိတ္တာအမျိုးမျိုးဘဝ
၁၄။ အဝီစိငရဲ၊ လောကန္တရိကငရဲခံရသောဘဝ
၁၅။ မာရ်နတ်သားဘဝ

၁၆။ အသညသတ်ဘုံ၌ဖြစ်ရသောဘဝ

၁၇။ သုဒ္ဓါဝါသဘုံ၌ဖြစ်ရသောဘဝ

၁၈။ တပါးသောစကြာဝဠာ၌ဖြစ်သောဘဝ

ငှင်း တဆယ့်ရှစ်ပါးသော ဘဝတို့၌ ဗျာဒိတ်ရတော်မူကုန်ပြီးသော ဘုရားလောင်းတို့ ဖြစ်တော်မူရိုး ထုံးစံ မရှိကုန်ဟု ဆိုသည်။

(သုတ္တနိပါတ် အဋ္ဌကထာနှင့် စွယ်စုံ ကျော်ထင်ကျမ်း (ပ) နှာ-၂၂၉-မှ ထုတ်နှုတ်သည်။)

*

## ၈။ သာဝကသုံးမျိုး

၁။ အဂ္ဂသာဝက—တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသော လကျာတော်ရံ လက်ဝဲတော်ရံ ဖြစ်လာကြသော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် တို့သည် အဂ္ဂသာဝက မည်၏။

၂။ မဟာသာဝက—ကမ္ဘာတသိန်း ပါရမီဖြည့်၍ ရဟန္တာ ဖြစ်လာကြသော ပဉ္စဝဂ္ဂီငါးဦး အစရှိသော ရှစ်ကျိပ်သော သာဝကတို့သည် မဟာသာဝက မည်၏။

၃။ **ပကတိသာဝက**—ကမ္ဘာ အရာ အထောင်, စသည်ဖြင့် ပါရမီ ဖြည့်၍ ရဟန္တာ ဖြစ်လာသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့သည် ပကတိသာဝကမည်၏။

(အင်္ဂုတ္တရ-ဧကနိပါတ် အဋ္ဌကထာ မှ)

## ၉။ တရားနာသူ၏ နားခြောက်ပါး

၁။ မိမိသန္တာန်၌ရှိသော ရာဂ-ဒေါသ-မောဟ- တရားတို့ ခေါင်းပါးစိမ့်သောငှါ နာသည်လည်းတပါး။

၂။ သဒ္ဓါ-ပညာ-သမာဓိ- ပွားများစိမ့်သောငှါ နာသည်လည်း တပါး။

၃။ သောက- ပရိဒေဝကို လွန်မြောက် နိုင်စေခြင်းငှါ နာသည်လည်းတပါး။


၄။ ဒုက္ခ- ဒေါမနဿတို့ ချုပ်ငြိမ်းစေခြင်းငှါ နာသည်လည်း တပါး။

၅။ မဂ်ဖိုလ်တရားကို သိစိမ့်ခြင်းငှါ နာသည်လည်းတပါး။

၆။ သူဘပါးတို့၏ ချီးမွမ်းထောမနာမှုကို ရစိမ့်သောငှါ ဟန်ဆောင်၍နာသည်လည်း တပါး။

ထိုခြောက်ပါးတို့တွင် ရှေ့ငါးပါးဖြင့် နာယူသော သူ၏ နားကို နားကြီးဟုခေါ်၏။ နောက်ဆုံး အကြောင်းဖြင့် နာသောသူ၏ အကြောင်းကို နားငယ်ဟုဆို၏။

(ဆတ္တအင်္ဂုတ္တိုရ်ပါဠိတော်မှ)



## ၁၀။ လဆန်း- လပြည့်- လကွယ်အကြောင်း

တေသု ပန- စန္ဒမဏ္ဍလံ- ဟေဋ္ဌာ။ သူရိယမဏ္ဍလံ- ဥပရိ။ အန္တရာ နေသံ။ ယောဇနံ- ဟောတိ။

အစရှိသော (သာရတ္ထဒီပနီဋီကာ) လာရှိသည်နှင့်အညီ

လပိမာန်သည်- အောက်ကနေသည်။

နေပိမာန်သည်- အထက်ကနေသည်။

၎င်းတို့အကြား၌ တယူဇနာခန့် ကွာဝေးသဖြင့် လှည့်လည် သွားလာကြသည်။ ယင်းသို့ သွားလာကြရာ၌

နေသည်- အဖြောင့်သွားရာ၌ လျင်မြန်သည်။ ဘီလာသွား ရာ၌ နှေးကွေးသည်။

လသည် — အဖြောင့်သွားရာ၌ နှေးကွေးသည်။ ဘီလာ သွားရာ၌ လျင်မြန်သည်။ ထို့ကြောင့်—

လကွယ်နေ့၌— နေနှင့်လ- ထပ်လျက်သွားသည်။

လဆန်းတရက်နေ့၌— လသည် နေ၏ နောက်၌ ယူဇနာ တသိန်းခန့် ကျန်ရစ်ခဲ့သည်။

လဆန်းနှစ်ရက်နေ့၌— နှစ်သိန်း။ သုံးရက်နေ့၌ သုံးသိန်းခန့် ကျန်ရစ်ခဲ့သည်။

လဆန်း ဆယ့်ငါးရက်—လပြည့်နေ့၌၊ ယူဇနာ တသန်းနှင့် ငါးသိန်း ကျန်ရစ်ခဲ့သည်ဖြစ်၍ ကြားထဲ၌ မြင့်မိုရ်တောင်ကြီး ခြားနား၍ ခံလာသည်။ ထိုမှတဖန်- တသိန်းစီ- နီးလာပြန် သဖြင့်....

လကွယ်နေ့သို့ရောက်သောအခါ။ နေနှင့်လ- ထပ်မိကြသည်။

ယင်းသို့သွားလာရင်းဖြင့် နေနှင့်နီးသောအခါ လ—သည် ငယ်သွား၏။ နေနှင့် ထပ်မိသောအခါ- လသည်ကွယ်၏။

ကြယ်တာရာများမှာမူ— များပြားကြသည်ဖြစ်၍ နေနှင့် နီးသော ကြယ်သည်- ကွယ်သော်ငြား၊ သို့မဟုတ်- ငယ်သော် ငြား- မထင်ရှားကြပေ။ ထိုကြယ်များသည်လည်း ကွယ်သည့် အခါကွယ်၏။ ငယ်သည့်အခါ ငယ်၏။

ယင်းသို့ နေနှင့်လတို့၏ အသွားမညီကြခြင်းသည်၊ အဘယ့် ကြောင့်နည်းဟု မေးငြားအံ့။

လောကစိန္တာ- ဘိက္ခဝေ။ အစိန္တိယျာ- နစိန္တေတဗ္ဗာ။ ယံစိန္တေန္တော။ ဥမ္မာဒဿ- ဝိဃာတဿ- ဘာဂီအဿ- ဟု ဖြေရာ၏။ အဓိပ္ပါယ်မှာ—

ချစ်သားရဟန်းတို့—

လောကဓာတ်၏ အဆန်း-အကျယ် ကြံစည်ဘွယ်ဖြစ်ခြင်းကို မကြံစည်နိုင်သည်၏ အဖြစ်ကြောင့် မကြံစည်အပ်ကုန်။

အကြင်လောက၏ ဖြစ်ခြင်းကို ကြံစည်သောသူသည်။

ရူးခြင်း၏ စိတ်ဖောက်ပြန်ခြင်း၏ အဘို့သည်ဖြစ်ရာသတည်း။

(သာရတ္ထဒီပနီဋီကာ-မှ)

*

## ၁၁။ အစိန္တေယျလေးပါး

အထက်၌ပြဆိုခဲ့သည့် နေနှင့်လတို့၏ ဖြစ်ကြောင်းကို မမေးသင့်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် အစိန္တေယျ ဟု (ဝါ) မကြံစည်အပ်ဟု- ဘုရားရှင်က ဟောထားခဲ့သောကြောင့်ဟု ဆိုသည်။ ထိုစကားကို ရှင်းအောင်ထပ်၍ဆိုပါအံ့။

နေ- လ- နက္ခတ်- သတ္တရမ္ဘာန်- မြင့်မိုရ်၊ ထိုထိုသမုဒ္ဒရာ- စကြာဝဠာ- ရေ-မြေ- အစုတို့သည် တခုသော လောကဓာတ် မည်ကုန်၏။

ထိုလောကဓာတ်သည်- ရေ၏အထက်၌တည်၏။ ထိုလေသည် ရေ၏အထက်၌ တည်၏။ ထိုလေသည် ကောင်းကင်ပြင်၌ တည်၏။

"ယင်းသို့ တည်ခြင်းသည် အဘယ်ကြောင့် ဖြစ်ပါသနည်း" ဟု မကြံစည်အပ်ပေ။ အကယ်၍ ကြံစည်ပါမူ ထိုသူသည် ရူးသွပ်ခြင်းသာ ဖြစ်နိုင်ရာ၏။ အကြောင်းမှန်ကို မသိနိုင်ရာ။ ထို့အတူ—

၁။ ကုသိုလ်ကံ- အကုသိုလ်ကံတို့၏ အကျိုးပေးသော တရားကိုငင်း။

၂။ ဘုရားရှင်တို့၏ အရာကိုငင်း။

၃။ ဈာန်တန်ခိုး၏ အရာကိုငင်း။

၄။ လောကဓာတ်၏ ဖြစ်တည်ခြင်းကိုငင်း။

ငင်းအစိန္တေယျ တရားလေးပါးကို (၀၇)မကြံစည်အပ်သော တရား လေးပါးကို မကြံစည်အပ်သည်သာ ဖြစ်၏။ ထို့ကြောင့် (ဒီဃနိကာယ်) ကျမ်း၌—

ချစ်သားရဟန်းတို့—

ဤလေးပါးသော တရားတို့ကို မကြံစည်အပ်ကုန်။

အဘယ်လေးပါးတို့နည်း ဟူမူကား—

၁။ ဘုရားရှင်၏ အရာကို မကြံစည်အပ်၊

၂။ ဈာနတန်ခိုး၏ အရာကို မကြံစည်အပ်၊

၃။ ကံ-ကံ၏အကျိုးကို မကြံစည်အပ်၊

၄။ လောကဓာတ်၏ ဖြစ်တည်ခြင်းကို မကြံစည်အပ်၊

ဤတရားလေးပါးကို ကြံစည်သောသူသည် ရူးခြင်း၏ စိတ်ဖောက်ပြန်ခြင်း၏ အဘို့သာဖြစ်သတည်း ဟူပေ။

(ဒီဃနိကာယ်ကျမ်း-မှ)

*

## ၁၂။ နတ်နှင့်လူတူသလား

နတ်ဟူသည်မှာ

၁။ ဘုမ္မစိုးနတ်–

၂။ အာကာသစိုးနတ်–

ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်–

လူတို့၏ တည်ရာမြေ၌- ဗိမာန်ဖြင့်သော်၎င်း။ **သစ်ပင်**-တောတောင်- လိုဏ်ဂူ- စသည်တို့၌၎င်း နေသော–

၁။ သာတာဂီရိနတ်၊

၂။ ဟေမဝတနတ်၊

၃။ ပရမေသုရာနတ်။

၄။ အာဋ္ဌာဝကနတ်- စသည်တို့သည်

ဘုမ္မစိုးနတ်မည်ကုန်၏ (ဘုမ္မဇိုဝ်း။)

ထိုနတ်မျိုးကိုပင် သစ်ပင်ဗိမ္မာန်၌ နေသည်ကို အစွဲပြု၍— (ရုက္ခစိုး)နတ်ဟူ၍လည်း ခေါ်ဝေါ်ကုန်၏။ (ရုက္ခဇိုဝ်း။)

အထက်နတ်ပြည်ခြောက်ထပ်၌ နေသော နတ်တို့သည် (အာကာသစိုး)နတ် မည်ကုန်၏။ (အာကာသဇိုဝ်း။)

ထို အာကာသစိုးနတ်တို့တွင် စတုမဟာရာဇ်နတ်နှင့် တာဝတိံသာနတ်တို့သည်—

၁။ ပဗ္ဗတဋ္ဌကနတ်၊

၂။ အာကာသဋ္ဌနတ် အားဖြင့် နှစ်မျိုးရှိ၏။ ထိုနတ်တို့တွင်-

မြင့်မိုရ်တောင်၏ ပဥ္စမအာလိန်အပြင်၌နေသော စတုမဟာရာဇ် နတ်သည်၎င်း၊ မြင့်မိုရ်တောင်ထိပ်၌နေသော တာဝတိံသာနတ်သည်၎င်း၊ ပဗ္ဗတဋ္ဌကနတ် မည်၏။

ထိုနတ်တို့နှင့် တပြင်တည်း—

ဝန်းသောကောင်းကင်၌ ထက်ဝန်းကျင်မှ သည်-စကြာဝဠာတောင်ထိအောင် တည်သော နတ်တို့သည် အာကာသဋ္ဌနတ် မည်ကုန်၏။

တာဝတိံသာမှအထက် ယာမာ စသော အထက်နတ်ဘုံတို့၌ကား အာကာသဋ္ဌနတ်တို့သာ မည်ကုန်၏။

ထိုနတ်တို့တွင်—

မြေကိုမှီ၍ နေသော ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်တို့မှာ သန္ဓေ အားဖြင့် အချို့လည်း (ဂဗ္ဘသေယျက) ခေါ်သော ကိုယ်ဝန်

ဆောင်ကြ၏။ (လူတို့၌ ကိုယ်ဝန်ဆောင်ခြင်းကို) ဂမ္ဘသေယျက ဟုခေါ်၏။

အချို့လည်း (သံသေဒဇ-အရွက် အသီး အပွင့်) စသည်တို့၌ သန္ဓေတည်ကြ၏။

အချို့လည်း (ဥပပါတ်သန္ဓေ-ကိုယ်ထင်လင်း၍ တည်ကြ၏)။

လူတို့၏ အသွင်သဏ္ဌာန်နှင့်မခြား။ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွားများ ရှိကုန်၏။ မုတ်ဆိတ် ကျင်စွယ်လည်း ရှိကြကုန်၏။ အချို့လည်း လှကြ၏။ အချို့လည်း မလှကြ။ အချို့ နတ် ကြောက်မက်ဘွယ်ရှိ၏။

လုံး ရပ်–သဏ္ဌာန်သည် အချို့ကြီး၏။ အချို့ လူ၏ပမာဏခန့် ရှိ၏။ ကမ္မဇိဒ္ဓိ-တန်ခိုးရှိသောကြောင့် မိမိတို့ကိုယ်ကို မြင်စေလိုမှ မြင်ရ၏။ မမြင်စေလိုသော် ကွယ်ဝှက်၍ထားနိုင်၏။

အထက်စတုမဟာရာဇ်၊ တာဝတိံသာ စသော နတ်တို့၌ကား ကိုယ်ရောင်ထင်လင်းသော (ဥပပါတ်) သန္ဓေသာနေကြ၏။ လွန်စွာနူးညံ့၏။ သိမ်မွေ့သော ကိုယ်ခန္ဓာရှိ၏။ ကိုယ်ခန္ဓာသည် တဂါဝုတ် နှစ်ဂါဝုတ် သုံးဂါဝုတ် ပမာဏခန့်ရှိ၏။

မှတ်ချက်။ ၇-တောင် တတာ၊ ၂၀-တာ ၁-ဥဿဘ၊
၂၀-ဥဿဘ-တကောသ၊ ၄-ကောသ တဂါဝုတ်၊
၄-ဂါဝုတ်-တယူဇနာ ခေါ်၏။)

ငင်းအသက်နတ်တို့သည် ရှုချင်စဖွယ် တင့်တယ်သောအဆင်း ရှိ၏။ ထွန်းလင်းတောက်ပသော ကိုယ်ရောင်၊ တန်းဆာရောင်၊ ဗိမာန်ရောင်ရှိ၏။ လူတို့၏ အသွင်သဏ္ဌာန်ကဲ့သို့ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွားများရှိကြ၏။

အချို့ ဖြူသော အဆင်းရှိ၏။ အချို့ ရွှေသော အဆင်းရှိ၏။ အချို့ပြာလဲ့သော အဆင်းရှိ၏။ အချို့ ခိုးခြေအဆင်းကဲ့သို့ရှိ၏။

နတ်ယောကျ်ားတို့မှာ- မုဘ်ဆိတ်ကျင်စွယ်စသော ပုရိသလိင်နှင့် ပြည့်စုံကုန်၏။

နတ်မိန်းမတို့မှာ- ဆံထုံး ဆံစည်း မြိတ်လွတ်သားခြင်းစသော ဣတ္ထိလိင်နှင့် ပြည့်စုံကုန်၏။

နတ်တို့သည်....

သားသမီးကိုတောင့်တ,လျှင် ရင်ခွင်ထက်၌(ဥပပါတ်)သန္ဓေဖြင့် သားသမီးဖြစ်လာ၏။

ဇနီးကြင်ဘက်ကိုတောင့်တ,လျှင် အိပ်ရာပလ္လင်ထက်၌အလိုလိုဖြစ်လာ၏။

တန်ဆာဆင်ယင်ပြုပြင်အံ့သောငှာ အလုပ်အကျွေး နတ်သမီးနတ်သားတို့သည် အိပ်ရာအနား၌ ဖြစ်လာကုန်၏။

ကျွန်အမှုလုပ် အခြံအရံတို့သည် ဗိမာန်၏အတွင်း၌ ဖြစ်လာကုန်၏။

အကြောင်နတ်တို့သည်—

ဗိမာန် နှစ်ခု သုံးခု၏ အကြား၌ ဖြစ်လာသည်ကို မြင်၍ ဗိမာန်ရှင်တို့က သူရထိုက်၏ ငါရထိုက်၏ဟု အငြင်းအခုံ ဖြစ်ကြအံ့။ သိကြားမင်းထံ၌ အယူခံရ၏။ ထိုအခါ သိကြားမင်းက အကြောင်သူ၏ဗိမာန်နှင့်နီးအံ့။ ထိုနီးသော ဗိမာန်ရှင်က ယူစေဟု ဆုံးဖြတ်၏။

သို့မဟုတ်- နှစ်ဦးစလုံးတို့၏ ဗိမာန်ကို မျက်နှာမမူဘဲဖြစ်သော အံ့။ ထိုနှစ်ဦးတို့ ငြင်းခုံမှုမဖြစ်စေခြင်းငှာ သိကြားမင်းက သိမ်းပိုက်မှုပြုလေသည်။

ဥပမာအားဖြင့်—

အရှင်အနုရုဒ္ဓါ၏ နှမတော် (ရောဟိနီ) မင်းသမီးသည် နတ်သား လေးဦးတို့ ပိုင်ဆိုင်သော ဗိမာန်အပြင်နယ်နိမိတ် အစပ်၌ နတ်သမီးဖြစ်လာ၍ နတ်သားလေးယောက်တို့ ငြင်းခုံ၍လုယူကြရာတွင် ဆုံးဖြတ်မရနိုင်သောကြောင့် သိကြားမင်းက သိမ်းယူသကဲ့သို့ပင်။

ဤအကြောင်းအရာများကို—

၁။ သက္ကပဉ္စသုတ်၊

၂။ အာဋာနာဋိယသုတ်၊ ပါဠိတော်—

၃။ အဋ္ဌကထာ၊

၄။ ဇိနာလင်္ကာရ ကျမ်းတို့၌-

လာရှိသည်ဟု စွယ်စုံကျော်ဇင်ကျမ်းမှ ညွှန်းဆိုထား ပါသည်။

တဖန်လည်း—

ဤမျှနတ်သက်အတိုင်း အရှည်ရှိသောကာလပတ်လုံး ထိုနတ်တို့၏ကိုယ်၌ သွားကျိုးခြင်း၊ အရေတွန့်ခြင်း တို့၏ အစွန်းဖြင့် အဆင်းအင်္ဂါဖောက်ပြန်ခြင်းသည် မထင်။

နတ်သမီးတို့သည် တဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ အမြဲရှိနေကုန်၏။

နတ်သားတို့သည် နှစ်ဆယ်အရွယ်ကဲ့သို့ အမြဲရှိနေကုန်၏ဟု သက္ကပဥ္စသုတ် အဋ္ဌကထာ၌ပင် လာရှိသည်ဆို၏။

ထို့ပြင်လည်း—

နတ်ပြည်ခြောက်ထပ်၌ ဖြစ်ကုန်သော ကာမာဝစရ နတ်တို့သည် ကာမဂုဏ်ငါးပါးကိုခံစားကြရာ၌ လူတို့လိုပင် နှစ်ယောက်တတွဲ မွေ့ပျော်ကြကုန်သည်။ မေထုန်အမှုကို ပြုကြကုန်သည်ဟု ဆို၏။

ထိုနတ်တို့သည်—

လူတို့ကဲ့သို့ပင် နှစ်ယောက်စုံတွဲအားဖြင့် မေထုန်မှုကို ပြုကြသော်လည်း အဘယ်ကြောင့် လူတို့ကဲ့သို့ ကိုယ်ဝန်မဆောင်၊ သားသမီး မရကြသနည်းဟူမူ-

နတ်တို့၏သုတ်သွေးသည် အပြင်သို့မထွက် ကိုယ်တွင်း၌သာ ချုပ်ငြိမ်းသောကြောင့်ဟု ဆိုသည်။

**မှတ်ချက်**။ ။ရဟန္တာ တို့အားရင်း၊ ဗြဟ္မာတို့အားရင်း၊ သုတ်သွေးပင် မရှိဟုဆိုသည်။
ဤအကြောင်းအရာများကို (တေရသကဏ္ဍဋီကာ)၌ လာရှိသည်ဟု ဆိုပါသည်။

ဤနေရာ၌...

တာဝတိံသာတာ- ဥပရိဒေဝေသု- ဘုသာဝါဘောဝါ မေဃဝဿနောဝါ- နတ္ထိ-ဟူ၍။

ဇာတ်အဋ္ဌကထာတို့၌ လာရှိသောကြောင့်၊ တာဝတိံသာမှ အထက်ဖြစ်သော နတ်ပြည်ငါးဘုံတို့၌ မိုးလည်းမရွာ-လေလည်း မတိုက်ဟုဆိုသည်။

စတုမဟာရာဇ်နတ်ဘုံ၌မူ....

မိုးလည်းရွာ၏။ လေလည်းတိုက်၏- ဟုဆိုသည်။ သို့သော် စတုမဟာရာဇ် နတ်ဘုံတခုလုံး၌ မိုးရွာသည်မဟုတ်။

ထိုစတုမဟာရာဇ် နတ်ဘုံ၌လည်း....

၁။ အာကာသဋ္ဌ- စတုမဟာရာဇ်နတ်
၂။ ဘူမဋ္ဌနတ် ဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင်....

မြင်းမိုရ်တောင်၏ ပဌမအာလိန်တွင် ယုဇနာငါးထောင် ခန့်ကျယ်သော အရပ်၌ ပြာသာဒ်ဗိမာန်တည်၍ နေသောနတ်

သည်။ ဘူမဌ- စတုမဟာရာဇ်နတ် မည်၏။ (တယူဇနာမှာ ၁၂ မိုင်နှင့် ခြောက်ဖာလုံရှိသည်။)

ထိုနတ်နှင့်တပြင်တည်း....

ကောင်းကင်၌တည်သော ကြြာဝဋ္ဋာ တောင်နံရံထိအောင် အပြည့်ရှိသော ဗိမာန်၌ ပျော်စံ၍နေသောနတ်သည် အာကာသဋ္ဌ- စတုမဟာရာဇ်နတ် မည်၏။

ဤအာကာသဋ္ဌ- စတုမဟာရာဇ်– နတ်ပြည်၌ မိုးမရွာပေ။ မြင်းမိုရ်တောင်ကိုမှီ၍ နေသော ဘူမဋ္ဌ- နတ်ပြည်၌သာ မိုးရွာ၏ဟုဆိုသည်။

အဘယ်ကြောင့်ဆိုသော်....

မိုးဟူသည်- မြေခိုး မြေငွေ့ ကြောင့်ရင်း၊ သမုဒ္ဒရာရေ၏ အခိုးအငွေ့ကြောင့်ရင်း၊ ရွာသောမိုးသာများသည်။

နတ်မူးတူ ခြင်း စသည်တို့ကြောင့် ရွာသောမိုးသည် ရံဖန်ရံခါသာဖြစ်သည်။

ထိုကြောင့် မြေတောင်ဖြစ်သော မြင့်မိုရ်တောင်ကိုမှီ၍ နေသော စတုမဟာရာဇ်- နတ်ဘုံ၌သာ မိုးရွာသည်ဟုဆိုသည်။

အောက်ဖြစ်သော စတုမဟာရာဇ် နတ်ပြည်နှင့်တာဝတိံသာ နတ်ပြည်တို့၌ မြို့ရိုးရှိသည်။ ၎င်း၏ အထက်နတ်ပြည်တို့၌ မြို့ရိုးမရှိဟု (စွယ်စုံကျော်ထင်ကျမ်း) ၌ဆိုသည်။

ထိုမှတဖန်- ဆိုပြန်သည်မှာ....

အထက်ကောင်းကင်၌ နေသောနတ်တို့သည် (ဥပပါတ်ပဋိသန္ဓေ) နေကြသကဲ့သို့ လူ့ပြည်၌ဖြစ်သော ရုက္ခစိုးနတ်-ဘုမ္မစိုးနတ် တို့သည်လည်း အချို့ဥပပါတ် သန္ဓေပင် ဖြစ်ကုန်၏။

ယင်းသို့ ဥပပါတ်သန္ဓေ နေတတ်ခြင်းဟူပါချက် အထက်ဘုံမှ စတုမဟာရာဇ်နတ်တို့မှာသော နေရာဗိမာန်ဖြစ်သော ကြယ်-လ-နေတို့ကို မြင်ကြရသည်။

လူ့ပြည်သို့လာသောအခါမှာလည်း-နတ်ကိုယ်တိုင်ကို မြင်ကြရသည်။

လူ့ပြည်၌ဖြစ်သော နတ်တို့မှာမူ....

ဗိမာန်ကိုမျှ မမြင်ရကုန်။ ဤသို့ မမြင်ရခြင်းသည် အဘယ်ကြောင့်ဆိုသော် အထက် နတ်များကဲ့သို့ တန်ခိုးမကြီးသောကြောင့်ဟုဆို၏။

အောက်၌နေသောနတ်တို့သည်....

မိမိတို့နေသော ဗိမာန်ကို- လူတို့မြင်လျှင် လုယက်ခြင်းမကောင်းကြံစည်ခြင်းကို ပြုကုန်ရာ၏။ ထိုသို့ပြုသည်ရှိသော် ထိုသူတို့အား ညှဉ်းဆဲနှိပ်စက်ရာ၏၊ ထိုသို့နှိပ်စက်ရသည်ရှိသော် နတ်တို့၏ (ဒေဝဓမ္မ) ပျက်စီးရာ၏။ နတ်တရား ပျက်စီးရာ၏။

ထို့ကြောင့်

ဗိမာန်ကိုငှင်း၊ မိမိတို့ကိုယ်ကိုငှင်း၊ လူတို့ မမြင်စေခြင်းငှါ-တန်ခိုးဖြင့် ကွယ်ဖျောက်၍ထားကြ၏၊ မြင်စေလိုသောအခါမှ ယင်ရှားပြ၍ မြင်ရ၏။

ငှင်းတို့အောက် တန်ခိုးငယ်သော ပြိတ္တာမျိုး- ဝိနိပါတိက-အသုရာမျိုးဖြစ်သော တစ္ဆေ- ဘုတ်ပြိတ္တာတို့မှာမူကား ပျောက်ကွယ်စေတတ်သော ဆေးဝါးကိုလည်း ဆောင်ရ၏။ ဂါထာ ပန္တရားကိုသော်လည်း ဆောင်ရ၏။ ထို့ကြောင့် အောက်နတ်တို့ကို မမြင်ရဟုဆိုသည်။ အဘယ်ကိုထောက်၍ သိနိုင်သနည်းဟူမူ—

ဒွာရဝတီပြည်၌....

အကုံရ မင်းသား၏အိမ်တွင် မွေးဘွားသော သူငယ်သည် အဘကား— ကျွန်ဖြစ်၏။ အမိကား သူကောင်းဖြစ်၏။ ငှင်း သူငယ်အား ကျွန်ဖြစ်ထိုက် မဖြစ်ထိုက်ကို အဆုံးအဖြတ်ပေးရာ၌ (အဥ္စန်ဒေဝီ) မင်းသမီးက အမိဘက်သို့ပါ၍ ထိုသူငယ်သည် ကျွန်မဖြစ်ထိုက်ဟု ဆုံးဖြတ်၏။

ထိုသို့ဆုံးဖြတ်ပါသော်လည်း သူငယ်သည် အရွယ်သို့ ရောက်သောအခါ ရှက်ကြောက်လှသည်ဖြစ်၍ ဤအရပ်တွင် မနေဘဲ (ရောရုဝ) မည်သော ပြည်သို့သွား၍ နေလေ၏။

ထိုပြည်၌ အလှူကောင်းမှုပြုလေ့ရှိသော (အသယ) သူဌေး၏ အိမ်အနီး၌ အပ်လျှိုသမား ပြု၍နေ၏။ ရဟန်း- ပုဏ္ဏား-

ဖုန်းတောင်းယာစကာ တို့သည် အလှူခံခြင်းငှါ သူဌေးအိမ်သို့ မေး၍လာရောက်ကြ၏။

ထိုအခါ အပ်လျှိသမားသည်....

အလှူခံပုဂ္ဂိုလ်တို့အား- ရစေလိုသော စေတနာဖြင့် အသယ့်သူဌေးအိမ်ကို လက်ညှိုးညွှန်၍ ပြလေ၏။ ဤကောင်းမှုကြောင့် ထိုအပ်လျှိသမား စုတေသောအခါ မဟာဗောဓိမှ အနောက်ဘက် ကိုးရက်ခရီးခန့်ရှိသော (မရုကန္တာရ) အလယ်၌ ကြီးကျယ်သော သောင်ပင်ဗိမာန်ထက်ဘွင် တန်ခိုးကြီးသော ရုက္ခစိုးနတ်ဖြစ်လေ၏။

တရံခရောအခါ....

အင်္ကုရမင်းသည် ပုဏ္ဏားလှည်းမှူးနှင့်တကွ တထောင်မျှသော လှည်းတို့ဖြင့် ကုန်သွယ်မှုပြုရန် သွားကြရာ ထိုသဲကန္တာရ၏ အလယ်၌ မျက်စိလည် လမ်းမှား၍ ပါလာသော ထင်း ရေ ရိက္ခာတို့ ကုန်လေ၏။ အလုံးစုံသော လူနှင့်နွားတို့သည် သေလုနီးပါးဖြင့်ကုန်၏။

ထိုအခါ အင်္ကုရမင်းသားနှင့် ပုဏ္ဏားသည် ငှေ့ရှာထွက်လေသော် ရုက္ခစိုးနတ်သည် မိမိအမြဲတန်း စံနေသော ဗိမာန်သောင်ပင်ကို ထင်ရှားစွာပြ၍ လက်ညှိုးမှ ရေကိုစီးစေ၏။ ထောပတ်- ပျား- တင်လဲ- စသော သုံးဆောင်ဘွယ်ရာဟူသမျှကို လက်ညှိုးမှ သက်ကျစေပြီး ချီးမြှောက်၏။

ထိုသူတို့နှင့် အတူပါလာသော လူဘထောင်နှင့် နွားနှစ်ထောင်တို့ကို ချမ်းသာအောင် မ,စဘူး၏။ ဤသို့လျှင်

(ဒဿနိပါတ် ဃာတပဏ္ဍိတ) ဇာတ်များကို ထောက်၍ ညှိနှိုင်းရာသည်ဆို၏။

တစ္ဆေ-ပြိတ္တာတို့ ဆေးဝါး ဆောင်၍ မမြင်ရကြောင်းကိုမူ (မိလိန္ဒပဉှာနှင့်-သာရတ္ထသင်္ဂဟ)ကျမ်းတို့၌ သက်သေနှင့် တကွ စုံလင်စွာ ပြဆိုထားပြီးဆို၏။

နတ်ပြည်၌....

စုတေခရှေလျှော ကြကုန်သော နတ်တို့အား အဘ္ဘဘော ဆိုသော ခန္ဓာကိုယ်၏ အလောင်းကောင် ထားစရာ နေရာမည်သည် မရှိ။ ဥပမာအားဖြင့် ဆီမီးအလျှံသွားသကဲ့သို့သာ ဖြစ်သည်ဟု (သက္ကပဉှသုတ်-အဋ္ဌကထာ၌) ပါရှိသည်ဆို၏။

## ၁၃။ ရာဟု အသူရိန်နတ်မင်း အကြောင်း

လနှင့်နေတို့ကို ရာဟုဘမ်းသည် ဆိုရာ၌—

ရာဟု၏ ခရီးအသွားအလာနှင့် ဆုံမိသောအခါ ဘမ်းသည်ဆို၏။ ဤနေရာ၌ ပို၍ရှင်းအောင် အကျယ်ကိုတင်ပြပါအံ့။

ရာဟုဂြိုဟ်သည် ရာသီစက်၌ လှည့်လည်သည် ဆိုသော်လည်း အမှန်အားဖြင့် ရာဟုဂြိုဟ်သည် တပါးသော ဂြိုဟ်တို့ကဲ့သို့ ကောင်းကင်၌ တည်သည်မဟုတ်။

မြင့်မိုရ်တောင်၏ ခြေရင်းဖြစ်သော အသူရာပြည်၌ တည် သည်ဖြစ်၍ မြေ၌ကျက်စားသော ဂြိုဟ်ဘည်း။

ထိုအကြောင်းကို (သံယုတ်နိကာယ်) ဒေဝဘာ သံယုတ်ပါဠိ တော်၌ ဟောတော်မူအပ်သော အောက်ပါအကြောင်းအရာကို ထောက်၍ သိအပ်ရာသည် ဆို၏။

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ စံပယ်တော်မူသောအခါ၌ ရာဟု အသူရိန်နတ်မင်းသည် မြေမှအထက်သို့ တက်၍ (နေနှင့်လ)တို့ကို ဘမ်းယူ သည်တွင် နေနတ်သားနှင့် လနတ်သားတို့က—

"ယခုအခါ၌ ငါတို့ကား ဘုရားသခင်မှတပါး အခြား ကိုး ကွယ်ရာမရှိတော့ပြီ" ဟုဆိုပြီးဂါထာကိုရွတ်ဆိုကြကုန်သည်ဆို၏၊

ထို အကြောင်းကို မြတ်စွာ ဘုရားသခင်သည် ဂန္ဓကုဋိ တိုက်တော် တွင်းကပင် ဒိဗ္ဗသောတဉာဏ်ဖြင့် ကြားသိတော် မူ၍—

"အချင်း ရာဟု၊ လွှတ်လော့· လွှတ်လော့" ဟု မိန့်တော် မူလျှင် ရာဟု အသူရိန်နတ်မင်းသည် (နေနှင့်လ) တို့ကို ဘမ်း ထားရာမှ လွှတ်ပြီး ထွက်ပြေးလေသည်ဟု အထက်ပါကျမ်းစာ၌ လာရှိပေသည်။

ထိုရာဟုအသူရိန်သည် နေနှင့်လတို့ကို ဘမ်းယူပုံဟန်ကို( သံယုတ် အဋ္ဌကထာ)၌ လာရှိသည့်အတိုင်း ရှင်းအောင် ဆက်၍ တင်ပြ ပါအံ့။

## ရာဟုအသူရိန်နတ်မင်း၏ ပမာဏ

၁။ အရပ်သည် လေးထောင့်ရှစ်ရာယူဇနာ ရှိ၏။
၂။ လက်ကတီးကြားသည် ယူဇနာ တရာ့နှစ်ဆယ်ရှိ၏။
[ချိုင်းကြား]
၃။ လက်ခမောင်းလက်ရုံးအလုံးသည် ယူဇနာခြောက်ရာရှိ၏။
၄။ ဦးခေါင်းသည် ယူဇနာ ကိုးရာရှိ၏။
၅။ နဖူးပြင်သည် ယူဇနာ သုံးရာရှိ၏။
၆။ မျက်မှောင်အကြားသည် ယူဇနာ ငါးဆယ်ရှိ၏။
၇။ ခံတွင်းအကျယ်သည် ယူဇနာ နှစ်ရာရှိ၏။
၈။ အာစောက်သည် ယူဇနာ သုံးရာရှိ၏။
၉။ နှာခေါင်းသည် ယူဇနာ သုံးရာရှိ၏။
၁၀။ လက်ဖဝါး ခြေဖဝါးသည် ယူဇနာ ခုနစ်ရာကျယ်၏။

(မူကွဲရှိကြောင်းလည်း ကြားသိရဘူး၏။)

ထိုရာဟုသည် နေနှင့်လ သွားသောလမ်းဖြင့် သွား၏။ နေရထားနှင့် လရထားကို မြင်လျှင် ခြေနှင့်လက်များ ကားပြီး ခံတွင်းကို ဟင်းလင်းဖွင့်၍ လိုက်၏။

ထိုအခါ နေဗိမာန် လဗိမာန်၌ စောင့်နေသော နတ်သားတို့သည် ယူဇနာသုံးရာနက်သော နရက်ချောက်ကြီးထဲသို့ ကျရအံ့သကဲ့သို့ဖြစ်၍ လွန်စွာ ကြောက်လန့် ကုန်သည်ဖြစ်၍ အခြံအရံများနှင့် တကွ တပြိုင်နက် ငိုကြွေးပြီး ထွက်ပြေးကြလေကုန်သည် ဆို၏။

ထိုအခါ ရာဟုအသူရိန်သည် ရံဖန်ရံခါတွင် လက်ဝါးဖြင့် ဖုံးထား၏။ ရံဖန်ရံခါတွင်–မေးအောက်၌ ထား၏။ ရံဖန်ရံခါ၌ သျှာဖြင့်ရက်၏။ ရံဖန်ရံခါ၌ ပါးစောင်၌ထား၏။

ယင်းသို့ ငုံနိုင်သော်လည်း ဖုံးလွှမ်းနိုင်သော်လည်း နေနှင့် လတို့၏ သွားလာသော အရှိန်အဟုန်ကိုတော့ ရပ်တန့်စေခြင်းငှါ မတတ်နိုင်။ လိုက်၍ကစားရုံသာ ကစားခြင်း ဖြစ်၏။

အကယ်၍ ရာဟုအသူရိန်သည် နေနှင့်လတို့ကို ရပ်တန့်စေငြားအံ့ ပါးစပ်ဖြင့်ငုံထားသော် ဦးခေါင်းပြတ်ဘိရာ၏။ လက်ဖြင့် တားထားသော် လက်ဝါးပြတ်ဘိရာ၏။

ဘမ်းလိုရင်းမှာ ဗိမာန်ကိုသာဖြစ်၏။ အရောင်အဝါ လှပသောကြောင့် ကစားခြင်းငှါ ဘမ်းခြင်း ဖြစ်၏။ ဗိမာန်ကို ဘမ်းလျှင် နတ်သားတို့ကိုလည်း ဘမ်းရာကျသည်ဟု(ဋီကာ)၌ ဆို၏။

သရောဒယ လောကီကျမ်း၌မူ–

ထိုရာဟုကို မြေအပြင်၌ မည်းနက်သော အဆင်းရှိသော အားဖြင့် ယမမင်းကဲ့သို့ သွားလာတတ်၏ ဟူ၍ရင်း။

ဝရဇိန် လက်နက်နှင့် တူသော အစွယ်သုံးချောင်းတို့ဖြင့် လွန်စွာ ကြမ်းကြုတ်လှ၏ ဟူ၍ရင်း၊ ယုံမှားမရှိ သိကုန်ရာ၏ဟု ဆို၏။

သံယုတ်နိကာယ် ကျမ်းနှင့် ၎င်း သရော္ဒယ ကျမ်းတို့၌-

မြေ၌တည်ကြောင်းနှင့် အသုရာနတ်ပြည်မှ လာ၍ ဘမ်းယူကြောင်းကို ဆိုရာ၌ တူညီကြသည် ဆို၏။ ဤသို့သောသုတထူးကိုလည်း မှတ်ယူရာ၏။

*

## ၁၄။ အသူရိန်နတ်မင်း ဘုရားရှင်အား ဖူးမြင်ပုံ

မှတ်ချက်။ ။ အသူရိန်နတ်မင်း၏ ခန္ဓာကိုယ် ပမာဏကို အထက်၌ ဖော်ပြခဲ့ပြီးဖြစ်၍၊ ဤအခန်း၌ ထပ်မံ၍မဖော်ပြတော့ပါ။

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍နေတော်မူသောအခါ၌၊ ဤ (အသူရိန္ဒ) သုတ်ကို ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။ အကြောင်းဝတ္ထုကား အောက်ပါအတိုင်းဖြစ်ပါ၏။

အသူရိန်နတ်မင်းသည် လွန်စွာမှကြီးမြင့်၏။ ထို့ကြောင့် မိမိကိုယ်မိမိ ဤသို့ကြံစည်မိ၏။

"ငါသည်လွန်စွာမှမြင့်မား၏။ ထို့ကြောင့် ဘုရားဂေါတမကို ငုံ့လျှိုးကိုင်းညွတ်၍ ရှုကြည့်အံ့သောငှာ ငါသည်မတတ်နိုင်"ဟု ကြံစည်မိ၏။ ထို့ကြောင့်- ဘုရားရှင်၏အထံသို့ မဆည်းကပ်ဘဲ နေလေ၏၊

သို့သော်....

တရံရောအခါ၌ နတ်တို့၏အထံမှ ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်တို့ကို ကြားသိရ၍ ဤသို့ကြံစည်မိပြန်လေ၏။

"ဘုရားဂေါတမသည် အဘယ်ကဲ့သို့ပင် ဖြစ်လေသနည်း။ ငါသွား၍ ကြည့်ချေအံ့" ဟုကြံစည်၍ ဘုရားရှင်၏အထံတော်သို့ လာရောက်ခဲ့လေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည်....

"အသူရိန်နတ်မင်း၏ နှလုံးအလိုကို သိတော်မူ၍ ဣရိယာပုထ် လေးပါးတို့တွင် အဘယ်အရိယာပုထ်ဖြင့် ငါ၏ကိုယ်တော်ကို အသူရိန်နတ်မင်းအား ပြရအံ့နည်း" ဟု ကြံတော်မူပြီးလျှင်—

"ရပ်၍နေသော မည်သည်ကား နိမ့်သောသူပင် ဖြစ်သော်လည်း မြင့်သကဲ့သို့ ထင်မှတ်တတ်၏"

"ထို့ကြောင့် လျောင်းလျက်သာလျှင် ငါ၏ကိုယ်တော်ကို ရာဟုအသူရိန်အားပြအံ့" ဟု ကြံတော်မူ၍ အရှင်အာနန္ဒာအား-

"ဂန္ဓကုဋိပရဝုဏ်၌ ညောင်စောင်းခင်းချေ" ဟု စေတော်မူ၍ အရှင်အာနန္ဒာသည် ညောင်စောင်းကိုခင်းပြီးသော် ဘုရားရှင်သည် ထိုညောင်စောင်းပေါ်သို့ ကြွတော်မူ၍ လျောင်းလျက်နေတော်မူလင့်ပေ၏။

ထိုအချိန်၌ အသူရိန်နတ်မင်းသည် ရောက်ရှိလာ၍ ဘုရားရှင်၏ မျက်နှာတော်ကို ကြည့်လိုက်သည်ရှိသော်....

ကောင်းကင်၏ အလယ်၌ လပြည့်ဝန်းကို မော်၍ ကြည့်ရသကဲ့သို့ ကြည့်နေရတော့၏။

ထိုအခါ ဘုရားရှင်က "ဤသို့ကြည့်ရခြင်းကား အကြောင်းအသို့နည်း" ဟု မေးတော်မူလေလျှင် အသျှင်ရိန်နတ်မင်းက....

"ဘုန်းတော် ကြီးမြတ်တော် မူသော ရှင်ပင်မြတ်ဘုရား.... အကျွန်ုပ်၏စိတ်၌ ငါသည် ကြီးမြင့်လှ၏။ မြတ်စွာဘုရားကို ငုံ့လျှို၍ကြည့်ခြင်းငှာ မတတ်နိုင်ဟုထင်မှတ်မှား၍ အရှင်ဘုရားသို့ မဆည်းကပ်ဘဲနေခဲ့မိပါ၏" ဟု လျှောက်ထားလေသော်....

ဘုရားရှင်က....

"အချင်းရာဟုအသူရိန် ရှေးရှေးသောကာလ၌ ပါရမီကို ဖြည့်တော်မူခဲ့သော ငါသည် မျက်နှာကိုအောက်သို့ပြု၍ ဖြည့်တော်မမူခဲ့၊ အထက်သို့သာပြု၍ ဖြည့်တော်မူခဲ့သည်" ဟု မိန့်တော်မူလေ၏။

ထိုအခါ အသူရိန်နတ်မင်းသည်....

ဩော်-ဘုရားရှင်သည် အဆန်းတကျယ်ရှိပေစွ ဟု ကြည်ညိုစိတ် ဖြစ်လာပြီး၊ ထိုနေ့ကိုအစပြု၍ မြတ်စွာဘုရားသခင်အား ဆည်းကပ်ကိုးကွယ်မှုကို ပြုလေတော့၏။

တထာဂတဥဒါနဒီပနီ (စ) မှ။

* * *

## ၁၅။ မိုးမရွာခြင်း အကြောင်းတရားငါးပါး

ဤအခန်း၌ မိုးမရွာခြင်း၏ အကြောင်းတရား ငါးပါးကို (သံယုတ်ပါဠိတော်)၌ မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်ခဲ့သည့်အတိုင်း တင်ပြအပ်ပါသည်။

ချစ်သားတို့....

မိုးမရွာခြင်း၏ အန္တရာယ်ကား ငါးပါးတည်း။

ဤငါးပါးတို့ကို လောက၌ နိမိတ်ဘတ်တတ်သော ပညာရှိတို့သည် မသိနိုင်ကုန်။ ပညာရှိတို့၏ မျက်စိ ဖြင့်လည်း အကြောင်းမှန်ကို မမြင်နိုင်ကုန်။ ထိုအန္တရာယ်ငါးပါး ဟူသည်ကား အဘယ်နည်း။

၁။ ချစ်သားတို့....

အထက်ကောင်းကင်၌ နေရှိန်ပြင်း၍ (တေဇောဓာတ်) ပျက်ခြင်းသည် အကြင်အခါ၌ ဖြစ်၏။ ထိုအခါ၌ ကြီးစွာသော မိုးတို့သည် မရွာကုန်။ ဤလည်းတပါး။

၂။ ချစ်သားတို့....

အောက်က တက်လေသမျှသော ရေမှုန် တိမ်ထပ်တို့ကို ကောင်းကင် လေပြင်းခတ်၍ လွင့်ခြင်း ဟူသော (ဝါယောဓာတ်) ပျက်ခြင်းသည် အကြင်အခါ၌ ဖြစ်၏။ ထိုအခါ၌ ကြီးစွာသောမိုးတို့သည် မရွာကုန်။ ဤလည်းတပါး။

၃။ ချစ်သားတို့....

အကြင်အခါ၌ ရာဟုအသူရိန်သည် ရွာလတံ့သော မိုးရေတို့ကို လက်ဝါးဖြင့် ခံယူကာ သမုဒ္ဒရာ၌ပစ်စွန့်၏။ ထိုအခါ၌ ကြီးစွာသောမိုးတို့သည်မရွာကုန်၊ ဤလည်း တပါး။

၄။ ချစ်သားတို့....

အကြင်အခါ၌ (ဝလာဟက) နတ်တို့သည် မလျှည့်မပတ် မမှူးတူးကုန်။ မိမိဗိမာန်အတွင်း၌သာ မေ့လျော့ကာ နေကုန်၏။ ထိုအခါ ကြီးစွာသောမိုးတို့သည် မရွာကုန်၊ ဤလည်းတပါး။

၅။ ချစ်သားတို့....

အကြင်အခါ၌ လူတို့ရွာတွင် ပြည့်ရှင်မင်းတို့သည် တရားမစောင့်ကုန်။ ထိုအခါ မှူးမတ်ခစားသူတို့လည်း တရားမစောင့်ရကား၊ လူအများတို့သည်လည်း တရားမစောင့်ဖြစ်ကုန်၏။

ထိုအခါ လူစောင့်နတ်၊ မြို့စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်တို့သည် သွားမြဲခရီးမှ လွဲ၍သွားကုန်ရကား၊ ဥတု ပျက်ပြားခြင်းသည် ဖြစ်၏။ ထိုအခါ၌ ကြီးစွာသောမိုးတို့သည် မရွာကုန်၊ ဤလည်းတပါး။

ဤသို့လျှင် မိုးရွာခြင်း၏ အန္တရာယ်ဖြစ်သော မိုးမရွာခြင်း၏ အကြောင်းတရားကား ဤငါးပါးရှိသတည်း။ အကြင်အားဖြင့် မြေ- ရေ- လေ- မီး- ဟူသော ဥတုသမုဋ္ဌာန်ကြောင့် တိမ်ဖြစ်ကုန်၏ ဟူသတည်း။

*

## ၁၆။ မိုးရွာခြင်း၏အကြောင်းတရား ရှစ်ပါး

တေပန- သီတ- ဝလာဟက- ဥဏှ- ဝလာဟက။
အဗ္ဘ- ဝလာဟက။ ဝါတ- ဝလာဟက။
ဝဿ- ဝလာဟက။ ဒေဝါနံ-စိတ္တ- ဝသေန- ဘဝန္တိ။
အစရှိသဖြင့် (သံယုတ်အဋ္ဌကထာ)၌ ဆိုလာသည်။

အဓိပ္ပာယ်မှာ ထိုအချမ်း-အပူ-တိမ်တိုက်-မိုး-လေ တို့သည်....

၁။ သီတ- ဝလာဟကနတ်၊

၂။ ဥဏှ- ဝလာဟကနတ်၊

၃။ အဗ္ဘ- ဝလာဟကနတ်၊

၄။ ဝါတ- ဝလာဟကနတ်၊

၅။ ဝဿ- ဝလာဟကနတ်၊

ထိုနတ်တို့၏ စိတ်အလိုအစွမ်းအားဖြင့်လည်း ဖြစ်ကုန်၏။

မြေငွေ့- ရေငွေ့- အစရှိသော ဥတုပယောဂကြောင့်လည်း ဖြစ်ကုန်၏။ ထိုအကြောင်းတို့တွင်....

၁။ သီတ- ဝလာဟကနတ် ဟူသည် ချမ်းအေးခြင်း၏ အကြောင်းဖြစ်သောမိုးကိုရွာစေတတ်သော ဘုမ္မစိုးနတ် အာကာသစိုးနတ်တို့ပင်တည်း။

ထိုနတ်တို့သည် ချမ်းသော မိုးကိုရွာစေလိုသော် မိုးသီချင်းကို သီဆို၍ "ဤမျှရွာစေသော" ဟု လက်ကို မြှောက်၍ ပိုင်းခြား လိုက်သော် စိတ် ဖြစ်သည်နှင့် တပြိုင်နက် မိုးတိမ်တက်၍ ရွာရ၏။ ရံဖန်ရံခါလည်း ကိုယ်တိုင်ပင် ကောင်းကင်ခရီးဖြင့် လှည့်လည်ရပ်တန့်၍ မိုးကိုရွာစေ၏။

၂။ အပူကိုရွာစေတတ်သော ဥဏှ-ဝလာဟကနတ်။

၃။ ပြကတေ့သော မိုးကိုရွာစေတတ်သော ဝဿဝလာဟကနတ်တို့လည်း ဤနည်းအတူပင် ရွာစေ၏။

၄။ အဗ္ဘ- ဝလာဟကနတ်- မည်သည်ကား မိုးရွာခြင်း လေလာခြင်းကို မဖြစ်စေဘဲ ကောင်းကင် အလုံးကို လွှမ်းဖုံးအုံ့မှိုင်းကာ တိမ်တိုက်တိမ်လွှာကို ဖန်ဆင်းတတ်သော ဘုမ္မစိုးနတ် အာကာသစိုး နတ်တို့ပင်တည်း။

၅။ ဝါတ- ဝလာဟကနတ် ဟူသည်ကား ပြင်းသော လေကိုလာစေတတ်သော နတ်ပင်တည်း။

နေသည် ပြင်းစွာပူသဖြင့် သမုဒ္ဒရာမှ ရေတို့သည် များစွာ ထကုန်လျက် အထက်၌ လေဟုန် ရေမှုန်ဖြစ်၍ မိုးရွာခြင်း။

မြေဘောင်တို့မှ အခိုးအငွေ့တို့သည် ထွက်၍ အထက်၌ ရေဟုန် လေမှုန်ဖြစ်၍ မိုးရွာခြင်းတို့သည် ဥတုပယောဂကြောင့် ဖြစ်ရကား ဥတုသမုဋ္ဌာန်ဖြစ်၏။

မိုးလအခါ၌ မိုးရွာခြင်း၊ ဆောင်းလအခါ၌ ချမ်းအေး ခြင်း၊ နွေလအခါ၌ ပူပြင်းခြင်းတို့သည် ဥတုသမုဋ္ဌာန်ကြောင့် ပြကတေ့ဖြစ်မြဲပင်တည်း။

ထိုဖြစ်မြဲတို့တွင် အကြင်အခါ၌ ဝလာဟကနတ် တို့သည် မွေ့လျော်ကုန်၏။ ထိုအခါ မိုးရွာစေတတ်သော သီချင်းကို သီဆိုလျက် ''ဤမျှလောက်သော အရပ်၌ ရွာစေသော'' ဟု မနောခိဋ္ဌာန်ကိုပြု၏။ ထိုအခါ လွန်စွာသော မိုးရွာခြင်းသည် ဖြစ်၏။

ချမ်းတတ်သော ဆောင်းလအခါ၌ လွန်စွာ ချမ်းအေးသော မိုးကိုဖြစ်စေခြင်း၊ လေကိုလာစေခြင်း။

နွေအခါ၌ လွန်စွာသော အပူကို ဖြစ်စေခြင်းတို့သည် ဝလာ ဟက နတ်တို့၏ အာနုဘော်ပင်တည်း။

မိုးလအခါ ဆောင်းလအခါတွင် ကောင်းကင်၌ တိမ်တိုက် သည်လည်း ဥတုသမုဋ္ဌာန်အားဖြင့် ဖြစ်မြဲပင်တည်း။

အကြင်အခါ၌ လေးရက်- ငါးရက် ခုနစ်ရက်တိုင်အောင်သည်း လနှင့် နေတို့ကို ဖုံးလွှမ်းလျက် တခဲနက်သော တိမ်တိုက်သည်ဖြစ်၏။

တန်ခူးလ- ကဆုန်လတို့၌ ယုတ်ခြည်း တက်ကြွသော တိမ်တိုက်သည်ဖြစ်၏။ ထိုတိမ်သည် အဗ္ဘဝလာဟကနတ်၏ အာနုဘော်ကြောင့်ဖြစ်သော တိမ်တိုက်မည်၏။

ဆောင်းလအခါ မြောက်ဟိမဝန္တာမှ အေးစွာသော လေတို့၏လာခြင်း၊ နွေအခါ တောင်သမုဒ္ဒရာမှ ပူသောလေတို့၏လာခြင်းသည် ဥတုသမုဋ္ဌာန်ဖြင့်သာ ဖြစ်မြဲတို့ပင်တည်း။

အကြင်အခါ၌ သစ်ပင် သစ်ခက်တို့ကို ကြိုးပျက်ပြတ်လွင့်စေလျက် ပြင်းထန်စွာလာ၏။ ထိုလေသည် ဝါတ- ဝလာဟကနတ်၏ အာနုဘော်ကြောင့် ဖြစ်သော လေမည်၏။ ဤအရာ၌ သက်သေ အထောက်အထားသည်ကား—

သာဝတ္ထိပြည်၏အနီး....

ဘဂ္ဂရ- မည်သော တောင်၌ နေသော ရဟန္တာတပါး၏ အထံသို့ ဝဿ- ဝလာဟက- နတ်သားသည် လာရောက်ဆည်းကပ်ပူဇော်၏။ ထိုအခါ ရဟန္တာမထေရ်မြတ်က—

"သင် အသူနည်း" ဟု မေး၏။ ထိုခါ နတ်သားက—

"အရှင်ဘုရား အကျွန်ုပ်ကား မိုးကိုရွာစေတတ်သော ဝဿ-ဝလာဟက နတ်သားတည်း" ဟု လျှောက်ထား၏။

ထိုအခါ ရဟန္တာမြတ်က....

သင်တို့က မိုးကိုရွာစေလိုသော စိတ်ရှိသော် မိုးရွာ၏ဟူသည် မှန်သလော" ဟု မေး၏။ နတ်သားက—

"မှန်ပါဘုရား" ဟုလျှောက်ထားလျှင် ရဟန္တာမြတ်က—

"ဤသို့ဆိုလျှင် ငါတခါမြင်လို၏" ဟုဆို၏။

ထိုအခါနတ်သားက....

"အရှင်ဘုရား၊ မြင်လိုပါမူ ယခု ကျောင်းတွင်းသို့ကြွလော့" ဟု လျှောက်ထား၏။ ရဟန္တာမြတ်ကလည်း—

"တကာတော် နတ်သား မိုးရိပ်တိမ်ရိပ်ကိုလည်း မမြင်ရ၊ မိုးသံကိုလည်း မကြားရဘဲလျက် မည်သို့ ရွာနိုင်အံ့နည်း" ဟု ဆိုပြန်၏။

ထိုအခါ နတ်သားက....

"အရှင်ဘုရား အကျွန်ုပ်တို့ ရွာစေလိုသော စိတ်ရှိလျှင် ရွာပါ၏။ ယခုလျှင်မြန်စွာ ကျောင်းတွင်းသို့ ဝင်ပါလော့" ဟု လျှောက်ထား၏။

ရဟန္တာမြတ်သည် "ကောင်းပြီ" ဟုဆို၍ ကျောင်းတွင်းသို့ ဝင်ရောက်ခြင်းငှာ- မိမိ၏ခြေကို ဆေးလတ်သော် နတ်သားသည် ထိုခဏ၌ မိုးသီချင်းကို သီဆို၍ လက်ကိုမြှောက်လိုက်လျှင် ထက် ဝန်းကျင် သုံးယူဇနာရှိသော အရပ်၌ အထပ်ထပ်သော တိမ် ဘိုက်တို့သည် တက်လာ၍ မိုးစက်မိုးပေါက်တို့သည် တဖြောက် ဖြောက် ရွာကုန်လာရကား—

ရဟန္တာမြတ်သည် ကိုယ်ဘဝက် ရေစွတ်ပြီးမှ ကျောင်းတွင်းသို့ ဝင်နိုင်တော့၏။

ဤဝတ္ထုကို ထောက်ထား၍ နတ်တို့၏ တန်ခိုးကြောင့် မိုးရွာခြင်းကို သိစေအပ်၏။ ဤမှတပါးသော မိုးရွာခြင်း၏ အကြောင်းတရား ရှစ်ပါးကား—

၁။ နဂါးတို့၏ တန်ခိုးကြောင့်ရွာခြင်း။

၂။ ဂဠုန်တို့၏ တန်ခိုးကြောင့်ရွာခြင်း။

၃။ နတ်တို့၏ တန်ခိုးကြောင့်ရွာခြင်း။

၄။ ဘုန်းကံ ရှိသူတို့၏ သစ္စာပြုမှုကြောင့် ရွာခြင်း။

၅။ မာရ်နတ်သား၏ လှည့်ပတ်မှုကြောင့်ရွာခြင်း။

၆။ တန်ခိုးအစွမ်းကြောင့် ရွာခြင်း။

၇။ ကမ္ဘာကြီးပျက်လို ပွားလိုသောကြောင့် ရွာခြင်း။

၈။ ဥတု- ပယောဂကြောင့် ရွာခြင်း ဟူ၍ ရှစ်ပါးအပြားရှိ၏။

ထိုရှစ်ပါးတွင် ရှေ့ခုနစ်ပါးကား ရံဖန်ရံခါရွာခြင်းတည်း။ ဥတုသမုဋ္ဌာန်သာ မြဲစွာရွာ၏။ (ဘောနိပါတ်- မစ္ဆဇာတ်)၌ကား

သိကြားမင်းသည် စေအပ်သော မိုးကိုရွာစေတတ်သော ဝလာဟက နတ်မင်းသည် တခုသော မိုးတိမ်လွှာမှ ပုဆိုးကို ဝတ်၍ တဆည်ကိုရုံ၍ မိုးသီချင်းကို သီဆိုလျက် အရှေ့လောကဓာတ်သို့ ရှေးရှုလျက်ပြေး၏။

ထိုသို့ပြေးသောခဏာ၌ရွှေမျက်နှာအဘိုး၌ ကောက်နယ်တလင်းမျှလောက်သော တခုသော မိုးတိမ်လွှာသည် တက်လတ်၍ တရာသောတိမ်လွှာ၊ တထောင်သော တိမ်လွှာသည်ဖြစ်၍ ကြည်းဟည်းလျက် လျှပ်စစ်လျှပ်နွယ်တို့ဖြစ်စေလျက် အောက်သို့ မျက်နှာမူလျက် ထားအပ်သော ရေအိုးကဲ့သို့ ရွာလတ်၏ဟု ဆိုသည်။

ဤသို့ ကျမ်းလာသည်ကို ထောက်၍ မိုးတိမ်ဖြစ်ကြောင်း သိအပ်၏။

သာရတ္ထသင်္ဂဟ ကျမ်း၌လာရှိသည်မှာ—

မိုးခြိမ်းသံသည် အဘယ်ကြောင့် ဖြစ်သနည်းဟူမူ—

လူတို့၏ငင်း၊ ဆင်မြင်း စသည်တို့၏ငင်း၊ ဝမ်းတွင်း၌ တည်သောလေသည် မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော အစာအဟာရကို စားမိသောအခါ လှန်စွာထကြွ တိုးဝှေ့တိုက်ခတ်ခြင်း ဖြစ်ရကား -ပြင်ပ၌နေသော လူတို့ ကြားလောက်သော အသံသည် ဖြစ်လာသကဲ့သို့—

ထို့အတူ ကောင်းကင်ခရီး၌ သွားသောလေအစုတွင် ဥတုသမုဋ္ဌာန်ဖြစ်သော မြေငွေ့ ရေငွေ့ ရေမှုန်တို့ဆောင်လျက် တက်လာသော လေနှင့်- တဖန် တိုးဝှေ့ပြန်သဖြင့် ပြင်းထန်သော အသံသည်ဖြစ်၏။ ထိုအသံကို ''မိုးကြိုးသံ မိုးခြိမ်းသံ'' ဟူ၍ လူတို့ ခေါ်ဆိုကုန်၏။

လျှပ်စစ်သည် အဘယ်ကြောင့် ဖြစ်သနည်းဟူမူကား–

သာရတ္ထသင်္ဂဟကျမ်းနှင့်အညီ ကျောက်နှစ်ခုတို့ ခတ်သည်ရှိသော် ထိုသို့ခတ်ခြင်းကြောင့် မီးအလျှံ ဖြစ်လာသကဲ့သို့။ ထို့အတူ–

မိုးတိမ်ကိုဆောင်သော လေဟုန်နှင့် (အနီလပထ) လေဟုန်ခတ်ရာတွင် မီးအလျှံကဲ့သို့ ထင်သော အရောင်ကို ''လျှပ်စစ်'' ဟူ၍ ဆိုလေသည်။

စို့သက်တန့် အဘယ်ကဲ့သို့ ဖြစ်သနည်းဟူမူကား–

သာရတ္ထသင်္ဂဟ ကျမ်း၌လာရှိသည်မှာ နေ၏ အရောင်တို့သည် မိုးမှုန်တိမ်တိုက်ကို စွဲလန်း၍ ကောင်းစွာလုံးသည်ဖြစ်၍ နီ-ပြာ-ဝါ- ရောင်တို့သည် ထင်ကုန်၏။

ထိုမိုးတိမ်တောင်၌ နေရောင်ဟပ်၍ ထင်လတ်သော အရောင်ကို ''နတ်ခလေးသက်တင်'' ဟု ဆိုကုန်၏။

ထိုကြောင့်လျှင်- ထိုအရောင်သည်–

နံနက်အခါ၌ထင်လတ်သော် အနောက်မျက်နှာ၌ထင်၏။

ညချမ်းအခါ၌ ထင်လတ်သော် အရှေ့မျက်နှာ၌ထင်၏။

ယခုလူတို့ ပညတ်ကြသည်ကား နံနက်အခါ၌ နေသည် အရှေ့မှာရှိ၍- အနောက်အရပ်မှာ ထင်သောသက်တန့်ကို (စို့) ပေါက်သည်ဟုဆိုသည်။

ညချမ်းအခါ၌ နေသည် အနောက်မှာရှိ၍ အရှေ့၌ ထင်သည်ကို (သက်တန့်) ပေါက်သည်ဟုဆို၏။

မှန်းတည့် သကဲ့သို့ အလယ်၌ ထင်သည်ကို (ကြိုတ်) ထွက်သည်ဟု ဆို၏။ ထိုသို့ဖြစ်ရခြင်း အကြောင်းကား မိုးတိမ်နှင့် ခနေရောင် နှစ်ပါးကြောင့် ဖြစ်သည်ဟု ဆိုသတည်း။

(သာရတ္ထသင်္ဂဟကျမ်းမှ)

ယနောင်စာပေ

## ၁၇။ နဝရတ်ကိုးပါး ဖြစ်ပေါ်လာပုံ

ဤဘဒ္ဒကမ္ဘာ၏ တည်စအချိန်၌....

ဂဠုန်- နဂါး- ဂန္ဓဗ္ဗတို့သည် နဝရတ်ကိုးပါး၏အကြောင်းကို သိလိုကြ၍ အသူရာ နတ်မင်းကြီးအား ကပ်၍မေးကြကုန်၏။

ထိုအခါ အသူရာနတ်မင်းကြီး သည်လည်း နဝရတ်ကိုးပါးတို့၏ စတင်၍ ဖြစ်ပေါ်လာပုံကိုမသိ၍ လွန်စွာ တန်ခိုးကြီးလှသော လွန်စွာပညာရှိလှသော (အဂ္ဂ)မည်သော ရှင်ရသေ့ထံသို့ ကပ်၍ မေးမြန်းလေ၏၊ ထိုအခါ အဂ္ဂရှင်ရသေ့က ဤသို့ မိန့်တော်မူ၏။

ဤဘဒ္ဒကမ္ဘာဦး၌ စောင့်နေရသော တန်ခိုးကြီးလှသော (မဟာ ပဝရတ်- နဝရတ်) မည်သော နတ်မင်းကြီးသည် မိမိ၏ ဘဝပြောင်းခါနီးသော် ဤသို့ကြံ၏။

"ဤ ငါ၏ ခန္ဓာကိုယ်သည် ဝိဉာဉ် ပြောင်းသွားခဲ့သော် ဘာမျှ အကျိုးမရှိပြီ။ ထိုကြောင့် သတ္တဝါတို့၌ အကျိုးရှိသော အသုံးအဆောင် ဖြစ်အောင် ငါပြုအံ့" ဟုကြံ၍ ဤသို့ အဓိဋ္ဌာန် သစ္စာပြု၏။

"ငါသည် ရှေးကုသိုလ်ကံကြောင့် ဤနတ်အဖြစ်ကို ရသည်မှန်ပါက- ဤ ငါ၏ ခန္ဓာကိုယ်သည် ကုသိုလ်ကံရှိသူတို့အား သုံးဆောင်ဆင်ယင်နိုင်ရန် အကျိုးငှါ မွန်မြတ်သော နဝရတ်

ကျောက်မျက်ရတနာများ ဖြစ်ပါစေသတည်း”ဟု အဓိဋ္ဌာန်ပြု၍ ခန္ဓာကုန်လေ၏။ စုတေစိတ်ကျလေ၏။ ထိုအဓိဋ္ဌာန်ကြောင့်—

၁။ နတ်မင်းကြီး၏ တံတွေးသည်.... စိန်ဖြစ်လေ၏။
၂။ နတ်မင်းကြီး၏ သွေးသည်.... ပတ္တမြားဖြစ်လေ၏။
၃။ နတ်မင်းကြီး၏ မျက်စိသည်.... နီလာဖြစ်လေ၏။
၄။ နတ်မင်းကြီး၏ သည်းခြေသည်.... မြဖြစ်လေ၏။
၅။ နတ်မင်းကြီး၏ အူသည်.... ဂေါမုတ်ဖြစ်လေ၏။
၆။ နတ်မင်းကြီး၏ ဦးကျောက်သည်.... ဥဿဖရား ဖြစ်လေ၏။
၇။ နတ်မင်းကြီး၏ အသားသည် သန္တာဖြစ်လေ၏။
၈။ နတ်မင်းကြီး၏ သွားသည်.... ပုလဲဖြစ်လေ၏။
၉။ နတ်မင်းကြီး၏ အသည်းသည်.... ကြောင်ဖြစ်လေ၏။

ဤသည်မှာ (မဏိသျှတ္တရ) မည်သော လောကီကျမ်း၌ လာခြင်းဖြစ်၏။ ဘုရားဟောကျမ်း၌ လာသည်မဟုတ်။ ထို့ကြောင့် လောကီကျမ်းလာဖြစ်၍ မှန်မည် မှားမည်ကို တတ်အပ်မဆိုနိုင်။ သို့သော် ယုတ္တိရှိမရှိကို စာနာပါမူ–

အဝိဉာဏက ဖြစ်သော ကျွန်းဦး သပြေသီးဖြစ်လျက် မြေသို့ ကျသောအခါ ဇမ္ဗူရာဇ် ရွှေဖြစ်လာကြောင်းကို ကျမ်းဂန်များ၌ဆိုသည်။ ကုသိုလ်ရှိသူတို့၏ ဘုန်းကံကြောင့် မြေပကတိမှ-ရွှေဖြစ်သည်ဟုကျမ်းဂန်များ၌လာသည်။

နဂါးတို့ စွန့်ပစ်အပ်သော (ဝစ္စ) ကပင် (ကျင်ကြီး) (ကျင်ငယ်) ကပင် ရွှေကျောက်- ငွေကျောက် ဖြစ်ကြောင်းနှင့် (သုဝဏ္ဏ) ဟင်္သာမင်း၏ အမွေးကိုမီးဖုတ်လျှင် ရွှေဖြစ်ကြောင်း ကျမ်းဂန်များ၌ လာသည်ကို ထောက်ရှု၍ နှိုင်းယှဉ်ချိန်ဆ၍ ယူမှတ်ရာသည်။

**မှတ်ချက်။** ဘုရားဟော ကျမ်းဂန်လာသည် မဟုတ်။ လောကီကျမ်းလာပင် ဖြစ်သော်လည်း ရှားပါးသော သုတ-တမျိုးဖြစ်၍ မှတ်သားသင့်သည်ဟု ယူဆ၍ ဤအခန်းကို တင်ပြခြင်း ဖြစ်ပါသည်။

(စွယ်စုံကျော်ထင်ကျမ်း-မှ)

* * *

## ၁၈။ ဝင်္ကီသပုဏ္ဏား

ဝင်္ကီသမထေရ်၏ အလောင်းတော် ဖြစ်သော ထိုဝင်္ကီသပုဏ္ဏား၏ အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော်—

ကမ္ဘာတသိန်း၏ အထက်၌ ပဒုမုတ္တရ ဘုရားရှင် ပွင့်တော်မူသောအခါ၌ ဟံသာဝတီပြည်ကြီးဝယ် သူကြွယ်တဦး၏ သား ဖြစ်ဘူးလေ၏။

တနေ့သော အခါ....

ထိုဝက္ကလိသည် များစွာသော မိမိ၏ ပရိသတ် အပေါင်းနှင့် တကွ ဘုရားရှင်၏ အထံတော်သို့ ဆည်းကပ်၍ တရားတော်ကို နာယူလေ၏။

ထိုအခါ၌ ရှင်တော်မြတ်ဘုရားသည်—

ထူးခြားသော ပဋိဘာန် ရှိလှသော ရဟန္တာ တဦးအား (တေဒဂ်) အရာ၌ ထားသည်ကို မြင်လေသဖြင့် ဤအရှင်ကဲ့သို့ ဖြစ်လိုသော ဆန္ဒရှိသည်ဖြစ်၍ ဘုရားရှင်၏ အထံတော်၌ ဆုပန် ခြင်းကို ဤသို့ပြုလေ၏။

"အကျွန်ုပ်သည်—

ယခုဘဝ၌ ပြုအပ်သော ကုသိုလ်ကံကြောင့် သံသရာ ဘဝ အဆက်ဆက်တို့၌ လူ့ပြည်နှင့် နတ်ရွာတို့၌သာလျှင် များစွာ ကျင်လည်ရသည် ဖြစ်၍ နောင် ပွင့်လတ္တံ့သော ဘုရားရှင်တို့၏ သာသနာတော်၌ (ဂါထာဗန္ဓ) အကုံးအဖွဲ့ ပညာတို့၌ လျင်မြန် ထက်မြက်ကုန်သော တပည့် အပေါင်းတို့ထက် လွန်ကဲထူးမြတ် သော ရဟန္တာအဖြစ်ကို ရရပါစေသော"ဟု ဆုတောင်းလေ၏။

ထိုအခါ ရှင်တော်မြတ်ဘုရားသည်—

၎င်း သူကြွယ် ဆုတောင်းသည့်အတိုင်း ဖြစ်နိုင်လတ္တံ့သော အကြောင်းခြင်းရာကို မြင်တော် မူသည်ဖြစ်၍ နိယတဗျာဒိတ် စကားကို မိန့်ကြားတော် မူခဲ့လေ၏။

ထိုသူကြွယ်သည် အသက်အတိုင်းနေ၍ စုတေလေသော် ဆုတောင်းခဲ့သည့် အတိုင်း လူ့ပြည်နှင့် နတ်ပြည်တို့၌သာ ကျင်လည်ခဲ့၍—

ငါတို့ဂေါတမ ရှင်တော်ဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာကြွယ်ဝပေါများသော ပုဏ္ဏားမျိုး၌ ဖြစ်လာ၍ (ဝင်္ဂီသ)ဟူသော အမည်ကို မှည့်ခေါ်လေ၏။

ထိုပုဏ္ဏားသည် အရွယ်သို့ ရောက်သောအခါ ဆရာတို့၏အထံ၌ ဗေဒင်အတတ်ပညာကို သင်ပြီးဖြစ်၍ ဆရာကို ကျေနပ်နှစ်သိမ့်စေသဖြင့် (ဆဝသီသ) မည်သော ပညာထူးကို သင်ယူရရှိလေ၏။

ထိုပညာ၏ တန်ခိုး အာနိသင်ကား—

သေပြီးသောသူ၏ ဦးခေါင်းရိုးကို လက်သည်းဖြင့် ခေါက်၍ကြည့်လျှင်—

၁။ ဤသူကား ငရဲပြည်၌ ဖြစ်၏။
၂။ ဤသူကား တိရစ္ဆာန်ဘုံ၌ ဖြစ်၏။
၃။ ဤသူကား ပြိတ္တာဘုံ၌ဖြစ်၏။
၄။ ဤသူကား လူ့ပြည်၌ ဖြစ်၏။
၅။ ဤသူကား နတ်ပြည်၌ဖြစ်၏ ဟု—

ပြောဆိုနိုင်စွမ်းသော အာနိသင် ရှိ၏။

ထိုအကြောင်းကို ယုံကြည် နိုင်လောက်အောင် သက်သေသာကေကို ပြဦးလော့ဟု ဆိုပြန်လျှင် ထိုပညာဖြင့် မှန်၌ကြည့်စေလျှင် ဖြစ်တိုင်းသော ဘဝတို့ကို မြင်စွမ်းနိုင်စေ၏။

ထို့ကြောင့် အမျိုးတူသော ပုဏ္ဏားငယ်တို့သည် ဤသို့ တိုင်ပင်၍ ကြံစည်ကြကုန်၏။

"ဤဝင်္ကိသ လုလင်၏ အတတ်ပညာကား အသက်မွေးမှုလောက်သော အတတ်ပညာ ပေတည်း။ ထို့ကြောင့် ငါတို့သည် ဤသူကိုခေါ်ဆောင်၍ အရပ်တပါးသို့ လှည့်လည်သွားလာ၍ ပြုလုပ်ပြသကြကုန်အံ့"ဟု ကြံစည်ပြောဆိုကြကုန်၏။

ထို့ကြောင့် တနေ့တွင် ဝင်္ကိသပုဏ္ဏားနှင့် တိုင်ပင်ဆွေးနွေးမှုကို ပြုကြကုန်၏။ ထိုအကြံကို ဝင်္ကိသပုဏ္ဏားကလည်း သဘောကျ လက်ခံ၏။

ထို့ကြောင့် တနေ့တွင် လှပတင့်တယ်သော တန်းဆာတို့ ဖုံးလွှမ်းအပ်သော မင်္ဂလာယာဉ်ငယ် တခုဖြင့် ထို ဝင်္ကိသပုဏ္ဏားလုလင်ကို ထမ်း၍ နီးစပ်ရာ မြို့ရွာ နိဂုံးတို့သို့ လှည့်လည်၍ သွားလာကြကုန်၏။

ထိုသို့ သွားလာရာတွင်—

မိမိတို့ ရောက်တိုင်း ရောက်တိုင်းသော အရပ်တို့၌ ပုဏ္ဏားလုလင်တို့သည် လူဥလူဝေးရှိရာ အရပ်တို့ကို ဝင်ရောက်ကြ၍ ဤသို့ ပြောဆိုပြီး ဝါဒဖြန့်မှုကို ပြုကြလေကုန်၏။

"အကြင်သူသည်—

ငါတို့၏ ဝင်္ကသ ဆရာပုဏ္ဏားကို ဖူးမြင်ရအံ့။ ထိုသူသည် ပစ္စည်းဥစ္စာကိုမူလည်း ရနိုင်ရာ၏။ နတ်ရွာသို့မူလည်း ရောက်နိုင်ရာ၏။ ကွယ်လွန်ကုန်ပြီးသော မိဘ ဆွေမျိုးတို့၏ လားရာဂတိကိုလည်း သိနိုင်ရာ၏။ ထိုသို့သော ပုဏ္ဏားထူး ပုဏ္ဏားမြတ်ကို အဘယ်သူသည် တွေ့လိုကြသနည်း" ဟု မေးကြလေ၏။

ထိုအခါ မြို့သူမြို့သား အချို့တို့ကလည်း—

ငါတို့သည် တွေ့မြင်ပါရစေ-ဟု ဆိုလာကုန်၏။

ထိုအခါ ပုဏ္ဏား လုလင်တို့သည် ထိုသူတို့ကို ဆရာဝင်္ကသ ထံသို့ ခေါ်ဆောင်ခဲ့ကြ၍—

"ဤ ဇမ္ဗူဒိတ်ကျွန်း၌ ငါတို့၏ ဆရာဝင်္ကသနှင့် တူသော ပညာရှိမည်သည် မရှိ။ ပြီးခဲ့သည့် တနှစ်ခန့်ကရင်း၊ နှစ်နှစ် သုံးနှစ်ခန့်ကရင်း သေလေကုန်သော သင်တို့၏ မိဘ သား မြေး ဆွေမျိုးတို့၏ အရိုးတို့ကို ရှိလျှင် ပြကြကုန်လော့။ ဤသူသည် ဤမည်သော ဂတိ၌ ဖြစ်သည်ဟုဆိုလတ့်သတည်း" ဟု အမွန်းတင် ချီးပ၍ ပြောဆိုကြလေကုန်၏။

ထိုအခါ ဆရာဝင်္ကသ ပုဏ္ဏားကလည်း—

မိမိထံသို့ ရောက်လာကြကုန်သော များစွာ ကုန်သော လူအပေါင်းတို့အား ယုံမှားသံသယ ကင်းစိမ့်သောငှါ အထူးထူး

သော နည်းလမ်းတို့ဖြင့် ကျန်းမာရေး- ချမ်းသာရေး- စီးပွား ရေးတို့ကိုင်၊ ကွယ်လွန်ကုန်ပြီးသော မိဘ သား မြေး ဆွေမျိုး တို့၏ အရိုးကိုခေါက်၍ ၎င်းဘို့၏ လားရာဂတိကို ပြဆိုသော အားဖြင့်၎င်း အသီးသီး မေးလာသမျှတို့ကို ပြဆို ဖြေရှင်း ပေးလေ၏။

ထိုသို့ ယုံကြည် လောက်အောင် လက်တွေ့ ပြသနိုင်သဖြင့် မြို့သူ မြို့သားတို့သည် ယုံကြည် လေးစားလာသူများ တနေ့ တခြား ပိုမိုပြီး များပြားလာသည်ဖြစ်၍ ၎င်းတို့ထံမှ တရာနှစ်ရာ သော အသပြာ ရွှေငွေတို့ကိုင်း တထောင် နှစ်ထောင်သော အသပြာတို့ကိုင်း အတိုင်းအဆမရှိ ရရှိကြလေကုန်၏။

ထိုသို့ များစွာသောအသပြာတို့ကို ရရှိလာကြသောအခါ၌ ထိုပုဏ္ဏား လုလင်ငယ်တို့သည် ဆရာဝင်္ဂီသကို ရိုသေစွာ ခေါ် ဆောင်လျက် သာဝတ္ထိပြည်သို့ ပြန်ကြလေကုန်၏။ ဤသို့သော နည်းလမ်းဖြင့် ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ကို ရှာဖွေ၍ နေ ကြလေသည်တွင်....

တနေ့သ၌ ဂေါတမဘုရားရှင်ကို အနာထပိဏ် သူဌေးသည် ပင့်ဖိတ်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလေသော် ဘုရား ရှင်၏ ဂုဏ်ကျေးဇူးကိုသာ လူအပေါင်းတို့သည် ချီးပပြောဆို ကြသောအသံကိုသာ ကြားနေရသည် ဖြစ်၍ ဝင်္ဂီသပုဏ္ဏားသည် မိမိ၏ အချင်းပုဏ္ဏားတို့အား ဤသို့ဆိုလေ၏။

''အချင်းတို့–

ရှေးသောအခါ၌ များစွာသော လူအပေါင်းတို့သည် ငါ၏ ကျေးဇူးဂုဏ်ကိုသာ များစွာမှ ချီးပပြောဆိုမှုကို ပြုကြကုန်၏။

ယခုမူကား–

ဘုရားဂေါတမ၏ ပညာရှိခြင်း၊ သီလ သမာဓိ ရှိခြင်း၊ ဆိုသည့် ကျေးဇူး ဂုဏ်သတင်းကိုသာ လွန်စွာမှ ချီးပပြောဆိုမှုကို ပြုကြကုန်၏။

ပညာရှိသော သူတို့၏အထံသို့ ဆည်းကပ် ရခြင်းသည် လွန်စွာမှ ကောင်းမြတ်လှ၏။ ထို့ကြောင့် သင်တို့နှင့် အတူတကွ သွား၍ ဘုရားရှင်ကို ဖူးမြင်ကြကုန်အံ့''ဟု ဆိုလေ၏။

ထိုစကားကို ကြားလေသော် အချင်း ပုဏ္ဏားတို့ကလည်း–

''အရှင်ဝကီသ–

အရှင်ဂေါတမ၏ အထံသို့ သွားရန်မသင့်၊ အဘယ်ကြောင့် ဆိုသော် ထို ဘုရားဂေါတမသည် သာယာ ဖျောင်းဖျသော စကားဖြင့် သူတပါးတို့အား မိမိတို့အလုပ်အကျွေး ဖြစ်အောင် သွေးဆောင် တတ်သည်ဟု ပြောဆို ကြကုန်၏။ ထို့ကြောင့် မသွားသင့်ပါ''ဟု ဆိုကြကုန်၏။

ထိုအခါ ဝင်္ကိသပုဏ္ဏားသည်—

ထိုအချင်းပုဏ္ဏားတို့၏ စကားကို နားမထောင်မူ၍ ဘုရားရှင်ထံသို့ ဆည်းကပ်လေပြီးလျှင် သင့်တော်သော နေရာ၌နေ၍ ဤသို့ လျှောက်ထားလေ၏။

“အရှင်မြတ်ဘုရား—

ကိုယ်တော်မြတ်ကို လွန်စွာမှ ပညာရှိသော ပုဂ္ဂိုလ်ဟူ၍ ပြောဆို ချီးမွမ်းကြပါသည်၊ ကျွန်ုပ်သည် ဤ သာဝတ္ထိပြည်၌ ပညာရှိ တယောက်ပါတည်း။ ပညာချင်း နှိုးနှောင် ပါရစေ။ အရှင်မြတ်က သာလျှင် အကျွန်ုပ်ကို မျှတော်မူပါ၊ အကျွန်ုပ်က သာလျှင်လည်း အရှင်မြတ်ကို လှူရပါအံ့”ဟု လျှောက်ထား၏။

ထိုအခါ ရှင်တော်ဘုရားက—

“ဝင်္ကိသ သင်သည် အဘယ်သို့သော ပညာ ဝိသေသကို တတ်ဘိသနည်း”ဟု မေးတော်မူ၏။

“အရှင်မြတ်ဘုရား—

အကျွန်ုပ်ကား အများတတ်သော ဗေဒင်ကိုလည်း တတ်ပါသည်။ အရိုးကို ခေါက်လျှင် လားရာ ဂတိကို သိနိုင်သော (ပညာသူ)ကိုလည်း တတ်ပါသည်”ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က—

၁။ သေ၍ တနှစ်မြောက်ပြီးသော ငရဲသို့ သွားရသော သူတဦး၏ ဦးခေါင်းရိုးကိုရင်း။

၂။ သေပြီး လူ့ပြည်၌ ပြန်လည်၍ဖြစ်လာသော သူတဦး၏ ဦးခေါင်းရိုးကိုရင်း။

၃။ သေပြီး နတ်ပြည်၌သွား၍ဖြစ်သော သူတဦး၏ဦးခေါင်း ရိုးကိုရင်း။

၄။ နိဗ္ဗာန်သို့ စံဝင်လေပြီးသော ရဟန္တာတဦး၏ ဦးခေါင်း ရိုးကိုရင်း-

ဘန်ခိုးတော်ဖြင့်ယူ၍ ပြတော်မူလေ၏။

ထိုအခါ ဝင်္ကီသ ပုဏ္ဏားသည်—

ရှေးဦးစွာသော အရိုးကို လက်သည်းဖြင့် ခေါက်၍ ကြည့် ပြီးသော်....

"အရှင်ဂေါတမ—

ဤသတ္တဝါကား ငရဲသို့ သွားရပါသတည်း"ဟု လျှောက် ထားလေ၏။

ထိုအခါ ရှင်တော်ဘုရားက—

"အချင်းဝင်္ကီသ မှန်လှပေပြီ၊ သင် သိမြင်ပေစွ"ဟုချီးမွမ်း တော်မူ၏။

ထို့နောက် "ဒုတိယ အရိုးကို ဆိုဦးလော့" ဟု မိန့်တော်မူ ပြန်၏။

ဝင်္ကီသ ပုဏ္ဏားသည် လက်သည်းဖြင့် ခေါက်၍ ကြည့်ပြီး လျှင်—

"အရှင်ဘုရား–

ဤသတ္တဝါကား လူ့ပြည်၌ ဖြစ်ပါသတည်း"ဟု လျှောက်ထားလေ၏။

ထိုအခါ ရှင်တော်ဘုရားက–

"အချင်း ဝင်္ကီသ သင်သိပေစွ မှန်ပေစွ" ဟု ချီးမွမ်းတော်မူ၏။

ထို့နောက် "တတိယအရိုးကို ဆိုဦးလော့" ဟု မိန့်တော်မူပြန်၏။

ဝင်္ကီသပုဏ္ဏားသည်....

ရှေးနည်းအတူ လက်သည်းဖြင့် ခေါက်၍ကြည့်ပြီးလျှင်–

"အရှင်ဘုရား ဤသတ္တဝါကား နတ်ပြည်သို့ လားသောသူတည်း"ဟု လျှောက်ထားလေ၏။

ထိုအခါ ရှင်တော်ဘုရားသည် အထက်ပါအတိုင်း ချီးမွမ်းတော်မူလိုက်၏။

ထို့နောက် "စတုတ္ထအရိုးကို ဆိုဦးလော့" ဟု မိန့်တော်မူပြန်၏။

ထိုအခါ ဝင်္ကီသပုဏ္ဏားသည် ရှေးနည်းအတူ မိမိ၏ပညာဖြင့် အရိုးကို ခေါက်ပြီးကြည့်ပြန်လေသော် သိနိုင်ရန်အကြောင်းကို တစုံတခုမျှ မထင်ရမမြင်သဖြင့် ဦးခေါင်းငုံ့ပြီး ဆိတ်ဆိတ်သာ နေလေတော့၏။

ထိုအခါ ရှင်တော်ဘုရားက....

''အချင်းဝင်္ကိသ အသို့နည်း ဆိုဦးလော့၊ အသင် ဆက်၍ ဆိုဦးလော့''ဟု ဆက်၍တိုက်တွန်းတော်မူလေ၏။

ထိုအခါ ဝင်္ကိသပုဏ္ဏားသည်–

အကြိမ်ကြိမ်အဖန်ဖန် အရိုးကို ခေါက်ကြည့်ပါသော်လည်း မသိနိုင်ရကား၊ ပရိသတ်တို့အား ရှက်နိုးစွာဖြင့် ချွေးပြာပြာ စီး၍ ဆိတ်ဆိတ်သာနေလေတော့၏။

ထိုအခါ ရှင်တော်ဘုရားက–

''အချင်းဝင်္ကိသ သင်မဆိုနိုင်တော့ပြီလော''ဟု မေးတော်မူ လေ၏။

ထိုအခါ ဝင်္ကိသပုဏ္ဏားသည်–

မဆိုနိုင်ပါကြောင်းကို ပြန်လည်၍လျှောက်ထားလေလျှင်....

ရှင်တော်ဘုရားက–

''သင်သည် မှန်ကန်သောစကားကိုဆို၏။ သူတော်ကောင်း ပီသပေစွ၊ ဤသို့ ဝစီသစ္စာရှိသောသူမှ ထူးမြတ်သော ပညာ ကို ရနိုင်ရာသတည်း''ဟု မိန့်တော်မူလေ၏။

ထိုအခါ ဝင်္ကိသပုဏ္ဏားက–

''အရှင်ဘုရား၊ အရှင်ဘုရားသိလျှင် ဆိုတော်မူပါလော့''ဟု လျှောက်ထားလေသော်....

ရှင်တော်ဘုရားသည်—

စုတိံယော-ဝေတိ-သတ္တာနံ
ဥပပတ္တိံစ- သဗ္ဗသော
အသတ္တံ- သုဂတံ- ဗုဒ္ဓံ
တမဟံ- ဗြူမိ- ဗြာဟ္မဏံ။

အစရှိသော (ဓမ္မပဒ) ဂါထာဖြင့်—

ထိုအရိုးသည် နိဗ္ဗာန် ဝင်လေပြီးသော ရဟန္တာ ပုဂ္ဂိုလ်၏ အရိုးဖြစ်ကြောင်းကို မိန့်ဆိုတော်မူလေ၏။

ထိုအခါ ဝင်္ဂီသပုဏ္ဏားက—

"အရှင်ဘုရား အတတ်တခုကိုယူ၍ အတတ်တခုကို ပေးရသောသူအား ဆုတ်ယုတ်ခြင်းမည်သည်မရှိပါ။ အကျွန်ုပ်ကလည်း တခုသောအတတ်ကို ဆက်ကပ်ပါမည်။

"အရှင်ဘုရားကလည်း နိဗ္ဗာန်လားသူ၏ အရိုးကိုသိစေနိုင်သော အတတ်ကို ပေးတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ ရှင်တော်ဘုရားက—

"အချင်းဝင်္ဂီသ၊ ငါတို့ကား အတတ်ချင်း လဲလှယ်သည် မည်သည်မရှိ။ တတ်လိုမူကား သင်ကြားပေးသည်သာဘည်း" ဟု မိန့်တော်မူလျှင်—

ဝက္ကိသပုဏ္ဏားက....

"အရှင်ဘုရား အကျွန်ုပ်အား သင်ပေးတော်မူပါဘုရား"ဟု လျှောက်ထား၍ လက်ကိုယှက်ခါ ရှိသေစွာရှိခိုး၍နေလေ၏။

ထိုအခါ ရှင်တော်ဘုရားက—

"အချင်း ဝက္ကိသ သင်တို့၏အယူ၌ အဘိုးများစွာထိုက်တန်သော အတတ်ကိုရင်း၊ အဘိုးအနည်းငယ်သာ ထိုက်တန်သော အတတ်ကိုရင်း၊ သင်ယူသောအခါ၌ ဆရာတို့အား ပစ္စည်းဥစ္စာကို ပေးရခြင်း၊ ဆရာ၏အမှုကိစ္စကို ပြုလုပ်ပေးရခြင်း ဟူသော ပရိက်သည် ရှိသည်မဟုတ်လော"ဟု မေးတော်မူလေ၏။

ထိုအခါ ဝက္ကိသပုဏ္ဏားက—

"အရှင်ဘုရား၊ ထိုပရိက်သည်ရှိပါ၏ဘုရား" ဟု ပြန်လည်၍ လျှောက်ထားလေလျှင်—

ရှင်တော်ဘုရားက—

"ကောင်းပြီ၊ ဤသို့ဆိုလျှင် သင်တို့အမျိုး၌ကဲ့သို့ ငါတို့ထံ၌ကား ဥစ္စာပစ္စည်းကိုပေးရခြင်း၊ ဆရာ၏အမှုကိစ္စကို ပြုလုပ်ပေးရခြင်းမည်သည်မရှိ။

"သို့ရာတွင်မူကား ငါနှင့်အသွင်တူစွာ ရဟန်းပြုလုပ်သောသူကိုသာလျှင် ပညာသင်ပေးလေ့ရှိ၏။ ထို့ကြောင့် သင်သည် ထိုအတတ်ပညာကို လိုမူကား ရဟန်းပြုလော့" ဟု မိန့်တော်မူလေ၏။

ထိုအခါ ပုဏ္ဏားတို့မည်သည်မှာ—

ဗေဒင်အဘတ်၌ ရောင့်ရဲသောမည်သည် မရှိရကား ဝင်္ဂီသ ပုဏ္ဏားသည် ဘုရားရှင်၏အထံတော်၌ ဗေဒင်သင်ခြင်းအကျိုးငှာ များစွာသော မိမိ၏အရံပုဏ္ဏားတို့ကိုခွင့်ပန်ပြီး ရဟန်းပြုလေ၏။

ထိုအခါ ဘုရားရှင်သည်—

"ဗေဒင်ပညာ၏ ရှေးဦးစွာသော (ပရိကံမန္တန်)ကို သင်ဦးလော့"ဟု မိန့်တော်မူ၍—

ကေသာ-လောမာ-စသော—

ဒွတ္တိံသ-ကာယ-ကိုပြတော်မူလေ၏။

ဝင်္ဂီသပုဏ္ဏားသည်—

ပညာကြီးလှသောပုဏ္ဏားဖြစ်ရကား (ဒွတ္တိံသ) တရားကို အားထုတ်သဖြင့်ပင်လျှင် ဝိပဿနာဉာဏ်မြင်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုအခါ၌ အရံပုဏ္ဏားတို့သည် ခုနစ်ရက်မြောက် ကြာလေသော် ဆရာဝင်္ဂီသထံသို့ သွားကြ၍—

"ဆရာသည် ဘုရားဂေါတမထံ၌ အတတ်ပညာ သင်ခြင်းသည် ပြီးဆုံးပါပြီလော"ဟု မေးမြန်းကြလေ၏။

ထိုအခါ ဝင်္ဂီသပုဏ္ဏားက....

"အချင်းတို့ ငါကား တတ်ပါပြီ"ဟု ဆိုလေလျှင်—

ပုဏ္ဏားတို့က—

"ဆရာ ထိုသို့တတ်ပါမူကား၊ အရပ်တပါးသို့ လှည့်လည်၍ ဥစ္စာရှာကြကုန်အံ့"ဟု ဆိုကြကုန်၏။

ထိုအခါ ဝင်္ကိသပုဏ္ဏားက—

"အချင်းတို့ ငါကား ဥစ္စာမရှာလိုပြီ၊ ငါ၏ကိစ္စသည် ပြီးဆုံးလေပြီ။ သင်တို့သာလျှင် ငါကဲ့သို့ ရဟန်းပြုကြကုန်လော့" ဟု ဆိုလေ၏။

ထိုအခါ ပုဏ္ဏားတို့က—

"ဆရာဝင်္ကိသ—

ထို့ကြောင့်မဆွကပင် ငါတို့ဆိုခဲ့ကြသည် မဟုတ်တုံလော"

"ရှင်ကြီးဂေါတမသည်—

မိမိ၏ နောက်လိုက်တပည့်ဖြစ်အောင် လှည့်ပတ်ဖျားယောင်းတတ်သည်။ ထိုသူ၏အလိုသို့ မလိုက်ပါလင့်ဟု ငါတို့မှာကြားခဲ့သည်ကိုပင် သင်မနာယူဘဲ၊ ရှင်ဂေါတမ၏အလိုသို့ သင်လိုက်လျောခဲ့ဘိသည်။ ထို့ကြောင့် သင့်ထံသို့ ငါတို့မလာပြီ" ဟု ဆို၍ ပြန်ကြလေကုန်၏။

ထိုအခါမှစ၍ ဝင်္ကိသမထေရ်သည်—

ဘုရားရှင်ထံသို့ အမြဲမပြတ် ဆည်းကပ်လေသောအခါ မြင်ရာအရပ်မှ ရှိခိုးလျက် ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို ဂါထာ

များ သီကုံး၍ ချီးကျူးလျက်သာ ဆည်းကပ်၍ နေလေ့ရှိ ဟော့၏။

ထို ဝင်္ဂီသမထေရ်သည်—

သာယာချေငံ လျင်မြန်ကောင်းမြတ်သော ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံလှသောကြောင့် ဘုရားရှင်သည် ဝင်္ဂီသ မထေရ်အား (ပဋိဘာနဝန္တ) ဧတဒဂ် အရာ၌ ထားတော်မူ လေ၏။

ဤအကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် ဓမ္မပဒ ကျမ်း ဘို့၌ လာရှိသည်ဟု မူရင်းကျမ်းဆရာက ညွှန်းဆိုထားပါသည်။

ယနောင်စာပေ

## ၁၉။ ဓမ္မိက ပဏ္ဍိတမင်း

ဂေါတမ ရှင်တော် မြတ်ဘုရားသည် မေဃဝတီ မည်သော မြို့ရှိ မေဃဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး၍ နေတော်မူစဉ် ပရိဘောဂ ပရိက္ခရာတို့ကို လှူဒါန်းခြင်း စသည်တို့ကို အကြောင်းပြု၍ ဤတရား ဒေသနာတော်ကို ဟောတော်မူခြင်း ဖြစ်၏။

ထိုမေဃဝတီမြို့၌ နေသော လူရွယ်တဦးသည် များစွာသော ပစ္စည်းဥစ္စာ ကြွယ်ဝသူဖြစ်၍ မိမိ၏မြို့၌ မဏ္ဍပ်ကြီး တဆောင် ဆောက်လုပ်စေလျက် ဘုရားအမှူးရှိသော သံဃာတော်အပေါင်း ကို ပင့်ဘိတ်ပြီး ကြီးစွာသော အလှူကြီးကို ပေးလှူလေ၏။

ထိုသူကြွယ်သည် လွန်စွာ ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ ခုနစ်ရက် မြောက်သော နေ့၌ ဘုရားအမှူးရှိသော သံဃာ အပေါင်းတို့အား ပရိက္ခာရာရှစ်ပါး အလှူကို ပေးလေ၏။

ထိုအခါ မဏ္ဍပ်ကြီးအတွင်း၌ သီးတင်းသုံးနေသော ရှင်တော် မြတ်ဘုရားသည် သူကြွယ်၏အလှူကို အနုမောဒနာပြုလျက်—

"အို- ချစ်သားရဟန်းတို့—

ဤသူကြွယ်သည် ယခုအခါ၌သာလျှင် ငါဘုရား၏သာသနာ တော်၌ ဤသို့သော အလှူကြီးမျိုးကို ပေးလှူသည်မဟုတ်။ ရှေး အခါကလည်း ဤကဲ့သို့သော အလှူကြီးမျိုးကို ပေးလှူကုန်သည်

သာ''ဟု မိန့်တော်မူပြီး ရဟန်းတို့တောင်းပန်သဖြင့် အတိတ်ကို အောက်ပါအတိုင်း ဆောင်တော်မူလေ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ (ဓမ္မိက-ပဏ္ဍိတ) မည်သောမင်းသည် တရားနှင့်အညီ မင်းပြုတော်မူ၏။ ထိုမင်း၏ မိဖုယားသည် သုဓမ္မာမည်၏။

ထိုဓမ္မိကမင်းသည် စေတနာ သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်၍ အလှူကြီးကို ပေးလှူလိုသည်ဖြစ်၍ လက်သမားတို့ကို ခေါ်တော်မူ၍ မြို့၏အလယ်၌ ကြီးစွာသော မဏ္ဍပ်ကြီး တဆောင်ကို ဆောက်လုပ်စေ၏။ အထူးထူးအပြားပြား များစွာသော အလှူကြီးကို စီရင်စေ၏။ ထိုလက်သမား တို့အား အဝတ်တန်ဆာ ဥစ္စာ ရွှေငွေတို့ကို ပေးလေ၏။

ဓမ္မိကမင်းသည် နန်းတော်မှထွက်ခဲ့၍ ထိုမဏ္ဍပ်ကြီးကိုကြည့်၍ လွန်စွာနှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကြည်နူးခြင်းဖြစ်တော်မူ၏၊ မင်းကြီးသည် ထိုမဏ္ဍပ်၌ပင် ရပ်တော်မူလျက်- မှူးမတ်တို့နှင့် ဤသို့တိုင်ပင်တော်မူ၏။

''အို....မှူးမတ်အပေါင်းတို့-

ကျွန်ုပ်တို့၏ ဤမဏ္ဍပ်သည် လွန်စွာရှုချင်ဘွယ်ရှိပါ၏။ လွန်စွာ မွန်မြတ်တင့်တယ်ပါ၏။ အံ့သြစဘွယ်ရှိပါ၏။ ကျွန်ုပ်၏ တခုတည်းသော မင်္ဂလာမဏ္ဍပ်ဖြစ်ပါ၏။ ထိုမဏ္ဍပ်၌ အလှူကြီးကို ကျွန်ုပ်ပေးပါ၏။ လူအပေါင်းတို့အား ခုနစ်ရက် ပတ်လုံး အမျိုးစုံသော အလှူဒါနကို အကျွန်ုပ် ပေးလှူပါ၏။

ကျွန်ုပ်သည် အနာဂါတ် ကာလ၌ သဗ္ဗညုတ ဉာဏ်တော် အတွက် လူအပေါင်းတို့အားရင်း၊ သင်မူးမတ်တို့အားရင်း၊ ဤ အလှူကြီးကို ပေးပါ၏။ သင်တို့သည် အလိုရှိတိုင်း ခံယူကြပါ ကုန်လော့''ဟု ကြည်နူးစွာဆို၏။

ထိုစကားကိုကြား၍ လူအပေါင်းတို့သည် ထိုမဏ္ဍပ်၌ ဘုရား လောင်း (ဓမ္မိက–ပဏ္ဍိတ) မင်း၏ အလှူကို ဝမ်းမြောက်စွာ ခံယူလာကြကုန်၏။

ထိုမင်းသည် ခုနစ်ရက်မြောက်သောနေ့၌ အလှူကြီးဖြစ်သော (ပရိဘောဂ အသုံးအဆောင်) အလှူကို ပေးလှူခြင်း။ ဒါနကို ကြီးကျယ်စွာ ပေးလှူလေ၏။

ထိုခဏ၌ ဘုရားလောင်း၏ ဒါနအစွမ်းအာနုဘော်ကြောင့် ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေ ကြီးသည် အမုန်ရစ်သောဆင်ကဲ့သို့ ပြင်းထန်စွာ ဟစ်ကြွေးမြည် ဟီးလျက် တုန်လှုပ်လေ၏၊ မြင့်မိုရ်တောင်မင်းသည် မီးမြှိုက် အပ်သော ကြိမ်ကဲ့သို့ညွတ်၍ ဗာရာဏသီမြို့သို့ ရှေးရှုကည်း၏။

မြေကြီး၏အသံကြောင့် မိုးသည်းပြင်းစွာထစ်ချုန်း၏။ တခဏ ချင်း အခါမဟုတ်သော မိုးကြီးရွာ၏။ လျှပ်စစ်လျှပ်နွယ်တို့သည် ဝင်းဝင်းလက်လက်ထွက်ပေါ်လာကုန်၏။ ဗြဟ္မာ့ပြည်ဘိုင်အောင် အုတ်အုတ်ကျက်ကျက် တခဲနက်သော အသံသည် ဖြစ်ပေါ် လေ၏။

ထိုခဏ၌ သိကြားမင်း၏နေရာဘုံဗိမာန်သည် ပူလောင်သော အခြင်းအရာကိုပြ၏။ သိကြားမင်းသည် ထိုအကြောင်းကို ဆင်ခြင်လျက် ဤသို့ဆို၏။

"အလှူပေးခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း ဟူသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ဆည်းပူးသူသည် လူလော၊ နတ်လော၊ အဘယ်သူပါနည်း။ ယခုအခါ ထိုသူသည် ကျွန်ုပ်အား မိမိနေရာဘုံဗိမာန်မှ ရွှေလျောစေသူ ဖြစ်ဘိ၏တကား"

သိကြားမင်းသည် ဤသို့ ဆင်ခြင်လတ်သော် အကြောင်းခြင်းရာကိုသိ၍ "ယခုအခါ ဘုရားလောင်းသည် လူအပေါင်းတို့အား အလှူကြီးကိုပေးလှူသဖြင့် နောင်အခါတွင် ဘုရားစင်စစ်အမှန်ပင်ဖြစ်လတ့်။ ယခုအခါ ငါသည် လူ့ပြည်သို့ သွား၍ ထိုဘုရားအလောင်း ဓမ္မိက-ပဏ္ဍိတမင်းအား နတ်ပြည်သို့ ခေါ်ဆောင်အံ့"ဟု ကြံ၏။

သိကြားမင်းသည် ရတနာခုနစ်ပါးဖြင့် တန်းဆာဆင်အပ်သော ရထားဗိမာန်ကိုဖန်ဆင်းပြီး တက်စီးလျက် နတ်ပြည်မှ ဆင်းသက်လာပြီးလျှင် ထိုဓမ္မိက-ပဏ္ဍိတ မင်းကြီး၏ ရှေမျှောက်မဏ္ဍပ်၏ အရှေ့ဘက်၌ ရပ်တည်လေ၏။ ထိုအခါ မင်းကြီးသည် ရထားဗိမာန်ကိုမြင်လျှင် ဤသို့မေး၏။

"ကျွန်ုပ်၏ရှေ့မျှောက်၌ ဝင်လာသောဗိမာန်ကား အဘယ်ဗိမာန်နည်း။ ကျွန်ုပ်၏ရှေ့မျှောက်သို့ နတ်သားကဲ့သို့ ရောက်လာ

**သူ**ကား အသူနည်း။ ကျွန်ုပ်မသိပါ။ အဘယ်ကြောင့် ဤအရပ်သို့ ရောက်လာရသနည်း''ဟု မေးမြန်းလေ၏။

ထိုအခါ သိကြားမင်းက—

''အရှင်မင်းမြတ် ကျွန်ုပ်ကား သိကြားမင်းဖြစ်ပါ၏။ ဤအရပ်သို့ ရောက်လာခြင်းကား သင်မင်းကြီးအား နတ်ပြည်သို့ ကြွရောက်ရန် ဘိတ်ကြားဘို့ ရောက်လာခြင်းပါတည်း။

''အရှင်မင်းမြတ် သင်သည် ဘုရားဆုကိုပန်လျက် အလှူကြီးကိုပေး၍ မဟာပထဝီမြေကြီးကို တုန်လှုပ်စေသည်မှာ နောင်အခါ၌ ကေန်စင်စစ် ဘုရားဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် သင်မင်းကြီး၏ အလှူပေးခြင်းကို နှစ်သက်ဝမ်းသာဖြစ်သောကြောင့် ဤအရပ်သို့ လာခြင်းဖြစ်ပါသည်။ ယခု ကျွန်ုပ်နှင့်အတူ ရထားဗိမာန်သို့ တက်တော်မူပါလော့''ဟု ပင့်ဘိတ်လေ၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်။

''သိကြားမင်း ကောင်းပါပြီ''ဟု ဝန်ခံ၍ ရထားပေါ်သို့ တက်ပြီး ထိုင်နေလေရာ၊ သိကြားမင်းသည် ရထားဗိမာန်ဖြင့် ကောင်းကင်သို့ ပံ့တက်ပြီးနောက် နတ်ပြည်သို့ ရွှေရှုထွက်ခွာသွားလေ၏။

ထိုအခါ ဘုရားလောင်းသည် နတ်ပြည်သို့ရောက်သောအခါ နတ်ပြည်၌ ရတနာသုံးပါးတို့ဖြင့် ဆန်းကြယ်သော ရွှေဖြင့်ပြီး-

သော ဗိမာန်ပေါင်းများစွာကို တွေ့မြင်ရသဖြင့် သိကြားမင်းကို ဤသို့မေး၏။

"အရှင်သိကြားမင်း....

ဤနတ်တို့သည် ရတနာ -၇-ပါးတို့ဖြင့် ဆန်းကြယ်သော ရွှေဗိမာန်တို့ကို ရကြကုန်သည်မှာ အဘယ်ကုသိုလ်၊ အဘယ် ကောင်းမှု တို့ကြောင့်ပါနည်း။ ထိုအကြောင်းကို ကျွန်ုပ်အား ဖြေကြားပါလော့" ဟု ဆို၏။

ထိုအခါ သိကြားမင်းသည် နတ်တို့၏ ရှေးကောင်းမှုကို အကြောင်းကို မင်းကြီးအား ဤသို့ဆို၏။

"အရှင်မင်းမြတ်....

ဤနတ်တို့သည်....

ဘုရားရှင်တို့အား ကျောင်း၊ ဆင်းတုတော်၊ စေတီ၊ ပေါင်းပင် တို့ကို လှူဒါန်းခဲ့ဘူးသောကြောင့်၎င်း၊ ဇရပ်၊ တံတားတို့ကို ဆောက်လုပ် လှူဒါန်းခဲ့ဘူးသောကြောင့်၎င်း၊ ထမင်း၊ အဖျော် အဝတ်၊ ကျောင်း၊ အိပ်ရာ၊ နေရာ တို့ကို လှူခဲ့ ဘူးသော ကြောင့်၎င်း၊

"တံခွန်၊ ကုက္ကား၊ ထီး၊ တောင်ဝှေး တို့ကို ပေးလှူခဲ့ဘူး သောကြောင့်၎င်း၊ ပန်းကန်ခွက်ယောက်၊ သစ်သား၊ ဒန်ပူ၊ ရွှေ တို့ကို ပေးလှူခဲ့ဘူးသောကြောင့်၎င်း၊ ဆီမီး၊ အခိုးအငွေ့၊ အမွှေး တိုင်၊ ပန်း၊ နံ့သာတို့ကို ပေးလှူခဲ့ဘူးသောကြောင့်၎င်း၊

"ပရိက္ခရာရှစ်ပါး၊ သဲပုံစေတီ တို့ကို ပြုလုပ် လှူဒါန်းခဲ့ဘူး သောကြောင့်၎င်း၊ ဘိနပ်၊ ညောင်စောင်း၊ အင်းပျဉ်၊ ပလ္လင်၊ ဉစ္စာရွှေခွင့်၊ စပါး၊ဘောဇဉ် တို့ကို လှူဒါန်းခဲ့ဘူးသောကြောင့် ၎င်း၊ ဤရတနာဗိမာန်တို့ကို အသီးသီး ရရှိခဲ့ခြင်းဖြစ်ကြပါ၏" ဟု ဆို၏။

ထို့နောက် သိကြားမင်းသည် ဘုရားလောင်းကို ပင့်ဘိတ် လို၍—

"လူတို့ကို အစိုးရသော အရှင်မင်းမြတ်၊ ဤရတနာဗိမာန်၌ အမြဲနေပါလော့၊ သင့်အား ကျွန်ုပ်လှူပါ၏" ဟု ဆိုလေ၏။

ထိုအခါ ဘုရားလောင်းက—

"အရှင်သိကြားမင်း ဤဗိမာန်နှင့် ရတနာစည်းစိမ်တို့သည် သူတပါးတို့ လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှုကြောင့် ပြည့်စုံ နေခြင်းဖြစ်သည်။ ထိုစည်းစိမ်တို့ကို ကျွန်ုပ်အလိုမရှိပါ။ ကျွန်ုပ် ကိုယ်တိုင် ကုသိုလ်ကောင်းမှုပြု၍ သီးခြားရရှိသော ရတနာ ဗိမာန် စည်းစိမ်ကိုသာ ကျွန်ုပ်အလိုရှိပါ၏။

"ထို့ကြောင့်- ကျွန်ုပ်သည် လူ့ပြည်သို့ပြန်၍ အလှူပေးခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ ကိုယ်နှုတ်နှလုံးကို စောင့်စည်း ခြင်း စသည်တို့ဖြင့် ကောင်းမှုများစွာကိုပြုပါအံ့။

"ကျွန်ုပ်သည် မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုတို့ကို များစွာ ပြုလျက် ယင်းကုသိုလ်တို့ကို ဝမ်းမြောက်ပြီးမှ ဘေးရန်ကင်း

ကွာ ချမ်းသာလျက် နေခဲ့အခါမှာလည်း ပူပန်ခြင်းမဖြစ်ရ လတံ့”ဟုဆိုပြီး ဘုရားလောင်းသည် သိကြားမင်းကို ပန်ကြား လို၍—

“နတ်တို့သနင်း သိကြားမင်း—

ကျွန်ုပ်သည် လူ့ပြည်သို့ပြန်၍ အလှူပေးခြင်း၊ သီလဆောက် တည်ခြင်း၊ ဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှု တို့ကို ပြုလိုပါ၏။ မိမိကိုယ်တိုင် ပြုလုပ်အပ်သော ကုသိုလ် ကောင်းမှုဖြင့်သာ သင်သိကြားမင်း အထံ၌ ဖြစ်လိုပါ၏” ဟု ဆိုလေ၏။

ထိုအခါ သိကြားမင်းသည် မိမိ၏ ရထားဗိမာန်နှင့် အတူ ဘုရားလောင်းကို ခေါ်ဆောင်၍ နတ်ပြည်မှဆင်းသက်၍ ဗာရာ ဏသီပြည်သို့ ပို့ဆောင်ပြီးလျှင် မိမိ၏ဘုံဗိမာန်သို့ ပြန်ခဲ့လေ၏။

ထိုအခါ မူးမတ်တို့နှင့်တကွ လူအပေါင်းတို့သည် ဓမ္မိက မင်းကြီး ပြန်လာသည်ကို သိကြ၍ လွန်စွာဝမ်းမြောက်ကြသည် ဖြစ်၍ မင်းကြီး၏နန်းတော်ရင်ပြင်သို့ စုရုံးလာရောက်ကြလေ၏။ ထိုအခါ ဘုရားလောင်းသည် လူတို့အား သိကြားမင်း၏စည်းစိမ် ကိုင်၊ နတ်တို့၏စည်းစိမ်ကိုင်၊ ဤသို့ပြောပြလေ၏။

“အို-လူအပေါင်းတို့—

နတ်ပြည်၌ ရွှေဖြင့်ပြီးသော ဗိမာန်တို့သည် အရောင်တလက် လက်ဖြင့် ပြိုးပြိုးပျက်ပျက်ရှိ၍ စည်းစိမ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံ

ပါကုန်၏။ အဆိုအက,တို့ဖြင့် တင့်တယ်ပါကုန်၏။ နတ်အများ တို့ မွေ့လျော်အောင် ဖျော်ဖြေနေကြသော နတ်စောင်းသံတို့ ကလည်း သာယာလှပါကုန်၏။ နတ်သမီးအပေါင်း ခြံရံလျက် နေရသည်မှာလည်း တင့်တယ်လှပါကုန်၏။

"ဥစ္စာရွှေငွေ အထွေထွေသော ပြည့်စုံမှုတို့ဖြင့် ထွန်းလင်း တောက်ပပါကုန်၏။ နတ်ဥယျာဉ်၊ နတ်ရေကန်တို့ဖြင့် ဝန်းရံ ထားသဖြင့်လည်း နတ်နန်းပြာသာဒ်တို့သည် တင့်တယ်ပါကုန်၏။ လိုရာဟူသမျှအားလုံးရသော ပဒေသာပင်တို့၏ ပြည့်စုံခြင်းသည် လည်း နတ်တို့အတွက် ပျော်မွေ့ဘွယ်ရှိပါကုန်၏။

"ကုသိုလ်ကောင်းမှုတို့ကြောင့် ဖြစ်ပေါ်လာသော ဝါဂွမ်း အဝတ်အထည်စသော အဝတ်အထည်မျိုးစုံသော ပဒေသာပင် တို့ဖြင့်လည်း တင့်တယ်ပါကုန်၏။ နတ်မြို့တော်၌ နားထောင် ကောင်းသော သာယာညင်းပျောင်းသော နတ်ဒူရိယာအသံတို့ သည်လည်း အမြဲရှိပါကုန်၏။

"မိမိတို့ ကုသိုလ် အဟုန်ကြောင့် ဖြစ်ပေါ်လာသော ပုလဲ၊ ပတ္တမြား၊ ကြောင် စသော အဆင်တန်းဆာတို့သည်၎င်း၊ နတ်၌ ဖြစ်သော အစားအစာတို့သည်၎င်း၊ နတ်ပြည်၌ ဖြစ်ပေါ်နေပါ ကုန်၏။

ဤသို့လျှင် ဘုရားလောင်းသည် နန်းရင်ပြင်သို့ ရောက်လာကြကုန်သော လူအပေါင်းတို့အား မိမိတွေ့ကြုံခဲ့ရသော နတ်စည်းစိမ်တို့ကို ပြောကြားလေ၏။

ဘုရားလောင်း၏စကားကို ကြားရသောအခါ လူအပေါင်းတို့သည် လွန်စွာကြည်ညိုသောစိတ်ရှိကုန်သဖြင့် ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏။ ထိုကြောင့် သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ပင် ရောက်လေ၏။ ဘုရားလောင်းသည်လည်း အလှူပေးခြင်း စသော ကုသိုလ် ကောင်းမှုတို့ကြောင့် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ပင် ရောက်လေ၏။

ဤသို့လျှင် ဘုရားရှင်သည် သူကြွယ်အား ဤတရားဒေသနာကို ဟောတော်မူပြီးနောက် သစ္စာလေးပါးတရားကို ဆက်လက်၍ ဤသို့ ဟောတော်မူ၏။

ဆင်းရဲစစ်မှန်သောတရား၊ ဆင်းရဲဖြစ်ကြောင်း စစ်မှန်သောတရား၊ ဆင်းရဲငြိမ်းရာ စစ်မှန်သောတရား၊ ဆင်းရဲခြင်းငြိမ်းရာသို့ ရောက်ကြောင်း စစ်မှန်သောတရား၊ ဤအမှန်တရားကို ၄ ပါး ဘုရား ဟောတော်မူပြီ။

၁။ ဘုံသုံးပါး၌ ဖြစ်သမျှသည် ဒုက္ခသစ္စာမည်၏။

၂။ တဏှာလောဘသည် သမုဒယသစ္စာမည်၏။

၃။ ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ နိဗ္ဗာန် ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

ဤသစ္စာလေးပါးတရားကို ဟောကြားပြီးသည့် နောက်၌ ထိုသူကြွယ်သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက် လေ၏။ မြတ်စွာဘုရားသခင်သည် သူကြွယ်အား သစ္စာလေးပါးတရားကို ဟောကြားပြီးသည့်နောက် ဇာတ်တော်ကိုပေါင်းရာတွင် ဓမ္မိက ပဏ္ဍိတမင်းသည် ဂေါတမမြတ်စွာဘုရား ဖြစ်လာသတည်း။

(ဇင်းမယ်ပဏ္ဏာသ- မြန်မာပြန်မှ)

## ၂၀။ ပရဒါရကံနှင့် ရှင်အာနန္ဒာအလောင်း

ရှေးသရောအခါ ရှင်အာနန္ဒာ၏ အလောင်းတော်သည် မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ရွှေပန်းတိမ်သည်၏ သားဖြစ်၍ မကောင်းသောမိတ်ဆွေနှင့် ပေါင်းမိခြင်းကြောင့် သေအရက်ကို သောက်ခြင်း၊ သူတပါး၏သားမယားကိုကျူးလွန်ခြင်း စသော ပရဒါရကံကို ပြုမိလေ၏။

ထို့ကြောင့်- ထိုဘဝမှ စုတေလေသော် ကောသမ္ဗီပြည်၌ သူဌေးမျိုး၌ ဖြစ်လာ၍ ဒါနစသော ကုသိုလ်ကောင်းမှု တို့ကိုပြု လေ၏။

ထိုဘဝမှစု တေလေသော် ရွှေပန်းတိမ်သည်၏သား ဖြစ်ခဲ့ သော ဘဝက ပြုမိခဲ့ဘူးသော (ပရဒါရကံ) သည် အကျိုးပေး ခွင့် ကြုံလာသောကြောင့် ရောရုဝငရဲ၌ များစွာသော ကာလ ပတ်လုံး ခံရလေ၏။

ထိုငရဲမှလွတ်ခဲ့ပြန်လျှင် ထိုပြုမိခဲ့ဘူးသော ပရဒါရကံ ကြွင်း ကြောင့် ဘိန္နကတိုင်းဝယ် ဆိတ်အမျိုး၌ဖြစ်၍ မျိုးစေ့ထုတ်ခံရ လေ၏။

ထိုဘဝမှ စုတေပြန်သော် တောင်ယံတောအုပ် တခုဝယ် မျောက်အမျိုး၌ဖြစ်၍ ဘွားစကပင် မျိုးစေ့ထုတ်ခံရလေ၏။

ထိုဘဝမှစုတေပြန်သော် ဒသဏတိုင်း၌ နွားလားအမျိုး၌ဖြစ်၍ မျိုးစေ့ထုတ်ခံရပြန်လေ၏။

ထိုဘဝမှစုတေပြန်သော် ဝဇ္ဇီတိုင်းတွင် များစွာသော စည်းစိမ်ရှိသော သူဌေးမျိုး၌ မိန်းမလည်းမဟုတ်သော၊ ယောကျာ်းလည်းမဟုတ်သော (နပုန်းပဏ္ဍုပ်) ဖြစ်ရလေ၏။

ထိုနပုန်းပဏ္ဍုပ် ဖြစ်သောအခါ လွန်စွာသော သံဝေဂကိုရ၍ မိဘတို့ကို လုပ်ကျွေးခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း စသော ကောင်းမှုတို့ကိုပြုသဖြင့် စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေးဖြစ်သော နတ်သမီးသွားဖြစ်လေ၏။

ထိုနတ်သမီးသည် နှစ်သက်စဘွယ်ဆန်းကြယ်သော အဆင်းအရောင်ရှိသော တန်းဆာရတနာရှိ၏။ က,ခြင်း၊ သီဆိုခြင်း၌ လွန်စွာလိမ္မာ၏။ သိကြားမင်းသည်လွန်စွာမြတ်နိုး၏။ ထိုကြောင့် အပေါ်တွင် အမြဲတစေ ခ,စားစေ၏။

ထိုသို့ နတ်သမီးဖြစ်သောအခါ၌ မိမိ၏အတိတ်ဘဝများကို ပြန်၍ကြည့်လတ်သော်—


ပဏ္ဍုပ်အဖြစ်၊ နွားလားအဖြစ်၊ မျောက်အဖြစ်၊ ဆိတ်အဖြစ်၊ ရောရုဝရေ၌ ခံရသောအဖြစ်၊ ကောသမ္ဗီသူဌေးအဖြစ်၊ ရွှေပန်းတိမ်သည်သားအဖြစ်တို့ကို ပြန်၍မြင်လေ၏။

တဖန် ဖြစ်ရမည့် အနာဂါတ်ကာလကို ကြည့်ပြန်သော် ဤသိကြားမင်း၏ထံ၌ ခြံရံလုပ်ကျွေးရသော နတ်သမီးပင်သုံးကြိမ်ဘိုင်အောင် ဖြစ်ရမည်ကိုမြင်၏။

ထိုဘဝမှတဖန် စုတေပြန်သော် ဇဝနနတ်သား၏ မိဖုယား ဖြစ်မည်ကိုသိ၏။ ထိုဘဝမှစုတေပြန်သော် မိတ္ထိလာပြည်၌ အင်္ဂတိ မင်းကြီး၏ (ရုစာဒေဝီ) အမည်ရှိသော သမီးတော်ဖြစ်ရမည်ကို မြင်၏။

ထိုဘဝမှစုတေပြန်သော် တာဝတိံသာနတ်ပြည်၌ တန်ခိုး ကြီးသော နတ်သားဖြစ်ရမည်ကိုမြင်၏။

ရှင်အာနန္ဒာအလောင်းသည် ဤသို့ နတ်မိဖုယားဖြစ်ရသော ဘဝ၌ အတိတ်ခုနစ်ဇာတ်၊ အနာဂါတ်ခုနစ်ဇာတ်ကို ဆင်ခြင်၍ သိမြင်နိုင်သည်ဆို၏။ အင်္ဂတိမင်းကြီး၏ သမီးတော်(ရုစာဒေဝီ) ဖြစ်သော ဘဝ၌လည်း နောက်က ဖြစ်လာခဲ့ဘူး သမျှသော တဆယ့်လေးဘဝ ဇာတ်များကိုပင် ဆင်ခြင်၍သိမြင်နိုင်ခဲ့သည် ဆို၏။



## ၂၁။ ရွှေတောင်မစံ ဟင်္သာပျို

ရှေးသရေအခါ ငါတို့ ဘုရားအလောင်းတော်သည် ညီတော် အာနန္ဒာအလောင်းနှင့်အတူ ဟိမဝန္တာ၏ အနီးဖြစ်သော စိတ္တကူဋတောင်တွင် ရွှေဟင်္သာမျိုး၌ ဟင်္သာညီနောင် ဖြစ်တော်မူလေ၏။

ထိုညီနောင်တို့သည် ကိုယ်အလုံး၌ ရွှေအတိပြီး၏။ ထူးမြတ်သော ငှက်မင်းအင်္ဂါ ဂုဏ်သိက္ခာနှင့် ပြည့်စုံ၏။ သတ္တဝါတို့၏ ကျင့်ဝတ်စရိုက်ကို သိ၏။ သားငှက် အပေါင်းတို့အား ဆိုဆုံးမ ဩဝါဒပေးနိုင်သော ဂုဏ်ပညာနှင့်လည်း ပြည့်စုံ၏။ ရွှေကဲ့သို့ လှပသော အဆင်းအင်္ဂါ ရှိသောကြောင့်၎င်း၊ တရားစကားကို ပြောဆိုဆုံးမနိုင်သော ဂုဏ်ပညာ ရှိသောကြောင့်၎င်း၊ တပါးသော ငှက်အပေါင်းတို့သည် ဟံသာညီနောင်တို့ အထံ၌ ခစားပျပ်ဝပ်လာကြကုန်၏။ ရိုသေလေးစားကြကုန်၏။ ဂါရဝပြုကြကုန်၏။ ပညာဂုဏ်ကြီးမားသောကြောင့် ငှက်မင်း အကြီးအကဲ အရာ၌ ထားကြကုန်၏။

တရံရောအခါ ထိုဟံသာညီနောင်တို့သည် ဟိမဝန္တာတောသို့ သွား၍ ကျက်စားပြီးသော် မိမိတို့နေရာ (စိတ္တကူဋ)တောင်သို့ ပြန်လာကြရာ လမ်းခရီး၌ ရွှေအဆင်းနှင့်တူသော(နေရူ)တောင်ကို တွေ့၍ ထိုတောင်သို့ဝင်လျက် ခေတ္တခိုနားကြကုန်၏။

ထိုတောင်ကို မှီ၍နေသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် စသော သတ္တဝါတို့သည်၎င်း၊ ကျေးငှက် အပေါင်းတို့သည်၎င်း၊ ထိုတောင်၏ အရောင်ဖြင့် ဟပ်မိပြီး အလုံးစုံသည် ရွှေအဆင်းနှင့်သာ တူနေကုန်၏။ ဘုရားလောင်း ဟံသာ ညီနောင်တို့ ရောက်ရှိသွားသော်လည်း တကောင် တခုသော သားငှက်မျှ လာရောက်ခစား ပျပ်ဝပ်ခြင်းငှာ မလာကြကုန်။ ထိုအခါ ညီတော်ဟံသာက နောင်တော်အား ဤသို့မေး၏။

"နောင်တော်ဘုရား—

တပါးသောဌာနသို့ ကျွန်ုပ်တို့ ရောက်ရှိသွားကြသည်ဆိုလျှင် သားငှက် အပေါင်းတို့သည် ကျွန်ုပ်တို့ထံ လေးစားစွာ လာရောက်ကြကုန်၏။ ပျပ်ဝပ်ကြကုန်၏။ ဂါရဝပြုကြကုန်၏၊ သို့သော် ဤတောင်၌ရှိသော ငှက်တို့သည် တကောင်တလေမျှ မလာကြကုန်။ အလေးဂရုလည်းပြုကြဟန်မရှိကုန်။ ဤသို့ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း။ ဤတောင်သည် အဘယ်မည်သော တောင်ပါနည်း"ဟု မေးလေလျှင် နောင်တော် ဟင်္သာမင်းက—

"ညီတော်—

ဤတောင်ကို (နေရူ)တောင်ဟု လူတို့ ခေါ်ဆို သမုတ်ကြကုန်၏။ ဤတောင်သည်ကား မိမိကို မှီခိုု၍နေသော သားငှက်ဟူသမျှကို အရောင်ကွဲပြားမှုမရှိ။ မိမိ၏ အရောင်အဆင်း အားဖြင့် သားငှက် အပေါင်းတို့အား တူညီသော ရွှေရောင်ချည်းဖြစ်အောင် ဖုံးလွှမ်း၍ ပေးထား၏။

"ထို့ကြောင့် ဤတောင်၌နေသော သားငှက်တို့သည် ငါတို့အား ၎င်းတို့နှင့် အရောင်အဆင်း တူမျှမှု ရှိကြသူများဟု အဆင့်ညီစွာထားပြီး ပျပ်ဝပ်ခြင်း မရှိကုန်။ ဤသို့သော အရပ်မျိုးကို ပကတိအရောင်အသွေးဖြင့် အဆင်းလှသော ငါတို့သည် မနေအပ်ကုန်—

"ညီတော်—

ဤလူ့ရွာတွင် အကျင့်အရပ်သည် ဉာဏ်ပညာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သူကိုရင်း၊ ဉာဏ်ပညာ ဂုဏ်ကျေးဇူးမရှိသော

သူကိုဋင်း၊ ခွဲခြားမှုမရှိ၊ ညီတူညီမျှသာ သဘောထားတတ်၏။ ထိုအရပ်မျိုး၌ ဉာဏ်ပညာ ဂုဏ်ကျေးဇူးရှိသော သူတော်ကောင်းတို့သည် မနေအပ်ကုန်–

''အကြင် မင်းသူကြီးတို့သည် ပညာမဲ့သော စာရိတ္တမဲ့သော ယုတ်ညံ့သော သူတို့ကို မြတ်နိုးခြင်းရှိ၏။ မြင့်မြတ်သော သူတို့ကို မြတ်နိုးခြင်းမရှိ။ ယုတ်သောသူနှင့် မြတ်သောသူဟူ၍လည်း ခွဲခြားမှုမရှိ။ အဆင့်အတန်း တူညီစွာထားတတ်၏။ သူရသတ္တိရှိ၍ ရဲရင့်သောသူနှင့် ကြောက်ရွံ့ ထိတ်လန့်တတ်သော သူကိုလည်း အဆင့်အတန်း တူညီစွာထားတတ်၏။ ထိုသို့ သဘောရှိသော မင်းသူကြီးတို့ကို မမှီဝဲရာ–

''အကြင် မြို့ရွာဒေသ၌ ပညာရှိသော သူကိုလည်း ပညာမဲ့သောသူတို့နှင့် တန်းတူရည်တူ အဆင့်အတန်းတူညီစွာ ထားတတ်၏။ ဂုဏ်ပညာရှိသော သူတို့သည် ထိုအရပ်မျိုး၌ မနေရာ ဟူ၍ ရှေးပညာရှိတို့ ဆိုကုန်၏။

''ထိုအတူ ဤနေရတောင် သည်လည်း အယုတ်- အလတ်- အမြတ် သုံးပါးကို အဆင့်အတန်း ခြားနား၍ မချီးမြှောက်တတ်။ ပညာဂုဏ်ရှိသောသူ၊ ပညာဂုဏ် မရှိသောသူဟူ၍လည်း ခွဲခြား၍မပြုတတ်။ ယုတ်ညံ့သော သူများကို ကြီးမြတ်အောင် ပြုတတ်၏။ တကယ် ကြီးမြတ်သူကိုလည်း သိမ်ဖျင်းအောင်သာ ပြုတတ်၏။

''ထိုကြောင့် ဤတောင်၌နေသဖြင့် အဘယ်အကျိုးမျှ မရှိချေ။ ငါတို့ မြန်စွာသွားမှသင့်မည်''ဟု ဆို၍ ထိုနေရတောင်မှ

သည် မိမိတို့နေသော စိတ္တကူဋတောင်သို့ ပျံလေကုန်၏။ ဤသို့ ဂုဏ်ကျေးဇူး ရှိသောသူကို အထူးအကွဲ မပြုတတ်သောကြောင့် နေရခေါ်သော ရွှေတောင်ကို ဘုရားလောင်း ဟင်္သာညီနောင်တို့ မစံဘဲ ပျံကြလေကုန်၏။ ရှောင်ကြလေကုန်၏ ဟူပေ။

## ၂၂။ မိစ္ဆာဒိဋ္ဌိနှင့် တိတ္ထိဝတ္ထု

တရံရောအခါ မြတ်စွာဘုရားသခင်သည် (ထူလု) ဇနပုဒ်၌ (ဥတ္တရကာလ)အမည်ရှိသော နိဂုံးကို ဆွမ်းခံအမှီပြု၍ နေတော်မူ၏။

ထိုအခါ (သုနက္ခတ္တ) အမည်ရှိသော ရဟန်းကို နောက်တော်မှ ခေါ်တော်မူ၍ (ဥတ္တရကာလ) နိဂုံးသို့ ဆွမ်းခံဝင်တော်မူရာတွင် အဝတ်မဝတ်ဘဲ အစားအစာကို ခွေးကဲ့သို့ နမ်းပြီးမှ စားခြင်း၊ ခုံလောက်ခေါ်သော ဖိုခနောက်ကြား၌ အိပ်ခြင်း၊ ထိုမှတပါး ခွေး၏အမူအရာကိုသာ ပြုသည်ဖြစ်၍ ခွေး၏အကျင့်ရှိသော ပုဆစ်နှစ်ဘက် တတောင် နှစ်ဖက်တို့ကို မြေ၌တွား၍ ခွေးကဲ့သို့ သွားလာလှည့်ပတ်၍ နေခြင်း စသော အပြုအမူတို့ကိုသာ ကျင့်ကြံ၍နေသော (ကောရခတ္တိယ) အမည် ရှိသော (မိစ္ဆာဒိဋ္ဌိ= ယုတ်ညံ့သဖြင့်— မှားသော အယူရှိသော) တိတ္ထိတယောက်ကို တွေ့မြင်ရလေ၏။

ထိုအခါ ဘုရားရှင်၏ နောက်တော်မှပါလာသော လိစ္ဆဝီမင်းသားဖြစ်သော (သုနက္ခတ္တ) ရဟန်းသည် ထိုတိတ္ထိကို မြင်လျှင်—

"ဤရဟန်းကား ကောင်းသောအကျင့်ရှိ၏၊ အလိုနည်း၏။ ခွေးကဲ့သို့ကျင့်၏"ဟု ကြံစည်မိ၏။

ထိုအကြံကို ဘုရားရှင်သည် (သဗ္ဗညုတ) ဉာဏ်တော်ဖြင့် သိတော်မူ၍ ဤသို့ မိန့်တော်မူ၏။

"အချင်း သုနက္ခတ္တ သင်သည် (မောဃပုရိသ-အချည်းနှီးသော ရဟန်း)တည်း၊ ငါဘုရား၏ နောက်တော်မှ လိုက်ပါလာပါလျက် ယုတ်မာသောအကြံကို ကြံဘိသည်"ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းက –

"အရှင်ဘုရား အဘယ်ကြောင့် ပါနည်း" ဟု ပြန်လည်လျှောက်ထား၏။

ဘုရားရှင်က—

"သင်သည် ခွေးကဲ့သို့ကျင့်သော (ကောရခတ္တိယ) တိတ္ထိကို မြင်၍ ဤရဟန်းသည် မြတ်စွတကားဟု ကြံသည် မဟုတ်လော" ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းက—

"မှန်ပါသည်ဘုရား၊ သို့သော် အရှင်ဘုရားသည် သူတပါး၏ စားရားထူး ရမည်ကို ဝန်တိုတော် မူပါသလော ဘုရား"ဟု လျှောက်ထားပြန်၏။

ထိုအခါ ဘုရားရှင်က—

''အချင်း မောဃပုရိသ၊ ငါဘုရားသည် သူတပါးတို့တရားထူးရသည်ကို ဝန်မတို၊ စင်စစ်မူကား ငါဘုရားသည် နတ်လူအပေါင်းတို့၏ အရဟတ္တဖိုလ်အကျိုးငှာသာ ပွင့်နိုင်ခဲ့သော စွန့်ခြင်းကြီးငါးပါးနှင့် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့၏။ သင်သည်သာ ယုတ်မာသော (မိစ္ဆာဒိဋ္ဌိ) အယူရှိနေသည်။ ထိုအယူကို စွန့်ဘိလော့။ နေ့ရက်ရှည်ကြာ ဆင်းရဲခြင်းငှာ မဖြစ်စေလင့်။

''အချင်း သုနက္ခတ္တ၊ ယခု သင်မြင်နေရသော (ကောရခတ္တိယတိတ္ထိ)ကို ဘဝငြိမ်းပြီးသော ရဟန္တာဟု သင် ထင်မှတ်နေ၏။ ထိုကောရခတ္တိယတိတ္ထိသည် နောက်ခုနစ်ရက်မြောက်သော နေ့၌ အစာမကြေသော ရောဂါဖြင့် သေဆုံး၍(ကာလကဥ္စိက) အသူရကာယ်ဘုံ၌ ဖြစ်လတ္တံ့—

''ထိုကောရခတ္တိယ၏ အလောင်းကောင်ကို ပြိန်းမြက်ချုံပုတ်ရှိသော သုသာန်၌ စွန့်ပစ်ရလတ္တံ့။ သင် သိလိုမူကား ထိုသူ၏ အလောင်းကောင်ကို ကပ်လျက် လက်ဖြင့်သုံးသပ်၍ မေးလျှင် ၎င်း၏ လားရာဂတိကို ပြောလိမ့်မည်'' ဟု မိန့်တော်မူ၏။

ထိုအခါ သုနက္ခတ္တ-ရဟန်းသည် ကောရခတ္တိယတိတ္ထိ ထံသို့ ကပ်၍ ဤသို့ဆို၏။

''ငါ့ရှင် ရဟန်းမြတ်—

ရဟန်းဂေါတမသည် သင့်ကို နောက် ခုနစ်ရက်မြောက်သော နေ့၌ အစာမကြေသောရောဂါဖြင့် သေလတံ့။ ထိုသို့ သေပြီး သောအခါ (ကာလကဉ္စိက) အသူရကာယ်ဘုံ၌ ဖြစ်လတံ့။ ကြွင်း သော သင့်အလောင်းကိုလည်းပြိန်းမြက်ချုံပုတ်ရှိသောသုသာန် ၌ ပစ်ရလတံ့။ ကပ်၍ မေးလျှင် သင့်အား အလောင်းကောင်က လားရာဂတိကိုပြောကြားလတံ့''ဟု ဆို၏။

''ထို့ကြောင့် ရဟန်းဂေါတမပြောသည့်စကားအတိုင်း မဖြစ် ရလေအောင် သင်သည် ပညာဖြင့်ဆင်ခြင်၍ သတိထားပြီး စား သောက်ပါလော့''ဟု သတိပေး ပြောဆိုလာ၏။

ထိုအခါ ကောရခတ္တိယတိတ္ထိသည် ခွေးကဲ့သို့ ခုံလောက် ကြား၌ အိပ်နေရာမှ ဦးခေါင်းကိုမော့၏။ မျက်စိကိုဖွင့်ကြည့်၏။ ပြီးတော့ ဤသို့ဆို၏။

''ငါ့ချင့် ရဟန်း....

သင်သည် အသို ဆိုလာဘိသနည်း။ ရဟန်းဂေါတမသည် ငါတို့နှင့် သဘောချင်းမတူ၊ ရန်သူဖြစ်၏။ ရန်သူ၏စကားမည် သည် မှန်သည်ဟူ၍မရှိ။ ထိုသဘောတရားကို ငါသိ၏။ သင် သွားဘိလော့''ဟု ဆိုပြီး အိပ်မြဲတိုင်းအိပ်နေလေ၏။

သုနက္ခတ္တ ရဟန်းသည် ဘုရားရှင်၏စကားကို ချိုယွင်းစေလို သောဆန္ဒ အားကြီးသည်ဖြစ်၍ တနေ့လျှင် သုံးကြိမ်လာ၍ သတိ ပေး၏။ တရက်- နှစ်ရက်- စသည်ကိုလည်း ရေတွက်မှတ်သား ထား၏။

ထိုအခါ ကောရခတ္တိယတိတ္ထိသည် သုနက္ခတ္တရဟန်း၏ သတိပေးသော စကားကိုကြားသည်မှစ၍ ခြောက်ရက်ပတ်လုံး အစာမစားဘဲနေ၏။ သို့သော်- ခုနစ်ရက်မြောက်သောနေ့၌မူ ၎င်း၏ အလုပ်အကျွေးတယောက်သည် ဝက်သားဟင်းကို ကောင်းစွာချက်၍ ယူဆောင်လာ၏။ ပြီးတော့ ကောရခတ္တိယတိတ္ထိ၏ရှေ့ မြေကြီးပေါ်တွင် စုပုံသွန်ချ၍ လှူဒါန်းလိုက်၏။

ထိုအခါ ကောရခတ္တိယတိတ္ထိသည်—

အစာမစားရသည်မှာ ခုနစ်ရက်ရှိပြီဖြစ်၍ အစာကို မြင်သည်နှင့် တပြိုင်နက် လွန်စွာစားချင်လာ၏။ ဟန်မဆောင်နိုင်အောင် ဖြစ်လာ၏။ ထို့ကြောင့် ဤသို့ကြံစိမိ၏။

“ရဟန်းဂေါတမ၏စကားသည် မှားသည်ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ ဝအောင်စားပြီး သေရခြင်းသည်မြတ်၏”ဟု ကြံစည်စိတ်ကူးတော့၏။

ထို့ကြောင့် တထောင်ဆစ်နှစ်ဘက် ပုဆစ်နှစ်ဘက်တို့ကို မြေ၌ထား၍ ခွေးကဲ့သို့သွားပြီး အတိုင်းအဆမရှိ၊ အငန်းမရ စားတော့၏။ ထို့ကြောင့် ထိုနေ့၌ပင် အစာမကြေသောရောဂါဖြင့် သေဆုံးရတော့၏။

ထိုသို့သေဆုံးပြီး ကိုယ်ခန္ဓာ သုံးဂါဝုတ်၊ ခံတွင်းပေါက် အပ်နဖားမျှနှင့် ထိပ်အလည်တည့်တည့်၌ လယ်ပုဇွန်၏မျက်လုံးကဲ့သို့ ပြူးပြူးထွက်နေသည့် မျက်စိရှိသော အရိုး၌အရေထပ်၍ ခြောက်

ကပ်နေသည့် အသွေးအသားရှိသော (ကာလကဥ္စက) အသူရ ကာယ်ဘုံ၌ ဖြစ်လေ၏။

ထိုအခါ အဖော်ဖြစ်သော တိတ္တိတို့သည်....

နေ့ရက်ကိုရေတွက်သောအခါ၌ ခုနစ်ရက်စေ့သောနေ့ ဖြစ်နေ၏။ ထို့ကြောင့် သည်တခါတော့ ရဟန်းဂေါတမ၏စကားသည် မှန်စေဦးလော့။ ယခုအခါ အလောင်းကောင်ကို တပါးသော သုသာန်၌ စွန့်ပစ်ပြီးမှ ဒုတိယအချက်တွင် မုသာဝါဒကံဖြင့် စွပ်စွဲကြအံ့”ဟု ကြံ၍ အလောင်းကောင်ကို နွယ်ကြိုးတို့ဖြင့် ချည်နှောင်ပြီး သုသာန်တခုသို့ သယ်ဆောင်ကြပြန်၏။ သို့သော် ပြိန်းမြက်ချုံပုတ်ရှိသော (ဗီရဏတ္ထမ္ဘက) သုသာန်သို့သာ ရောက်သွားကြလေ၏။

ထိုအခါ တိတ္တိတို့သည် ပြိန်းမြက် ချုံပုတ် ပေါက်သော သုသာန်မှန်းသိ၍ တခြားသော သုသာန်သို့ ဆောင်ယူမည်ဟု ကြိုးစားအားထုတ်ကြပါသော်လည်း နွယ်ကြိုးလွန်းတို့သာပြတ်၍ အလောင်းကောင်သည် မရွေ့လျားဘဲတည်နေလေ၏။ ထိုအခါ သုနက္ခတ္တရဟန်းသည် ဤသို့ကြံပြန်၏။

“ရဟန်းဂေါတမ၏စကားသည် သည်တခါတော့ မှန်စေဦးလော့။ အလောင်းကောင်ကိုမေးလျှင် ပြောဆိုလတံ့”ဟူသော နောက်ဆုံး စကားအတိုင်း မေးကြည့်ဦးမည်။ မှန်စွာပြောနိုင်လျှင်ပြောပေါ့၊ မပြောနိုင်လျှင်တော့ ရဟန်းဂေါတမအား မုသာဝါဒကံဖြင့် စွပ်စွဲတော့အံ့”ဟု ကြံစည်ပြန်၏။

ထိုသို့ကြံစည်ပြီး အလောင်းကောင်၏ကျောကို လက်ဖြင့် သုံး သပ်၍ လားရာဂတိကိုမေးလိုက်၏။ ထိုအခါ အလောင်းကောင် သည် ခဏချင်း ငုတ်တုတ်ထ၍ထိုင်ပြီး ဤသို့ဆို၏။

"ငါ့ရှင် သုနက္ခတ္တ....

ငါသည် ယုတ်မာစွာ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူကိုယူမိ သော ကံကြောင့် ယခုအခါ၌ (ကာလကဉ္စိက) အသုရကာယ် ဘုံ၌ ဖြစ်နေရချေသည်" ဟု ပြန်၍ပြောကြားပြီး ရုတ်ချည်း ပက်လက်လန်၍လဲကျသွားလေ၏။ ဟု (ဒီဃနိကာယ်- ပါထေ ယျဝဂ်- ပါထိက) သုတ်၌ လာရှိ၏။

ဤကား....မိစ္ဆာဒိဋ္ဌိကံကြောင့် (ကာလကဉ္စိက) အသုရကာယ် ဘုံ၌ ခံစားရသော (ကောရခတ္တိယတိတ္ထိ) ၏ ဝတ္ထုကြောင်းကို ပြဆိုသော ပါဠိတော်လာ စကားတည်း။

(နရသာသနကျမ်းမှ)

*

## ၂၃။ ပုရဏကဿပ ဝတ္ထု

မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူသည်မှ ခြောက် ဝါအလွန်၊ ခုနစ်ဝါမဆိုက်မီ အချိန် ဝါဆိုလပြည့်နေ့၌ တိတ္ထိ အပေါင်းတို့ကို နှိမ်နင်းခြင်းငှာ၊ တန်ခိုးပြာဋိဟာကို ပြတော်မူ

သည်ရှိသော် တိတ္ထိအပေါင်းတို့သည် မိမိတို့ခြေဦးတည့်ရာအရပ်သို့ ပြေးကြကုန်၏။

ထိုအချိန်၌ ပုရဏကဿပ၏ ဒါယကာဖြစ်သော လယ်သွန်ယောကျ်ားတဦးသည် "ယခုအခါ ငါတို့၏ အရှင်ကောင်းဖြစ်ကုန်သော ပုရဏကဿပ အစရှိသူတို့၏ တန်ခိုးပြာဋိဟာပြပွဲကို ကြည့်တော့အံ့"ဟုနှလုံးပြုလျက် နွားတို့ကိုထွန်မှဖြုတ်ခဲ့၍ နံနက်စောစွာကပင် မိမိ၏ လယ်တောသို့ ဆောင်ယူခဲ့သော ယာဂုထမင်းအိုးနှင့်လွန်ကြိုးတို့ကိုယူဆောင်၍ တန်ခိုးပြကြမည့်နေရာသို့ လာရောက်သောအခါ ကသောကမြောနှင့်ပြေးလာသော မိမိ၏ ဆရာ ပုရဏကဿပကို ရုတ်တရက်တွေ့မြင်ရလျှင် ဤသို့လျှောက်သား၏။

"အရှင်ဘုရား....

အကျွန်ုပ်သည် အရှင်ဘုရားတို့၏ တန်ခိုးပြာဋိဟာ ပြပွဲကို ကြည့်ရှုရန် လာခြင်းဖြစ်ပါသည်။ အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ ပုန်းအောင်းရန်အတွက် ထွက်ပြေးတိမ်းရှောင်၍ လာကြပါသနည်းဘုရား" ဟု လျှောက်ထားလေလျှင် ပုရဏကဿပ တိတ္ထိဆရာက ဤသို့ဆို၏။

"ဟဲ့-တကာ....

သင့်အား ဤတန်ခိုးပြပွဲကို ကြည့်ရသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်၌ပါလာသော ယာဂုအိုးနှင့်လွန်ကြိုးကို ငါ့အား အမြန်ပေးလော့"ဟု ဆို၏။

ပုရဏကဿပသည် ထိုဒကာက ပေးအပ်သော ယာဂုအိုးနှင့် သုန်ကြိုးတို့ကိုယူပြီး မြစ်ကမ်းပါးသို့ သွားလေ၏။ ရောက်သော အခါ ထိုအိုးကို ကြိုးဖြင့် မိမိလည်ပင်း၌ ဆွဲချက် မြစ်တွင်းသို့ နှစ်ဆင်းပြီး သေလေ၏။ ထိုအခါ မိမိယူအပ်သော (မိစ္ဆာဒိဋ္ဌိ) ကံ၏ ပစ်ချရာ မဟာအဝီစိငရဲကြီး၌ ကြီးစွာသော ဆင်းရဲကို ခံရလေ၏။

ထိုပုရဏကဿပတိတ္ထိ၏အယူမှာ—

သတ္တဝါတို့မည်သည် သူ၏ အသက်ကို သတ်ခြင်း၊ သူ၏ ဥစ္စာကို ခိုးခြင်း၊ ဒါနပြုခြင်း၊ စသည်တို့ကို ပြုသော်ငြားလည်း- ကောင်းမှု မကောင်းမှုဟူသည် မဖြစ်နိုင်။

မိဘဆရာ စသည်တို့၏ ကျေးဇူးတရားမည်သည်မရှိ။ သတ္တဝါ သေလျှင် ကွယ်ပျောက်ကြတော့သည်သာ ဖြစ်၏ဟု မှားယွင်းသော (အကရိယ-ဥစ္ဆေဒ ဒိဋ္ဌိ) အယူရှိသူ ဖြစ်သည်သာတည်း။

## ၂၄။ မက္ခလိဂေါသာလဝတ္ထု

ရှေးသောအခါ၌ သူကြွယ်တဦး၏ အိမ်တွင် ဂေါသာလ မည်သော ကျွန်တဦးရှိလေ၏။ ထိုကျွန်သည် နွားတင်းကုပ်၌ ဘွားမြင်သောကြောင့် (ဂေါသာလ) မည်သည်ဟု ဆို၏။

တနေ့သ၌ ထိုကျွန်သည် ရွှံ့ဗွက်တို့ဖြင့် ချော်ချွတ်သော မြေ အပြင်မှာ ဆီအိုးတအိုး ထမ်း၍သွားသည်ကို အရှင်သူဌေးက မြင်လျှင်“အမောင်မချော်စေလင့် မာခလိ”ဟုသတိပေးပြောဆို သည်ကို အကြောင်းပြု၍ အမည်နှစ်ခုကိုတွဲစပ်ပြီး(မက္ခလိ-ဂေါ သာလ)ဟု နောင်တွင် ခေါ်ဆိုလာခြင်း ဖြစ်သည်ဆို၏။

ထိုကျွန်သည် ရှုတ်တရက်သတိမေ့လျော့ပြီး ချော်လဲကျသော ကြောင့် ဆီအိုးကွဲသွားရလေ၏။ထိုအခါ မိမိ၏အရှင်ကို ကြောက် ရွံ့သဖြင့် ထွက်ပြေးရန်ကြိုးစား၏။ ထိုသို့ပြေးခြင်းငှါ ကြိုးစား သည်ကို ၎င်း၏ အရှင်သူဌေးမြင်လျှင် ပုဆိုးစွန်ကို ဆွဲထား လေ၏။

ထိုကျွန်သည် မိမိ၏ ပုဆိုးစွန် ဆွဲထားမိသည်ကို ခံရလျှင် ပုဆိုးကိုချွတ်၍ ကိုယ်လွတ်ပြေးလေ၏။ ထိုသို့ပြေး၍ ရွာတရွာသို့ ဝင်မိလျှင် ရွာသားတို့သည် ၎င်းအား ရဟန္တာမှတ်၍ ကိုး ကွယ် ကြကုန်သည်ဆို၏။

ထိုအခါ မက္ခလိဂေါသာလသည် မိမိကို သူဘပါးတို့က ရဟန္တာမှတ်၍ ကိုးကွယ်ကြသည်တွင် (အစေလက) အကျင့်ကို ယူ၍ အသက်ထက်ဆုံး ကျင့်သဖြင့် သေသည်၏အခြားမဲ့၌ မိမိ ယူအပ်သော မိစ္ဆာဒိဋ္ဌိကံဖြင့် မဟာအဝီစိငရဲ၌ ကျရလေ၏။

ထိုမက္ခလိဂေါသာလတိတ္ထိ၏ အယူမှာ—

“သတ္တဝါတို့၏ ဖြစ်ရာအစသည် မိဘနှစ်ပါးသာ ဖြစ်၏။ ထို့ကြောင့် စင်ကြယ်ရာ စင်ကြယ်ကြောင်း တရားသည် မရှိ။

အလျား အနံ တယူဇနာရှိသော ရေအိုင်၌ သမန်းမြက်ဖျားဖြင့် အနှစ်တရာလွန်မှ တခါပက်၍ ရေကုန်လောက်သော အကြိမ် ပေါင်း (၇) ကြိမ် စေ့လျှင် အလိုလိုစင်ကြယ်ကုန်၏။ နိဗ္ဗာန် ရကုန်၏”ဟု အဟေတုကတိတ္ထိ အယူရှိသူသာတည်း။

ဤသည်ကား မိစ္ဆာဒိဋ္ဌိကံကြောင့် အပါယ်ငရဲဘုံ၌ ဖြစ်ရ သည်ကို ပြသော ဝတ္ထုသက်သေ အမြွက်မျှသာတည်း။

ယနောင်စာပေ

## ၂၇။ မိစ္ဆာဒိဋ္ဌိ သုံးမျိုး

မဂ်နှင့်တကွ သုဂတိဘုံ ဘဝတိုင်အောင် ပိတ်ပင်တားမြစ်တတ်သော မိစ္ဆာဒိဋ္ဌိသည် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင်--

၁။ **နတ္ထိကဒိဋ္ဌိ**—ဟူသည် ဒါန ပါဏာတိပါတ စသော ကုသိုလ်၊ အကုသိုလ် တို့သည် အကျိုးမရှိဟု အကျိုးတရားကို ပိတ်ပင် တားမြစ်တတ်သော ဒိဋ္ဌိ အယူမျိုးဖြစ်၏။

၂။ **အဟေတုကဒိဋ္ဌိ**—ဟူသည် သတ္တဝါတို့အား သံသရာမှ လွတ် မြောက် ကြောင်း၊ စင် ကြယ် ကြောင်းတရားကောင်း မရှိဟု ပိတ်ပင်တားမြစ်တတ်သော ဒိဋ္ဌိအယူမျိုးဖြစ်၏။

၃။ **အကြိယဒိဋ္ဌိ** – ဟူသည် ဒါန- သီလ-ပါဏာတိပါတာ စသည်တို့ကိုပြု၍ ကုသိုလ်ကံ-အကုသိုလ်ကံ မဖြစ်ဟု ကံတရားကို တားမြစ် ပိတ်ပင် တတ်သော ဒိဋ္ဌိအယူမျိုးဖြစ်၏။

ဤ မိစ္ဆာဒိဋ္ဌိ ကံသုံးပါးသည် အလွန်ကြီးမားသော လွန်ကဲသော အပြစ်ရှိသော ကံများတည်း။ ထိုကံနှင့်တူသော အပြစ်၊ ကြီးမားလွန်ကဲသော ကံမျိုးကို ဘုရားရှင်သည်ပင်လျှင် ရှုကြည့်၍ မြင်တော်မမူနိုင်ဟု (ကေနိပါတ်- အင်္ဂုတ္တိုရ်ပါဠိတော်)၌ လာရှိသည်ဟု ဆိုသည်။

မည်ကဲ့သို့ လွန်ကဲပါသနည်းဟူမူ—

ဤကမ္ဘာကြီးကို မီး-ရေ-လေ တို့သည် တိုက်သည့်အားလျော်စွာ ဖျက်ဆီး၍ အကြွင်းမဲ့ ပျက်လဘံ့သောအခါ(မာတုဃာတက)စသော (အနန္တရိယကံ)နှင့် အခြားတပါးသော အကုသိုလ်ကံတို့ကြောင့် အပါယ်လေးဘုံ၌ ခံနေရသော ကာမသုဂတိဘုံမှ သတ္တဝါများတို့သည် (အပရာပရိယ- ဝေဒနိယ)စသော ထိုက်သင့်ရာ ကုသိုလ်ကံတို့ကြောင့် အထက်အထက်ဖြစ်သော မပျက်စီးမည့် ဗြဟ္မာ့ဘုံများသို့ ပေါင်းဆုံကျင်လည်၍ ရောက်ရှိနိုင်ကြကုန်၏။

သို့သော်—

အထက်၌ ဆိုအပ်ခဲ့ပြီးသော မိစ္ဆာဒိဋ္ဌိကံသုံးမျိုးမှ တမျိုးမျိုးကြောင့် ငရဲ၌ကျခံနေရသော သတ္တဝါတို့မှာမူကား- ဥပမာအားဖြင့်- အဝီစိကို မိုးသေးမိုးဖွဲတို့သည် ငြိမ်းအေး ချမ်းသာမှုရအောင် ရွာသွန်းပေးခြင်းငှါ မတတ်နိုင်သကဲ့သို့၊

ထိုအတူ ထိုမိစ္ဆာဒိဋ္ဌိ ကံသုံးပါးတို့ကိုရင်း တပါးပါးကိုရင်း ပြစ်မှား ကျူးလွန်ထားမိသော သူတို့အားလည်း ထိုလွန်ကျူးထားမိသော မိမိတို့၏ အကုသိုလ်ကံကြောင့်အထက်ဘုံသို့ရောက်အောင် ဆောင်ရွက်ခြင်းငှါ မတတ်နိုင်သည့်အပြင် အခြားသော စကြာဝဠာတိုက်မှာရှိသည့် ငရဲသို့ ပြောင်းလဲ၍ပင် ခံရကြောင်း (အင်္ဂုတ္တရ အဋ္ဌကထာ) ၌ လာရှိသည်ဟုဆိုသည်။

ထို့ကြောင့် ဤဝတ္ထုသက်သေ ဒေသနာတော်ကို ဘတ်နာကြည့်ရှု ကြကုန်သော သူတော်ကောင်းတို့သည် ယခုလိုရခဲသော လူ့ဘဝနှင့်တကွ ကြုံရခဲသော ဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက် နေရသည့်အခါတွင် ဘုရားရှင်၏ အဆုံးအမတော်ကို ခံယူထားကြသူများ ဖြစ်ကြသည်နှင့်အညီ မိမိ၏စိတ်၌ သူတော်ကောင်း တရားကို တားဆီးပိတ်ပင်၍ ကြီးစွာသော အပြစ်ကို ဖြစ်စေတတ်သော ထိုမိစ္ဆာဒိဋ္ဌိ အယူဝါဒများကို တခဏမျှမဖြစ်စေဘဲ ဘုရားရှင်၏ အလိုတော်ရှိသော ကောင်းသောအယူဝါဒကိုသာ ကောင်းစွာစွဲသုံး နှလုံးဖြောင့်စေရာသတည်း။

မှတ်ချက်၊ ။မိစ္ဆာဒိဋ္ဌိနှင့် တိတ္ထိအခဏ်းမှစပြီး ဤအခဏ်းအထိကို ခေမာသိဝံတောရ ဆရာတော် ဦးဒီပ၏(နရသာသနကျမ်းမှ)ကောက်နှုတ်တင်ပြပါသည်။

*

## ၂၆။ ပရိဗိုဇ်ရဟန်းနှင့် တိတ္ထိတက္ကတွန်း

၁။ ပရိဗိုဇ်—ဟူသည် ဦးခေါင်း ပြည်းလျက် ရဟန်းရောင်သာ ဆောင်လျက် သင်္ကန်းကို ဝတ်လျက် နေသောသူ ဖြစ်သည်။ သိမ် မဝင်သော ရဟန်း ဖြစ်သည်။ အရည်းကြီး ဟူ၍လည်း ခေါ်သည်။

၂။ တိတ္ထိတက္ကတွန်း—ဟူသည် မိမိကိုယ်၌ အဝတ် (မကပ် အချိးနှိးနေသူ ဖြစ်သည်။ ၎င်းကို အာဇီဝက တိတ္ထိတက္ကတွန်း) ဟူ၍လည်း ခေါ်သည်။

၃။ ပဏ္ဍရင်္ဂတိတ္ထိ—ဟူသည် ပုဆိုးဖြူကိုသာ သင်္ကန်းအရောင်ဆောင်၍ ဝတ်နေသော တက္ကတွန်းမျိုး ဖြစ်သည်။

၄။ နိဂဏ္ဌတိတ္ထိ—ဟူသည် ငါတို့၌ ဥစ္စာ- ရွှေ- ငွေ-လယ်ယာ သားမယား သိမ်းဆည်းခြင်း ဟူသော ကိလေသာတို့၏ အာရုံ မရှိပြီ။ ထို့ကြောင့် ငါတို့သည် ရဟန္တာ ဖြစ်ကြသည်ဟုဝန်ခံ၍ ရဟန်း ပရိက္ခရာကို ဆောင်၍ နေသော တက္ကတွန်းမျိုး ဖြစ်သည်။ထိုတိတ္ထိတို့မှ အချို့သူတို့သည် လွန်လေပြီးသော မိမိတို့၏ခန္ဓာ အစဉ်ကို ကမ္ဘာလေးဆယ် ပြန်အောက်မေ့နိုင်သည်ဟု ဆိုသည်။

*

ဤနေရာ၌—

၁။ ဘုရားရှင်၏ ပကတိ သာဝကတို့သည် ကမ္ဘာ အရာ အထောင် အောက်မေ့နိုင်သည်။

၂။ မဟာသာဝက တို့သည် ကမ္ဘာတသိန်း အောက်မေ့နိုင်သည်။

၃။ အဂ္ဂသာဝကကြီး နှစ်ပါးသည် တသင်္ချေနှင့် ကမ္ဘာ တသိန်း အောက်မေ့နိုင်သည်။

၄။ အရှင် ပစ္စေကဗုဒ္ဓါတို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း အောက်မေ့နိုင်သည်။

၅။ ဘုရားရှင်သည် အပိုင်းအခြားမရှိ အလိုတော် ရှိတိုင်း အောက်မေ့နိုင်သည်။

**မှတ်ချက်။** ။အသင်္ချေ ခေါ်ဝေါ်ပုံကို ဗုဒ္ဓကြေးမုံ စာ အုပ်၌ ပါရှိပြီး ဖြစ်ပါသည်။

(ပုစ္ဆာပကိဏ္ဏကကျမ်း မှ)

*

## ၂၇။ အပါယ်လေးဘုံအဖွင့်

အပါယ်လေးဘုံ ဟူသည် သာမညအားဖြင့် တပါးသာရှိ၏။ ဝိသေသ အားဖြင့် ငရဲ- တိရစ္ဆာန်- ပြိတ္တာ- အသူရကာယ်- ဟူ၍ လေးပါ အပြားရှိ၏။ ထိုလေးပါးတို့တွင်—

၁။ ငရဲဟူသည်—

နတ္ထိ အယော တ္တောတိ နိရယော။

ဟူသော ပါဠိစကားနှင့်အညီ ထိုဘုံ၌ စီးပွားကြောင်းဖြစ်သော ကောင်းမှု ချမ်းသာ၏ သက်သက်မရှိရာ ဌာနဖြစ်သောကြောင့် နိရယ (နိရယ—ငရဲ) မည်၏။

*

## ၂။ တိရစ္ဆာန်ဟူသည်

တိရတိ အဓောဘာဂံ ဂစ္ဆတိတိ တိရစ္ဆာနော—

ဟူသော ပါဠိစကားနှင့်အညီ အထက်ဘုံ ဖြစ်သော လူ့ပြည် နတ်ပြည်တို့ကို မရောက်နိုင်။ အောက်ဖြစ်သော အပါယ်ဘုံသို့သာ သွားတတ်သောကြောင့်ရင်း—

တိရော အဥ္စိတောတိ တိရစ္ဆာနော—

ဟူသော ပါဠိစကားနှင့်အညီ လူ နတ်တို့ကဲ့သို့ အထက်ဘုံသို့ မသွား- အောက်ဘုံသို့သာ သွားတတ်သောကြောင့် တိရစ္ဆာန် မည်၏။

ထို တိရစ္ဆာန်တို့သည် တည်ရာ အားဖြင့် ရေ၌ရင်း မြေ အပြင်၌ရင်း တည်ကြ၏။

*

## ၃။ ပြိတ္တာဟူသည်—

ပကဋ္ဌေန ဣတာတိ ပေတာ—

ဟူသော ပါဠိစကားနှင့်အညီ ချမ်းသာရာမှ ကင်း၍ ဖြစ်တတ် သောကြောင့် ပြိတ္တာမည်၏။

ထိုပြိတ္တာတို့သည် အမျိုးအားဖြင့် (၁၂) ပါးရှိ၏။ တည်ရာ အားဖြင့် ဟိမဝန္တာတောင်၏ နံပါး (ဝိဇ္ဈာဘာဂိ) မည်သော တောအုပ်၌ မြို့နှင့်တကွ တည်ရှိသည်ဆို၏။

*

### ၄။ အသူရကာယ်ဟူသည်

နသုရန္တိ ဣဿရိယာဒိဟိ နဒိပ္ပန္တီတိ အသူရာ– ဟူသော ပါဠိစကားနှင့်အညီ အစိုးရခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ ထွန်းတောက်ပခြင်းတို့မှ ကင်းသောကြောင့် အသူရာ မည်၏။

ထိုအသူရာတို့သည် ခန္ဓာကိုယ် သုံးဂါဝုတ်ရှိ၏။ ခံတွင်းစသော ဒွါရကိုးပေါက်တို့သည် အပ်နဖားပေါက်မျှရှိ၏။ အစာရေစာကို မစားသောက်နိုင်ဘဲ ကြုံလှီတော်မွတ်သော ကိုယ်ခန္ဓာဖြင့် ကြီးစွာသော ဆင်းရဲကို ခံစားရသော (ကာလကဉ္စိက) မည်သောပြိတ္တာ အထူးပင်တည်း။

*

## ၂၀။ ငရဲအပြား

ဤလေးပါးသော အပါယ်ဘုံတို့တွင် ပါဠိအားဖြင့် နိရယ မည်သော မြန်မာပြန်အားဖြင့် ငရဲမည်သော ဘုံသည်ကား–

၁။ လောကန္တရိကငရဲ၊ ၂။ လောကိကငရဲ ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်....

### ၁။ လောကန္တရိကငရဲဟူသည်

လှည်းဘီးစက်သုံးခုတို့၏ အကြားနှင့် တူကုန်သော စကြာဝဠာတိုက်သုံးခုတို့၏ အကြား၊ အပြန်ယူဇနာရှစ်ထောင် ကျယ်

သာ အရပ်၌ စကြာဝဠာတံတိုင်းကို လက်ခြေတို့ဖြင့် ကပ်၍ လင်းနို့ တွယ်သကဲ့သို့ သြကာသလောက၏ အပအကြားတွင် ခံရသောငရဲသည် လောကန္တရိကငရဲမည်၏။(သြကာသဟူသည်) သုံးဆယ့်တဘုံကိုခေါ်သည်။

*

## ၂။ လောကိကငရဲဟူသည်

ငရဲကြီးတို့သည်အပြားအားဖြင့် သိဉ္ဇိုဝ်း၊ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ ဟူ၍ ငရဲကြီးရှစ်ထပ်ရှိ၏။ ထိုငရဲကြီးရှစ်ထပ်တို့တွင်....

၁။ သိဉ္ဇိုဝ်းငရဲဟူသည်—

သံပုနပ္ပုနံ -ဇီဝန္တိ- တ္တောတိ- သိဉ္ဇိဝေါ—
ဟူသော ပါဠိစကားနှင့်အညီ—

ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်သော လက်နက်အမျိုးမျိုးတို့ကို ကိုင်ဆောင်လျက် အပိုင်းပိုင်း အမျှင်မျှင် အပြုခံရသော ငရဲသားတို့သည် အဖန်တလဲလဲ အဆင်းရဲခံရ၍ အသက်ရှင်နေရသော ငရဲဖြစ်သောကြောင့် သိဉ္ဇိုဝ်းငရဲမည်၏။ ထိုသိဉ္ဇိုဝ်းငရဲ၏သက်တန်းသည်—

၁။ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်းကိုးသန်းသည် အပေါ်ဆုံးမှနံပါတ်(၁) ဖြစ်သော သိဉ္ဇိုဝ်းငရဲ၏ တနေ့နှင့် တည မည်၏။

၂။ ထိုတနေ့နှင့် တညပေါင်း သုံးဆယ်သည် တလမည်၏။
၃။ ထိုတလပေါင်း ဆယ့်နှစ်လသည် တနှစ်မည်၏။
၄။ ထိုတနှစ်ပေါင်း အနှစ်ငါးရာသည် သိဒ္ဓိုဝ်း ရေသက်မည်၏။

*

## ၂။ ကာလသုတ် ငရဲဟူသည်

ကာလသုတ္တံ-ပါတေတွာ-တ္ထေတစ္ဆန္တိတိ-ကာလသုတ္တံ–
ဟူသော ပါဠိစကားနှင့်အညီ....

အလျှံပြောင်ပြောင် တောက်သောသံမြေ၌ ပြေးကုန်သော ငရဲသားတို့ကို ငရဲထိန်းတို့သည် အော်ညံဟစ်ကြွေး ညာသံပေး၍ ဆဲရေးလိုက်လံပြီး ရိုက်ပုတ်ကြသဖြင့် လဲကျသောနေရာ၌ မည်းနက်သော တမျဉ်းကျိုးဖြင့်ချ၍ လူတို့ပြည်တွင် အိမ်မိုးတဖက်ပဲ့ ပမာဏရှိသော အလျှံပြောင်ပြောင် တောက်သော ဓားဖြင့် လေးမြွှာင့်၊ ရှစ်မြွှာင့်၊တဆယ့်ခြောက်မြွှာင့် ပမာဏအားဖြင့် ရွေရာ ငရဲဖြစ်သောကြောင့် ကာလသုတ်ငရဲမည်၏။ ထိုကာလသုတ်ငရဲ၏ သက်တန်းသည်....

၁။ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေနှင့် ခြောက်သန်းသည် နံပါတ်(၂) ဖြစ်သော ကာလသုတ်ငရဲ၏ တနေ့နှင့်တညမည်၏။

၂။ ထိုတနေ့နှင့် တညပေါင်း သုံးဆယ်သည် တလမည်၏။
၃။ ထိုတလပေါင်း ဆယ့်နှစ်လသည် တနှစ်မည်၏။
၄။ ထိုတနှစ်ပေါင်း အနှစ်နှစ်ထောင်သည် ကာလသုတ်ငရဲ သက်မည်၏။

*

## ၃။ သင်္ဃာတငရဲဟူသည်-

မဟန္တာ-ဇလိတ-အယပဗ္ဗတာ- သံပုနပ္ပုနံ- ဟနန္တိ- ဃွောတိ- သင်္ဃာတော-

ဟူသော ပါဠိစကားနှင့်အညီ....

အလျှံပြောင်ပြောင် တောက်သောသံမြေ၌ ဒူးထိအောင် မြှုပ်ပြီးလျှင် အလျှံပြောင်ပြောင်တောက်သော သံတောင်ကြီး လေးလုံးတို့ဖြင့် ငရဲသားတို့ကိုကြိတ်တတ်သောကြောင့် သင်္ဃာတငရဲမည်၏။

ထိုသင်္ဃာတငရဲ၏ သက်တမ်းသည်—

၁။ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း တဆယ့်လေးကုဋေနှင့်လေးသန်းသည် နံပါတ်(၃)ဖြစ်သော သင်္ဃာတငရဲ၏ တနေ့နှင့်တညမည်၏။
၂။ ထိုတနေ့နှင့်တညပေါင်း သုံးဆယ်သည် တလမည်၏။
၃။ ထိုတလပေါင်း ဆယ့်နှစ်လသည် တနှစ်မည်၏။
၄။ ထိုတနှစ်ပေါင်း အနှစ်နှစ်ထောင်သည် သင်္ဃာတငရဲ သက်မည်၏။

*

## ၄။ ရောရှဝရဲဟူသည်

ရှုရှမဟာသဒ္ဒေါ-ဝ္တောတိ-ရောရှဝေါ-
ဟူသောပါဠိစကားနှင့်အညီ—

တကမ္ဘာလုံးတည်သော သံအလျှံတို့သည် ထိုငရဲသားတို့၏ (ဒွါရ)ကိုးပေါက်မှဝင်၍ လောင်သောကြောင့် လွန်စွာနာကျင်သည်ဖြစ်၍ ကျယ်လောင်သော အသံဖြင့် ပြင်းစွာအော်ဟစ်၍ ခံရာဌာနဖြစ်သောကြောင့် ရောရှဝငရဲမည်၏။

ထိုရောရှဝငရဲ၏ သက်တမ်းသည်—

၁။ လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေနှင့် လေးသန်းသည် နံပါတ်(၄) ဖြစ်သော ရောရှဝငရဲ၏ တနေ့နှင့်တည မည်၏။
၂။ ထိုတနေ့နှင့် တညပေါင်း သုံးဆယ်သည် တလမည်၏။
၃။ ထိုတလပေါင်း ဆယ့်နှစ်လသည် တနှစ်မည်၏။
၄။ ထိုတနှစ်ပေါင်း အနှစ်လေးထောင်သည် ရောရှဝငရဲ သက်မည်၏။

*

## ၅။ မဟာရောရှဝငရဲဟူသည်

ထိုအတူတကမ္ဘာပတ်လုံးတည်ရှိသောအခိုးတို့သည် ငရဲသားတို့၏ (ဒွါရ)ကိုးပေါက်မှ ဝင်၍လောင်သည်နှင့်ပြင်းထန်ကျယ်လောင်စွာ ဟစ်အော်ရာ ဌာနဖြစ်သောကြောင့် မဟာရောရှဝမည်၏။ ထိုမဟာရောရှဝငရဲ၏ သက်တမ်းသည်—

၁။ လူတို့၏ အရေအတွက် အားဖြင့် ကုဋေနှစ်ရာသုံးဆယ် နှင့် လေးသန်းသည် နံပါတ် (၅) ဖြစ်သော မဟာ ရောရုဝငရဲ၏ တနေ့နှင့်တညမည်၏။

၂။ ထိုတနေ့နှင့်တညပေါင်း သုံးဆယ်သည် တလမည်၏။

၃။ ထိုတလပေါင်း ဆယ့်နှစ်လသည် တနှစ်မည်၏။

၄။ ထိုတနှစ်ပေါင်း အနှစ်ရှစ်ထောင်သည် မဟာရောရုဝငရဲ့ သက်မည်၏။

*

## ၆။ တာပနငရဲဟူသည်

နိစ္စလေ-သတ္တော-တာပေတီတိ- တာပနော-

ဟူသော ပါဠိစကားနှင့်အညီ—

ထန်းလုံးပမာဏရှိသော သံတံကျင်-သံမြေ-ငရဲသား-၍သုံး ပါးတို့သည် အလျှံပြောင်ပြောင်တောက်လောင်လျက် ခံရာဋ္ဌာန ဖြစ်သောကြောင့် တာပနငရဲမည်၏။

ထိုတာပနငရဲ၏ သက်တမ်းသည်—

၁။ လူတို့၏အရေအတွက်အားဖြင့် ကိုးရာ့နှစ်ဆယ့်တစ်ကုဋေ နှင့် ခြောက်သန်းသည် နံပါတ်(၆) ဖြစ်သော တာပန ငရဲ၏ တနေ့နှင့်တညမည်၏။

၂။ ထိုတနေ့နှင့်တညပေါင်း သုံးဆယ်သည် တလမည်၏။

၃။ ထိုတလပေါင်း ဆယ့်နှစ်လသည် တနှစ်မည်၏။

၄။ ထိုတနှစ်ပေါင်း အနှစ် တသောင်းနှင့် ခြောက်ထောင်သည် တာပနငရဲသက်မည်၏။

*

## ၇။ မဟာတာပနငရဲဟူသည်

မဟာန္တော-တာပနော-မဟာတာပနော....

ဟူသော ပါဠိစကားနှင့်အညီ....

ငရဲသားတို့ကို အလျှံပြောင်ပြောင်တောက်သော လက်နက်တို့ဖြင့်ရိုက်နှက်၍ အလျှံပြောင်ပြောင်တောက်သော သံတောင်ကြီးပေါ်သို့ ပြေးတက်စေပြီးလျှင် ထိုတောင်ထိပ်မှ အကုသိုလ်ကြမ္မာလေတို့ တိုက်ခတ်သဖြင့် ဇောက်ထိုးကျလာရာ....

ဤလူပြည်၌ ငါး အမဲကို တံစို့ဖြင့်ထိုးသီဘိသကဲ့သို့ အောက်သံမြေက ထန်းလုံးပမာဏရှိသော အလျှံပြောင်ပြောင် တောက်သော သံတံကျင်တို့က ထ၍ထိုးဝင်စူးသီမိလျက် ကာလရှည်မြင့်စွာ မတုန်မလှုပ်နိုင်ဘဲ တောက်လောင်လျက်ခံရာဌာနဖြစ်သောကြောင့် မဟာတာပနငရဲမည်၏။ ထိုမဟာတာပနငရဲ၏ သက်တမ်းသည် –

၁။ အန္တရကပ်၏ ထက်ဝက်ရှိ၏။

*

## ၈။ အဝီစိငရဲဟူသည်-

နတ္ထိ-ဝီစိ-အန္တရံ-ဧတ္ထာတိ-အဝီစိ-

ဟူသော ပါဠိစကားနှင့်အညီ....

မီးလျှံ-ငရဲသား-ဒုက္ခဝေဒနာ- ဤသုံးပါးတို့ဖြင့် အကြား အပေါက်မရှိရာ ဌာနဖြစ်သောကြောင့် အဝီစိငရဲမည်၏။

ထိုသုံးပါးတို့တွင်—

**အချင်း** သုံးရာ့တဆယ့်ရှစ်ယူဇနာ-

အဝန်း ကိုးရာ့လေးဆယ့်ငါး ယူဇနာ အတွင်း၌ မီးလျှံ အပြည့်ဖြစ်၍ အကြားအပေါက်မရှိခြင်း။

ရင်းအတွင်း၌ ငရဲသားတို့သည် ကျည်တောက်၌ဆန်မှုန့်ညက်ကို သိပ်နှက်၍ထားဘိသကဲ့သို့၊ မြေ၌စို့နှက်၍ ရိုက်နှက်ထားဘိသကဲ့သို့ အကြားအပေါက်မရှိ။ စိညပ်နေအောင် ခံနေရာဌာနဖြစ်သော ငရဲကြီးပင်တည်း။

ထိုနံပါတ်(၈) ဖြစ်သော အောက်ဆုံးထပ်မှ အကြီးမားဆုံးသော အဝီစိငရဲကြီး၏ သက်တမ်းသည် (အန္တရကပ်) ဘကပ်ရှိ၏။

ထိုငရဲကြီးရှစ်ထပ်တို့သည်....

ဤလူ့ပြည်မှ အောက်သို့ အစဉ်အတိုင်း တလုံးနှင့် တလုံး အကြား ယူဇနာတသောင်းနှင့် ငါးထောင်စီခြား၍တည်၏။

မဟာအဝီစိငရဲကြီးသည် အောက်ဆုံးမှ (သီလာပထဝီ) မြေ ပေါ်မှ စ၍တည်၏။ ထို့ကြောင့်—

ယူဇနာပေါင်း

သောင်းငါးထောင်စီ—

သချာညီ....

ရှစ်လီ ငရဲပေါင်း ဟု—

ပညာရှိတို့က စပ်ဆိုခဲ့ကြကုန်သည်။

မဟာအဝီစိ စသော ငရဲကြီးတို့သည် အဝန်းမဟုတ်၊ လေး ထောင့်ဖြစ်၏။ **အချင်း**ယူဇနာ တရာ။ ပြင်ဘက်တဖက်တချက်မှ တယူဇနာစီ။ နံရံထုတဖက်တချက်မှာ ကိုးယူဇနာစီ။

ဤအလုံးစုံကို ပေါင်းသည်ရှိသော် အချင်း သုံးရာ့တဆယ့် ရှစ် ယူဇနာရှိ၏။ အဝန်း ကိုးရာ့ငါးဆယ့်လေး ယူဇနာရှိ၏။ ထက်ဝန်းကျင် ဉဿဒရက်ငရဲနှင့် တကွ ယူဇနာ တသောင်းရှိ သတည်း။

မှတ်ချက်။

အန္တရကပ် ဟူသည်—

၁။ လူတို့၏ သက်တမ်းသည် အသင်္ချေယျတမ်းမှ· ဆယ်နှစ်တမ်းသို့ရင်း။

၂။ တဖန် ဆယ်နှစ်တမ်းမှသည် အသင်္ချေယျတမ်းသို့ရင်း။ ပြန်၍ကျရောက်လာသော ကာလကို အန္တရကပ် တခုဟု ခေါ်၏။

(အကျယ်ကိုသိလိုမူ ဗုဒ္ဓကြေးမုံ၌ကြည့်ပါ)

ယနောင်စာပေ

## ၂၉။ ဝေသာလီပြည်တည်ရှိပုံ

ဝဇ္ဇီတိုင်းမှ....

ဝေသာလီပြည်၏ အကြောင်းကို ပိဋကတ်ကျမ်းစာ(သုတ္တန်နိပါတ်- အဋ္ဌကထာ) စသည်တို့၌ လာရှိသည့်အတိုင်း တင်ပြပါမည်။

ရှေးအခါ၌—

ဗာရာဏသီပြည့်ရှင် မင်းမြတ်၏ မိဖုယားကြီးသည် ချိပ်ရည်အဆင်းနှင့်တူသော သားတစ်တခုကို ဘွားမြင်လေ၏။ ဂုဏ်သတင်းပျက်၍ သိက္ခာကျမည်စိုးသောကြောင့် ထိုသားတစ်ကို အိုးသစ်တခု၌ထည့်၍ ကမ္ပည်းတံဆိပ်များခတ်နှိပ်ပြီး ဂင်္ဂါမြစ်၌ မျှောလေ၏။

နတ်ကောင်းနတ်မြတ်တို့၏ စောင့်ရှောက်မှုဖြင့် ထိုသားတစ်အိုးသည် ဘေးရန်မရှိဘဲ မျှောပါလေ၏။ ထိုအခါ ဂင်္ဂါမြစ်အနီး၌ နွားကျောင်းသားတို့ကို အမှီပြု၍နေသော ရသေ့ကြီးတပါး တွေ့မြင်လတ်သော် ဆယ်ယူထားလေ၏။

အိုးသစ်၌ တံဆိပ်အက္ခရာတို့ကို မြင်လျှင် ဖွင့်ကြည့်လေ၏။ ထိုသို့ ဖွင့်ကြည့်သောအခါ အိုးသစ်ထည်း၌ သားတစ်တခုကို တွေ့ရသဖြင့် မိမိ၏ကျောင်းသို့ယူဆောင်၍ ကောင်းမွန်စွာထားရှိလေ၏။

လခွဲလွန်မြောက်သော်....

သားတစ်နှစ်ခုဖြစ်လာ၏။

ထိုနောက် လခွဲလွန်ပြန်လျှင်....

လက် ခြေ ဦးခေါင်း ဖြစ်ရန်အတွက် အဖုငယ်ငါးခု ပေါ်လာ၏။

တဖန် လခွဲလွန်ပြန်လျှင်....

ရှေ့အဆင်းနှင့်တူသော သားတယောက်နှင့် သမီးတယောက် ဖြစ်လာ၏။

ထိုအခါ ရသေ့ကြီးသည် အမိဋ္ဌာန်ပြု၍ မိမိ၏လက်သူ့းမှ ရရှိသော နို့ရည်တို့ကိုတိုက်ကျွေး၏။ ရံဖန်ရံခါ နွားနို့တို့ကို တိုက်ကျွေး၍ မွေးမြူမှုကိုပြု၏။ သူငယ်တို့၏ ဝမ်းတွင်းသို့ ဝင်လေသမျှသော အစာအဟာရတို့သည် ဖန်ခွက်၌ ထည့်ထားသကဲ့သို့ ကြည်လင်ဝှာမြင်ရ၏။

သူငယ်တို့၌ အရေလွှာမရှိသကဲ့သို့ ဖြစ်၍ရင်း၊ ပေါင်းစပ်၍ ချုပ်ထားအပ် သကဲ့သို့ နုဖတ်တွန့်လိမ် နေသော အရေလွှာရှိသဖြင့်ရင်း....

(လိစ္ဆဝီ)ဟု တွင်လေ၏။

အသွားအပြန် လျင်မြန်စွာဖြင့် ဆွမ်းခံကြွ၍ သူငယ်တို့ကို လုပ်ကျွေးမှုပြုနေသော ရသေ့ကြီးကို ရွာသူရွာသားတို့ မြင်ကြလျှင် ဤသို့ဆိုကြ၏။

"အမှုင် ရသေ့ကြီး—

ထိုသူငယ်များသည် အရှင် ရသေ့ကြီးနှင့် မသင့်လျော်ပါ။ အကျွန်ုပ်တို့ မွေးမြူပါရစေ"ဟု လျှောက်ထား တောင်းပန်ကြလေ၏။

ထိုအခါ ရသေ့ကြီးသည်—

သူငယ်တို့၏ ဘုန်းကံကိုရင်း၊ ၎င်းတို့အချင်းချင်း ထိမ်းမြားမှုပြုခြင်းကိုရင်း။

မင်းကြီးထံမှ မြို့တည်နိုင်မည့် နေရာကိုတောင်းခံ၍ မြို့ရွာ တည်ခြင်းကိုရင်း၊ အဘိသိက် သွန်းလောင်း၍ မင်းပြုခြင်းကိုရင်း ပြုလုပ်ကြလျှင်—

"အသင်တို့အား အကျိုးများလိမ့်မည်" ဟုအကြောင်းစုံကို ပြောကြားပြီးမှ ရွာသူကြီးအား အပ်နှံလိုက်၏။

ထို့နောက် နံနက်တချိန်တွင်....

ရွာသူကြီးသည် မင်္ဂလာ အပေါင်းတို့ဖြင့် ချီးမြှောက်၍ ယူဆောင်ပြီးလျှင် မိမိ၏အိမ်၌ ကျွေးမွေးပြုစု၍ မွေးမြူထားလေ၏။

မင်းသားနှင့် မင်းသမီးလေးများ အရွယ်သို့ ရောက်သောအခါ သူငယ်ဖေါ် အချင်းချင်း ကစားကြစဉ် အငြင်းအခုန်ဖြစ်၍ သူငယ်ဖေါ်များကို ရိုက်နှက်မိကြကုန်၏။ ထိုအခါ ခလေးမိဘတို့သိကြ၍ ဤသို့ဆိုကြ၏။

''ဟဲ့- မိဘမဲ့သားသမီးတွေ....

သင်တို့သည် ငါတို့၏ သားသမီးများကို နှိပ်စက်ကြသည်။ သည်မောင်နှမကို မမွေးကြပါနဲ့၊ မပေါင်းကြပါနဲ့''ဟု ရိုင်းပြစွာ ပြောဆိုကြကုန်၏။

ဤစကားကို အစွဲပြု၍ ထိုအရပ်ကို (ဝဇ္ဇီတိုင်း)ဟု ခေါ်စမှတ် ပြုကြကုန်သည်ဆို၏။ မင်းသားနှင့် မင်းသမီးလေးတို့ အရွယ်ရောက်သောအခါ ရှာသူကြီးသည် ဗာရာဏသီမင်းအား လက်ဆောင်ပဏ္ဏာတို့ဖြင့် နှစ်သက်မှုရှိအောင် ပူဇော်ပြီး ယူဇနာ (တရာ)ရှိသော မြေကိုတောင်းခံ၏။

ပြီးတော့ သုံးဂါဝုတ်ရှိသော မြို့ကိုတည်ထောင်၏။ မင်းသားမောင်နှမကိုလည်း အဘိသိက်သွန်းလောင်း၍ မင်းပြုစေ၏။

ထိုမောင်နှမ နှစ်ယောက်မှ....

သား.... မြေး.... အစဉ်အဆက် ပွားများလာသော် မနေလောက်၍ သုံးဂါဝုတ်ထပ်မံ၍မြို့တည်ပြန်၏။ ယင်းသို့ မြို့သုံးထပ် တည်သည်ကို အစွဲပြု၍ (ဝေသာလီ) တွင်သည်ဟုဆို၏။

မြို့၏အင်္ဂါနှင့် ညီသောကြောင့် လွန်စွာ လှပတင့်တယ်၏။

ဂေါတမ- ရှင်တော်ဘုရား လက်ထက်၌ ဝေသာလီပြည်သည် အထူး စည်ပင်သာယာ၏။ ခုနစ်ထောင်- ခုနစ်ရာ- ခုနစ်ကျိပ် ခုနစ်ယောက်ကုန်သော အိမ်ရှေ့မင်းတို့သည်ရင်း....

ခုနစ်ထောင်- ခုနစ်ရာ- ခုနစ်ဆယ်- ခုနစ်ဆောင်ကုန်သော ပြာသာဒ် - တရားဟောဇရပ်- မဏ္ဍပ်-တန်ဆောင်းတို့သည်ရှင်း။

ထိုအတူ ဥယျာဉ်- ရေကန်- ရေတွင်း- စသည်တို့နှင့်ရှင်း၊ ပြည့်စုံကုန်၏။

ထိုဝေသာလီမြို့၌....

မဟာဝုန်တောကို (သီလက္ခန်- အဋ္ဌကထာ)၌ လာရှိသည်မှာ မြို့၏အပြင်အပ၌ ဟိမဝန္တာတောနှင့်စပ်၍ အလိုအလျောက် ဖြစ်ပေါ်နေသည့် တောကြီးဖြစ်သောကြောင့် (မဟာဝုန်တော) ဟု ခေါ်၏။

ထိုတော၌ သံဃာတော်တို့နေစရာ ကျောင်းအရံကို စုလစ် မွန်းချွန်တတ်သော (ကူဋာဂါရသာလ) ကျောင်းတော်ဟု ခေါ်၏။ ထိုကျောင်း၌ ဘုရားရှင် သတင်းသုံး နေတော်မူခဲ့ သည်ဟုဆို၏၊

ဇိနတ္ထကျမ်း၌ လာရှိသည်မှာ....

ဝေသာလီပြည်၏ (သုသုနာဂမင်း) မင်းပြု၍ နန်းသက် (၁၈) နှစ်၊ သာသနာသက္ကရာဇ် (၉၀) ပြည့်သောအခါ ထို သုသုနာဂမင်း အနိစ္စရောက်၏။

သားတော် (ကာလာသောကမင်း) လက်ထက်....

သက္ကရာဇ် (၁၀၀) ပြည့်၍ အရှင်မဟာ ယသ တို့သည်၊ ရဟန္တာ (၇၀၀) တို့ဖြင့် ပိဋကတ်သုံးပုံကို (ဝါလိကာရုံ)

ကျောင်းတော်၌ (၄) လတိုင်အောင် (ဒုတိယသင်္ဂါယနာ) တင်ကြောင်းပါရှိ၏။

၎င်းပြင် ဘုရားရှင် သတင်းသုံးတော်မူရာ မဟာဝုန် ကျောင်းတော်သည် မြို့၏အနောက်ဘက် တဂ ါဝုတ်ကွာကြောင်းလည်း ပြဆို၏။

ဝဇ္ဇီတိုင်း၏ အကျယ်အဝန်းကား....

ဟူယိုင်ဆင်- ကျမ်း၌ တရုတ်လိုလီပေါင်း (၄ါးထောင်) ရှိသည်ဆို၏။ (တလီ—ခြောက်မိုင်)

မြို့တော်၏ အကျယ်အဝန်းမှာ လီပေါင်း (၇၀) မျှသာ ရှိကြောင်း၊ ၎င်းပြင် မြို့တော်၏ အရှေ့တောင်ထောင့် နှစ်မိုင်ခန့် အကွာတွင် (ဒုတိယသင်္ဂါယနာ) တင်ခဲ့သော ကျောင်းတော် ရှိသည်ဆို၏။

ယခုအခါ တည်ရှိနေပုံမှာ....

အိန္ဒိယပြည်ရှိ (ဝဇ္ဇီ) တိုင်းသည် မြောက်ဘက် တောင်ခြေရင်းမှ တောင်ဘက် ဂင်္ဂါမြစ်၏ ကမ်းပါးအထိရှိ၏၊

အနောက်ဘက်၌ (ကဏ္ဍက်) မြစ်မှ အရှေ့ဘက် မဟာနဒီမြစ်အတွင်းရှိ ယခုအခါ (မုဇနရ်ပုရ်) စီရင်စု ပြည်နယ်များ ဖြစ်၏။ မိုင်ပေါင်း ရှစ်ရာခန့်ကျယ်ဝန်း၏၊ ခရစ်သက္ကရာဇ် (၇၀၀) အတွင်း၌ ရုံးစိုက်ရာမြို့တော်မှာ (မိတ္ထိလာ) သို့မဟုတ် (ဇနကပူရီ)မြို့ ဖြစ်ခဲ့ဘူး၏။ ( မုဇပ္ပရ်ပုရ် ) နှင့် (တီရဟုတ်) မြို့များကိုပေါင်း၍ မိုင်ပေါင်းရှစ်ရာဟုဆို၏။

ရှေးဟောင်း ဝေသာလီ မြို့တော်သည်....

မုဇပ္ဖရ်ပုရ်- စီရင်စု၌(ဗင်ယာပဆာရ်) သို့မဟုတ် (ရာဂျာဘိဆာလကာဂဟာရ်) ခေါ်သော မြို့ဟောင်းရာပင် ဖြစ်သည်ဆို၏။

မုဇပ္ဖရ်ပုရ်- စီရင်စု၌ (ဗဆာရ်) ခေါ်သော ရွာ၏မနီးမဝေးသော အနောက်ဘက် အရပ်တွင် စေတီဟောင်းတခုရှိ၏။ ၎င်းစေတီ၏ ထိပ်ဖျားကို ဖျက်ဆီးပြီးလျှင် မူဆလမန်လူမျိုးတို့သည် အရိုးတိုက် ပြုလုပ်ထားကြ၏။ စေတီအောက်၌ မူဆလမန် လူမျိုးနှင့် မူဆလမန် ရဓသေ့တို့ နေကြသည်ဆို၏။ ထိုစေတီကို ယခုအခါမှာ (ဒရ်ဂါရ်) ဟု ခေါ်ဆိုကြ၏။

ထိုစေတီ၏ ရှေးအကြောင်းမှာ....

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ ကြွတော်မူလာပြီးလျှင် ဝေသာလီမြို့၏ အနောက်တံခါးမှ ထွက်၍ ရပ်တော်မူလျက် ဝေသာလီမြို့ကို (ဆင်မင်း) ၏ ကြည့်ခြင်းမျိုးဖြင့် လက်ျာရစ်လှည့်၍ ကြည့်တော်မူပြီး မိန့်ကြားတော်မူသည်မှာ....

''ချစ်သား ရဟန်းတို့....

ဝေသာလီမြို့ကို ယခုအခါငါဘုရားသည် နောက်ဆုံးကြည့်ရှုခြင်းပင် ဖြစ်ပေ၏။ နောင်လာ နောက်သားတို့သည် ဤနေရာ၌ စေတီတည်၍ ကိုးကွယ်ကြကုန်လတံ့။

ဤသို့ စသည်ဖြင့် ဗျာဒိတ်တော် မြွက်ထားတော် မူခဲ့သည်ဆို၏။

*

## ၃၀။ ဘုရားရှင်၏ ဆင်မင်းအကြည့်ဟူသည်

ဘုရားရှင်သည် ဝေသာလီမြို့ကို ဆင်မင်း၏ ကြည့်ခြင်းမျိုးဖြင့် လကျာ်ရစ်လှည့်၍ ကြည့်တော်မူပြီး ဟုဆိုရာ၌——

ဆင်မင်း၏ ကြည့်ခြင်းမျိုးဟူသည်....

၁။ လူအများတို့၏ အရိုးသည် အစွန်းခြင်းထိ၍ တည်ကုန်၏။

၂။ ပစ္စေကဗုဒ္ဓါတို့၏ အရိုးသည် ချွန်းတောင်းချိတ်သကဲ့သို့ တည်ကုန်၏။

၃။ ဘုရားရှင်တို့သည် ထိုကဲ့သို့မဟုတ်- သံကွင်းဆက်သကဲ့သို့ တစပ်ထည်း တည်ကုန်၏။

ထို့ကြောင့် နောက်သို့ ကြည့်လိုသောအခါ ဘုရားရှင်သည် သည်စောာ်ကိုလှည့်၍ ကြည့်ခြင်းငှါ မတတ်ကောင်း။

ဆင်ပြောင်ကြီးသည် ကိုယ်လုံးလှည့်၍ ကြည့်ရဘိသကဲ့သို့.... ထို့အတူ ရှင်တော်ဘုရားသည်....

ကိုယ်တော်ကို တကိုယ်လုံးလှည့်၍ ကြည့်တော်မူရ၏။ ဤသို့သော သုတထူးကိုလည်း မှတ်ယူသင့်ကြရာ၏။

(ဇိနတ္ထမှ)

*

အထက်၌ ပြဆိုခဲ့သည့်အတိုင်း—

ဘုရားရှင်၏ ဗျာဒိတ်တော် စကားဖြင့် နောင်လာ နောက်သားတို့သည် စေတီတည်၍ ကိုးကွယ်ကြကုန်၏။ ထိုစေတီသည် (နာဂပလောဟိတ) အမည်ဖြင့် တွင်၍နေ၏။

မဆာရ် ရွာ၏ မြောက်ဘက်၌ ကပ်လျက် ကျုံးမြောင်းနှင့်တကွ နန်းတော်ရာဟောင်း တခုရှိ၏၊ ပမာဏကား အလျားပေ (၁၅၀၀) အနံပေ(၇၅၀)ရှိ၏။ ၎င်းနေရာကို ကျောက်စာဘက်ဆိုင်ရာမှ တူးဖေါ်သည်ဆို၏။

ယခုအခါမှာ—

ရာဂျာတ်သျှာလကာဂဟရ် အမည်ဖြင့် ထင်ရှားစွာရှိ၏။

အဓိပ္ပါယ်မှာ....

ဝေသာလီမင်းတို့၏ နန်းတော်ရာဟု ဆိုလို၏။

မဆာရ် ရွာ၏ အနောက်ဘက်၌ နှစ်ဖါလုံကျော်ကျော်ခန့်တွင် ဗာဝန်းဂျီ ကာပိုခရာ) ခေါ်သော ရေကန်ဟောင်းကြီး တခုရှိ၏။

၎င်းကန်၏ မြောက်ဘက်ကန်ထောင့်၌ နတ်ကွန်း နှစ်ခုတွင် ရှေ့နတ်ကွန်းထဲ၌ ကျောက်ဆင်းတု ခြောက်ဆူရှိ၏။ ထိုခြောက်ဆူတွင် ညာဏ်တော် (၁၂) လက်မခန့် ရှိသော ဗုဒ္ဓဆင်းတုနှစ်ဆူ သိဒ္ဓတ္ထ မင်းသား၏ ပုံသဏ္ဍာန် ကျောက်ဆင်းတု တဆူထင်ရှားစွာ ရှိနေသည်ဆို၏၊

ဗဆာရ် ရွာ၏အရှေ့မြောက်ဘက် မိုင်ဝက်ခန့်တွင် (ကမန် ချပရာ)ခေါ်သော အရပ်၌ (ကျောက်မှဲ) အမည်ဖြင့် ထင် ပေါ်သော ကျောက်တိုင်တခု မြေ၌နစ်မြုပ်နေသည် ဆို၏၊

လူအများတို့ တူးဖော်ကြသောအခါ ကျောက်တိုင်၏အရင်း အဆုံးကို ရှာ၍မတွေ့နိုင်သောကြောင့် တဖန်ပြန်၍ မြေဖို့ထား ကြသည်ဆို၏။ မျက်နှာ၁ဝ အနည်းငယ်မျှသာ ဖော်ထားကြ၏။ မဟာဒေဝ အမှတ်ဖြင့် ဆည်းကပ်ကိုးကွယ်ကြကုန်သည် ဆို၏၊

ထိုအခါ လူအများတို့၌ ကိုးကွယ်ရသည်မှာ အကျိုးမရှိ သည့်ပြင် အန္တရာယ်များခြင်း၊ စီးပွားလာဘ်လာဘ ဆုတ်ယုတ် ခြင်း စသော မကောင်းကျိုးတို့ကိုသာ တနေ့ထက်တနေ့ ပိုမို၍ ဖြစ်ပွား လာသောကြောင့် ၎င်းကျောက်တိုင်ကို အသုံးမပြုဘဲ နေကြကုန်၏။

၎င်း ကျောက်တိုင်၌ မျက်နှာလေးခု ပါရှိသောကြောင့် ကျောက်မှဲ့ဟု ခေါ်တွင်ကြသည် ဆို၏။

ဗဆာရ် ရွာ၏ အနောက်မြောက်ဘက် တမိုင်ခွဲလောက်တွင် (ကိုလူဝါ) အမည်ရှိသောအရပ်၌ စေတီတဆူရှိ၏။ ၎င်းစေတီကို ကျောက်စာဘက်ဆိုင်ရာတို့က တူးဖော်၍ နောင်အခါ သူတပါး တို့မဖျက်ဆီးနိုင်အောင် အမိန့်စာပြန်တမ်းဖြင့် သတ်မှတ်ထား၏။

စေတီပေါ်တွင် ဥာဏ်တော် တထောင့်လောက်ရှိသော ရုပ်ပွား တော်တဆူ စံပယ်၍ နေ၏။ ရုပ်ပွားတော်၏ ပလ္လင်အောက်၌ စာသုံးတန်း ပါရှိသည်ဆို၏။ စေတီ၏ အနား ပတ်လည်ကို

ဖြိုဖျက်ပြီး (ဗိဿနိုး)အယူရှိသော ဟိန္ဒူ ဘုန်းကြီးတပါးသည် ဘိုက်အိမ် ပြုလုပ်ထား၏။ ထို ဟိန္ဒူဘုန်းကြီး၏ အိမ်ဝင်းခြံ အတွင်း၌ အသောက ကျောက်စာတိုင် တခု ပါဝင်လျက် ရှိနေ၏။

ထိုတိုင်သည် အမြင့်အားဖြင့်(၄၄-ပေနှင့် ၂-လက်မ)လုံးပတ် (၁၂)ပေခန့် ရှိ၏။ အပေါ်၌ ခြင်္သေ့ရုပ်တခု ပါရှိ၏။ ယခု အခါ ၎င်းကျောက်စာတိုင်သည် (ဘိမဆေနလာရ်) ဟူသော အမည်ဖြင့် ထင်ရှားစွာရှိ၏။ ၎င်းမြင် စေတီ၏ တောင်ဘက်၌ ကပ်လျက် ရေကန်ဟောင်းတခု ရှိသည်ဆို၏။

ထိုစေတီ၏ အကြောင်းမှာ—

ဘုရားရှင်သည် ရှင်မောဂ္ဂလာန်ကို သင်္ဂြိုဟ်ပြီးသော် ရာဇဂြိုဟ် ပြည်၌ မွေ့လျော်သမျှ နေတော်မူခဲ့၍ ဒေသစာရီ ကြွတော်မူရာ ဝေသာလီပြည်သို့ ရောက်တော်မူ၏။

နံနက်အခါ ဆွမ်းခံတော်မူ၍ ဘုန်းပေးတော် မူပြီးသော် ဝေသာလီပြည်၏ အရှေ့ဘက်မျက်နှာရှိ (စာပါလ) စေတီသို့ ကပ်တော်မူလေ၏။ ညီတော် အာနန္ဒာအား—

"ချစ်သား အာနန္ဒာ—

ငါဘုရား၏သာသနာ၌ ရဟန္တာဖြစ်ပြီးသော တစုံတယောက် သောပုဂ္ဂိုလ်သည် "ဣဒ္ဓိပါဒ်လေးပါးကို ပွားစေ၍ အဖန်တလဲလဲ အလေ့အလာပြု၍ နေငြားအံ့။

ထိုပုဂ္ဂိုလ်သည် အလိုရှိသော် အာယုကပ် ပတ်လုံးလည်း တည်နေနိုင်ရာ၏၊ ထို့ထက်အလွန်လည်း တည်နေနိုင်ရာ၏'' ဟု-

အရိပ်အမြွက်မျှသော စကားတော်ဖြင့် မိန့်တော်မူပြီးမှ ထို စာပါလစေတီ၏ မနီးသော သစ်ပင်ရင်းတခုသို့ ကြွတော်မူ လျက် နေတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် ရှေယူဆောင် ခြင်းငှါ သွားနေခိုက်ဘွင် မာရ်နတ်သား ရောက်လာပြီး....

''အရှင်ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပါ''ဟု တောင်းပန် လျှောက်ထားလာ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဗုဒ္ဓကိုးတန်းအစဉ်အလာ အားလျော်စွာ--

''ငါဘုရားသည် ဤလမှ သုံးလလွန်လျှင် ကုသိန္နာရုံ၌ ပရိ နိဗ္ဗာန်ပြုအံ့''ဟု မာရ်နတ်သားအား မိန့်တော်မူလိုက်၏။

ထို့နောက် အာယုသင်္ခါရကိုလွှတ်ခြင်းငှာ သမာပတ်ကို ဝင် စားတော် မူလေ၏။ သမာပတ်၏ အာနုဘော်ကြောင့် မဟာ ပထဝီမြေကြီးသည် ပြင်းထန်စွာတုန်လှုပ်၏ ဟု (သုတ်မဟာဝါ ပါဠိတော်)၌ လာရှိ၏။

ဖာဟိယန် ကျမ်းစာ၌မူ ပစ္စေကဗုဒ္ဓါ စေတီတော် နှစ်ဆူ၏ အနီးအပါး၌ ဘုရားရှင် အာယုသင်္ခါရ လွှတ်တော်မူကြောင်း ကို တွေ့ရှိရ၏။

ထို့ကြောင့် စေတီတော်ကို--

(အာယုသင်္ခါရ) စေတီတော်ဟု သိအပ်သည်ဆို၏။

ရေကာန်ကို ဘုရားရှင်အား မာရ်နတ်မင်း ဘောင်းပန်ခဲ့ ရှင်အာနန္ဒာ ရေခပ်သွားသောကန်ဟု ဆို၏။

ကျောက်စာတိုင်ကိုလည်း အာယုသင်္ခါရ လွှတ်တော်မူရာ၌ အထိမ်းအမှတ် ပြုလုပ်ထားခဲ့သော အသောက ကျောက်စာတိုင်ဟု မှတ်ယူအပ်သည် ဆို၏။

အာယုသင်္ခါရ စေတီတော်မှ--

အနောက်ဘက် သုံးဖာလုံခန့်၌ စေတီပုံသဏ္ဍာန် ရှေးဟောင်း (မြေတောင်ပို့ကြီး) နှစ်ခု ပြိုင်လျက်ရှိ၏။ ၎င်းတောင်ပို့နှစ်ခုကို (ဖာဟီယန်)ကျမ်း၌ ပစ္စေကဗုဒ္ဓါ၏ စေတီတည်ရာမြေတောင်ပို့ဟု မှတ်သင့်သည်ဆို၏။

ထိုစေတီပုံ မြေတောင်ပို့သည်--

ဗခရာ ရွာ၏တောင်ဘက် မျက်နှာမှ အရှေ့စူးစူးကျ၏။၎င်းပြင် (အမ္ဗပါလိ) ကျောင်းသည် မြို့ထဲ၌ရှိ၏။ မဟာဝုန် ကျောင်းတော်သည် ဝေသာလီမြို့၏ မြောက်ဘက်၌ရှိသည်ဟု ဖာတိယန်ကျမ်း၌ ဆို၏။

၎င်းသို့ သွားရန်ခရီးစဉ်မှာ--

(မိုကာမာတ်ထားနှင့်) ဘူတာမှ (မုဇပ္ဖရ်ပုရ်) မြို့သို့ ရောက်အောင် သွားရ၏။ ၎င်းမြို့မှ အနောက်တောင်ဘက် (၂၁)မိုင်ရှိ (ဗခရာ) ခေါ်သော ရွာသို့သွားရ၏။ မုဇပ္ဖရ်ပုရ် မြို့၏ ဘူတာချုံ၌ တည်းခိုရန်ဇရပ်ရှိ၏။

ဗခရာ ရွာ၌ ဇရပ်မရှိ၍ တည်းခိုးရန်ခက်၏။ စားသောက်ဖွယ်များကို (ဗခရာ)ဈေးကြီး၌ ဝယ်ယူရရှိနိုင်၏။

ယခုအခါ ဝေသာလီပြည်သည်

ဣန္ဒိယပြည်၏ (မုဇဖ္ဖရ်ပုရ်) ခရိုင်အတွင်း၌ ရှိသည်ဆို၏။

[အိန္ဒိယကြေးမုံ ကျမ်းမှ]

## ၃၁။ သိဟိုဠ်ကျွန်း

**မှတ်ချက်။** ။သိဟိုဠ်ကျွန်း အကြောင်းကို ဗဟုသုတအဖြစ် ဤနေရာ၌ အလျဉ်း သင့်သလို ကောက်နုတ်တင်ပြအပ်ပါသည်။

၁။ **ကကုသန်** ဘုရားရှင် လက်ထက်၌—

သိဟိုဠ်ကျွန်းသည် (ဩဇာကျွန်း) ဟူသော အမည်ဖြင့် ထင်ပေါ် ကျော်စောခဲ့ဘူး၏။

ထိုအချိန်၌ ပုဏ္ဏကဘီလူးသည် လူအပေါင်းတို့အား နှိပ်စက်ညှင်းပန်းမှုကြောင့် ကျွန်းသူကျွန်းသားတို့၌ ရောဂါအမျိုးမျိုး စွဲကပ်မှုကို ခံကြရကုန်၏။

ကကုသန် ဘုရားရှင်သည်—

မဟာကရုဏာတော်ဖြင့် ဩဇာကျွန်းသို့ ပရိတ်တော် အရံအတားဖြင့် လူအပေါင်းတို့၌ စွဲကပ်နေသော ရောဂါအန္တရာယ်တို့ကို ချုပ်ငြိမ်းစေတော်မူပြီး ရဟန်း လေးသိန်းနှင့်တကွ ကြွလာတော်မူ၍ (ဒေဝကုဘ) တောင်ထိပ်၌ သီတင်းသုံးနေတော်မူ၏။

ရဟန္တာတို့အားလည်း ပရိတ်တော် အရံအတားတို့ကို ပြုစေတော်မူ၏။ လူတို့၌ စွဲကပ်နေသော အနာရောဂါအပေါင်းတို့ကို ကင်းငြိမ်း ကွယ်ပျောက်လေသောအခါ—

ဘုရားရှင်သည်—

ဒေဝကုတ တောင်ထိပ်မှ နေတော်မူ၍—

"ငါ၏အထံသို့ လာရောက်လိုကုန်သော လူအပေါင်းတို့သည် ဆင်းရဲပင်ပမ်းခြင်း မရှိဘဲ ငါ၏အထံသို့ လာရောက်နိုင်ကြစေကုန်သတည်း" ဟု အဓိဋ္ဌာန်ပြုတော်မူ၍ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်တော်မူ၏။

ထိုအခါ....

အဘယ မင်းနှင့်တကွ မြို့သူမြို့သား အပေါင်းတို့သည် လာရောက် ဖူးမြင်ကြကုန်၏။ ထို့နောက် ဘုရားရှင်ကို ပင့်ဆောင်ပြီး (မဟာစေတီ) တည်ရာ၌ သီတင်းသုံးနေစေတော်မူပြီးမှ ဘုရားရှင်နှင့်တကွ အားလုံးသော သံဃာတော်မြတ်တို့အား ဆွမ်းဘောဇဉ်တို့ဖြင့် လှူဒါန်းမှုကို ပြုကြကုန်၏။

## ၂။ ကောဏဂုံ ဘုရားရှင်လက်ထက်၌

ဤသီဟိုဠ်ကျွန်းသည် (ပရဒီပ) ကျွန်းအမည်ဖြင့် ထင်ပေါ်စွာ ခေါ်ဆိုကြကုန်၏။ ထိုကျွန်း၌ မိုးခေါင်လှသည် ဖြစ်၍ ငတ်မွတ်ခေါင်းပါးခြင်း ဘေးအန္တရာယ်များ ဖြစ်ပွားလေသော အခါ—

ကောဏဂုံ ဘုရားရှင်သည်-

မဟာကရုဏာစိတ် ရှေးရှုတော်မူ၍ ရဟန္တာသုံးသောင်းနှင့်တကွ ကြွလာတော်မူပြီး (သုမနကူဋ) တောင်ထိပ်၌ သီတင်းသုံးနေတော်မူ၏။

ဘုရားရှင်သည် တန်ခိုးတော်ဖြင့် ပြည်သူတို့အား ချမ်းသာစေတော်မူ၍—

"လူအပေါင်းတို့သည် ငါ၏အထံသို့ လာရောက်နိုင်ကြစေကုန်သတည်း"ဟု အဓိဋ္ဌာန် ပြုတော်မူ၏။

ထိုအခါ—

သမိန္ဒ မင်းနှင့်တကွ တိုင်းသူပြည်သားတို့သည် ဘုရားရှင် သီတင်းသုံးတော်မူရာ သုမနကူဋ တောင်ထိပ်သို့ လာရောက်ကြပြီး အမျိုးမျိုးသော ပူဇော်မှုကို ပြုကြကုန်၏။

ထို့နောက် ဘုရားရှင်နှင့်တကွ သံဃာတော်မြတ်တို့ကို ပင့်ဘိတ်၍ မဟာစေတီတည်ရာ၌ သီတင်းသုံး နေတော်မူပြီး ဆွမ်းအလုပ်အကျွေးဖြင့် ဆည်းကပ်မှုကို ပြုကြကုန်၏။

*

၃။ **ကဿပ** ဘုရားရှင်လက်ထက်တော်၌—

ဤသီဟိုဠ်ကျွန်းသည် (မဏ္ဍဒီပ) ကျွန်းဟု ထင်ပေါ် ကျော်ကြားခဲ့၏။

ထိုအချိန်၌—

ဇယန္တာမင်းနှင့် ညီတော် ဘလ္လမင်းသားတို့သည် စစ်တိုက်၍ သတ္တဝါတို့ သေကျေ ပျက်စီးကြကုန်၏။

ကဿပ ဘုရားရှင်သည်–

မဟာ ကရုဏာတော်ဖြင့် ရဟန္တာပေါင်း ခြောက်သောင်း ခြံရံလျက် မဏ္ဍဒီပကျွန်းသို့ ကြွလာတော်မူပြီး (သုတ) တောင် ထိပ်၌ သီတင်းသုံးနေတော်မူ၏။

ထိုနောက်–

“ငါဘုရား၏ အထံသို့ လာရောင်နိုင်ကြစေ ကုန်သတည်း”ဟု အဓိဋ္ဌာန်ပြုတော်မူ၍ ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဇယန္တာ မင်းနှင့်တကွ ပြည်သူ အပေါင်းတို့သည် လာရောက်ဖူးမြင်ကြကုန်၏။

မင်းညီနောင်နှစ်ပါးတို့သည်–

အချင်းချင်း ဒေါသပြေငြိမ်းပြီး ဘုရားရှင်ကို ပင့်ဆောင် ကာ မဟာစေတီတည်ရာ၌ သီတင်းသုံး နေစေတော်မူပြီး ဆွမ်းခဲဘွယ်တို့ဖြင့် ပူဇော်မှုကို ပြုကြကုန်၏။

*

၄။ ဂေါတမ ဘုရားရှင်လက်ထက်တော်၌–

ဤသီဟိုဠ်ကျွန်းသည် (သီဟဠဒီပ) အမည်ဖြင့် ထင်ရှား၍ လာပေ၏။

ဂေါတမ ဘုရားရှင်သည်–

သုံးကြိမ် တိုင်အောင် ဤသိဟိုဠ်ကျွန်းသို့ ကြွလာတော်မူ၏။ ဘုရားဖြစ်စကပင် ကြွလာတော်မူ၍ ကျွန်း၌ နေသော ဘီလူးတို့အား ဆုံးမတော်မူ၏။

နှစ်ကြိမ်မြောက်၌မူ (စူဠောဒရ မဟောဒရ) နဂါးမင်းတို့အား ဆုံးမတော်မူ၏။

သုံးကြိမ်မြောက်၌မူ (ကလျာဏီ) အနီး၌ နေသော (မဏိ-အက္ခိက) နဂါးမင်းပင့်ဘိတ်၍ သံဃာတော်နှင့်တကွ ကြွလာတော်မူလျက် ကလျာဏီမြစ်အနီး၌ ဆွမ်းဘုန်းပေးတော် မူပြီး ရေသပ္ပါယ်တော်မူ၍ မဟာဗောဓိပင် ဌာနသို့ ကြွတော်မူ၏။

ဖလသမာပတ်ကို ဝင်စားပြီးမှ တဖန်၊ မဟာစေတီတည်ရာ၌ ဝင်၍ စံနေတော်မူ၏။

(မဟာစေတီအကြောင်း ဗုဒ္ဓကြေးမုံ စာအုပ်၌ ပါရှိပြီး ဖြစ်သည်)

ထိုနေ့တွင် ဘုရားရှင်သည်—

ရှေးနောင်တော် ဘုရားရှင်တို့၏ (ရေစစ်တော် ခါးပန်းတော် ရေသနုတ်တော်) တည်းဟူသော ပရိဘောဂတို့၏ တည်ရာ အရပ်၌၊ ဖလသမာပတ်ကို ဝင်စားပြီးလျှင်၊ ကဿပ ဘုရားရှင် သီတင်းသုံးတော်မူဘူးသော (သောမနဿ) တန်ဆောင်း နေရာ၌ရင်း၊ ဂင်္ဂါမြစ်၏ ထိုမှာဘက် (လင်္ကာဒီပ) ကျွန်း၌ရင်း စံနေတော်မူ၏။

ဤသို့လျှင် ဘုရားရှင်လေးဆူ ကြွတော်မူကြောင်းကို မဟာဝင်၌လာရှိ၏။

ပါရာဇိကဏ် အဋ္ဌကထာ၌—

အရှင် မဟိန္ဒသည် ဇမ္ဗူဒီပါကျွန်းမှ ရွှေဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ ပြန်ကြွတော်မူပြီး မိဿက တောင်ထိပ်၌ သက်ဆင်း၍ (ဒေဝါနံ- ပိယတိဿ) မင်းအား သဒ္ဓါတရားကို ပွားများစေပြီးမှ သီဟိုဠ် ကျွန်း၌ သာသနာပြုကြောင်း လာရှိ၏။

ထို့ကြောင့် ဤမျှလောက်သော ကြက်သရေအပေါင်းတို့၏ ကိန်းအောင်းရာ ဖြစ်သည့်အတွက် မင်္ဂလာကျွန်းဟုလည်း ခေါ်ဆို၏။

သို့သော် ဤသီဟိုဠ်ကျွန်းသည်—

(သီဟဠ · ဒီပ)ဟူသော ရှေးဟောင်းအမည် ရွှေပြောင်းပြီး (ဆီလုံ) ဟု တွင်လာခဲ့ပေ၏။ ယခုတဖန် (သီရိလင်္ကာ) ဟု တွင်လာပြန်၏။

ရှေးအခါ၌ ဝင်းကျွန်းသည်—

အလျားယူဇနာ (၅၈) အနံယူဇနာ (၃၀)ရှိ၏။ အရံကျွန်းငယ်တို့ဖြင့်လည်း ခြံရံလျက်ရှိ၏ဟု (ဖာဟိယန်) ကျမ်း၌လာရှိ၏။ အကျယ်အဝန်း မိုင်ပေါင်း (၇၀၀)ကျော်မျှ ရှိသည်ဆို၏။

## ၃၂။ ဘုရားရှင် ပထမအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

ဂေါတမ ရှင်တော်ဘုရားသည်—

ဘုရားဖြစ်ပြီးနောက် ပြာသိုလပြည့် ညချမ်းအချိန်၌ နောင်အခါ၌ သာသနာ ထွန်းစိမ့်သောငှါ (လင်္ကာဒီပ) မည်သော သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၏။

ကျွန်း၏ အလယ်၌ အလျားသုံးယူဇနာ။ အနံ တယူဇနာရှိသော (မဟာနာဂဝန် ဥယျာဉ်) တည်ရာ၌ နတ်ဘီလူးတို့ အစည်းအဝေး ပြုလုပ်နေသည်ကို မြင်တော်မူ၏။ ထိုအခါ ဘုရားရှင်သည် အထက်ကောင်းကင်မှ ရပ်တော်မူ၍ စိတ်ဖြင့် ဓိဋ္ဌာန်တော်မူပြီး—

ကမ္ဘာပျက်မိုးနှင့်တူသော— မိုးကြီးကို ရွာစေ၏။

ကမ္ဘာပျက်လေနှင့်တူသော— လေကြီးကို ဖြစ်စေ၏။

လောကန္တရိတ် ငရဲနှင့်တူသော— အမိုက်တိုက်ကို ဖြစ်စေ၏။

အေးချမ်းမှုကို လွန်စွာဖြစ်စေ၏။

ထိုသို့အားဖြင့် ဘီလူး အပေါင်းတို့ကို ထိတ်လန့်စေပြီးမှ ကိုယ်တော်ကို ထင်ရှားစွာ ပြတော်မူ၏။

ထိုအခါ ဘီလူးအပေါင်းတို့သည် လွန်စွာ ထိတ်လန့်ကြသည် ဖြစ်၍ ဤသို့လျှောက်ထားကြ၏။

"အရှင်သူမြတ်ဘုရား"

ဤ ကြောက်မက်ဘွယ်သောမိုးကြီး-လေကြီး- အမိုက်တိုက်ကြီးတို့ကို ငြိမ်းအောင် ပြုပေးတော်မူပါဘုရား"ဟု တောင်းပန်လျှောက်ထားကြလေ၏။

ထိုအခါ ဘုရားရှင်သည် တန်ခိုးတော်အားဖြင့် မိုး- လေ အမိုက်တိုက်တို့ကို ငြိမ်းအေးစေပြီး—

"ငါ့အား နေရာကို ပေးကြကုန်လော့" ဟု မိန့်တော်မူ၏။

ဘီလူးတို့သည် ကြည်ညိုကြသည်ဖြစ်၍ "ဤကျွန်းမြေ၌သာနေ၌ နေတော်မူပါဘုရား"ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ရှင်တော်ဘုရားသည်—

ကောင်းကင်မှ သက်တော်မူ၍ (မဟိယင်္ဂဏ) စေတီတည်မည့် နေရာ၌ ထိုင်တော်မူ၏။ ထိုအခါ နတ်ဘီလူးတို့သည် ဖူးမြင်ခြင်းငှါ ရောက်လာကြသော်—

ဘုရားရှင်သည်–

အံ့ဘွယ်သရဲ ဖြစ်စိမ့်သောငှါ၊ တိုင်တော်မူသော နေရာမှ အလျှံပြောင်ပြောင် တောက်၍ ကြောက်မက်ဘွယ် အသံကြီးကို ဖြစ်စေ၏။ ဘီလူး အပေါင်းတို့သည် လွန်စွာ ကြောက်လန့်၍ သမုဒ္ဒရာနားသို့ ပြေးကြကုန်၏။

ရှင်တော်ဘုရားသည်—

ဘီလူးကြမ်းတို့ကို သီဟိုဠ်ကျွန်း၏ အရှေ့တောင်ထောင့်၌ရှိသော (ဂိရိဒီပ) သို့ရောက်စေ၍ ထိုဘီလူးတို့ ပြန်မလာစိမ့်သောငှါ၊ ကျွန်းအလုံးကို သုံးကြိမ်တိတိ လက်ျာရစ် လှည့်တော်မူ၍ ပရိတ်

အရုံအတားများကို ပြုတော်မူ၏။ ယင်းသို့ ပရိတ်ရွတ်တော်မူပြီးမှ နေမြဲသော အရပ်၌ (ဖလသမာပတ်)ကို ဝင်စား၍ နေတော်မူ၏။

ဤအခါများစွာသော နတ်ဘို့အား တရားဟောတော်မူ၏။ အချို့ သောတာပန်,အချို့သရဂါမ်,အချို့ ငါးပါးသီလ၌ တည်လေကုန်၏။

သုမနကူ၌ တောင်၌နေသော (မဟာသုမန) နတ်မင်းသည် သောတာပန်၌ တည်၏၊ ဘုရားရှင်ထံသို့ကပ်၍—

"အရှင်ဘုရား—

တပည့်တော်နှင့် တကွသော သတ္တဝါ အပေါင်းတို့အား သနားသောအားဖြင့် ရှည်မြင့်စွာ ကိုးကွယ်နိုင်ရန် ကိုယ်တော်မှ ဖြစ်သော အမွေအနှစ်ကို သနားတော်မူပါဘုရား"ဟု တောင်းပန် လျှောက်ထား၏။

ဘုရားရှင်သည်—

ဦးခေါင်းတော်ကို လက်ဖြင့်သုံးသပ်၍ပါလာသော ဆံတော်ခတ် လက်တဆုပ်စာကို ပေးတော်မူပြီး ဇမ္ဗူဒိတ်ကျွန်း (ဥရုဝေလ) တောသို့ ပြန်ကြွတော်မူ၏၊

မဟာသုမန နတ်မင်းသည်—

ဆံတော်တဆုပ်ကိုရလျှင် ရွှေပန်းတောင်းဖြင့် ခံယူ၍ ဘုရားရှင် ထိုင်တော်မူရာအရပ်၌ ရတနာ (၇) ပါးဖြင့်ပြီးသော စေတီကိုပြု၍ ဆံတော်ကို ဌာပနာ၏။ ဣန္ဒနီလာ ကျောက်ဖြင့် လွှမ်းသပ်၍ ထိုစေတီကို (မဟိယင်္ဂန) စေတီဟု သမုတ်၏။

ဘုရားရှင် ပရိဗ္ဗာန် စံဝင်သောအခါ....

ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော (သရဘူ) အမည်ရှိသော မဟိဒ္ဓိရဟန္တာကြီးသည် (မဟိဒ္ဓိ= တန်ခိုးကြီးသော) အရှံဖြစ်သော ရဟန်းတထောင်နှင့် စန္ဒကူး ထင်းပုံတော်ကို လက်ျာရစ်လှည့်၍ ပူဇော်ပြီးလျှင် ကိုယ်တော်မှ (လည်ရိုးတော်ဓာတ်) ကို တန်ခိုးဖြင့်ယူ၍ ဤသီဟိုဠ်ကျွန်းသို့ ကောင်းကင်ခရီးဖြင့် ကြွလာ၍ ဤမဟိယင်္ဂဏ စေတီ၌ ဌာပနာ၏။

ပြီးတော့ အဆီခဲ အဆင်းနှင့်တူသော (မေဒဝဏ္ဏ) ကျောက်တို့ဖြင့် လွှမ်းထပ်၍ စေတီရပ်= တဆယ့်နှစ်တောင်= မြင့်အောင်ပြုပြီး သုမနနတ်မင်းအား အပ်နှံလျက် ထိုအရှင်သည် ကုသိန္နာရုံပြည်သို့ ကြွတော်မူ၏။

ထိုနောက် (ဒေဝါနံ- ပိယတိဿ) မင်း၏ ညီတော်ဖြစ်သော (ဥဒ္ဒစူဠာဘယ) မင်းသားသည် ဤအရပ်ကိုစားရသည်တွင် (မဟိယင်္ဂဏ) စေတီ၌ ရဟန္တာတို့ ပူဇော်သည်ကိုရင်း၊ ညအခါ နတ်တို့ တီးမှုတ်ပူဇော်သော အသံကိုရင်း ကြားရ၍ ထိုကျောက်စေတီမြတ်ကို ပကတိသော အုတ်တို့ဖြင့် လွှမ်းထပ်၍ အရပ်အတောင် (၃၀) မြင့်အောင် တည်ပြန်၏။

ထိုနောက် ဒုဋ္ဌဂါမဏိ မင်းမြတ်သည်....

အလုံးစုံသော အကြောင်းကို ကြားသိ၍ စေဘနာပြန့်ပွားလှရကား ထိုစေတီကို လွှမ်းထပ်၍ သံတောင် (၈၀) မြင့်အောင် လုပ်ဆောင်တော်မူ၏။

ထို့ကြောင့် ဤ (မဟိယင်္ဂဏ) စေတီသည် သီဟိုဠ်ကျွန်း၌ ပထမဦးစွာ တည်သော စေတီတော်ဟု ခေါ်ဝေါ်ကြသည် ဆို၏။

ထိုစေတီမြတ်သည်....

ယခုအခါ ပြိုပျက်လျက် တစိတ်တဒေသမျှသာ ရှိတော့သည် ဆို၏၊ ထိုစေတီကြီး၏ အနီးမှာ (ဖလရုဟ) ဗောဓိပင်ကြီး တပင်ရှိ၏။

ကန္ဒီမြို့မှ အရှေ့မြောက် ခတ်ယွန်းယွန်း (၄၇) မိုင်ကွာဝေး၏။ မော်တော်ကားနှင့် တောင်စဉ်တလျှောက် အထက်အောက် သွားရ၏။

မဟိယင်္ဂဏ စေတီသည် မော်တော်ကားလမ်းအဆုံး ဂင်္ဂါ မြစ်ကမ်း၌ တည်ရှိနေသည်ဆို၏။

ထိုစေတီတော်၏ အနီး၌....

ရှမ်းဘုန်းတော်ကြီးများ နေကြသည်ဆို၏။ ၎င်းဘုန်းတော်ကြီးများ၏ ကျောင်းတိုက်၌ တည်းခိုနိုင်ကြ၏။ စားဘွယ်သောက်ဘွယ်တို့ကို လွယ်ကူစွာရနိုင်၏။ လမ်းစဉ်တလျှောက် ဈေးဆိုင်များစွာ ရှိသည်ဆို၏။

(မုတိယင်္ဂဏ- စေတီဟူ၍ သာရတ္ထဋီကာ ပတွဲ- နှာ ၁၇၆ တွင်ပါရှိသည်။)

## ၂၃။ ဘုရားရှင် ဒုတိယအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူခြင်း

ဂေါတမ ရှင်တော်ဘုရားသည်....

ဘုရားဖြစ်၍ ငါးနှစ်မြောက်သောအခါ၌၊ ဇေတဝန်ကျောင်းတော်သို့ ရောက်သည့်အခါတွင်၊ သီဟိုဠ်ကျွန်း၌ (တူနှင့်-ဦးရီး) ဖြစ်သော (စူဠောဒရ နဂါးနှင့်-မဟောဒရနဂါး)တို့သည် ရန်စစ် ဖြစ်ကြကုန်၏။

စစ်ဖြစ်ရသော အကြောင်းရင်းမှာ....

ရာစ မည်သော မြစ်၏အလယ်၌ရှိသည့် နာဂဒီပ ကျွန်း၌နေသော စူဠောဒရ နဂါးသည်၊ မြေ၌နေသော နဂါးမျိုးဖြစ်၏။

မဟောဒရ နဂါးသည် ရေ၌နေသော နဂါးမျိုးဖြစ်၏။

ထိုမဟောဒရ၏ မိဘတို့သည် သမီးဖြစ်သော (ကဏ္ဍဝမာနာ-ဒေဝီ)ကို စူဠောဒရ၏ ဘခင်ဖြစ်သော တောင်နေနဂါးမင်းနှင့် ထိမ်းမြားပေး၏။ ထိုအခါ ရတနာ (၇)ပါးတို့ဖြင့် ပြီးသော(မဏိပလ္လင်ကို)ကိုလက်ဖွဲ့လိုက်၏။

လက်ဖွဲ့လိုက်သော မိဘနှစ်ပါးတို့ ကွယ်လွန်၍ သားဖြစ်သူ မဟောဒရ မင်းဖြစ်လေလျှင်၊ ထိုမဏိပလ္လင်ကိုနှစ်မနှင့်ယောက်ဖထံမှ ပြန်တောင်း၏။ ထိုသူတို့ကလည်း ပြန်၍မပေးကုန်။

နှစ်မနှင့် ယောက်ဖတို့ သေလွန်၍ တူဖြစ်သော စူဠောဒရ မင်းဖြစ်လျှင် မဟောဒရသည် ပလ္လင်ကို အတင်းအကြပ်ပြန်တောင်းပြန်၏။

စူဠောဒရကလည်း ပြန်မပေး။ ထို့ကြောင့် နဂါးနှစ်ဦးတို့ စစ်ဖြစ်ကြကုန်၏။ ဂေါတမ ဘုရားရှင်သည် ထိုအကြောင်းကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဆင်ခြင်တော်မူ၏။

"ငါသည် သီဟိုဠ်ကျွန်းသို့ ကြွ၍၊ ဤနဂါးနှစ်ဦးတို့၏စစ်ပွဲကို ဖြန်ဖြေဆုံးမရသော် သတ္တဝါအပေါင်းတို့သည် ချမ်းသာမှု ရကုန်လတ္တံ့"ဟု ကြံတော်မူ၍....

သာဝတ္ထိပြည်၏အနီး တခုသော လင်းလွန်းပင်ရင်း၌ နေသည့် (သုမန)နတ်သားကို "သီဟိုဠ်ကျွန်းရှိ နာဂဒီပကျွန်းသို့ ငါနှင့်လိုက်ခဲ့"ဟုဆို၍ သက္ကရာဇ် (၁၀၁)ခုနှစ် တန်ခူးလကွယ် နေ့ နံနက်တွင် ကြွတော်မူ၏။

သုမန နတ်သားသည်—

မိမိနေသော လင်းလွန်းပင်ကိုနှုတ်၍ ထီးမိုးလျက်လိုက်၏။ ရောက်သောအခါ ဘုရားရှင်သည် နဂါးနှစ်ဦးတို့၏စစ်ပွဲအလယ် ဖြစ်သော ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထက်ဝန်းကျင်မှ လောင်မီးမိုးကြိုး၊ တိမ်ခိုးမှုန်တိုင်းနှင့် အမိုက်မှောင်ကြီးတို့ကို ဖြစ်စေတော်မူ၏။

နဂါးတို့သည်—

လွန်စွာ ကြောက်လန့်သွားသောအခါမှ ထိုအမိုက်တိုက်ကို လင်းအောင် နေမင်းတထောင်ထွက်သကဲ့သို့ ပြိုးပြိုး ပျက်ပျက် သော ရောင်ခြည်တော် ခြောက်သွယ် ကို့ကို လွှတ်၍ ကြည်ညို ဘွယ်သော ကိုယ်တော်၏ အဖြစ်ကို ထင်စွာပြတော်မူ၏။

ထိုအခါ နဂါးတို့သည် အကြောက်ပြေ၍ လက်နက်ချပြီး လျှင် ဘုရားရှင်ထံသို့ ဝန်းရံကာ ပူဇော်လာကုန်၏။

ဘုရားရှင်သည် ထိုနဂါးနှစ်ဦးတို့အား စစ်မဖြစ်ကြရန်တရား ထူးတို့ဖြင့် ကောင်းစွာ ဟောပြောဆုံးမတော်မူ၏။ အကုဋ္ဌေ မကသော ရေနဂါး ကုန်းနဂါးတို့အား သရဏဂုံနှင့် ငါးပါး သီလကို ပေးတော်မူ၏။

ကလျာဏီမြစ်ဝ သမုဒ္ဒရာ၌နေသော မဟောဒရ နဂါးမင်း ၏ ဦးရီးဖြစ်သော (မဏိအက္ခိက) နဂါးမင်းသည် ဘုရားရှင် ပထမအကြိမ် ကြွလာစဉ်ကပင် သရဏဂုံ၌ တည်သူဖြစ်၏။

မဏိအက္ခိက နဂါးမင်းသည် နဂါးအပေါင်းတို့၏အလယ်၌ နေ၍ ဘုရားရှင်အား ဤသို့ လျှောက်ထား၏။

အရှင်သူမြတ်ဘုရား—

အရှင်ဘုရားသည် ယခုလို ဤနာဂဒီပ ကျွန်းသို့ ကြွမလာ ခဲ့သော် တပည့်တော်တို့နဂါးအားလုံးသည် ပြာဖြစ်ရပါတော့ မည်။ အရှင်ဘုရားကြွလာတော်မူ၍သာ စစ်ပြေငြိမ်း၍ ချမ်းသာ မှုရကြပါသည်။ အလွန်အကျိုးရှိပါသည်။ နောင်ကိုလည်း ကြွ တော်မူပါဘုရား။ ဤပတ္တမြားပလ္လင်ကိုလည်း အလှူခံတော်မူ ပါဘုရား''ဟု ရိုသေစွာလျှောက်ထားလေ၏။

ဘုရားရှင်သည်—

ပတ္တမြားပလ္လင်ကို အလှူခံ၍ ထိုင်တော်မူပြီးမှ....

"ငါဘုရားသုံးတော်မူပြီးသော နေရာသည်၊ သင်တို့ပူဇော်ခြင်းငှါ ထိုက်၏။ ဤပလ္လင်ကိုရင်း၊ လင်းလွန်းပင်ကိုရင်း၊ ပရိဘောဂ စေတီပြု၍ ကိုးကွယ်ကြကုန်။

ဤသို့ပူဇော်လျှင် သင်တို့ အကျိုးများလတ့်" ဟု မိန့်တော်မူ၏။ လင်းလွန်းပင်ကိုလည်း စိုက်တော်မူခဲ့၏။

သုမန နတ်သားကိုလည်း—

ထိုသစ်ပင်၌ထားခဲ့၏။ နဂါးတို့ကိုလည်း အချင်းချင်းမြတ်နိုးမှုရှိကြစေရန်၊ ဩဝါဒ ပေးတော်မူ၏။ ထိုသို့ပြုတော်မူပြီးမှ ဇမ္ဗူဒိတ်ကျွန်း ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

နဂါးတူအရီးတို့သည်—

ထိုပတ္တမြားပလ္လင်ကို ဌာပနာ၍ စေတီ တည်ကြလေကုန်၏။ ဘဖန် ထိုစေတီကို မျိုငုံပြီး ဓာတ်တော်ဌာပနာနှင့်တကွ စေတီတော်ကြီး တည်ကြကုန်၏။

စေတီတော်၏ ပမာဏမှာ—

အဝိုင်းလုံးပတ် အောက်ဘိနပ်တော်(၂၀၆)တောင် အမြင့်အတောင်(၆၀)ခန့်ရှိ၏။ စေတီတော်အနီးကပ်လျက် ဗောဓိပင်တပင်ရှိ၏။

ရင်းပြင် အလျား (၄၂)တောင်။ အနံ (၂၇) တောင်ခန့် ပမာဏရှိသော ကလျာဏီ သိမ်တော်ကြီးသည် ထိုဗောဓိပင် အနီး၌ ရှိ၏။

ကလျာဏီ ခေါ်သော မြစ်နားဌ် တည်ရှိသောကြောင့် ကလျာဏီစေတီတော် ကလျာဏီ သိမ်တော်ကြီးဟု ခေါ်ဆိုကြသည်ဆို၏။

*

## ၃၄။ ဘုရားရှင် တတိယအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

ဂေါတမရှင်တော်ဘုရားသည်....

နာဂဒီပကျွန်းသို့ ကြွတော်မူ၍ ရှစ်နှစ်မြောက်သောအခါ သက္ကရာဇ်(၁၁၁)ခုနှစ်၊ ကဆုန်လွန်း (၈)ရက်နေ့၌....

ကလျာဏီမြစ်ဝတွင်နေသော မဟောဒရနဂါးမင်း၏ ဦးရီးဖြစ်သော (မဏိအက္ခိက)နဂါးမင်း၏ ပင့်ဘိတ်ချက်အရ သံဃာတော် ငါးရာနှင့်တကွ ကဆုန်လပြည့်နေ့၌ ကြွတော်မူ၏။

ကလျာဏီမြစ်၏အနီး နဂါးတို့ ဖန်ဆင်းအပ်သော ရတနာမဏ္ဍပ်၌ ဆွမ်းဘုဉ်းပေးတော်မူ၏။

နဂါးတို့အား ဆန်းကျယ်သော တရားစကားတို့ဖြင့် ဟောကြားတော်မူ၏။ ကလျာဏီမြစ်၌ ရေသပ္ပါယ်တော်မူ၏။

ထို့နောက် ကောင်းကင်ခရီးဖြင့်—

သုမနနတ်မင်းကြီးနေသော တောင်သို့ ကြွတော်မူ၏။ နတ်မင်း တောင်းပန် သောကြောင့် ထိုတောင်ထိပ်၌ ခြေတော်ရာ နှံ့ခဲ့ပြီး၊ ဒီဃဝါပိ အရပ်သို့ကြွ၍ စေတီတည်ထိုက်သောအရပ်၌ (ဖလသမာပတ်) ဝင်စား၍ နေတော်မူ၏။

ထို့နောက်....

မဟာမေဃဝန်ဥယျာဉ် တည်ရာသို့ကြွ၍ (ဗောဓိပင်) တည်လတ့ံသောအရပ်၌ ဖလသမာပတ်ကို ဝင်စားတော်မူ၏။

ထို့နောက်....

မဟာစေတီ တည်လတ့ံသောအရပ်၊

ထူပါရာမစေတီ တည်လတ့ံသောအရပ်၊

သေလစေတီ တည်လတ့ံသောအရပ်၊

တို့၌ ဖလသမာပတ်ကို ဝင်စားတော်မူပြီး ဇမ္ဗူဒိပ်ကျွန်းရှိ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

## ၃၅။ ဘုရားရှင်၏ခြေတော်ရာများ

ဂေါတမရှင်တော်ဘုရားသည်....

ရှစ်ဝါမြောက်သောအခါ၌ သီဟိုဠ်ကျွန်း (သုမန) တောင်တော်၌ ခြေတော်ရာတဆူ။

ဇမ္ဗူဒိတ်ကျွန်း ယောနကတိုင်း....

နမ္မဒါမြစ်အနီး၌ ခြေတော်ရာတဆူ။

သစ္စဗန္ဓ တောင်ထိပ်၌ ခြေတော်ရာတဆူ ချတော်မူခဲ့၏။

ထိုသုံးဆူသော ခြေတော်ရာတို့တွင်....

သီဟိုဠ်ကျွန်း၌ရှိသော ခြေတော်ရာကို ဒုဋ္ဌဂါမဏိမင်းကြီးသည် နောင်သောအခါ မိစ္ဆာဒိဋ္ဌိတို့ မဖျက်ဆီးနိုင်စေရန်၊ နန္ဒိမိတ္တသူရနိမ္မိလ စသော သူရဲကောင်းတကျိပ်တို့ကို ကျောက်ဖျာကြီးဖြင့် ဖုံးအုပ်၍ထားစေ၏။

ခြေတော်ရာအစစ်သည် ကျောက်ဖျာကြီးအောက်တွင်ရှိသည်ဆို၏။ အပေါ်၌ရှိသော ခြေတော်ရာသည် အတုပုံစံမျှသာဖြစ်သည်ဆို၏။

ကျောက်ဖျာကြီးပေါ်၌ရှိသော ခြေတော်ရာသည် အလျား ၅-ပေနှင့် ၅-လက်မ။

ခြေဖဝါးအလျားအနံ (၂-ပေနှင့် ၁၀-လက်မ)

ခြေဖနောင့်အဝင်းခုံ (၁၆- ပေနှင့် ၁၁. လက်မ) ရှိသည်ဆို၏။

သီဟိုဠ်ကျွန်းသို့ ဘုရားရှင်ကြွတော်မူ၍....

သုမနတောင်ထိပ်၌ ချတော်မူခဲ့သော ခြေတော်ရာ၏ တန်ခိုးတော်များမှာ....

ယခုကာလ ဗုဒ္ဓဘာသာစသော လူမျိုး (၁၀၁)ပါးတို့သည် ထိုခြေတော်ရာရှိရာသို့ လာရောက်ကြကုန်၍ မိမိတို့ ကိုးကွယ်ရာဘုရားသခင်၏ ခြေတော်ရာဟုရည်မှတ်လျက် ဖူးမြင်ကြကုန်သည်ဆို၏။

(လူမျိုး ၁၀၁-ပါး နောက်အခန်း၌ ပါရှိသည်။)

အဓိပ္ပါယ်မှာ–

ထိုခြေတော်ရာကို ဗုဒ္ဓဘာသာ လူမျိုးတို့ကလည်း ငါတို့ ကိုးကွယ်သော ဂေါတမဘုရားရှင်၏ ခြေတော်ရာဟု အယူရှိကြကုန်၏။

မူဆလမန် လူမျိုးတို့ကလည်း–

ဤခြေတော်ရာသည် ငါတို့ကိုးကွယ်ရာ (ခိုဒါ) ခေါ်သော ဿဝရဘုရားရှင်၏ ခြေတော်ရာဖြစ်သည်ဟု အာရုံပြု၍ကိုးကွယ်ကြကုန်၏။

ဟိန္ဒူလူမျိုးတို့ကလည်း–

ငါတို့၏ (ရာမ)ဘုရားသည် သီဟိုဠ်ကျွန်းသို့လာရောက်သောအခါ ချထားခဲ့သော ခြေတော်ရာဟု ယုံကြည်ပြီး ပူဇော်ကြကုန်သည်ဆို၏။

ဟိန္ဒူ အချို့ကလည်း၊

ဤခြေတော်ရာသည် (ထ၁၀ရ) ဘုရားသခင်က စေလွှတ်၍ (ဗိရှဏု)ခေါ်သော ဘုရားသခင်သည် ကိုယ်တိုင် လာရောက်၍ ချထားခဲ့သော ခြေတော်ရာဟု သက်ဝင်ပူဇော်ကြ ကုန်သည် ဆို၏။

ဤသို့ စသည်စသည်ဖြင့် ဘာသာအမျိုးမျိုးတို့သည် အကိုးအကားတခုစီပြု၍ လာရောက် ပူဇော်ကြသည်ကို မျက်မြင်ဒိဋ္ဌ တွေ့ကြုံကြရသည်ဆို၏။

ၐင်းသို့သွားရန် ခရီးစဉ်မှာ—

ကန္ဒီမြို့မှ ဟတ္တန်ဘူတာသို့သွားရ၏။ ၎င်းမှ (၁၂) မိုင်ဝေးသော (မဿဂိရိ) ရွာသို့ မော်တော်ကားဖြင့် သွားရ၏။ ၎င်းမှဆက်၍ (၁၀)မိုင်မျှ ကားဖြင့်ဖြစ်စေ၊ ခြေလျင်ဖြစ်စေ၊ သီဟိုဠ်အခေါ် (စေတိပါဒ) စေတီရင်းသို့ သွားရ၏။

၎င်းတောင်ခြေရင်းမှတဖန် အချိန်ကိုကြည့်၍ တောင်ထိပ်သို့ တက်ရ၏။ သီဟိုဠ်ကျွန်း၌ ခြေတော်ရာသည် အမြင့်ဆုံးသော တောင် ဖြစ်သည်ဆို၏။

တောင်အောက်နှင့်တောင်၏အလယ်ခန့် လမ်းစဉ်တလျှောက်၌၊ တည်းခိုရန် ဇရပ်များ၊ ဈေးဆိုင်များရှိသည်ဆို၏။

စေတီပါဒ ခေါ်သော ခြေတော်ရာတောင်သည် (သခ်ိန္တမြို့-ကန္ဒီမြို့)မှ တောင်ဘက် (၆၄) မိုင်ဝေး၏။ ယခုအခါ သီဟိုဠ်

ဘာသာဖြင့် (ဆရိပါဒ) ဟူ၍ ခေါ်ဆို၏။ မြန်မာဘာသာ၌ စေတီပါဒဟု ထင်ရှားသည်ဆို၏။

လူသွားလူလာ ဘုရားဖူးများ အစဉ်မပြတ်ရှိ၏။ (ခြေတော်ရာ ချတော်မူခြင်း၏ အကြောင်းရင်းများကို (သာရတ္ထသင်္ဂဟ) ကျမ်း၌ လာရှိသည့်အတိုင်း တင်ပြခြင်းဖြစ်ပါသည်။

မှတ်ချက်။ မြန်မာပြည်မှ ရွှေစက်တော်သမိုင်းကြီးတွင် ခြေတော်ရာ သုံးဆူ အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားခြင်းကို တွေ့ရှိရသည်။

*

## ၃၆။ ပထမခြေတော်ရာ

ဂေါတမရှင်တော်ဘုရားသည်....

ဘုရားဖြစ်ပြီးသည့်နောက် ရှစ်ဝါမြောက်တွင် (မဏိအက္ခိက) နဂါးမင်းပင့်ဘိတ်၍ သံဃာပေါင်းငါးရာနှင့် ကြွတော်မူ၏။

သုမန (သမန္တကူဋ) တောင်ထိပ်၌ သုမန နတ်မင်း တောင်းပန်၍ ရှေးဦးစွာ ပထမခြေတော်ရာ တဆူချတော်မူသည်။

(စွယ်စုံကျော်ထင် -ပ- နှာ၁-၅၉-မှ ထုတ်နှုတ်သည်)

*

## ၃၇။ ဒုတိယခြေတော်ရာ

ဂေါတမရှင်တော်ဘုရားသည်....

ဝါတော် (၂၀)ကျော်တွင် ရှေးအခါ (သုနာပရန္တ-ယောနက)တိုင်းသို့ ကြွမြန်းတော်မူရာတွင်....

ယခုအခေါ်—

မင်းဘူးခရိုင် (စကုမြို့နယ်အနောက်ပိုင်း) တောတောင်ကြီးအတွင်း၌ စီးဆင်းအပ်သော (နမ္မဒါ) မည်သော မန်းမြစ်၏ ကမ်းနဖူး ကျောက်ဖျာပေါ်၌ (နမ္မဒါ)နဂါးမင်း တောင်းပန်အပ်သောကြောင့် ဒုတိယခြေတော်ရာ ချတော်မူသည်။

အောက်စက်တော်ရာ။

*

## ၃၈။ တတိယခြေတော်ရာ

ဂေါတမရှင်တော်ဘုရားသည်—

အောက်စက်တော်ရာကို ချတော်မူပြီးနောက်—

ခွေရစ်ပတ်ဝိုက် သုံးကြိမ်တိုင်အောင်ဦးခိုက်ရသော (နမ္မဒါ) မြစ်အနီး—

သစ္စဗန္ဓ-တောင်တော်၌—

သစ္စဗန္ဓ- ရဟန္တာမြတ် တောင်းပန်အပ်သဖြင့် တတိယခြေတော်ရာ တဆူချတော်မူသည်။

(အထက်စက်တော်ရာ)

မှတ်ချက်။ ။ခြေတော်ရာ သုံးဆူစလုံး ဝဲဘက်ခြေတော်ရာ ချည်း ဖြစ်သည်ဆို၏။

*

## ၃၉။ လူမျိုး (၁၀၁) ပါးရေတွက်ပုံ

မြန်မာ (၇)မျိုး။

၁။ မြန်မာ ၂။ ပြူ ၃။ တောင်သူ ၄။ ကမ်းယံ
၅။ ယော ၆။ ရခိုင် ၇။ ထားဝယ် ပေါင်း
(၇) မျိုး။

*

မွန် (၄) မျိုး

၁။ မွန်သိ ၂။ မွန်နံ ၃။ မွန်ညှို့ ၄။ မွန်အား
ပေါင်း (၄) မျိုး။

*

ရှမ်း (၃၀) မျိုး။

၁။ လင်း ၂။ သက် ၃။ ချင်း ၄။ ဂုဏ်
၅။ ရင်း ၆။ ကတူး ၇။ မြုံ ၈။ အကျော်
၉။ ဂင် ၁၀။ ရှိန် ၁၁။ ခနု ၁၂။ ယုအူ
၁၃။ ကရင် ၁၄။ ကချင် ၁၅။ မနော ၁၆။ ဝဇာ
၁၇။ မျက်နှာမြည်း ၁၈။ ကသည်း ၁၉။ ရေမီးထွက်
၂၀။ ကရက် ၂၁။ လဝ ၂၂။ လင်း

၂၃။ ပန်းလောင် ၂၄။ တရက် ၂၅။ ယွန်း
၂၆။ ရှမ်း ၂၇။ လစိုက် ၂၈။ တရုပ် ၂၉။ ယိုးဒယား
၂၀။ ဟန် ပေါင်း (၃၀)။

*

ကုလား (၆၀)မျိုး။

၁။ သုကဲ ၂။ ပုရန္တေ ၃။ အာသံ ၄။ ရေသူ
၅။ ပန်းသေး ၆။ ပဋိက္ခရေး ၇။ ဘင်းကလား
၈။ ကုလားဖြူ ၉။ ဘုရင်ဂျီ ၁၀။ အာလီ

၁၁။ သီဟိုဠ် ၁၂။ သိန္နး ၁၃။ စန္ဒာ
၁၄။ မောပါ ၁၅။ ဒေကို ၁၆။ နောကို
၁၇။ ဓောရှာ ၁၈။ ပစ္စိမာ ၁၉။ ဘောဒ ၂၀။ သုတ္တ

၂၁။ စင်းကြံ ၂၂။ ဦးပြဲ ၂၃။ စိနပတ္တံ
၂၄။ ပူရံ ၂၅။ သင်းတွဲ ၂၆။ ဘိလပ် ၂၇။ ပရမ်
၂၈။ ကလံ ၂၉။ ကလယ် ၃၀။ ပြင်သစ်

၃၁။ ဟောရတယ် ၃၂။ ဗာရာဏသီ ၃၃။ အင်္ဂလိပ်
၃၄။ လဟုန် ၃၅။ ဒံဒလိ ၃၆။ မဒရပ်
၃၇။ အင်ကျယ် ၃၈။ ကရှူး ၃၉။ ဘရှူး ၄၀။ ခလာသီ

၄၁။ အင်းရပ် ၄၂။ အာရမ္မဏီ ၄၃။ တပသီ
၄၄။ ပသီ ၄၅။ ဥတ္တရာ ၄၆။ လတ္တိကာ ၄၇။ ရမ့်
၄၈။ စေတုပ် ၄၉။ သက္ကတန် ၅၀။ ရာဘီ

၅၁။ ဘိန်းရိုး ၅၂။ မက္ကလိ ၅၃။ ဘူလိ
၅၄။ မထရာဇ ၅၅။ အော်လံတေ ၅၆။ အော်လံဘစ်
၅၇။ ယစ်ပလစ် ၅၈။ ဟော်ရတော် ၅၉။ ဇဂီ
၆၀။ ဘရင်ဂီ ပေါင်း—၆၀။

၄၀။ လူမျိုး ၁၀၁ ပါးလင်္ကာ

လူမျိုးကွဲလွဲ ခေါ်မြဲခြားနား
စကားမရိုင်း ခိုပ္ပါယ်လှိုင်းပိမ့်၊
တလိုင်းမျိုးမှာ မှတ်ရာစဥ့်စီ၊
မွန်သီမွန်နံ မွန်ညံမွန်အား
ပေါင်းလေးပါးတည့်။ ။

မှတ်သားတရိုး မျိုးရိုးမြွတ်စွာ
မြန်မာရခိုင် နှိုင်းပြိုင်တောင်သူ
ပြူကမ်းယံယော ထားဝယ်နှောက
မျိုးသတ္တတည့်။ ။

ထိုမှတခန်း ရှမ်းတိုးသာမှာ
မှတ်ပါမယွင်း လင်းသက်ချင်းဂုဏ်
မြုံဝင်ဝဇာ မျက်နှာမည်းဟု
ကသည်းရေမီးထွက် ကရက်အကြော်
မည်မော်ပန်းလောင် ထိုနောင်ညွန်းပြု

ယွန်းခနုပင် ကရင်ကချင်
ထိုပြင်တရက် တရုပ်ဘက်သား
ယိုးဒယားတနဲ မှတ်စွဲမုချ
ရှမ်းတို့သရောက်။ ။
သောကြတ္တဲ့ပုရန္တေ ရေသူအာသံ
မှတ်ရန်ပန်းသေး မဝေးထပ်ယူ
ကုလားဖြူဘရင်ဂျီ အာလီသီဟိုဠ်
ထိုပြင်စန္ဒာ မောပါဒေကို
နောထိုစောရာ ပစ္စိမာဘောဒ
သုတ္တစသား စိနပတ္တံ
ပုရံသင်းတွဲ ဥမြဲပရမံ
ကလံကလယ် ဟောရတယ်
ဗာရာဏသီ ဘံရင်ဂီလဟုန်
ဒံတလီမဒရပ် ဘိုလပ်ကလယ်
ဟောရတယ် ဗာရာဏသီ ဘချင်ဂီလဟုန်
ဒံတလီမဒရပ် ဘိလပ်ကလယ်
အင်ကျယ်ကရူး ဗရူးခလာသိ
အာရမ္မနိနှင့် တပသီ
ပသိဇဝိ ဟော်ရထော်
အော်လံတော အော်လံတစ်
မာဒရစ်နှင့် ရာဇ်ပလစ်တူလိ
မက္ကတိ လတ္တိကာ
ဥတ္တရာရံမ် သက္ကတံရတိ

မှတ်သိစေတုပ် မယုတ်အာရပ်
သိအပ်ထိုထို ဘိန်းချုံရေသူ
မှတ်ယူနိမိတ် အင်္ဂလိပ်နှင့် ပင္ဂိကွဲရား
တခြားသိမ်းဆို နည်းလိုမမှား
တရာ့တပါးလူ နည်းမျိုးမူကို
မှတ်ယူမခက် လက်ာမြွက်သည်
နှုတ်တက်ဆောင်ရန် အကျဉ်းတည်း။

လူမျိုး (၁၀၁) ပါး လင်္ကာပြီး၏။

ရင်းအကိုချုပ်မှတ်ရန်

* ကုလားခြောက်ဆယ်
* ရှမ်းသုံးဆယ်
* ဗမာခုနှစ်မျိုး
* မွန်လေးမျိုး

(လောကဟိတရာသီကျမ်းမှ)

ယနောင်စာပေ

## ၄၁။ ခြေတော်ရာသုံးကြိမ် တိမ်မြုပ်ခြင်းများ

မှတ်ချက်။ ။ရွှေစက်တော် သမိုင်းကြီးတွင် မင်းဘူးခရိုင် အတွင်း၌ ယနေ့တိုင်အောင် တည်ရှိကိုးကွယ် နေကြသော စက်တော်ရာ (ခြေတော်ရာ များ) ယခင်က သုံးကြိမ်သုံးခါ တိမ်မြုပ် ခဲ့ဘူးကြောင်း အောက်ပါအတိုင်း ပြဆို ထားသည်။

*

### ၁။ ခြေတော်ရာ ပထမအကြိမ် တိမ်မြုပ်ခြင်း

ဘုရားရှင်၏ ခြေတော်ရာ နှစ်ဆူကို ချတော်မူပြီးသည်မှ နှစ်ပေါင်း (၂၂၄၀) တိုင်အောင် လူတို့ မတွေ့မမြင် တန်ခိုး တိမ်မြုပ်နေကြောင်း ဆိုသော စကားမှာ များစွာမသင့်လျော် သော စကားဖြစ်သည်။

အမှန်ကို စဉ်းစားလျှင် ပုဂံပြည်တွင် (၃၇)ဆက် မြောက် နန်းစံသော (သိန်းခိုမင်း) ၏ နန်းစံသက္ကရာဇ် (၂၈၃) ခုကို တည်၍....

သားရေခေတ္တရာပြည် (သုမုန္ဒရီ) မင်းပြုသော သက္ကရာဇ် (၆၆၂) ခုနှစ်နှင့်....

ပုဂံပြည် (ပုပ္ပါး စောရဟန်း) မင်းပြုသော သက္ကရာဇ် (၅၆၀) တို့ကို ထည့်၍ပေါင်းလျှင်....

၂၉၃+ ၆၂၂+ ၅၆၀=ပေါင်း (၁၄၇၅) နှစ်ရသည်။

ထိုနှစ်ပေါင်း (၁၄၇၅)နှစ်တွင်....

သိရိခေတ္တရာ သောကမင်းကြီးက မန်းစက်တော်ရာ တောင်တော်၌ စေတီ (ငါးဆူ) တည်သည်ဟုဆိုသော သက္ကရာဇ် (၂၂၅) ခုနှစ်ကိုနုတ်လျှင်—

(၁၃၇၅- ၂၂၅) ပေါင်း ၁၂၅၀- နှစ်ကြွင်းသည်။

ထိုနှစ်ပေါင်း (၁၂၅၀) အတွင်း၌သာ တစုံတယောက်သောမင်း မူးမတ် ပြည်သူတို့ ဘုရားဖူး လာရောက်သည်ဟု ရာဇဝင်သမိုင်း၌ မတွေ့ရပါ။

ထို့ကြောင့် ပထမအကြိမ် တိမ်မြုပ်ခြင်းသည် နှစ်ပေါင်း (၁၂၅၀) သာ ဖြစ်သည်ဟု ယူဆသည်။

*

## ၂။ ခြေတော်ရာ ဒုတိယအကြိမ် တိမ်မြုပ်ခြင်း "ပုဂံခေတ်"

ပုဂံပြည် ကျစွာမင်း၏ သားဖြစ်သူ သက္ကရာဇ် (၆၁၂) ခုနှစ်တွင် နန်းတက်သော (ဥဇနာ) မင်းမှစ၍ ရေတွက်လျှင်....

၁။ ဥဇနာမင်း

၂။ နရသီဟပတေ့မင်း

၃။ ကျော်စွာမင်း

၄။ စောနစ်မင်း
၅။ စောမွန်နစ်မင်း....ဟူ၍
ကျန်ပုဂံမင်းငါးဆက်။

*

ထို့နောက် ပုဂံပြည်ပျက်၍ ပင်းယပြည်တည်ရာတွင်....
"ပင်းယခေတ်"

၁။ သီဟသူမင်း
၂။ ဥဇနာမင်း
၃။ ငါးစီးရှင် ကျော်စွာမင်း
၄။ ကျော်စွာငယ်မင်း
၅။ နရသူမင်း
၆။ ဥဇနာပြောင်မင်း....ဟူ၍
ပင်းယမင်း ခြောက်ဆက်။

*

ထို့နောက် ပင်းယပျက်၍ စစ်ကိုင်းတည်ရာတွင်
"စစ်ကိုင်းခေတ်"

၁။ အသင်္ခယာ စောယွမ်းမင်း
၂။ တရဖျားမင်း
၃။ ရွှေတောင်တက်မင်း

၄။ ကျစ္စာမင်း
၅။ ဆင်ဖြူရှင်နော်ရထာမင်းရဲ
၆။ ဆင်ဖြူရှင် တရဖျားမင်း
၇။ မင်းပျောက်မင်း....ဟူ၍
စစ်ကိုင်းမင်း (၇)ဆက်။

*

ဆို့နောက်စစ်ကိုင်းပျက်၍ အင်းဝတည်ရာတွင်....

"အင်းဝခေတ်"

၁။ သတိုးမင်းဖျား
၂။ မင်းကြီးစွာစော်ကဲ
၃။ ဆင်ဖြူရှင် တရာဖျား....ဟူသော

အင်းဝမင်းသုံးဆက်မြောက် အထိဆိုသော်....

စုစုပေါင်း မင်း (၂၁)ဆက်။

နှစ်ပေါင်း (၁၅၀) တိုင်အောင် မင်း- မှူးခတ် ပြည်သူတို့ ဖူးမျှော်ခြင်း မပြုနိုင်ကြသဖြင့် ခြေတော်ရာ တန်ခိုး တိမ်မြုပ်နေပြန်သည်။

ဤကား... ဒုတိယအကြိမ် ခြေတော်ရာ တိမ်မြုပ်ခြင်း ဖြစ်သည်။

*

## ၃။ ခြေဘော်ရာ ထတိယအကြိမ်တိမ်မြုပ်ခြင်း

အင်းဝဘုရင် ဒုတိယမင်းခေါင်၏ သားဖြစ်သူ....

သက္ကရာဇ် ၈၆၃-ခုနှစ်တွင် နန်းတက်သော (ရွှေနန်းကျော့ ရှင် နရပတိမင်း) လက်ထက်မှစ၍ နိုင်ငံတော် မငြိမ်မသက် ရှိလာရာ (၈ငယ်သုံးခု ဥသျှစ်ထု) ဟူသော စကားနှင့်အညီ...

သက္ကရာဇ် (၈၈၈)ခုနှစ်၌-

အင်းဝပြည်အလုံးကို သိမ်းကြုံး၍ တိုက်ခိုက်သော (သိုဟန် ဘွား)မင်းလက်ထက်တွင်ကား သာသနာကို မကြည်ညို၊ ဘုန်း ကြီးများကိုသတ်၊ ပိဋကတ်တော်ကို မီးရှို့၊ စေတီတို့၏ ဌာပနာ များ ဖောက်ခါယူ၊ တိုင်းပြည်ကြီး ကြွက်ကြွက်ဆူသဖြင့် ပြည် သူအများ မန်းစက်တော်သို့ ဘုရားဖူးသွားလာမှု မပြုနိုင်ခဲ့ရာ—

အင်းဝမင်း ၂၁-ဆက်မြောက် ညောင်ရမ်းမင်း၏ သားတော် ၂၂-ဆက်မြောက် အနောက်ဖက်လွန်မင်းတရားလက်ထက်တော် အထိ—

သက္ကရာဇ်၉၉၀-ပြည့်နှစ် တိုင်အောင်

နှစ်ပေါင်း ၁၂၇-နှစ်ခန့် မန်းစက်တော် ခြေတော်ရာ နှစ်ဆူသို့ လူသူအရောက်နည်းပါးပြီး တိမ်မြုပ်သွားရခြင်း ဖြစ် သည်။

ထိုအနောက်ဘက်လွန် မင်းတရား၏ ညီတော်-

သာလွန်မင်းတရားကြီး လက်ထက် ရောက်မှ တောင်ဖီလာ ဆရာတော်နှင့် ဆရာတော်ကြီးလေးပါးတို့ ခြေတော်ရာ ရှာရန် ဘွက်တော်မူကြသည်ဟု ဆိုသောကြောင့်-

ဤအကြိမ်သည် တတိယအကြိမ် ခြေတော်ရာ တိမ်မြုပ်နေ ရခြင်းဖြစ်ကြောင်း ကောင်းစွာ မှတ်သားသင့်သည် ဆို၏။

*

## ၄၂။ တောင်ပီလာဆရာတော်နှင့်အဖွဲ့ ခြေတော်ရာ ရှာထွက်ခြင်း

သာလွန်မင်းတရားကြီး၏ လက်ထက်ရောက်မှ-

၁။ အနန္တဓဇ ဆရာတော်
၂။ အရိယာလင်္ကာရ ဆရာတော်
၃။ တိလောကာလင်္ကာရ ဆရာတော်
၄။ သိရိသုဓမ္မ ရာဇဂုရုဘွဲ့တော်ရ
တောင်ဖီလာဆရာတော်

ဤဆရာတော်ကြီး လေးပါးတို့က-

ဘုရားရှင် ချတော်မူခဲ့သော ပါဒစက်တော်ရာ နှစ်ဆူသည် ရှေးမင်း အဆက်ဆက်တို့၌ အထင်အရှား သွားလာ ဖူးမြင် လှူဒါန်းကြရလျက်–

ဒုတိယမင်းခေါင်၏ သားတော် ရွှေနန်းကျော့ရှင် လက်ထက်မှစ၍ မင်းကိုးဆက်မြောက် နှစ်ပေါင်း ၁၇၂- ကျော် အောင် တိမ်မြုပ်နေသည်ကို ရှာဖွေလိုကြောင်း သာလွန်မင်း ကြီးထံ မေတ္တာရပ်ခံစာ တင်သွင်းကြရာ....

ဤဆရာတော်ကြီး လေးပါးတို့ကို နောက်ပါသံဃာ ၁၂-ပါးတို့နှင့်တကွ စားနပ်ရိက္ခာ အပြည့်အစုံနှင့် စီးနင်းစုန်ဆင်းနိုင်ရန်အတွက် လှေတက် လှူသူများနှင့်တကွ ပေးအပ်လှူဒါန်းတော်မူလိုက်၍—

သက္ကရာဇ် ၁၁၀၀-ပြည့်နှစ် ကဆုန်လပြည့်နေ့၌....

မြစ်စဉ်တစ်လျှောက် စုန်တော်မူလာရာ ယခုမင်းဘူးမြို့ ဆိပ်ကမ်း၌ လှေကိုဆိုက်ပြီးမှ ကုန်းလမ်းခရီးဖြင့် အစဉ်လိုက်ကြွသွားကြရာ....

စက်တော်ရာအနီး ယခု ရွာတည်ရာအရပ်တွင် သစ်ပင်ကြီးတပင်၌ စခန်းချတော်မူကြ၏ဟု။ ရှေးဟောင်း (ပဒစေတီယ) ကျမ်းတွင်ဆို၏။

ထိုစခန်းချရာအရပ်၌....

ညအခါတွင် ပရိတ်ရွတ်ခြင်း ကျမ်းဂန်တို့ကို သရဇ္ဈာယ်ခြင်းတို့ဖြင့် ညဉ့်နှစ်ယံကို လွန်စေ၏။

ခေတ္တကျိန်းစက်တော် မူကြရာ ညဉ့်သုံးချက်တီးကျော်အချိန်တွင် တောင်ဖီလာဆရာတော်ကြီးသည် အိပ်မက် မြင်မက်တော်မူ၏။

*

## ၄၃။ တောင်ပီလာဆရာတော် အိပ်မက်မြင်မက်ပုံ

ဆရာတော်ကြီး အိပ်မက်မြင်မက်သည်မှာ—

လူတယောက်သည် လုံတံကိုဆွဲကိုင်လျက် ခွေးနက်ကြီးတစု နှင့် ဆရာတော်၏ရှေ့သို့ လာပြီးလျှင်....

''ဘုန်းကြီးတို့ လာကြသည်မှာ....

တောအုပ် ကြီးမားရှ ခြင်္သေ့- သစ်- ကျား- သားရဲ- မြွေ- ကင်း စသော ဘေးအန္တရာယ်တို့ လွန်စွာ များပြားခြင်း ဖြစ် မည်ကို မသိ၍လာကြသလော''ဟု မေး၏။

ထိုအခါ တောင်ပီလာဆရာတော်က....

''ဒါယကာ—

ငါတို့သည် ဘုရားရှင်၏ (ခဏ္ဍသိမ်) အတွင်း၌ (ဥပသမ္ပဒ) ရဟန်းအဖြစ်ကို ရကြသော ဘုရား၏ သားတော်စစ်များ ဖြစ် ကြသည်။

ငါတို့အဘဖြစ်တော်မူသော ဘုရားရှင်သည်....

ဤဒေသ၌ ချထားတော် မူခဲ့သော ခြေတော်ရာ နှင်ဆူ ရှိကြောင်း ရှေးမင်းအဆက်ဆက် သွားလာရောက်ပေါက် ပူဇော် ကြရလျက်-

ယခုနှစ်ပေါင်း ၁၂၇-နှစ်ကျော်မျှ ကွယ်ပ တိမ်မြုပ်လျက် ရှိကြောင်းကို စာဟောင်းစကား ရှိထားသည် ဖြစ်၍ ရှာဖွေ ပူဇော်ကြရန် ငါတို့လာကြသည်''ဟု ပြောဆိုလျှင်....

ထိုသူက—

"နံနက်လင်းသည့်ကာလ ခွေးနက်ကြီးဝင်ရာတောသို့ လိုက်သွားလျှင် တွေ့သိမ့်မည်" ဟု ပြောစဉ် အိပ်ရာမှ နိုးတော်မူလေ၏။

ဘောင်ဖိလာဆရာတော်သည် နံနက်သင်းသော အခါကာလ ထိုသို့မြင်မက်သော အိပ်မက်ကို ဆရာတော်သုံးပါးတို့အား ပြန်ကြားတော်မူရာ....

ဆရာတော်သုံးပါးတို့က....

"ဗာရာဏသီပြည် ဥသိနက,မင်း သက်ထက်၌....

ကဿပဘုရားရှင်၏သာသနာတော် ညှိုးနွမ်းသည်ဆိုကြောင်းသိုအခါ သိကြားမင်းက မုဆိုးအရောင်၊ ဝိသကြုံ နတ်သားကခွေးနက်ကြီး အရောင်ဆောင်၍ သာသနာကို ထောက်ပံ့လာကြောင်း မဟာကဏှ,ဇာတ်တွင် လာရှိသည်။

ယခုအခါလည်း....

ငါတို့ဘုရားရှင်၏ ခြေတော်ရာနှစ်ဆူ ကွယ်ပျောက်၍ သာသနာတော် ညှိုးနွမ်းသည်ကို သိကြားမင်းသည် ကိုယ်ထင်မဆောင် အရိပ်အရောင်ဖြင့် စောင်မ ချီးမြှောက်လာသည်ဟု ယူဆရမည်။

လင်းသည့်ကာလ ခွေးနက်ကြီးကို တွေ့ခဲ့ပါသော် စင်စစ်မသွေ ငါတို့၏အကျိုး ပြီးမြောက်ပေလိမ့်မည်"ဟု နိမိတ်ဘတ်တော်မူကြ၏။

ဆရာတော်ကြီးများသည် မိုးလင်းသည့်ကာလ၌ နံနက်ဆွမ်းဘုဉ်းပေးပြီးလျှင်ထိုနေရာမှဆက်လက်၍ကြွတော်မူကြလေသော်—

ခွေးနက်ကြီး တကောင်သည် ရှေ့ဆောင်ညွှန်ကြား အသွားမပျက် ခရီးဆက်ခဲ့ကြလျှင် (နမ္မဒါ) မြစ်ဘက်သို့အကူး၌ ခွေးနက်ကြီး ကွယ်ပျောက်လေ၏။

ဆရာတော်တို့သည်—

အစဉ်ဟစိုက် ကူးလိုက်ကြသဖြင့် မြစ်တဘက်သို့ ရောက်ကြလျှင် ကမ်းထိပ်၌ ဘီလူးတကောင် ထိုက်လျက်နေသည်ကို တွေ့ရ၏။

“ ဘုန်းတော်ကြီးတို့ ဘာကို ရှာဖွေ ကြသနည်း ” ဟု မေး၏။

ဆရာတော်တို့က အကြောင်းစုံကို ပြောပြလျှင်—

ဘီလူးက—

“ဤဟာ ပထမခြေတော်ရာတည်း”ဟု အောက် ခြေတော်ရာကို ညွှန်ပြလေ၏။

ထိုအခါ ဆရာတော်တို့သည်—

သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ရှိလှ၍ ရှိခိုးပူဇော်မှုကို ပြုကြလျှင်—

ပါဒ စေတီတော်မှ ရောင်ခြည်တော် ခြောက်ဆိုင်တို့သည် တပြိုင်နက်ထွက်၍ ကွန့်မြူးလေ၏။ ရောင်ခြည်တော်များစဲလျှင်—

ဘီလူးက....

"ဤကား ပထမခြေတော်ရာ ဖြစ်သည်။

"အထက်တောင်ပေါ်မှာ ဒုတိယခြေတော်ရာ ရှိသေးသည်၊ တောင်ထိပ်သို့ တက်ကြလော့"ဟု ဘိုက်တွန်းလေ၏။

ဆရာတော်တို့သည်—

ဆက်လက်၍ တောင်ထိပ်သို့ တက်ကြလေလျှင် အထက်စက်တော်ရာ (အထက်ခြေတော်ရာ)မှ ထန်းလုံးပမာဏ ရှိသော ရောင်ခြည်တော်တို့သည် ကောင်းကင်သို့ တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်စိုက်သကဲ့သို့ ကျ၀င်၏။

ဆရာတော်တို့သည်....

လွန်စွာကြည်ညို၍ ညအခါ၌ တောင်ဖီလာဆရာတော်သည် (ပဋ္ဌာန်းကျမ်းကြီး)ကို ရွတ်ဘတ်သရဇ္ဈာယ်၏။

ထိုအခါ တောင်စောင့်နတ်တို့သည်—

လာ၍ နာကြကုန်၏။

ထို့နောက် သောတာပန်နတ်တို့သည်—

လာရောက် နာကြကုန်၏။

ထိုအခါ ဆရာတော်က....

"အသူနည်း"ဟု မေးလေလျှင်—

နတ်က....

"ငါ သောတာပန်"ဟု ပြန်ပြောလေ၏။

ထိုအခါ ဆရာတော်က—

"သင် သောတာပန်ဖြစ်လျှင် ငါတို့ဘုရားမြတ်စွာကို မှီလိုက်၏လော"ဟု မေးပြန်၏။

နတ်ကလည်း....

"မှီလိုက်၏"ဟု ပြန်ဆို၏။

ဆရာတော်က—

"သင်မှီလိုက်လျှင် ငါဟောသော ပဋ္ဌာန်းတရားတော်သည် ဘုရားရှင် ဟောတော်မူသည်နှင့် (ပုဒ်-အက္ခရာ) ညီညွတ်ပါ၏လော"ဟု မေးတော်မူပြန်၏။

ထိုအခါ နတ်က....

"ဘုရားရှင် ဟောတော်မူသည်နှင့် နှိုင်းစာလျှင်....

"ပုပ်နံလှသောငါးပိကို ပေါက်ဖက်ဖြင့် အထပ်ထပ် ထုပ်လျှင် အပေါ်ဆုံးက ဖက်နံ့နှင့်သာတူသည်"ဟု ဆိုပြန်၏။

ထိုအခါ ဆရာတော်က—

"အချင်း နတ်သား....'

"သင်သည် သောတာပန်ဟု ဝန်ခံ၏၊ ယခု သင်ဆိုသော စကားသည် သောတာပန်စကားနှင့် မတူ၊ ပျက်ချော်ချွတ်ယွင်း လေစွတကား။

ယခု ငါရွတ်သော ပဋ္ဌာန်း တရားတော်သည် ဘုရားရှင် ဟောတော် မူသည်နှင့် (ပုဒ်-အက္ခရာ) မပျက်မစီး ကျနစွာ ညီညွတ် မှန်ကန်၏။

"ငါဆိုသည့်အတိုင်း မမှန်လျှင် ငါ့ဦးခေါင်းထက်၌ မိုးကြိုး စက်သွား ရောက်စေသတည်း"ဟု အဓိဋ္ဌာန်တော် မူ၏။

ထိုအခါ သောတာပန် နတ်သားက—

"ဘုန်းကြီး သင်ဆိုတိုင်းမှန်၏၊ ငါလည်းသောတာပန်မှန်၏။

"သို့သော်....

"ဘုန်းကြီးကို မဆုတ်မနစ် ဆက်လက် အားထုတ်စေချင်၍ ငါ နှိမ်ပြီးဆို၏၊ ကြိုးစား၍ (ဘုရားဆု)ကို တောင်းပါ" ဟု တိုက်တွန်းပြီး ကွယ်လေ၏။

ထိုနေ့ မိုးသောက်လျှင်....

နတ်တို့လှူသော (ဆေး- ကွမ်း- လဘက်)များကို သုံးဆောင် ရ၏။

ထိုမှတဖန် သက်ဆင်းပြန်၍ အောက်စက်တော်ရာကို ပူဇော် ပြီးလျှင် (ပုံ့သုကူ=ဒုကုဋ္ဌသက်န်း)ဖြင့် လွှမ်းအုပ်လျက်....

"ငါသည် ဘုရားဖြစ်မည်မှန်လျှင် ဤသက်န်း၌ ၁၀၈-ကွက် သော စက်လက္ခဏာတော်များ ထင်စေသတည်း"ဟု အဓိဋ္ဌာန် ပြုတော်မူ၏။

ထိုအခါ သက်န်းသည် ကြိုးကြာရုပ်ကဲ့သို့ ကုန်း၍ထ၏။

ထိုသို့ထသည်ကို ဆရာတော်မြင်လျှင်....

"အင်း- ကိုးလည်းကြိုးစား၊ ကြာလည်း ကြာဦးမည်" ဟု နိမိတ်ဘတ်တော်မူ၏။

နောက်ပြီး စက်တော်ရာ (ခြေတော်ရာ)နှစ်ဆူကို အပ်ချည်မျှင်ဖြင့် (ကွင်း၍-တိုင်း၍) ယူဆောင်ပြီး အင်းဝနေပြည်တော်သို့ ပြန်လည်ကြွတော်မူခဲ့၏။

## ၄၄။ သာလွန်မင်းတရားကြီး၏ ကြည်ညိုမှု

တောင်ဖီလာဆရာတော် အမှူးပြုသော ခြေတော်ရာ ရှာဖွေသည့်အဖွဲ့သည် အင်းဝမြို့တော်သို့ ပြန်လည် ရောက်ရှိသောအခါ သာလွန်မင်းတရားကြီးအား (ချည်ကွင်း)ကို ပေးဆက်၍-ထွက်ကြွတော်မူသည့်နေ့မှစပြီး (မကုလ-နမ္မဒါ)တို့၌ စက်တော်ရာ နှစ်ဆူ တွေ့ရှိရပုံအကြောင်းများကို စုံလင်စွာပြန်ကြား မိန့်တော်မူ၏။

သာလွန်မင်းကြီးသည်....

ဆရာတော်တို့ ယူဆောင်လာသော စက်တော်ရာ ၂-ဆူ၏ (ချည်မျှင်-ချည်ကွင်း)တို့ကို ရွှေနန်းတွင်းရှိ ပရိတ်တော်ဆောင်၌ နဝရတ်ကိုးဖြာ ရတနာတို့ဖြင့် ပြီးသော (မဟာဗိတာန်-မျက်နှာကျက်) အောက်တွင်ထား၍ ညအခါမီးရောင်စုံ အဖုံဖုံထွန်းညှိ ပူဇော်ခြင်း။

ဆရာတော်တို့ကလည်း....

မဟာနမက္ကာရ ကျမ်းကိုရွတ်ဘတ်၍ ဝတ်တက် ဝတ်ကပ်ပြုခြင်း စသည်တို့ဖြင့် ပြုလုပ်ကြရာ....

ချည်မျှင်တော်မှ....

ညိုသောရောင်ခြည်တော်ထွက်ပေါ်လာ၍ တနန်းတော်လုံး မှောင်ဖြင့် ဖုံးသွား၏။

ထို့နောက်—

ဖြူသောရောင်ခြည်တော်လွှတ်မှ ပရိတ်ဆောင်တွင် အလင်းရောင် တောက်ရပြန်၏။

ဤသို့လျှင် အစဉ်အတိုင်း....

ခြောက်သွယ်သော ရောင်ခြည်တော်တို့ ထွက်ပေါ်လာသည်ကို တွေ့မြင်ရသော သာလွန်မင်းတရားကြီးသည်—

သက်တော်ထင်ရှား ဘုရားရှင်အား ဖူးမြင်ရဘိသကဲ့သို့ များစွာသော ပီတိအဟုန်ဖြင့် ဝမ်းမြောက်လှသည်ဖြစ်၍—

ရွှေဖြင့်ပြီးသော ရတနာရွှေကြုပ်တွင်းသို့ (ချည်မျှင်- ချည်ကွင်း)ကို ထည့်သွင်းပြီး ကိုးကွယ်ပူဇော်မှုကိုပြုလေ၏၊

ၚင်းပြင် အရပ်ရပ်သော စော်ဘွားတို့၊ မြို့စားတို့နေထိုင်ရာ မြို့ရွာများသို့လည်း (ချည်မျှင်)နှင့်တကွ ရွှေကြုပ်ကို များစွာသော ပြည်သူတို့ ကြည်ဖြူစွာ ဖူးမြင်နိုင်ကြရန် ပို့ပေးလေ၏။

ထို့နောက် သာလွန်မင်းတရားကြီးသည် မန်းစက်တော်ချာ (၂) ဆူနှင့် တန်ဆောင်းပြာသာဒ်နှင့်တကွ ဇရပ်များကိုလည်း ဆောက်လုပ်လှူဒါန်းလေ၏။

## ၄၅။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ အလှူတော်

သက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် နန်းတက်တော်မူသော မင်းဟုန်းမင်းတရားကြီးသည်—

သက္ကရာဇ် (၁၁၃၈) နှစ်က စဉ့်ကူးမင်း လှူတော်မူခဲ့သည့် ပြာသာဒ်တန်ဆောင်းများ ဖောင်းနွမ်းပျက်စီးနေသည်ကို သုတ်သင်ပြီး အသစ်ထပ်မံ၍ ကြီးကျယ်စွာဖြင့် ဘုံ(၇)ဆင့်ဆောက်လုပ်၏။

ထိုသို့ဆောက်လုပ်ရာ၌ (ရွှေပြားခတ်၍) စေတီတော်မြတ်နှင့် တကွ ပြာသာဒ်တော်ကြီး၏ (ယီးစမုခ်ပုံ-ဝေယံပန်းကုံး- မုခ်လုံးမုခ်တွဲ)တို့၌—

ရွှေတောင်ကြီးကဲ့သို့ ချထားမွမ်းမံပြီးလျှင် ရတနာ ဆည်းလည်း လုံးကြီးလုံးငယ်တို့ဖြင့် တင့်တယ်စွာသော ပြာသာဒ်ကြီး (၂)ဆောင်ကို လှူဒါန်းခြင်း။

ပြာသာဒ်တော်အောက်ခြေ ဘိနပ်တော်ခြေပတ်လည်၌ ခိုင်ခန့်မြဲမြံအောင် ကျောက်အုတ်သမံတလင်း ခင်းခြင်း။

ခရီးဝေးသော မြို့ရွာတို့မှ လာရောက် ဖူးမြော်ကြသော သံဃာတော်တို့အား (ပဝါရဏာ) စသော (ကံကြီးကံငယ်) ပြုလုပ်နိုင်ကြရန်အတွက် သစ္စာဗန္ဓတောင်ခြေ၌ (ခဏ္ဍသိမ်ကြီး) သမုတ်ပြီး၊ မပျက်စီးနိုင်သော အုတ်မိုးဇရပ်ကြီးနှင့် တကွ ပြုလုပ်ခြင်း။

စသည်စသည်တို့ဖြင့် ဤသို့သော ထာဝရအလှူတော်များကို လှူဒါန်းတော်မူသည်။

သက္ကရာဇ်(၁၂၄၀)ပြည့်နှစ်တွင်—

နန်းတက်သော သားတော် သီပေါမင်းသည် ခမည်းတော် လှူဒါန်းခဲ့သည့် အောက်စက်တော်ရာ တန်ဆောင်း ပြာသာဒ်ကြီးအား—

(၁၂၄၅) ခုနှစ်တွင် မြစ်ရေအားကြီး၍ ပျက်စီးသည်ကို အသစ်ဆပ်မံ ပြုလုပ် လှူဒါန်းတော်မူ၏။

**မှတ်ချက်။** ငယ်စဉ်အခါက သီပေါမြို့ကိုစားရသောကြောင့် သီပေါမင်းဟု ဆိုခြင်းဖြစ်သည်ဟု ဆိုသည်။

*

## ၄၆။ မုဆိုးမင်းဆက် (၁၁) ပါး

၁။ အလောင်းဘုရား— ဦးအောင်ဇေယျ
၂။ ဆင်မျူးရှင်ခေါ်— နောင်တော်ကြီး
၃။ ဆင်ဖြူရှင်ခေါ်— အင်းဝမြို့တည်နန်းတည်မင်း
၄။ ဆင်ဖြူရှင်၏သား— စဉ့်ကူးမင်း
၅။ နောင်တော်ကြီးသား— ဖောင်းကားစားမောင်မောင်
၆။ ဘိုးတော်ဘုရားခေါ်— ဗဒုံမင်း
၇။ ဘကြီးတော်ဘုရားခေါ်— စစ်ကိုင်းမင်း

၈။ ကုန်းဘောင်မင်းခေါ်— သာယာဝတီမင်း
၉။ ကုန်းဘောင်မင်း၏သား— ပုဂံမင်း
၁၀။ ဘဝရှင်မင်းတရားခေါ်— မင်းတုန်းမင်း
၁၁။ မင်းတုန်းမင်း၏သားတော်— သီပေါမင်း

*

ဤသို့အားဖြင့် မုဆိုးမင်း (၁၁) ဆက်- ဆင်းသက်ခဲ့ရာ၊ အလှူစာရင်းတွင်မင်းဆက် (၁၀)ဆက်သာ တွေ့ရ၍ (၁)ဆက် ပျောက်နေသည်။

ထိုသို့ပျောက်နေခြင်းမှာ—

မုဆိုးမင်းဆက် (၄) ဆက်မြောက် (စဉ့်ကူး) မင်းသည် အညာသီဟတောဘုရားသို့ သွားရောက်ဖူးမျှော်နေစဉ်—

နောင်တော်ကြီး၏သား····

ဖောင်းကားစားမောင်မောင်သည် စဉ့်ကူးမင်းဟန်ဆောင်၍ နန်းတွင်းသို့ဝင်ပြီး မင်းပြုစိုးစံ၏။

သို့ရာတွင် အလောင်းမင်းတရားကြီး၏ စတုတ္ထ သားတော် ဘိုးတော်ဦးဝိုင်းသည်—

၇-ရက်သာ နန်းစံရသော ဖောင်းကားစား မောင်မောင်ကို ဖမ်းဆီး၍ ကွပ်မျက်လေသည်။

အညာသီဟတောဘုရားသို့ မိဖုယားနှင့်တကွ ဘုရားဖူးသွား၍ နန်းအပြင်သို့ ရောက်ရှိနေသော စဥ့်ကူးမင်းကိုရင်း ဖမ်းဆီး သုတ်သင်၍ နန်းတက်ကြောင်း သိရှိရသဖြင့်—

ဖောင်းကားစား မောင်မောင်မှာ....

မုဆိုးဆက်မင်းဟု သိရသော်လည်း-စံစားရသည်မှာ ၇·ရက် မျှသာဖြစ်၍ မန်းစက်တော်ရာဘုရားကြီးသို့ ဘုရားဖူးမလာရောက် နိုင်ကြောင်း မှတ်ယူသင့်သည်ဆို၏။

*

## ၄၇။ မဘိုမယ်ခေါ်ရှင်ဘိုမယ်

၁။ မြန်မာရာဇဝင်၌—

မိဖုယား မဘိုမယ်သည် မန်းစက်တော်ဘုရားတွင် လာရောက် နေထိုင်ဘူးကြောင်း အခိုင်အမာ သိရှိရသည်။

၂။ ရှေး မင်းများ၏ စစ်တမ်းများ၌လည်း စောင်းတန်း တသွယ်ကို မဘိုမယ်စောင်းတန်းဟု ခေါ်ဆိုကြောင်း တွေ့ရှိ ရသည်။

၃။ အထက် စက်တော်ရာသို့ တက်သော စောင်းတန်း၏ လက်ဝဲဘက်အနီးတွင် မဘိုမယ်ခိုအောင်းရာ လိုဏ်ဂူဟု လူအများ ပြောဆိုကြသော လိုဏ်ပေါက်တခုကို ယခုတိုင်အောင် တွေ့မြင် နေရသည်ဆို၏။

ထို့ကြောင့်....

ရွှေစက်တော် သမိုင်းကြီးတွင် မဘို့မယ်အကြောင်းကို မကျဉ်းမကျယ် သိသာလွယ်အောင် ရာဇဝင်နှင့် ညှိနှိုင်း ဖော်ပြထားသည်ကို ဗဟုသုတအဖြစ် ဤအခဏ်းမှ ထပ်ဆင့် ဖော်ပြအပ်ပါသည်။

*

ရှင်ဘို့မယ်သည်–

သက္ကရာဇ် ၇၂၉-ခုနှစ်တွင်–

အင်းဝရွှေနန်းကို အုပ်ချုပ်သော (မင်းကြီးစွာစော်ကဲ) ၏ သမီးတော် (လောကဒေဝီ) မှ မွေးဘွား၍ ရှင်ဘို့မယ်၏ ခမည်းခတော်မှာ ပင်းယတစီးရှင် (ဘုရင် သီဟသူ) ၏ မြေး (သခ်ငယ်) ဆိုသူဖြစ်သည်။

ထို့ကြောင့် ရှင်ဘို့မယ်သည် ဘုရင်၏ မြေး-မြစ် အစစ် ဖြစ်သည်ဟု မှတ်ယူအပ်သည် ဆို၏။ မဘို့မယ်၏ ရုပ်ဆင်းအင်္ဂါမှာ များစွာမှလှပ၏။ ရှုချင်ဘွယ်ရှိ၏။

သက္ကရာဇ် ၇၆၃-ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင် (ပထမ မင်းခေါင်ကြီး) က မဘို့မယ်ကို ၈-နှစ် အရွယ်ကပင် သိမ်းပိုက်၍ မိဖုရားအရာ၌ ထားခဲ့သည်ဆို၏။

ရာဇဝင်တစောင်တွင် ၁၁-နှစ်အရွယ်၌ မိဖုယား မြှောက်ခဲ့သည် ဆို၏။

ဘုရင်မင်းခေါင် နတ်ရွာစံသော်—

သက္ကရာဇ် ၇၇၃-ခုနှစ်တွင် သားတော် (သီဟသူ) နန်းတက်ပြန်၏။

သီဟသူတွင်—

မိဖုရားစောမင်းလှ ရှိသော်လည်း အလွန်လှပသော မဘို့မယ်ကို မိဖုယားမြှောက်ပြန်သည် ဆို၏။

ထို့နောက် ဟံသာဝတီတွင်—

ဘုရင် ရာဇာဓိရာဇ်၏သား (ဗညား ဓမ္မရာဇာ) မင်းပြုရာ ညီတော်များ ဖြစ်သော (ဗညားရမ်း - ဗညားကျမ်း) တို့နှင့် မသင့်မတင့်ကြဟူသော စကားကြောင့်—

အင်းဝဘုရင် သီဟသူ—

ဟံသာဝတီသို့ ချီတက်တိုက်ခိုက်ရာ ဒဂုံစား (ဗညားရမ်း)က နှမတော်(ရှင်စောပု)ကို သီဟသူအားဆက်သလေ၏။ထို့ကြောင့် အင်းဝဘုရင် သီဟသူတွင်....

၁။ စောမင်းလှ

၂။ ရှင်ဘို့မယ်

၃။ ရှင်စောပု—

ဟူ၍ မိဖုယားသုံးပါး ရှိလေ၏။

ရှင်စောပု အင်းဝသို့မရောက်မီက-

ဘုရင်သီဟသူသည် ရှင်ဘိုမယ်ကိုသာ မြတ်နိုး နေသဖြင့် မိဖုယားစောမင်းလှက မကျေနပ်၍ နန်းတော်မှ ထွက်သွားပြီး တန်ဆောင်းကြီးတခု တည်ဆောက်၍ နေသည်ဆို၏။

ရှင်စောပု ရောက်သောအခါ-

ဘုရင်သီဟသူသည် ရှင်စောပုကိုသာ မြတ်နိုး၍ နေပြန်၏။

ထို့ကြောင့် ရှင်ဘိုမယ် စိတ်နာ၍ (အုန်းဘောင်) ရှမ်း စော်ဘွားနှင့် နားလည်မှုယူပြီး ဘုရင်သီဟသူ အောင်ပင်လယ် အရပ်၌ လယ်-ချောင်း-များကို ရှုစားရင်း မိန်းမများနှင့် ပျော် ပါးနေခိုက် (အုန်းဘောင် စော်ဘွား)က ဆင်နှင့် တိုက်သတ်၍ အနိစ္စရောက်လေ၏။

ထိုကဲ့သို့ ဘုရင်သီဟသူ အနိစ္စရောက်သော်လည်း—

မှူးမတ်တို့က (ရှမ်း)ကို နန်းမတင်လိုဟုဆို၍ စစ်သည်ဗိုလ်ပါ များနှင့်တကွ အုန်းဘောင်စော်ဘွားကို တိုက်ခိုက်ရာ အုန်း ဘောင် စော်ဘွား ထွက်ပြေးရသည်ဆို၏။

ထိုနောက်မှ မိဖုယားစောမင်းလှ၏ သားတော်—

အသက် ၉-နှစ်မျှရှိသေးသော (မင်းလှငယ်)ကို နန်းတင်ကြ ပြန်လေ၏။ ထိုအခါတွင် ထုံးဘမ်းစဉ်လာဆိုသလို အဆင်းလှ သော ရှင်ဘိုမယ်ကိုပင် မိဖုယားမြှောက်ပြန်၏။

မဘိုမယ်ကို ဤသို့ မိဖုယား မြှောက်လေသော်လည်း မဘို မယ်က မင်းလှငယ်အပေါ်တွင် လုံးဝမကျေနပ်သည်နှင့် မိမိနှင့်

ချစ်ကြိုက်ခဲ့ဘူးသော (ကလေးကျေး တောင်ညိုစား)ကို ချီတက် တိုက်ခိုက်ရန် မှာကြားလိုက်သည် ဆို၏။

ရှင်ဘို့မယ်သည် ကလေးကျေးတောင်ညို အင်းစသို့ ချီတက် လာသောနေ့၌ပင် (မင်းလှငယ်) ကို အဆိပ်ကျွေး၍ သတ်ပြီး ကလေးကျေးတောင်ညိုကို နန်းတင်လေ၏။

ကလေးကျေးတောင်ညိုမှာ သုံးဆက်မြောက် (တရဖျား)၏ သားဖြစ်၏။ ၎င်း ကလေးကျေးတောင်ညို အင်းဝ၌ နန်းတက် သည်ဟု ကြားလျှင်—

ပုဂံပြည် (နရပတိစည်သူ)၏ အနွယ်ဖြစ်သော (မိုးညှင်းစား သတိုး)က စစ်သည်အလုံးအရင်းနှင့် အင်းဝမြို့ကို ချီတက်တိုက် ခိုက်ပြန်သည်ဆို၏။

ထိုအခါ ကလေးကျေးတောင်ညိုသည်—

(ပုခန်းစား- တရဖျား)အား ရှင်စောပုကိုပေး၍ မိမိဘက်မှ ကူညီတိုက်ခိုက်စေ၏။

သို့သော်....

စစ်ရေးမလှ၍ အင်းဝမှ ရခိုင်သို့ ထွက်ပြေးရသည်။ ရခိုင် ရောက်မှ အင်အားစုပြီး အင်းဝကို ပြန်တိုက်မည်ဟု ကြံစည် သည်။

သို့သော် ရခိုင်မရောက်မီ လမ်းခုလပ် (ပဲလွန်းတောင်) အရပ်၌ မကျန်းမာ၍ နတ်ရွာစံသည်။ ၎င်း၏ နန်းသက် ၇-လမျှ ရှိသေးသည်။

ထိုအခါ မဘိုမယ်သည် ရခိုင်သို့ ဆက်မသွားတော့ဘဲ ဧရွှေစက်တော်တွင် တပ်တည်၍ အလုံးအရင်းနှင့် နေသည်ဆို၏။

ကလေးကျေးတောင်ညို အနိစ္စရောက်လျှင်—

(မိုးညှင်း) မင်းနန်းတက်၏။

မိုးညှင်းမင်းမှာ ဤသို့ ထီးနန်းကိုရသော်လည်း မိဖုယားကြီးများဖြစ်သော (ရှင်စောပု- ရှင်ဘိုခယ်) တို့နှင့် ဝေးကွာနေရသောကြောင့် ကလေးကျေးတောင်ညိုမင်းသည် ရှင်စောပုကိုပေး၍ အကူအညီ တောင်းထားရသော (ပုခန်းစားတရဖျား) မင်းကို ထပ်မံ၍ တိုက်ရပြန်သည်ဆို၏။

*

## ၄၈။ "ရာဇသကြိန်၏သတ္တိ"

တခါသော်....

မိုးညှင်းမင်း၏ သားလက်ရုံးဖြစ်သော (ရာဇသကြိန်) အမတ်ကြီးကို (ပုခန်းတရဖျား) ၏ တပ်များက ဝိုင်း၍လိုက်ကြ၏။

ထိုအခါ ရာဇသကြိန်သည် ရေတွင်းငယ် တခုသို့ ခုန်ချ၍ ပုန်းနေရသည်ဆို၏။

ထိုသို့ ရာဇသကြိန် ပုန်းနေသည်ကို—

ပုခန်းတရဖျား၏ လူများကမြင်လျှင် ရေတွင်းပေါ်မှနေ၍ တွင်းထဲ၌ ရှိနေသော ရာဇသကြိန်၏ ဦးခေါင်းကို (သူဖြတ်မည် ငါဖြတ်မည်) ဟု ငြင်းခုံနေကြစဉ်—

ရာဇသင်္ကြန် အမတ်က—

"ငါတွင်းပေါ်သို့ တက်လာမည်။ တွင်းပေါ်ရောက်မှ ငါ့ ခေါင်းကိုဖြတ်ကြပါ။ ယခု တွင်းပေါ်သို့တက်ရန် ငါ့ကို လုံရှည် တခုပေးကြပါ"ဟု တောင်း၏။

ရေတွင်းပေါ်မှ လူများသည်—

အဟုတ်မှတ်၍လုံတံကိုပေးလိုက်လျှင် ရာဇသင်္ကြန်ကဆောင့်၍ ဆွဲလိုက်ရာ လုံတံပေးသူမှာ အားလွန်၍ ရေတွင်းထဲသို့ ကျလေ၏။

ရာဇသင်္ကြန်သည်—

ထိုသူ၏ဦးခေါင်းကိုဖြတ်ပြီးလျှင် ရာဇသင်္ကြန်၏ ဦးခေါင်းဟု ဆို၍ တွင်းပေါ်သို့ ပစ်တင်လိုက်ရာ ကုန်းပေါ်မှ ကျန်လူများက အဟုတ်မှတ်၍ လုယက်ကြလေ၏။

ထိုသို့လုယက်နေကြစဉ်—

ရာဇသင်္ကြန်သည် လုံတံကိုဆောက်၍ ရေတွင်းထဲမှ ခုန် တက်ပြီး မိုးညှင်းမင်းထံသို့ ပြေးခဲ့၏။

မိုးညှင်းမင်းသည် လွန်စွာမှ အားရတော်မူ၍ ရာဇသင်္ကြန် အား ဆုလာဘ်များစွာ ချီးမြှင့်ပေးတော်မူသည်ဆို၏။

ထိုသို့ ရဲရင့်သော ရာဇသင်္ကြန်အမတ်ကြီး၏ သတ္တိကြောင့်—

မကြာမီ ပုခန်းတချဖျားမင်းကို စစ်နိုင်၏။ ရှင်စောပု- မိဖုယားကြီးကို သိမ်းယူရရှိလေသည်ဆို၏။

## ၄၉။ ကဲ ကျောက်ဆင့်တောင်

ထို့နောက်—

ရွှေစက်တော်တွင် ရှိနေသော ရှင်ဘို့မယ်ကို—

အသုံးအရှင်းနှင့်တကွ သွားရောက် ခေါ်ယူစေ၏၊ ရောက်လာသောအခါ မိုးညှင်းမင်းက—

"မိဖုယားကြီး ကျန်းမာပါ၏လော" ဟု ခရီးဦးကြို ပြု၍ မေး၏။

မာနလွန်စွာကြီးလှသော ရှင်ဘို့မယ်က—

"ကျွန်စော်နံသည်" ဟု ပြန်ဆို၏။

ထိုသို့ဆိုခြင်းမှာ—

ရှင်ဘို့မယ် မိဖုယား ဖြစ်စဉ်အခါက မိုးညှင်းမင်းသည် မြို့စားဘဝ၌သာ ရှိနေသည်ကို ရည်ညွှန်း၍ ဆိုခြင်းဖြစ်သည်ဟု ဆို၏။

မြန်မာ ဇာတ်သဘင်တို့က—

ဤနေရာ၌ (ဆို-က) ပြကြသည်မှာ—

မဘို့မယ် ထွက်အပြေးတွင် ဆင့်ကဲ ဆိုသူနှင့် ချစ်ကြိုက်နေကြောင်း။

နောင် မိုးညှင်းမင်းက

ရာဇသင်္ကြန် အမတ်ကြီး၏ အကြံပေးချက်အရ မဘို့မယ်အား ပြန်လည် သိမ်းပိုက်ရန် ကြေငြာချက် ထုတ်ဆင့်သောအခါ၊

ဆင့်ကဲလုပ်သူက

ပြေပေါ်မှာ ရွှေကြော်ငြာ ထုတ်သံကြားရပုံက ဟုတ်မှန်ပါ့မလားနော်၊ ဘဝင်မှာဆို့လှချေရဲ့ မရှင်ဘို့မယ်အကြောင်း။

အော်- ချစ်တဲ့သူ ရှင်ဘို့မယ်ရဲ့အကြောင်း....

စသော တေးကဗျာတို့ဖြင့် ငိုကြွေးမှု ပြုကြသည်ကို တွေ့မြင်ကြားသိဘူးသူများ ရှိလိမ့်မည်ဟု ထင်သည်။

နောက် အင်းဝမင်းက။

သတင်းစကား ကြားရ၍ ဗိုလ်ထုအလုံးအရင်းနှင့် လိုက်သောအခန်းတွင်လည်း မဘို့မယ်နှင့် ကိုဆင့်ကဲတို့ ထွက်ပြေးတိမ်းရှောင်ရာ၌ မဘို့မယ် မလိုက်နိုင်၍ ကိုဆင့်ကဲက ထမ်း၍ပြေးရကြောင်း။

တောင်တလုံးသို့ ရောက်သောအခါ—

နောက်ပါ ရန်သူများ ဝေးမဝေးကို သိနိုင်ရန် ကိုဆင့်ကဲက ကျောက်လုံးဆင့်၍ ကြည့်ရသော တောင်ကို (ငကဲ ကျောက်ဆင့်တောင်) ဟုခေါ်သည်ဆို၏။

ထိုသို့ ပြောဆိုကြသော (ငကဲ ကျောက်ဆင့်ဘောင်တန်း) နှင့် ကျောက်လုံးကြီး နှစ်ခုကိုပါ (ငဖဲ) နယ်တွင် ယခုတိုင်အောင် တွေ့မြင်နိုင်သည်ဆို၏။

သို့သော်....

မဘို့မယ်၏ အကြောင်းကို ရာဇဝင်ဆရာတို့က မင်းငါးဆက်တိုင်အောင် မိဖုရား မြှောက်ကြောင်းကိုသာ ဆိုသည်။

ကဝိလက္ခဏာ သတ်ပုံကျမ်းတွင်လည်း—

* ရှင်ဘို့မယ် ထားသက်နှင့်
ငါးဆက်မင်း မြှောက်သည့်ပုံလို

ဟူ၍၎င်း။

အချုပ်တန်း ဆရာဖေကလည်း—

* ရှင်ဘို့မယ် ယင်းတသက်
မင်းဆက်က ငါးသွယ်။
နှင်းမပျက် ငုလျှားချယ်သည်၊
ထားဘသွယ် ဥဒါန်း။

ဟူ၍၎င်း စပ်ဆိုတော်မူကြသည်။

ဤကား ရှင်ဘို့မယ်အကြောင်း အကျဉ်းချုပ်တည်း။

မှတ်ချက်။ ။ခြေတော်ရာ သုံးဆူမှစပြီး ဤအခန်းတိုင်အောင်ကို ရွှေစက်တော် သမိုင်းကြီးမှ အလျဉ်းသင့်သလို ဗဟုသုတအဖြစ် ကောက်နုတ် တင်ပြခြင်း ဖြစ်ပါသည်။

## ၅၀။ သာကေတမြို့

ယခုအိန္ဒိယပြည်ရှိ အယိုဓယမြို့သည်

ရှေးအခါက (သာကေတ) ခေါ်သော မြို့ဖြစ်သည်ဆို၏။

ဖြစ်ဟန်မှာ....

ဝိနည်းမဟာဝါ ပါဠိတော်၌ လာရှိသည့်အတိုင်း ဤ (သာကေတ) မြို့သည် သာဝတ္ထိပြည်မှ ခြောက်ယူဇနာ ဝေးသည်ဆို၏။

ဓမ္မပဒ-အဋ္ဌကထာ၌—

ကောသလမင်းကြီးသည် ယောက်ဖတော် (ဗိမ္ဗိသာရ)မင်း၏ နိုင်ငံဖြစ်သော(ဘဒ္ဒိယ) မြို့မှ (ဓနဉ္စယ)သူဌေးကို ခေါ်ဆောင်၍ သာဝတ္ထိပြည်သို့လာရာ၊ နှစ်ရက်နှင့်တညအိပ်ခရီးဖြင့် ရောက်လိုသော နေရာသို့ ချဉ်းကပ်မိလေ၏။

ထိုအခါ ဓနဉ္စယသူဌေးက မေးသည်မှာ....

"အရှင်မင်းကြီး—

ဤနိုင်ငံတော်သည် အသူ၏နိုင်ငံဖြစ်ပါသနည်း။ ဤနေရာမှ သာဝတ္ထိပြည်သို့ မည်မျှဝေးပါသနည်း" ဟု မေးမြန်းလေ၏။

ထိုအခါ မင်းကြီးက—

ဤတိုင်းပြည်သည် ငါ၏တိုင်းပြည်ဖြစ်၏။ ဤနေရပ်မှ သာဝတ္ထိသို့ (၇)ယူဇနာ ဝေးသည်" ဟု ဖြေကြားတော်မူ၏။

သူဌေးကြီးက—

"ကျွန်ုပ်၏ပရိသတ်သည် အလွန်များစွာ၏။ ဤနေရာ၌ သင် မင်းကြီး သဘောကျပါက ကျွန်ုပ် နေချင်သောဆန္ဒရှိပါသည်" ဟု ပြော၏။

မင်းကြီးသည် နှစ်သက်တော်မူသောကြောင့်—

ထိုနေရာမှာ မြို့တည်ထောင်၍ ဓနဥ္စယသူဌေးကြီးအား ပေး ခဲ့၏။ ထိုကြောင့် သူဌေးကြီးသည် မိမိအလိုဆန္ဒအတိုင်း ပြုလုပ် အပ်သောမြို့ဖြစ်၍ ၎င်းမြို့ကို (သာကေတ) ဟု အမည်တွင်စေ သည်ဆို၏။

အင်္ဂုတ္တရ-ဧကနိပါတ်-အဋ္ဌကထာ၌....

ဓနဥ္စယသူဌေးကို ကောသလမင်းကြီးသည် သာဝတ္ထိပြည်မှ (၇)ယူဇနာ အဝေး (သာကေတ)မြို့ တည်ထောင်ပေးကြောင်း ပါရှိ၏။

ဤသာကေတမြို့သို့—

တရုတ်ဘုန်းတော်ကြီး (ဖါဟိယန်) ကြွရောက်သော အခါ သာသနာသည် ထင်ပေါ်လျက်ရှိနေသေးသည်ဆို၏။

ထိုတရုပ်ဘုန်းတော်ကြီး၏ မှတ်တမ်း၌ လာရှိသည်မှာ ဘုရား ရှင်သည် (မျက်သစ်တံ) တံပူချောင်းကို မြေသို့ပစ်ချလိုက်လျှင် ခါကြီးမငယ် ပကတိအတိုင်း မြေ၌စိုက်လျက်နေလေ၏။

ပုဏ္ဏားလူမျိုးနှင့် (ဂျိုင်းနီ)လူမျိုးတို့သည်—

ထိုတံပူချောင်းကို ခုတ်ဖြတ်ငြားသော်လည်း ပကတိအတိုင်း ရှိနေသည်ဆို၏။ ၎င်းပြင် (သာကေတ) မြို့၌ ဘုရားရှင်လေးဆူ တို့၏ စင်္ကြံန်တော်ဌာနနှင့် ထိုင်တော်မူရာဌာန၌ စေတီတော်များ ရှိကုန်သည်ဟုလာရှိ၏။

ထိုမှတပါး (ဟူယိင်ကျင်) အမည်ရှိသော တရုပ်ဘုန်းတော် ကြီး၏ မှတ်တမ်း၌လည်း ဤအယိုဓယခေါ် (သာကေတ)မြို့၌ ဘုရားရှင်၏ (မျက်သစ်တံ) တံပူချောင်းနှင့် စပ်လျဉ်း၍ ရေး သားပါရှိ၏။

တရုပ်ဘုန်းတော်ကြီး၏ (ဟူယိင်ဆင်) ကျမ်းနှင့်အညီ—

ဤသာကေတမြို့သည် အကျယ်အဝန်း အားဖြင့် လီပေါင်း (၄၀၀၀) ရှိ၏။ မိုင်အားဖြင့် (၆၉၆) မိုင်ကျော်ရှိ၏။ မြို့၏ အကျယ် အဝန်းသည် (၁၆) လီရှိ၏။ မိုင်အားဖြင့် (၂) မိုင် ကျော်ခန့်သာရှိ၏။

ဤမျှလောက် ကြီးကျယ်သော တိုင်းပြည်၌—

သံဃာတော် (၃၀၀၀)ခန့်နှင့် ကျောင်းတိုက်ပေါင်း(၂၀) ရှိ၏။ ကျောင်းတိုက် အနီး၌ ပေ (၂၀၀) ခန့် အမြင့်ရှိသော အာသောကစေတီတော် တဆူရှိ၏။ ၎င်းပြင် နှစ်ပေါင်း များ စွာက ပေါက်ရောက်ခဲ့သော (၆)ပေ(၇)ပေခန့် အမြင့်ရှိသော သစ်ပင်တပင်ရှိ၏။

၎င်းသစ်ပင်၏ အကြောင်းမှာ—

ဘုရားရှင်၏ (မျက်သစ်တံ)တံပူချောင်း ဖြစ်ပေ၏။ ၎င်းပြင် ရှေးဘုရားလေးဆူတို့၏ နေရာအမှတ်အသားလည်း ရှိသည်ဆို၏။

ယခုအခါ (ဆရဂူ-သရဘူ) မြစ်နှင့် (ဂါဂရာ)မြစ်မှ ခွဲထားသဖြင့် ထိုမြစ်တို့၏ မြောက်ဘက် ဟိမဝန္တာတောင်ခြေ တိုင်အောင် ရှိနေသော နယ်များကို (ဥတ္တရကောသလ) ဟု သတ်မှတ်ပြီး အဆိုပါမြစ်၏ တောင်ဘက်ကို (ဒက္ခိဏကောသလ)ဟု ခေါ်ဆို၏။

ထိုကြောင့် အယိုဓယမြို့သည်—

ဒက္ခိဏကောသလ သို့မဟုတ်(သာကေတ)မြို့ဖြစ်၏။ ၎င်းသာကေတကို သက္ကဋဘာသာ ဟိန္ဒီဘာသာတို့၌ (အဝဓ)ခေါ်ဆို၏ဟု ကျောက်စာမင်းကြီး (ကနိန်ဂဟန်)သည် ဆုံးဖြတ်ပြသည်ဆို၏။ သာကေတမြို့တွင် မျက်မြင်ဒိဋ္ဌရှိသမျှကို အမြွက်မျှတင်ပြပါအံ့။

ဟုယိုင်ဆင်ဂ် စသော ကျမ်းတို့တွင်ပါရှိသော ဘုရား၏(မျက်သစ်တံ) တံပူချောင်းပေါက်ရာ၌၊ ယခုကာလ (ဒါဘူအိန်ကုဏ္ဍ) သို့မဟုတ် (ဓါတုဝန်ကုဏ္ဍ) စသော အမည် (၂)ခုဖြင့် ထင်ပေါ်လျက် ရေကန်ကြီးတခု ရှိ၏။ ဟိန္ဒူလူမျိုးတို့က ၎င်းရေကန်ကို ငါတို့၏ (ယာမမင်း) တံပူစား၍ ချပစ်သော နေရာဟု အယူရှိကြပြီး ကိုးကွယ် ပူဇော်မှု ပြုနေကြကုန်သည်ဆို၏။

၎င်းပြင် ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုး စသည်တို့သည်—

တစုံတခုမျှ မရှိကုန်။ ဘုရားရှင် သာသနာ ကွယ်ပျောက်၍ ဟိန္ဒူသာသနာ မြောက်များစွာ ရှိနေကုန်သည်ဆို၏။

ဟိန္ဒူတို့၏ ရသေ့ရဟန်းများနှင့်တကွ နတ်ကွန်း အစရှိကုန်သော ဘုရားကျောင်းတို့သည် အခြားအခြားသော နေရာတို့ထက် အဆတရာမျှ ပွားများကုန်၏။ သူဌေးသူကြွယ်များသည် အလှူမပြတ်အလှူဧရပ်တို့ကို ဆောက်လုပ်ပြီး နိစ္စပတ်ပုညကိုအထူး ဆည်းပူး နေကြကုန်သည်ဆို၏။

၎င်းပြင် (ဆရယူနဒီ) သို့မဟုတ် (ဆရဂျဒီ) ခေါ်သော မြစ်ကမ်းတလျှောက်မှာလည်း ရေချိုးရန်နှင့်တကွ ရသေ့ ရဟန်းတို့၏ နေထိုင်ရာ တရားဇရပ်များ ရှိကြကုန်သည်ဆို၏။

ဒသရဋ္ဌမင်းကြီး၏ သားတော် (ယာမ) မင်းသား၏ ချက်မြှုပ်မြေ ဖြစ်ခဲ့ဘူးသောကြောင့် ဟိန္ဒူလူမျိုးတို့သည် ဤသာကေတမြို့ကို အထူးသဖြင့် အလေးအမြတ်ပြုကုန်သည်ဆို၏။

သာကေတမြို့သို့ သွားရန် ခရီးစဉ်မှာ—

ကလကတ္တား ဗာရာဏသီ လက္ခနောင်းမြို့တို့မှ သွားရသည်။ (ဂျီရာပူရန်)မြို့မှ သွားလျှင် (မန်နကာပုရ်) ဘူတာသို့လိုက်သွား ရ၏။ ၎င်းဘူတာမှ သာကေတမြို့သို့ တမိုင်ခန့် မြင်းရထားဖြင့် သွားရသည်ဆို၏။

*

## ၅၁။ ဘုရားလောင်း ရင့်မာတကျိပ်

၁။ အဇိတမထေရ်-ဤဘဒ္ဒ ကမ္ဘာတွင် အရိမေတ္တယျ ဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

၂။ ရာမမင်း- နောင် မဏ္ဍ ကမ္ဘာတွင် ရာမ ဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

၃။ ပသေနဒီကောသလမင်း-နောင်မဏ္ဍ ကမ္ဘာတွင် ဓမ္မရာဇာ ဟူသောအမည်ဖြင့် ပွင့်တော်မူမည်။

၄။ အဘိဘူနတ်မင်း-နောင်သာရမဏ္ဍကမ္ဘာတွင် ဓမ္မသာမိ ဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

၅။ အသူရိန်နတ်မင်း-နောင်မဏ္ဍကမ္ဘာတွင် နာရဒ ဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

၆။ ဝင်္ကိသပုဏ္ဏား- နောင်မဏ္ဍကမ္ဘာတွင် ရသ်ိမုနိ ဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

(ဇာတကတ္ထာကိကျမ်းတွင်- စင်္ကီပုဏ္ဏားဟုရှိသည်)

၇။ သုဘပုဏ္ဏား- နောင်မဏ္ဍကမ္ဘာတွင် ဒေဝါတိဒေဝေါ ဟူသောအမည်ဖြင့် ပွင့်တော်မူမည်။

၈။ ဒေါဒေယျပုဏ္ဏား- နောင်မဏ္ဍကမ္ဘာတွင် ရနသိဟ ဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

၉။ နာဠာဂီရိဆင်မင်း-နောင်မဏ္ဍကမ္ဘာတွင် တိဿဟူသော အမည်ဖြင့် ပွင့်တော်မူမည်။

၁၀။ ပါလိလေယျကဆင်မင်း-နောင်မဏ္ဍ ကမ္ဘာတွင် သုမင်္ဂလ ဟူသောအမည်ဖြင့် ပွင့်တော်မူမည်။

**မှတ်ချက်။** အဇိတမထေရ်သည် ယခုဘဒ္ဒကမ္ဘာ၌ အရိမေတ္တယျ ဟူသောအမည်ဖြင့် ပဉ္စမမြောက် နောက်ဆုံးပွင့်တော်မူမည့် ဘုရားဖြစ်၏။

*

## ၅၂။ ဝံသတိုင်း-ကောသမ္ဗီပြည်

ဤဝံသတိုင်းမှ ကောသမ္ဗီပြည်ကို ဝိသတိနိပါတ်- မာတင်္ဂဇာတ်နှင့်အညီ မှတ်သားအပ်သည်ဟုဆို၏။

အခါတပါး၌ ဘုရားရှင်သည်–

ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝံသတိုင်းရှင်ဘုရင် (ဥတေန)မင်းကို အကြောင်းပြု၍ (ကု-တော-န-အာဂစ္ဆသိ) အစရှိသော ဂါထာဖြင့် မာတင်္ဂဇာတ်ကို ဟောတော်မူ၏။

ရှင်ပိဏ္ဍောလ မထေရ်သည်–

ဇေတဝန်ကျောင်းမှ ကောင်းကင် ခရီးဖြင့် ကြွတော်မူ၍ ကောသမ္ဗီပြည် (ဥတေန)မင်း၏ ဥယျာဉ်တော်၌ သီတင်းသုံးနေထိုင်တော်မူ၏။

နာရဒ ဇာတ်တော်၌....

ရှင်အာနန္ဒာ အလောင်းသည် မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ရွှေပန်းဘဲမ်ဆရာ ဖြစ်စဉ်အခါ၌ (ပရဒါရကံ) သူတပါးမယားအား ကျူးလွန်သောကံကို ပြုလုပ်မိလေ၏။

ထိုဘာဝမှ စုတေသော်—

ကောင်းမှုကံတခုကြောင့် ကောသမ္ဗီပြည် သူဌေးမျိုး၌ ဖြစ်လေ၏။ ထိုဘာဝမှစုတေပြန်သော် ကျူးလွန်ခဲ့ဘူးသော (ပရဒါရကံ) ကြောင့် (ရောရုဝငရဲ) သို့ ကျရောက်လေသည်ဟု ဟောတော်မူ၏။

ဒသနိပါတ်-ကဏှဒီပါယန ဇာတ်၌လည်း—

ကောသမ္ဗီပြည်၌ ကောသမ္ဗတမင်းသည် မင်းပြုကြောင်းကို ဆိုတော်မူ၏။

ထိုမှတပါး ကောသမ္ဗီပြည်၌—

ဃောသက- ကုက္ကုဋ- ပါဝါရိက အမည်ရှိသော သူဌေးကြီးသုံးဦးရှိ၏။ ထိုသုံးဦးတို့သည် ဇေတဝန် ကျောင်းတော်သို့ သွား၍ ဘုရားရှင်၏တရားတော်ကို နာရသောအခါ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

ထိုနောက် သံဃာတော်တို့အား အလှူကြီးပေးလှူ၍ ဆယ့်ငါးရက်ပတ်လုံး နေကြပြီးသော် ဘုရားရှင်ကို ပင့်ဆောင်ပြီး ပြန်သွားကြလေ၏။

ကောသမ္ဗီပြည်သို့ ရောက်သောအခါ ဘုရားရှင် သီတင်းသုံးတော်မူရန် ဃောသက သူဌေးသည် ဃောသိတာရုံကျောင်းတော်ကို ဆောက်လုပ်လှုဒါန်း၏။

ကုက္ကုဋ္ဌ သူဌေးသည် ကုက္ကုဋ္ဌာရုံ ကျောင်းတော်ကို၎င်း၊ ပါဝါရိက သူဌေးသည် ပါဝါရိကာရုံကျောင်းတော်ကို၎င်း၊ ဆောက်လုပ်လှူဒါန်းကြ၏။

ဂေါတမ ရှင်တော်ဘုရားသည်—

နောက်ပါသံဃာတို့နှင့်တကွ ကြွတော်မူလာပြီး ထိုကျောင်းတော်ကြီး သုံးဆောင်၌ ကိုးဝါမြောက် ဝါဆိုတော် မူ၏။ ထိုအခါ သံဃာတော်များသည် မညီမညွတ်ကွဲပြားကြ၍ သီတင်းကျွတ်လျှင် (ပါလိလေယက)တောသို့ ကြွတော်မူ၍ အင်ကြင်းပင်ကြီး တပင်အောက်၌ (ပါလိလေယက) ဆင်မင်း၏ လုပ်ကျွေးမှုကို ခံယူပြီး သီတင်းသုံးနေတော်မူ၏။

မှတ်ချက်။ ။ပါလေယက ဆင်မင်းသည် ဘုရားလောင်းရင့်မာ တကြိတ်တွင် တဦးအပါအဝင် ဖြစ်သည် ဆို၏။

ဝံသတိုင်း ကောသမ္ဗိပြည်၏ ယခု တည်ရှိနေပုံမှာ ကနိန် ဂတန် ကျောက်စာမင်းကြီးသည် ဝံသတိုင်း၏ အကျယ်အဝန်းကို စတုရန်းမိုင် ၁၀၀-ရှိသည်ဆို၏။

ဟုယိင်ဆာင် စာတန်း၌ လီပေါင်းခြောက်ထောင်ဟု ပါရှိ၏။ ၎င်းခြောက်ထောင်ကို (ခြောက်လီလျှင် တမိုင်စီ) ရှိ၏ ဟူသောစကားနှင့် စတုရန်းမိုင် တထောင်နှင့် မင်းနေပြည်တော်၏ စတုရန်း ငါးမိုင်ရှိသည်ဟု ပါရှိ၏။

ယခုရှိသော ကောသမ္ဗီမြို့ရိုး၏ ပတ်ပတ်လည်မှာ ပေပေါင်း နှစ်သောင်းသုံးထောင်နှင့် တရာ ရှိသည်ဟုဆို၏။ မိုင်အားဖြင့် လေးမိုင်နှင့်သုံးဖါလုံ ရှိသည်ဟုဆို၏။

မြို့ရိုး၏ အမြင့်ပေပေါင်းမှာ—

သုံးဆယ်မှ ၃၅-ပေရှိ၏၊ မြောက်ဘက်၌ အမြင့် ပေ ၄၊ ဆယ်၊ အနောက်တောင်နှင့် အရှေ့တောင် အရပ်၌ ပေပေါင်း ခြောက်ဆယ်စီမြင့်၏။

မြို့ရိုးအပြင်၌ ကျုံးမြောင်းတို့သည် ယခုအထိရှိနေသည်ဆို၏။ ဤနေရာကို အာသောက ကျောက်စာဖြင့် ကောသမ္ဗီပြည်ဟု မှတ်ယူအပ်သည် ဆို၏။

ဤကား ကျောက်စာဘက်ဆိုင်ရာ စကားနှင့် ဟုယိင်ဆင် တရုတ်ဘာသာစကားဖြင့် ညွှန်းပြအပ်သော စကားဖြစ်၏။

ကောသမ္ဗီမြို့ဟောင်းဘည်ရာ၌—

လယ်သမားတို့ လယ်ထွန်ကြသောအခါ ထွန်ဖြင့် တိုက်၍ အကျိုးအပျက် ရုပ်ထုများစွာတို့ ပေါ်ထွက်တွေ့ရှိရသည်ဆို၏။ ဗုဒ္ဓဘာသာ ရဟန်း ရှင် လူ အပေါင်းတို့ တွေ့ကြုံရသော အခါ စိတ်မချမ်းမသာ ဖြစ်ကြရကုန်သည် ဆို၏၊

ကောသမ္ဗီပြည်သည်—

ယမုနာမြစ်၏ ကမ်းထိပ်၌ တည်ရှိနေ၏။ (ဂဟာရဝါ)ရွာ၏ အနောက်ဖက် စူးစူး လေးမိုင်ခန့်တွင် (ပတိုဆာ) ခေါ်သော

အရပ်၌ ဘုရားရှင်သည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်၌ နေတော်မူစဉ်—

အရှင်အာနန္ဒာသည် (ပလက) ဂူ၏ အနီးရှိ (ဒေဝကဋ္ဌသောဗ္ဘ) ရေအိုင်မှာနေသော (သန္ဒက)ပုရဗိုဇ်ကို အကြောင်းပြု၍ (သန္ဒက) သုတ်ကို ဟောတော်မူဘူး၏။ ရွာ၏ အနီးမှာ ဂျိုင်းနီ (ဂျိန်း)လူမျိုးတို့၏ ဓမ္မာရုံဇရပ်တခုရှိ၏။

ရွာ၏အနောက်ဘက်၌ တောင်တလုံးရှိ၏၊ ရွာ၏အနောက်မြောက်ဒေါင့်၌ ဘောင်တလုံးရှိ၏။ ထိုတောင်နှစ်လုံး တို့တွင် အနောက်မြောက်ဒေါင့်၌ နတ်ကွန်းတခုရှိ၏။ ၎င်းအတွင်းမှာ ဂျိုင်း (ဂျိန်း) လူမျိုးတို့၏ ကိုးကွယ်ရာ ရုပ်တု အကြီးအငယ်မှာ ရှစ်ပါးရှိ၏။

အနောက်အရပ်၌ရှိသော တောင်မှာ အနုမန် နတ်ကွန်းတခု တောင်အောက်၌ရှိ၏။ နတ်ကွန်းဟောင်းကြီးတခု ရှိသည်ဆို၏။

ထို့အပြင် (ဂဟာရ) ရွာ၏ ဘောင်ဘက် ယမုနာမြစ်ကမ်း (ဇန္နာ) ဝီနင်စု (ဇဟာရကိုင္ဌရာ) ရွာ၏ အနောက် အရပ်၌ အဆောက်အဦတခုကို ကျောက်စာဝန်တို့သည် မကြာမီ တူးဖေါ်ကြမည်ဆို၏။

ရွာ၏ဘောင်ဘက်၌ (ရိခ်ယန်)အမည်ရှိသော တောင်ခေါင်းတခုသည် အလျားအားဖြင့် မည်မျှရှိမည်ကို မသိနိုင်သေးပါ။

ကောသမ္ဗီသို့ သွားရန် ခရီးစဉ်မှာ—

အီလာဟာဗါဒ်မြို့မှငင်း။ သို့မဟုတ် (ကန္နပုရ် ကောင်ပို) မြို့မှငင်း။ (ဘရဝါရီ)ဘူတာသို့ သွားရ၏။ ငင်းဘူတာမှ တောင်ဘက် မိုင်(၂၀)အကွာ၌ ကောသမ္ဗီ မြို့ဟောင်းရှိသည်။ မြင်းရထားနှင့် နွားလှည်း ရသော်လည်း လမ်းမကောင်းဟုဆို၏။

ကောသမ္ဗီကို ယခုကာလ(ကိုဆစ်) သို့မဟုတ်(ကောက်သျမ္ဗီ) ဟု ဆိုကြ၏။ မြို့ဟောင်း၌ (ကိုကမ်ကူနာမ်-ကိုဆမ်ခိုရာဂျီ) ဟူသော အမည်ဖြင့် ရွာငယ်နှစ်ရွာရှိ၏။

ငင်းနှစ်ရွာ၏အမည်ဖြင့်သွားလျှင် ရောက်လွယ်၏။ ကောသမ္ဗီ မြို့သည် (အီလာဟာဝါဒ) မြို့နယ် ယမုနာ မြစ်ကမ်း ထိပ်၌ တည်ရှိသည်ဆို၏။

## ၃၃။ ဗာရာဏသီမိဂဒါဝုန်

အိန္ဒိယပြည်ရှိ—

ဗာရာဏသီမြို့မှမြောက်ဘက် အဖြောင့်လမ်းအတိုင်းသုံးမိုင်ခွဲ၊ ကားလမ်းအတိုင်း (၇) မိုင်အကွာ၌ ဘုရားရှင်သည် ပဉ္စဝဂ္ဂီ

ငါးဦးတို့အား ဓမ္မစကြာတရားဟောတော်မူရာ၊ မိဂဒါဝုန်တော သည် ယခုအခါ (ဆာရနာတ်) အမည်ဖြင့် ကမ္ဘာပေါ်၌ထင် ရှားစွာ ရှိနေသည်ဆို၏။

ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏ မစွန့်အပ်သော ဌာနဖြစ် သောကြောင့် (အဝိဇဟိတ)အမည်တော်ရသော ထိုဣသိပတန မိဂဒါဝုန်တော၌ ရာဇော၀ါဒ ကျမ်းနှင့်အညီ နန္ဒိယသူကြွယ် ဆောက်လုပ် လှူဒါန်းအပ်သော တိုက်ခန်းလေးခု၊ မုခ်အထွတ် လေးခုဖြင့် ဆင်ယင်ထားသော ကျောင်းတော်ကြီးရှိ၏။

ထိုကျောင်းတော်ကြီးကို—

မသမာသော မိစ္ဆာမင်းတို့က ဖျက်ဆီးပြစ်လေသောကြောင့်-

ယခုအခါ ပျက်စီးလျက်ရှိနေ၏။ ဤနေရာသို့ ကျောက်စာ ဝန်တို့ လာရောက် တူးဖေါ်ကြသောအခါ အရာဝတ္ထုတို့သည် များစွာ ပေါ်ထွက်လာကုန်သည်ဆို၏။

ထိုအရာဝတ္ထုတို့တွင်—

မိဂဒါဝုန်ကျောင်းတော်ရာသည် တောင်နှင့်မြောက် ခြေလှမ်း (၄၅၀)ခန့်မျှသာရှိ၏။ အရှေ့အနောက်ခြေလှမ်း(၅၀၀)ခန့်မျှ ရှိ၏။ ကျောင်းတော်သည် သုံးထပ်တိုက်ပုံသဏ္ဌာန်ရှိ၏။

ကျောင်းတော်၏အတွင်း၌ ဘုရားရှင် ကျိန်းစက်တော်မူရာ ဂန္ဓကုဋိတိုက်တခုရှိ၏။ ထိုဂန္ဓကုဋိတိုက်မှာ တောင်နှင့်မြောက် ခြေလှမ်း (၅၂) လှမ်း၊ အရှေ့နှင့်အနောက် (၆၂)လှမ်းရှိ၏။

ဂန္ဓကုဋိတိုက်မှ အနောက်ဘက်ကပ်လျက် ကျောက်စာခန်း တွင် ပါရှိသော သီရိဓမ္မာသောကမင်းကြီး၏ ကျောက်စာတိုင် သည် ငါးပိုင်း ပိုင်း၍ကျိုးပျက်နေ၏။ အရင်းပိုင်းက ၎င်းနေရာ မှာပင် အင်္ဂလိပ်မင်းတို့ အထောက်အပံ့ဖြင့် ကျောက်စာနှင့်တကွ စိုက်ထူလျက်ရှိ၏။

ခြင်္သေ့ရုပ်ပါသော အထက်ဆုံး အပိုင်းသည် ပြတိုက်တွင်ရှိ နေ၏။ အလယ်သုံးပိုင်းသည် ဂန္ဓကုဋိတိုက်၏ အနောက်ဘက် တွင် တုံးလုံးလဲလျက်ရှိ၏။

ဂန္ဓကုဋိတိုက်၏အနောက်ဘက် ကျောင်းတော်ရာနှင့် မနီး မဝေးတွင် စစ်တွေမြို့မှ (ဦးမြထွန်း) ဆိုသူ လှူဒါန်း ခဲ့သော နှစ်ထပ်တိုက် ဓမ္မာရုံဇရပ်ကြီး တခုရှိ၏။

ဂန္ဓကုဋိတိုက်မှ တောင်ဘက်အနီးတွင်—

ပရမရာဇိကာ စေတီတဆူ၊ ၎င်းစေတီမှာလည်း အောက် ဘိနပ်မျှသာရှိတော့၏။ ထိုစေတီမှ တောင်ဘက် မနီးမဝေးတွင် ကျောင်းပျက်တခု၊ ၎င်းကျောင်းပျက်မှ အရှေ့ဘက် အနီး၌ ကျောင်းပျက်တခုရှိ၏။

ဂန္ဓကုဋိတိုက်မှ အရှေ့တောင်ဘက်၌—

ဟိန္ဒူလူမျိုး ဂျိုင်းနီ(ဂျိန်း)နတ်ကွန်းတခု၊ ၎င်းနတ်ကွန်း၏ မြောက်ဘက် ဂန္ဓကုဋိတိုက်မှ အရှေ့တောင် ခပ်ယွန်းယွန်း၌ ကျောင်းပျက်တခုရှိ၏။ ၎င်းကျောင်းပျက်၏ အရှေ့ဘက်အနီး မှာ ပေတရာခန့် အမြင့်ရှိသော (ဓါမေခ)ခေါ်သည့် စေတီကြီး တဆူ။

၎င်းစေတီကြီး၏ နေရာမှာပင် ဘုရားရှင်သည် ဓမ္မစကြာ တရားကို ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဟောတော်မူသည်ဟု အများက ပြောဆိုကြ၏။

ထိုစေတီကြီးမှ အရှေ့တောင် ခပ်ယွန်းယွန်းတွင်—

သီဟိုဠ်ကျွန်းသား (ဓမ္မပါလ) ဆောက်လုပ်သည့် ဓမ္မာရုံ စရပ်တခုရှိ၏။ ၎င်းပြင် ကျောင်းတော်ရာမှ မြောက်ဘက် တောလမ်းနှင့်ကပ်လျက် အစိုးရ ပြတိုက်ကြီး တခုရှိ၏။

ဓာမေခ စေတီကြီးမှ အနောက်တောင်ထောင့် သုံးဖါလုံ ခန့်တွင် တောလမ်းနှင့်ကပ်လျက် (ကျောက်ခနီ) ခေါ်သော စေတီတဆူ—

၎င်းစေတီသည် ထို ဓာမေခ စေတီထက်ပင်ကြီး၏။ ထို စေတီ တည်ရာမှာ ဘုရားရှင်သည် ပဉ္စဝဂ္ဂီ ငါးဦးတို့နှင့် ရှေးဦး စွာ တွေ့ဆုံသော နေရာဖြစ်သည်ဆို၏။

ထိုမှတပါး—

ဂန္ဓကုဋိတိုက်မှ မနီးမဝေးသော အနောက်မြောက်ထောင့်၌ ဥမင်လိုဏ်ခေါင်းအနီးတွင် ကျောင်းပျက်တခု၊ ၎င်းကျောင်းပျက် မှ အရှေ့ဘက်ကပ်လျက် (စရမစတြဇိနဝိဟာရ) အမည်ရှိသော ကျောင်းပျက်တခု၊ ၎င်းကျောင်းကို (ကုမာရဒေဝီ) လှူသော ကျောင်းဟုဆို၏။

ထိုကျောင်းမှ အရှေ့ဘက်၌ ကပ်လျက်—

ကျောင်းပျက်တခု၊ ထိုကျောင်းပျက်မှအရှေ့ဘက်၌ ကျောင်းပျက်တခုရှိ၏။ စစ်တွေမြို့မှ (ဦးမြထွန်း) ဆိုသူက လှူသောစရပ်ပြတိုက်၊ ကျောက်ခန့် စေတီကြီး။ ဤသုံးခုမှ ကြွင်းသော အဆောက်အဦ တို့သည် နန္ဒိယ သူကြွယ်၏ ကျောင်းတိုက်အတွင်း၌ ပါဝင်ကုန်သည်ဆို၏။

၎င်းပြင် ကျောင်းတော်ရာ၏ မြောက်ဘက်၌ ကပ်လျက်—

အရှေ့ အနောက် အလျား တမိုင်ခန့်ရှိသော တူးမြောင်းတခုရှိ၏။

ကျောင်းတော်ရာကို တူးဖော်သောအခါ ၎င်း ကျောင်းတော်ရာမှ ထွက်သမျှသော ဘုရားရုပ်တု ဆင်းတု- ကျောက်ဘီး- သပိတ်- အိုးခွက် အစရှိသော အရာဝတ္ထုတို့ကို အထက်ပါ ပြတိုက်တွင် အားလုံး ဖော်ပြထားသည်ဆို၏။

*

## ၅၄။ မိထွေးတော် ဂေါတမီ ရဟန်းပြုပုံ

ဂေါတမ ရှင်တော်ဘုရားသည်—

ရာဇဂြိုဟ်ပြည်၌ စတုတ္ထဝါ ပြည့်တော်မူလျှင် သံဃာတော်အပေါင်းနှင့်တကွ လိစ္ဆဝီ မင်းတို့၏ နေရာ ဝေသာလီ ပြည်သို့ ကြွတော်မူ၏။ ရောက်သောအခါ မြို့အနောက်ဘက် တဂါဝုတ်မျှဝေးသော အရပ်ရှိ စုလစ်မွန်းချွန် တပ်အပ်သော စရပ်ကြီး၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဝေသာလီမင်းတို့သည်—

ဘုရားရှင်ထံသို့ အမြန် လာရောက်ကြပြီး "ဝေသာလီပြည်၌ သာရောက် သီတင်းသုံးတော်မူပါ" ဟု လျှောက်ထားကြ၏။ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူ၏။ ပြည်သူပြည်သား တို့သည် ဝမ်းသာအားရဖြင့် ကျောင်းကန်- စရပ်- မဏ္ဍပ်များ ကမ္ဘဋ္ဌာန်းကျောင်းများ ဆောက်လုပ် လှူဒါန်းကြ၏။

ဘုရားရှင် ဝေသာလီရောက်၍ တလကျော်လျှင် ဘခင် သုဒ္ဓေါဒနမင်းကြီး ပြင်းထန်စွာ မမာမကျန်း ဖြစ်၍ သားတော် ဘုရားကို အမြန်ပင့်ပေးရန် အမတ်တဦးကို လွှတ်လိုက်၏။

ရှင်တော်မြတ်ဘုရားသည်—

ထိုအကြောင်းကိုသိလျှင် ဘခင်ကြီးအား ချီးမြှောက်လိုသည် ဖြစ်၍ ငါးရာသော သံဃာတို့နှင့်တကွ ကပိလဝတ်ပြည်သို့ ကြွတော်မူ၏။

ဘုရားရှင်ရောက်၍ သုံးရက်မြောက်သော နေ့၌ပင် သုဒ္ဓေါဒန မင်းကြီးသည် အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်စံဝင်လေ၏။ ဘုရားရှင်သည် ဘခင်ကြီးအား စကြာဝတေးမင်း၏ အလောင်း ကို သဂြိုဟ်သောနည်းဖြင့် ကြီးကျယ်စွာ သဂြိုဟ်တော်မူ၏။

*

## ၅၅ စကြာဝတေးမင်း၏ အလောင်းကိုသင်္ဂြိုဟ်ပုံ

၁။ အလောင်းကို အကောင်းဆုံးသော ကာသိတိုင်းဖြစ် ပုဆိုးဖြင့် ရစ်ပတ်ရသည်။
၂။ ညက်စွာ နှစ်အပ်သော ဝါဂွမ်းကို လွှမ်းရသည်။
၃။ အပေါ်၌ နူးညံ့သော ပုဆိုးဖြင့် ရစ်ပတ်ရပြန်သည်။
၄။ ဤသို့လျှင် ငါးရာသောပုဆိုးတို့ဖြင့် ရစ်ပတ်ရသည်။
၅။ နောက် ရွှေတလားပေါ်သို့ တင်သွင်းပြီး နံ့သာ ထင်းပုံထက်၌ မီးတိုက်ရသည်။
၆။ အရိုးကိုယူပြီး ခရီးလေးကြောင်း ဆုံရာ၌ စေတီ တည်ရသည်။

အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း—

ဘုရားရှင်သည် ခမည်းတော်၏ ဈာပနကိစ္စပြီးလျှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ စံပယ်နေတော်မူသောအခါ မိထွေးတော် ဂေါတမီသည် ဘုရားရှင်ထံသို့ကပ်၍ မိခင်နှင့်တကွ မာတုကာမ အပေါင်းတို့ ရဟန်းပြုလိုကြောင်း လျှောက်ထား၏။

ဘုရားရှင်ကလည်း—

“မယ်တော်—

ငါဘုရား၏ သာသနာတော်၌ မာတုကာမတို့ကို ရဟန်းပြုခြင်းငှါမသင့်။ ပြုသော်လည်း ကြာရှည်စွာ ခံမည်မဟုတ်။ ထို့ကြောင့် ရဟန်းအဖြစ်ကို အလိုမရှိလင့်” ဟု မိန့်တော်မူ၏။

ထိုအခါ မိထွေးတော်သည်—

ဤသို့သောစကားဖြင့် သုံးကြိမ်သုံးခါ လျှောက်ထားသော်လည်း ဘုရားရှင်ကခွင့်မပြု၍ ဝမ်းနည်းစွာဖြင့်ငိုယိုပြီး နန်းတော်သို့ ပြန်လေ၏။

ရှင်တော်မြတ်ဘုရားသည်—

ကပိလတ်ပြည်မှ ဝေသာလီပြည်သို့ ပြန်ကြွတော်မူ၍ မဟာဝုန် တောတွင်းရှိ ဇရပ်ကြီး၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မိထွေးတော် ဂေါတမီသည်—

ရဟန်းမပြုရသဖြင့် မကျေနပ်ဘဲ မိမိသဘောဖြင့် ဆံပင်တို့ကို ရိတ်ဖြတ်ပစ်၏။ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လိုက်၏။ ပြီးတော့ သာကီဝင် မင်းသမီးများနှင့်တကွ ဘုရားရှင်ရှိရာ ဝေသာလီပြည်သို့ လိုက်လာ၏။

ဝေသာလီပြည်သို့ ရောက်လျှင်—

ကျောင်းတော် တံခါးအနီး၌ ခရီးပြင်း လာခဲ့ရ၍ သွေးများဖြင့် နီရဲနေသော ခြေဖဝါး၊ ဖုံအလိမ်းလိမ်း ကပ်နေသော ကိုယ်တို့ဖြင့် ပြင်းပြစွာငိုယို၍ နေလေ၏။

ထိုအသံကို ရှင်အာနန္ဒာ ကြားလျှင် အနီးသို့ ကပ်လာပြီး ကြည့်၏။ ကျေးဇူးရှင်မယ်တော်ကြီး ဖြစ်နေကြောင်း သိရသောအခါ—

''မယ်တော်ကြီး—

ဘာကြောင့် ဤမျှငိုနေရသနည်း၊ ဘာကြောင့် ဤမျှဝေးလံသော ခရီးကြမ်းမှ လာရသနည်း''ဟု မေးတော်မူ၏။

ထိုအခါ မယ်တော်မိဖုယားကြီးက—

''ချစ်သားအာနန္ဒာ—

ဘုရားရှင်ထံ ရဟန်းပြုရန် ခွင့်တောင်းဘို့ လာပါသည်''ဟု ပြန်ပြော၏။

ထိုစကားကိုကြားလျှင် ရှင်အာနန္ဒာက—

''မယ်တော်ကြီး—

သည်လိုဆိုလျှင် မစိုးရိမ်လင့်၊ ဘုရားရှင်ကို ကျွန့်ပ်ပြောမည်၊ မယ်တော်သည် ဤနေရာမှ ခေတ္တစောင့်ပါ''ဟု ဆိုပြီး ဘုရားရှင်ထံသို့ သွားလေ၏။

ဘုရားရှင်ထံသို့ ရောက်သောအခါ—

''အရှင်ဘုရား—

မိထွေးတော်သည် ရဟန်းပြုလို၍ ဆံပင်များကို ရိပ်ဖြတ်လာသည်၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လာသည်၊ ကြမ်းတမ်းသော လမ်းခရီးမှလာ၍ ခြေဖဝါးမှ သွေးများ ထွက်နေသည်။ တကိုယ်လုံး ဖုံတွေဖြင့်ညစ်ပတ်နေသည်။ ကျောင်းတံခါးအနီး၌ မြင်မကောင်းအောင် ငိုယိုနေသည်၊ ထို့ကြောင့် မယ်တော်အား သနားသောအားဖြင့် ရဟန်းပြုခွင့် ပေးတော်မူပါဘုရား''ဟု လျှောက်ထား၏။

သို့သော် ဘုရားရှင်က ရှေးနည်းအတိုင်းပင် ခွင့်မပြု။

ရှင်အာနန္ဒာသည် ဤနည်းဖြင့် သုံးကြိမ်သုံးခါ လျှောက်ထားသော်လည်း ခွင့်မပြုသဖြင့် မယ်တော်၏ဂုဏ်ကို ချီးမွမ်း၍ ဤသို့ လျှောက်ထားပြန်၏။

"အရှင်ဘုရား—

မာတုဂါမတို့သည် သာသနာတော်၌ ရဟန်း မပြုကောင်းတာလား၊ ထိုသို့မဟုတ် သောတာပတ္တိဖိုလ်စသော တရားထူးကိုမရနိုင်လို့လား၊ အကယ်၍ တရားထူးကိုရနိုင်မည်ဆိုလျှင် ခွင့်ပြုသင့်ပါသည် ဘုရား။

"မိထွေးတော်သည်—

"အရှင်ဘုရားအတွက် အထူး ကျေးဇူးကြီးလှပါသည်။ ငယ်ငယ်ကတည်းက နို့ရည်ကျွေး၍ မွေးခဲ့သူဖြစ်ပါသည်။ မယ်တော်ရင်းထက် အဆင်းရဲခံခဲ့ရသူ ဖြစ်ပါသည်၊ ထိုသို့ ခွင့်မပြုပါက မာတုဂုဏဝိသေသ (မိဘဂုဏ်ကျေးဇူး)အထူးကို မသိရာ ရောက်ပါလိမ့်မည်၊ ထို့ကြောင့် မယ်တော်ကို ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က—

"ကောင်းပြီ ချစ်သားအာနန္ဒာ—

မယ်တော်သည် ရှစ်ပါးသော ဂရုဓမ္မ (အလေးပြုအပ်သောတရား)ကို ထိန်းသိမ်းနိုင်မည် ဆိုပါက ရဟန်းပြုရန် ခွင့်ပြုတော်မူမည်"ဟု မိန့်တော်မူလိုက်၏။

ထိုအခါ ရှင်အာနန္ဒာသည်--

ရှစ်ပါးသော ဂရုဓမ္မ တရားတို့ကို ဘုရားရှင်ထံမှ သင်ယူကြားနာခဲ့ပြီး မယ်တော်ကြီးထံ လာ၍ပြောပြလေ၏။

ထိုစကားကိုကြားရလျှင်—

မိထွေးတော်သည် လွန်စွာ ဝမ်းသာလှသည်ဖြစ်၍ ထိုတရားရှစ်ပါးကို စောင့်ထိန်းပါမည်ဟု ဂတိပေးလေ၏။

ရှင်အာနန္ဒာသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားလေလျှင် ဘုရားရှင်ကလည်း—

"ချစ်သားအာနန္ဒာ—

မာတုဂါမတို့သည် ရဟန်းအဖြစ်ကို ရလျှင် (ဂရုဓမ္မ)တရားရှစ်ပါးကို အားထုတ်သည်ဖြစ်အံ့၊ ငါဘုရား၏ သာသနာသည် မာတုဂါမတို့၏ ဘောင်၌ အနှစ်တထောင် ပတ်လုံး တည်ရစ်သတ့်၊ ထို့ကြောင့် မာတုဂါမတို့ကို ရဟန်းပြုကြစေလော့" ဟု ခွင့်ပြုတော်မူ၍—

(ဘိက္ခုနီ-ဥပသမ္ပဒကံ)ကို တဖန်ပညတ်တော်မူ၏။

ထိုအခါ မိထွေးတော်ဂေါတမီသည်—

ငါးရာသော သာကီဝင်မင်းသမီးတို့နှင့်တကွ ရဟန်းအဖြစ်ကို ရကြကုန်၏။

မိထွေးတော်သည် ဘုရားရှင်ထံ ကပ်၍ သင့်တော်သော ကမ္မဋ္ဌာန်း တရားကို သင်ပြီး အားထုတ်သဖြင့် လောကုတ္တရာ တရား၏ အထွတ်အထိပ်သို့ ရောက်ရ၏။

ကြွင်းသော ဘိက္ခုနီမတို့သည် (နန္ဒကောဝါဒ) သုတ်ကို ဟော၍ဆုံးမှ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

*

## ၅၆။ ဂရုဓမ္မ တရားရှစ်ပါး

၁။ ဝါတရာ ရရှိသော ဘိက္ခုနီမသည်
ယနေ့ပြုစဖြစ်သော ရဟန်းယောကျ်ားအား ညွတ်တွား ရှိသေရခြင်း။

၂။ ရဟန်းယောကျ်ား ကင်းသော ကျောင်းအရပ်၌ ဝါ မကပ်ရခြင်း။

၃။ လခွဲတကြိမ် ရဟန်းယောကျ်ား တို့အား နှစ်ပါးသော ဓမ္မတို့ကို တောင်းပန်ရခြင်း။

၄။ ဝါကျွတ်သော အခါ
ဥဘတော သံဃာ၌ ပဝါရဏာပြုရခြင်း။

၅။ ပက္ခမာနတ်ကို–
နှစ်စဉ်မပြတ် ကျင့်ရခြင်း။

၆။ သိက္ခမန် အဖြစ်၌ နှစ်နှစ် တိုင်အောင် တည်ပြီးမှ ဥဘတောသံဃာ၌ ဥပသမ္ပဒကံဆောင်ရခြင်း။

၇။ ရဟန်းယောကျ်ားတို့အား—

ပရိယာယ် စကားမျှဖြင့်လည်း မဆဲရေး မခြိမ်းခြောက်ရခြင်း။

၈။ ရဟန်းယောကျ်ားတို့—

ဟောကြား ဆုံးမတိုင်း လိုက်နာရခြင်း။

မှတ်ချက်။ ။ဂရုဓမ္မ ရှစ်ပါးကို ဗဟုသုတ အဖြစ်မျှ ဖော်ပြခြင်း ဖြစ်ပါသည်။

*

## ၅၇။ မိထွေးတော် ဂေါတမီဝတ္ထု

မိထွေးတော်ဂေါတမီ၏ အတိတ်ဝတ္ထုကြောင်းမှာ—

ပဒုမုတ္တရ ဘုရားရှင် ပွင့်တော်မူသောအခါ၌ ပဋိသန္ဓေနေ၍ ဘွားမြင်ပြီး အရွယ်ရောက်သောအခါ ဘုရားရှင်ထံသို့ သွား၍ တရားတော်ကို ရိုသေစွာနာယူ၏။

တရံသောအခါ—

မိထွေးတော်ဖြစ်သော ဘိက္ခုနီမသည်—

အခြံအရံနှင့်တကွ ဘုရားရှင်ထံသို့လာ၍ တရားနာ၏။ ဘုရားရှင်သည် မိထွေးတော်ကို (ရတ္တညူ) ဧတဒဂ်အရာ၌ထား၍ ချီးမြှောက်တော်မူ၏။

ဤအရှင်မကဲ့သို့—

ဖြစ်လိုသောစိတ်ဆန္ဒ ရှိသည်ဖြစ်၍ ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား အလှူကြီးကို ပေးလှူ၏။ ပြီးတော့ ဤကဲ့သို့ ဆုတောင်း၏။

"တပည့်တော်မသည်—

နောင်အခါ ပွင့်လတ့်ံသော ဘုရားရှင်တို့၏ သာသနာတော်၌ ဤဘိက္ခုနီမကဲ့သို့—

မိထွေးတော်ဖြစ်ရပါလို၏၊ တေဒဂ်ဘွဲ့ကိုလည်း ရရပါလို၏" ဟု ဆုတောင်းလေ၏။

ဘုရားရှင်သည်—

အနာဂတံသဉာဏ်ဖြင့် ကြည့်၍ ဖြစ်လတ့်ံသည်ကို မြင်တော်မူလျှင်—

နောင်ဘဒ္ဒကမ္ဘာ၌-

ဂေါတမဘုရားရှင်သည် ပွင့်လတ့်ံ၊ ထိုအခါသင်သည် မဟာပဇာပတိဂေါတမီ ဟူသော အမည်ဖြင့် မိထွေးတော် ဖြစ်၍ ဘုရားလောင်းကို ကောင်းစွာ နို့တိုက် ကျွေးမွေးရလတ့်ံ- ဟု ဗျာဒိတ်ပေးတော်မူ၏။

ထိုအခါမှစ၍ မိထွေးတော် ဂေါတမီ အလောင်းသည်—

ဒါန သီလကို များစွာပြု၏။ သေလွန်သောအခါ နတ်ပြည်၌ ဖြစ်၏။

ထိုမှ သေပြန်သော်—

ဗာရာဏသီပြည် သူဌေးအိမ်၌ ငါးရာသော ကျွန်မတို့၏ အကြီးဆုံးသော ကျွန်မ ဖြစ်လာ၍ (ဇေဌကဒါသီ) အမည် ရှိ၏။

ထိုငါးရာသော ကျွန်မတို့သည်—

နေ့အခါ သူဌေး၏ဘာဝန်ကို ထမ်းဆောင်ရ၏။ ညအခါ မိမိတို့၏အိမ်ကိစ္စများကို ပြုလုပ်ရ၏။

တရံရောအခါ—

ဂန္ဓမာဒနတောင်၌ နေသော ပစ္စေကဗုဒ္ဓါ ငါးဦးတို့သည် ဝါလနီး၍ ဝါဆိုကျောင်း လိုအပ်သဖြင့် သူဌေးအိမ်သို့ ကြွလာကြ၏။

ထိုအချိန်၌ ဇေဌကဒါသီ ကျွန်မသည် ရေခပ်ရန် မြစ်ဆိပ်သို့ သွားနေခိုက်ဖြစ်၏။

သူဌေးကြီးက ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့အား ကြွလာသည့် အကြောင်းရင်းကို မေး၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ဝါဆိုကြောင်း အလိုရှိ၍ ကြွလာကြောင်း ပြောပြကြ၏။

သူဌေးကြီးက မလှူနိုင်ကြောင်း ပြန်၍လျှောက်ထားလိုက်၏။

ထို့ကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်—

မြို့အပြင်သို့ ထွက်ခဲ့ကြ၏။ လမ်းတွင် ရေဆိပ်မှပြန်လာသော ဇေဌက ဒါသီ ကျွန်းမနှင့်တွေ့ရ၏။

ထိုအခါ ကျွန်မက—

"အရှင်ဘုရားတို့သည် ယခုနပင် မြို့တွင်းသို့ဝင်၍ ယခုပင် ပြန်ထွက်လာကြသည်၊ အကြောင်းအသို့နည်းဘုရား" ဟု မေးမြန်း လျှောက်ထား၏။

အရှင်မြတ်တို့က—

"ဝါဆိုကျောင်း အလှူခံရန် ကြွလာကြောင်း၊ မရခဲ့ကြောင်း" များကို ပြန်လည် ပြောကြားကြ၏။

ထိုအခါ ကျွန်မက—

"အရှင်ဘုရားတို့—

ဝါဆိုကျောင်းကို သူဌေးမှသာ လှူရသလော၊ ဆင်းရဲသူများကော မလှူနိုင်သလော" ဟု လျှောက်ထား၏။

အရှင်မြတ်တို့က—

"မည်သူမဆို လှူနိုင်ကြောင်း" ပြောကြားလျှင်—

ထိုအခါ ကျွန်မက—

"သည်သို့ဆိုလျှင် တပည့်တော်မတို့ လှူပါမည်ဘုရား၊ နက်ဖန် ဆွမ်းခံကြွတော်မူပါ" ဟု လျှောက်ထားခဲ့၏။

အိမ်သို့ ရောက်လာသောအခါ ငါးရာသော ကျွန်မတို့နှင့် ဤသို့တိုင်ပင်၏။

“ရှင်မတို့....

ငါတို့သည် နောက်ဘဝများက ကုသိုလ်နည်းပါးခဲ့၍ ယခုဘဝ၌ ဆင်းရဲပြီး သူတပါးကျွန် ဖြစ်နေရသည်၊ သည်ဘဝမှ လွတ်မြောက်အောင် ပြုလုပ်သင့်သည်၊ နက်ဖန် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ဆွမ်းခံကြွလာလိမ့်မည်။

“ငါတို့ အတူတကွ လှူကြရအောင်၊ သင်တို့လည်း လင်ယောကျ်ားများ ပြန်လာလျှင် ပြောလိုက်ကြပါ – ကျောင်းကို စုပေါင်းအားဖြင့် ဝိုင်းဝန်း၍ ပြုပြင်ကြရအောင်” ဟု တိုက်တွန်းပြောဆိုလိုက်၏။

နောက်တနေ့၌—

အရှင်ပစ္စေကဗုဒ္ဓါတို့ ကြွလာသည့်အခါတွင် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်းကြ၏၊ ရှေးက နေခဲ့ဘူးသော ကျောင်းဟောင်းကိုမေးပြီး ၎င်းကို ပြုပြင်လိုက်ကြ၏။

အသစ် ဖြစ်သော ကျောင်း- ကန်- ဇရပ်- မဏ္ဍပ် တို့ကိုလည်း ပြုလုပ် လှူဒါန်းကြ၏။ ဝါကျွတ်သောအခါ အသပြာ တရာစီ တရာစီ စုပေါင်း၍ တိစီဝရိတ်သင်္ကန်းတို့ဖြင့် လှူဒါန်းလိုက်၏။

ထိုသူတို့သည် အသက်အတိုင်းနေ၍ သေလွန်ကြသော် တုသိတာနတ်ပြည်၌ ဖြစ်ကြရ၏။

ဇေဋ္ဌကဒါသီ ကျွန်မသည်—

နတ်ပြည်မှ စုတေပြီး ဗာရာဏသီပြည်အနီး ငါးရာသော (ရက်ကန်းသည်) တို့တွင် အကြီးဖြစ်သော ရက်ကန်းသည်အိမ်၌ ဖြစ်လာ၏။

အရှယ်ရောက်သောအခါ ကြွယ်ဝသော လင်ယောကျ်ား အိမ်သို့ရောက်၍ အထူးချမ်းသာစွာနှင့် နေရ၏။

တရုံရောအခါ—

ပဒုမဝတီမိဖုယား၏ သားဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့နှင့် တွေ့ကြုံ၍ ဝါတွင်းသုံးလပတ်လုံး ကိုးကွယ်မှုကိုပြု၏။ ထိုသို့ဖြင့် လူ့ပြည်နတ်ပြည်တို့၌ လှည့်လည်ပြီး ကမ္ဘာတသိန်း ကာလပတ်လုံး ခံစား စံစား၍ နေခဲ့၏။

ယခု ဘဒ္ဒကမ္ဘာ၌—

ဂေါတမဘုရားရှင် ပွင့်ခါနီးသော်—

ဘိုးတော်အဥ္စနမင်းကြီး၏ တောင်ညာစံဖြစ်သော ယသော ခယာ မိဖုယားကြီး၏ဝမ်း၌ သန္ဓေတည်၍ ဘွားမြင် လာခဲ့၏။ အမည်မှည့်အံ့သောအခါ ပုဏ္ဏားတို့က—

မြတ်သောသားသမီးတို့၏ အရှင်ဖြစ်နိုင်သောကြောင့်(မဟာ ပဇာပတိ ဂေါတမီ) ဟူသော အမည်ကို မှည့်ကြ၏။

အရှယ်သို့ရောက်သောအခါ—

အမတော် သိရိမဟာမာယာနှင့်တကွ ညီအမနှစ်ဦးကို ကပိလ ဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးနှင့် ဆောင်နှင်းကြ၏။

အမတော်သည်—

ဘုရားလောင်းကို ဘွားမြင်၍ (၇)ရက်ခနပြီး သေဆုံးသော အခါတွင် မိမိ၏သားအရင်း နန္ဒမင်းသားကို နို့ထိန်းတို့နှင့် လွှဲ အပ်ပြီး ဘုရားလောင်းကို မိမိနို့ဖြင့် ကောင်းစွာမွေးမြူလေ၏။

အထက်၌ ဆိုအပ်ပြီးခဲ့သည့်အတိုင်း—

ဘုရားရှင်ကိုတောင်းပန်၍ ရဟန်းပြုသဖြင့် ဇေတဝန်ကျောင်းတော်၌ပင် (ရတ္တညူ) ဧတဒဂ်- ဘွဲ့ကို ရလေ၏။

မှတ်ချက်။ ညဉ့်အပိုင်းအခြားကို သိသော ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဖြစ်သောဘွဲ့ကို ရတ္တညူ-ဧတဒဂ်ဘွဲ့ဟု ခေါ်သည်။

အခါတပါး၌—

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌—

စုလစ်မွန်းချွန်တတ်အပ်သော ဇရပ်ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။

မိထွေးတော်ဂေါတမီ ရဟန္တာမကြီးသည်လည်း—

ထိုမြို့၌ဆောက်လုပ်အပ်သော ရဟန်းမိန်းမများ၏ကျောင်း၌ ရဟန္တာမ ငါးရာနှင့်အတူ နေတော်မူ၏။ ထိုအခါတွင် မိထွေးတော်၏စိတ်၌ ဤသို့အကြံဖြစ်တော်မူ၏။

ငါသည်—

ဘုရားရှင်နှင့်တကွ ထင်ပေါ်ကျော်ကြားသော ရဟန္တာမကြီးများ၏ ပရိနိဗ္ဗာန်ပြုမှုကိုမြင်ရတော့မည်မဟုတ်။ ဘုရားရှင်၏ ခွင့်ပြုချက်အရ မကြာမီ ပရိနိဗ္ဗာန်ပြုရတော့မည်ဖြစ်၏။

ရဟန္တာမ ငါးရာတို့သည်လည်း ထိုအတူပင် အကြံဖြစ်ကြကုန်သည်ဆို၏။ ထိုသို့ဖြစ်သည်ဆိုလျှင် မဟာပထဝီမြေကြီးသည် ပြင်းထန်စွာတုန်လှုပ်၏။ နတ်စည်တို့သည် အလိုလိုမြည်ကုန်၏။

မကြာမီ မိထွေးတော် ဂေါတမီသည်—

ရဟန္တာမ ငါးရာတို့နှင့်တကွ ကျောင်းတော်မှထွက်ခဲ့၏။

ကျောင်းစောင့်နတ်တို့ကိုလည်း—

"ငါသည် မပြုပြင်အပ်သော နိဗ္ဗာန်သို့ သွားတော့အံ့။ ငါ့အား သည်းခံခွင့်လွှတ်ကြကုန်လော့" ဟု ပြောကြားခဲ့၏။

ဘုရားရှင်ထံသို့ ရောက်သောအခါ—

"အရှင်ဘုရား—

"ကျွန်ုပ်သည် အရှင်ဘုရား၏ မယ်တော်ပါတည်း။

"အရှင်ဘုရားသည်ကား ကျွန်ုပ်၏ ခမည်းတော်ပါတည်း။

"အရှင်ဘုရား၏ ရွှေတုံးနှင့်တူသော ကိုယ်တော်ကို ထင်ရှားအောင် ပြတော်မူပါ။ အရှင်ဘုရား၏ကိုယ်တော်ကို ဖူးမျှော်ပြီးမှ နိဗ္ဗာန်သို့ဝင်လိုပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည်—

ရောင်ခြည်တော်အစုံတို့ဖြင့် တန်းဆာဆင်အပ်သော ကိုယ်တော်ကို တခဲနက်သော ဆည်းဆာရောင်မှ နေလုလင်ကဲ့သို့ မိထွေးတော်အား ပြတော်မူ၏။ မိထွေးတော်သည် ဘုရားရှင်၏ ခြေဘဝါးအပြင်၌ ဦးတိုက်လေ၏။

အရှင်ဘုရား—

"တပည့်တော်မသည် နောက်ဆုံး ဖြစ်သော သေခါနီး၌ အရှင်ဘုရားအား ရှိခိုးပါ၏။ အရှင်ဘုရားကိုနောက်ထပ် ဖူးမြင်ရတော့မည် မဟုတ်ပါဘုရား။ သည်းခံ ခွင့်လွှတ်တော် မူပါဘုရား"ဟု လျှောက်ထားတောင်းပန်လေ၏။

ထိုအခါ ဘုရားရှင်က—

"မိထွေးတော် ဂေါတမီ—

နိဗ္ဗာန်သွားအံ့ဆဲဆဲ ဖြစ်သော အသင့်အား ခွင့်မလွှတ်နိုင်ရန် ဘာမျှမရှိပြီ။

သို့သော် အကြွင်းသူမိုက်တို့သည် မိန်းမတို့၏ မှန်ကန်သော သစ္စာတရား၌ ယုံမှားခြင်းသို့ ရောက်ကုန်၏။ ထိုယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှာ တန်ခိုး ပြခဲ့ဦးလော့"ဟု မိန့်တော်မူ၏။

ထိုအခါ မိထွေးတော်သည် ဘုရားရှင်ကို ဦးချပြီး ကောင်းကင်သို့ ပျံတက်၍ တန်ခိုးအမျိုးမျိုးကိုပြ၏။

တယောက်ထည်းမှ အများဖြစ်၏။ အများမှ တယောက်ထည်းဖြစ်၏။ မြေလျှိုး၏၊ ရေပေါ်၌သွား၏၊ ကောင်းကင်၌ တင်ပလင်ခွေဖြင့်သွား၏။

မြင့်မိုရ်တောင်ကို ထီးရိုးပြု၍ မြေကြီးကို တောင်ခြေရင်းနှင့်တကွ ပြန်လှန်၍ ထီးပြုခါဆောင်းပြီး ကောင်းကင်၌ စင်္ကြံ သွား၏။ လောကဓာတ်ကို နေခြောက်စင်းထွက်သကဲ့သို့ အခိုး ထွက်စေ၏။ ကမ္ဘာဖျက်မိုးကြီး ရွာသကဲ့သို့ လောကဓာတ်ကို ရေပန်းနှင့်ဖြန်း၏။

မုစလိန္ဒာ အိုင်ကိုင်ရင်း၊ မြင့်မိုရ်တောင်ခြေရင်းမှ သီတာမြစ် အကြား၌ ကျောက်တောင်ကြီးကိုင်ရင်း၊ မုန့်ညင်းစေ့ကဲ့သို့ လက်ခုပ်ဖြင့်ယူ၏။ လနှင့်တကွသော နေကို လက်ချောင်းများ ဖြင့် ဖုံးလွှမ်း၏။ သမုဒ္ဒရာ လေးစင်းမှ ရေကို လက်ဝါးတဘက် ဖြင့် ယူဆောင်၏။

ကောင်းကင်၌ ပရိသတ်နှင့်တကွ စကြာဝတေးမင်းအသွင် ဖန်ဆင်း၏။ ဂဠုန်- ဆင်- ခြင်္သေ့အသွင်ပြု၏။ မရေမတွက်နိုင် သော ရဟန္တာမ အပေါင်းကို ဖန်ဆင်းပြပြီး တယောက်ထည်း သော ပကတိကိုယ်ဖြင့် ဆင်းသက်လာပြီး ဘုရားရှင်ကို ဤသို့ လျှောက်ထား၏။

အရှင်ဘုရား—

တပည့်တော်မသည် မွေးဘွားသည်မှ ယခုအထိ အနှစ် (၁၂၀) ရှိပါပြီ။ ဤမျှဖြင့် ပရိနိဗ္ဗာန် ပြုပါတော့အံ့ဘုရား” ဟု လျှောက်ထား၏၊

ဘုရားရှင်ကလည်း—

“သင့်အား အထူးဆိုရန်မရှိပြီ။ သင်တို့ ပရိနိဗ္ဗာန် ပြုရမည့် အခါကို ယခုသိကြလော့” ဟု မိန့်တော်မူသဖြင့်—

မိထွေးတော်နှင့်တကွ ရဟန္တာမ အပေါင်းတို့သည် ဘုရား ရှင်ကို နောက်ဆုံး ရှိခိုးခြင်းဖြင့် ရိုသေစွာရှိခိုးကြပြီး နေရာမှ ထသွားကြလေ၏။ ဘုရားရှင်သည် မိထွေးတော်ကို ကျောင်း တံခါးမုခ်ဝရောက်အောင် လိုက်ပို့တော်မူ၏။

မိထွေးတော်သည်—

ရဟန်းမိန်းမတို့နှင့် တကွ ဘိက္ခုနီမ ကျောင်းသို့ ပြန်ရောက်သောအခါ ထက်ဝက် တင်ပလင်ကို ဖွဲ့ခွေထိုင်နေတော်မူ၏။ ပထမစျာန်မှစပြီး နေဝသညာနာသညာစျာန် အထိဒင်း၊ ၎င်းစျာန်မှပြန်၍ ပထမစျာန်အထိဒင်း (အနုလုံပဋိလုံ) ဝင်စားပြီး ပရိနိဗ္ဗာန် ပြုသောခနဉ္ဇ မြေကြီးသည် ပြင်းစွာ တုန်လှုပ်လေ၏။

ထိုအခါ ဘုရားရှင်သည်—

မိထွေးတော် အလောင်းကို သင်္ဂြိုဟ်ရန်အတွက် ရှင်အာနန္ဒာအား ရဟန်း အပေါင်းတို့ကို ခေါ်စေ၏။ ရဟန်းတို့အားလုံးရောက်သောအခါ မိထွေးတော် ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်းကို ရွှေဖြင့်ပြီးစေ၏။ ရွှေပြာသာဒ်ထက်၌ အလောင်းကို ထားစေ၏။

လောကပါလ နတ်မင်းကြီး လေးဦးတို့သည် ပခုံးဖြင့် ထမ်းကုန်၏။ သိကြားမင်း အစရှိသော နတ်တို့သည် ပြာသာဒ်ထက်၌ ထိုင်ကုန်၏။

အဆွင့်တတ်သော ပြာသာဒ်ပေါင်း ၄ါးရာရှိ၏။ အားလုံးကို ဝိသုကြုံနတ်သားက ဖန်ဆင်း၏။ ကြယ်တာရာနှင့် တကွသော (လ-နေ)တို့သည် ရွှေရောင်ဖြင့် တောက်ပကုန်၏။

ကောင်းကင်မှ ပဒုမာကြာတို့သည် တွဲရရွဲကျကုန်၏။ မြေမှ ပန်းတို့သည် အထက်သို့ တက်ကုန်၏။

နတ်တို့သည် အမျိုးမျိုး ပူဇော်ကြကုန်၏။

နဂါး အသူရာ ပြဟ္မာတို့သည်—

အစွမ်းရှိသလောက် မယ်တော်ကို ဆောင်ယူ ပူဇော်ကြကုန်၏။

မိထွေးတော်၏ ပရိနိဗ္ဗာန် ပြုခြင်းသည် အလွန် အံ့ဩဘွယ် ဖြစ်၏။

ဘုရားရှင် ပရိနိဗ္ဗာန် ပြုခြင်းသည် ဤမျှလောက် အံ့ဩဘွယ် မဖြစ်ဟုဆို၏။ မိထွေးတော် ပရိနိဗ္ဗာန် ပြုရာ၌ ဘုရားရှင် ကိုယ်တော်တိုင် စီမံတော်မူ၏။

လူနတ်ပြဟ္မာ အပေါင်းတို့သည်—

အလုံးစုံ နံ့သာဖြင့်ပြီးသော ထင်းပုံတို့ကို နံ့သာမှုန့်တို့ဖြင့် ရောပြွမ်း၍ မိထွေးတော်နှင့်တကွ ရဟန္တာမ ရုပ်ကလာပ်တို့ကို နံ့သာထင်းပုံ၌ မီးသဂြိုဟ်ကုန်၏။

(ထေရာပဒါန် ပါဠိတော် မြန်မာပြန် ဒု-မှ)

ယနောင်တပေ

## ၅၈။ ဝင်္ဂတိုင်း ဝင်္ဂရာဇ်ပြည်

အိန္ဒိယပြည်ရှိ ယခု ကလကတ္တားမြို့သည်—

ရှေးအခါက ဝင်္ဂတိုင်း၊ ဝင်္ဂရာဇ် မြို့တော် ဖြစ်ခဲ့ဘူးသည်ဆို၏။

ဖြစ်ပုံမှာ....

ဘုရားရှင် ပွင့်တော်မူသည်မှ ရှေးအနှစ်တရာခန့်၌ ဝင်္ဂတိုင်းပြည်တွင် ဝင်္ဂရာဇ်မင်း မင်းပြုလေ၏။

ထိုမင်းသည် ကလိင်္ဂမင်း၏ သမီးကို မိဖုယားမြှောက်၍ မင်းပြုတော်မူ၏။ ထိုမိဖုယားသည်....

ပညာရှိ မှူးမတ်တို့က....

"ထိုသတို့သမီးသည် (ခြသေ့်)နှင့် နီးစပ်လတ့်"ဟု လျှောက်တင်ကြသောကြောင့် (ကေသရီ)ဟူဟော အမည်ကို မှည့်ခေါ်ကြကုန်၏။

ထိုမင်းသမီး အရွယ်သို့ ရောက်သောအခါ....

ခမည်းတော် ဝင်္ဂရာဇ် မင်းကြီးသည် သမီးတော်၏ ကာမဂုဏ်အရာ၌ သူတပါးတို့ထက် ပိုမိုကြီးမားကြောင်းကို သိတော်မူ၏။ ထို့ကြောင့် ခမည်းတော်သည် သမီးတော်အား တိုင်းပြည်မှ ထွက်ခွာသွားစေ၏။

ထိုအခါ မင်းသမီးသည်....

မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ သွားကြသော လှည်းကုန်သည် တို့ကို တွေ့မြင်လေရာ ထိုကုန်သည်တို့နှင့်အတူ လိုက်ပါသွား လေ၏။

ထိုအခါ ယူဇနာ (၂၀) ကျော်မျှဝေးသော....

လာလတိုင်း သီဟပူရမြို့၏တည်ရာ တောအုပ်ကြီး တခုသို့ ရောက်သွားကြလေ၏။

ကေသရီ မင်းသမီးသည်—

ထိုတောအုပ်၌ နေသော (ခြင်္သေ့) တကောင်နှင့် ပေါင်း သင်း၍ နေလေရာ(သီဟဗာဟု) မင်းသားနှင့် သီဟသီလဝိဒေဝီ မင်းသမီးကို ဘွားမြင်လေ၏။

ဤသို့ စသည်ဖြင့် (မဟာဝင်) ကျမ်း၌ဆို၏၊ ဝင်္ဂတိုင်း ဆိုခြင်းနှင့် (ဗင်္ဂ) တိုင်း ဆိုခြင်းသည် အတူတူပင် ဖြစ်သည် ဆို၏။

ထိုဝင်္ဂတိုင်း၏ နယ်နမိတ်မှာ....

အရှေ့ဘက်၌ ဗြဟ္မပုတြအထိ တောင်ဘက်၌ ဂင်္ဂါမြစ် တိုင်အောင် အနောက်ဘက်၌ (မေဂန) အရပ်အထိ မြောက် ဘက်၌ (ကသိ) တောင် တိုင်အောင်ရှိနေ၏။

အဆိုပါ နယ်ကိုပင် (ရာဇ ပရိန္ဒရ ဗာဂမိ)

စသည်ဖြင့် ပြည်နယ် ခွဲခြား၍ ထားသည်ဆို၏။

ဗာဂမိသည် ဗြဟ္မပုတြမြစ်ရှိ ကျွန်းပေါ်နယ်နှင့် ဂင်္ဂါ မြစ်ဝကျွန်းပေါ် နေရာပင်ဖြစ်၏။

ဒါကာ (ဒက္ကာ) နယ်ရှိ (ဆိုနာလဂဝ်) ခေါ်သော အရပ်သည် (သမတဋ) မြို့တော်ဖြစ်၏။

ဝင်္ဂတိုင်း ဝင်္ဂရာဇ်ပြည်သည်--

ယခုအခါ (ဘင်္ဂလား) မြို့တော် (ကလကတ္တား) ဟူသော အမည်ဖြင့် ထင်ရှားနေသော မြို့တော်ဖြစ်သည်ဆို၏။

ကလကတ္တားမြို့၌ ပြတိုက်၊ တိရစ္ဆာန်ရုံ၊ ခေတ်တော်တိုက်နှင့် ဥယျာဉ်ကြီးများသာ ရှိသည်ဆို၏။

*

## ၅၉။ ဇနပဒကလျာဏီဝတ္ထု

ရူပနန္ဒာခေါ် ဇနပဒ ကလျာဏီ၏ ဝတ္ထုအကြောင်းမှာ....

ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်၌ ဤဇနပဒ၏ အလောင်းသည် ဟံသာဝတီပြည်၌ လွန်စွာကြွယ်ဝသော မဟာသုခ သူဌေးကြီး၏ သမီးဖြစ်၏။ အရွယ်ရောက်သောအခါ ဘုရားရှင်ထံသို့သွား၍ တရားနာရ၏။ ထို့ကြောင့် ဘုရားရှင်နှင့် ရင်းနှီးသော ဥပါသိကာမ ဖြစ်လာ၏။

တရံသောအခါ ဘုရားရှင်သည် ဈာန် ဝင်စားခြင်းနှင့် ဇမ္ဗလျော်သော ဘိက္ခုနီမ တဦးကို တေဒဂ် ထား၍ မြှောက်စားတော် မူသည်ကိုမြင်၏။

ထို့ကြောင့်....

ဤအရှင်မကဲ့သို့ ငါဖြစ်အောင် ဆုတောင်းအံ့ဟုကြံပြီး သံဃာတို့အား ကျောင်းဆောက် လှူဒါန်း၏။ ဆွမ်းသက်န်းတို့ကို လှူဒါန်း၏။ အိမ်သို့ရောက်လာကုန်သော အလှူခံတို့အား ရက်ရောစွာ ပေးကမ်း၏၊ စွန့်ကြဲ၏။ ကုသိုလ် ပြုတိုင်း ပြုတိုင်း....

"ဈာနာဘိရတ၊ တေဒဂ် ရသော ထေရီမကဲ့သို့ နောင် ပွင့်သော ဘုရားရှင်တို့၏ သာသနာ၌ ဖြစ်ရပါစေသား" ဟု ဆုတောင်း၏။

ဘုရားရှင်သည်လည်း အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူ၍ ပြည့်စုံလတ့်သည်ကိုမြင်လျှင်....

"အချင်း ဥပါသိကာမ....

သင်သည် ယခုပြုသောကောင်းမှုကြောင့် နောင်ဘဒ္ဒကမ္ဘာ၌ (ဂေါတမ)ဘုရားရှင် ပွင့်သောအခါ သင်သည် ထိုဘုရားရှင်၏ နှမ (ဇနပဒကလျာဏီ)ဟူသော အမည်ဖြင့် ဘိက္ခုနီမဖြစ်၍ ဈာနာဘိရတ တေဒဂ်ကို ရလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူ၏။

ဥပါသိကာမလည်း....

အနှစ်တသိန်း ကာလပတ်လုံး ဘုရားရှင်အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း၏။ ပူဇော်၏။ အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မိဖုယားသည် အကြိမ်တထောင်ဖြစ်၏။

ထိုမှတဖန် တုသိသာ နတ်ပြည်၌ နတ်မင်းကြီး၏ မိဖုယား အကြိမ်များစွာဖြစ်၏။ ထိုမှတဖန် ဝသဝတ္တီနတ်ဘုံ၌ အလုံးစုံသော နတ်စည်းစိမ်တို့ကို ခံစား၍နေရ၏။

ထိုမှတဖန် လူ့ပြည်ရောက်ပြန်သော် လေးကျွန်းလုံးကိုအစိုးရသော စကြာဝတေးမင်း၏ မိဖုယားအဖြစ် အကြိမ်တထောင်ဖြစ်ရ၏။ ပဒေသရာဇ် ကေရာဇ်မင်းတို့၏ မိဖုယား အဖြစ်ကား မရေတွက်နိုင်။

ဤသို့ဖြင့်....

လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ကာ ဤဘဒ္ဒ ကမ္ဘာ၌ ကောဏဂုံ ဘုရားရှင် ပွင့်သောအခါ ဗာရာဏသီ မင်းကြီး၏ မိဖုယားဖြစ်၍ ဘုရားအမှူးရှိသော သံဃာတို့ နေထိုင်နိုင်ရန် ကျောင်း- ကန်- ပြာသာဒ်- ဇရပ်- ဥမင်တို့ကို ပြုလုပ်လှူဒါန်း၏။ သီလ ဥပုသ်ကိုလည်း အမြဲဆောက်တည်မှုပြု၏။

ထိုမှတဖန် စုတေပြန်သော် လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်၍ ဂေါတမရှင်တော်ဘုရား ပွင့်ချိန်နီးသောအခါ မယ်တော် (မဟာပဇာပတိဂေါတမီ) ဝမ်း၌ သန္ဓေတည်၍ ဘွားမြင်၏။

အမည်မှည့်အံ့သောအခါ သာကီဝင်မင်းမျိုးတို့၏ နှစ်လိုစုံမက်ဘွယ်နှင့် တင့်တယ်လှပသော အဆင်းအရောင် ရှိသောကြောင့် (ရူပနန္ဒာ) ဟူသော အမည်ကိုမှည့်၏။

ထိုမင်းသမီးသည်—

အရှယ်သို့ရောက်သောအခါ အလှန်လှပသော အဆင်းအင်္ဂါဖြင့် ငါးဖြာသောကောင်းခြင်းဖြင့် ပြည့်စုံရကား ယသောဓရာမှတပါး အခြားသော မိန်းမတို့နှင့် မယှဉ်နိုင်အောင် လွန်ကဲသော အဆင်း၊ လွန်ကဲသောကြက်သရေရှိသည်ဖြစ်၍ (ဇနပဒကလျာဏီ) ဟူသောအမည်ဖြင့် ကြီးစွာသော နန်းပြာသာဒ်၌ အရှယ်တူညီသော မိန်းမအပေါင်း ခြံရံလျက် နတ်သမီးကဲ့သို့ သူမင်း၏စည်းစိမ်ကို ခံစား၍နေလေ၏။

*

## ၆၀။ ငါးဖြာသောကောင်းခြင်း

၁။ ဆံပင်၏ ကောင်းခြင်း၊ ရပ်လျက် ဆံကို ဖြေချသော် ဖနောင့်သို့ ထိ၏။ သားလှီးဓားငယ်ကဲ့သို့ အဖျား ကော့ကော့ လျော့လျော့ရှိ၏။

၂။ အရိုး၏ကောင်းခြင်း၊ သုံးဆယ့်နှစ်ချောင်းသော သွားတို့သည် အစပ်မထင် ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်သည်။

၃။ အသား၏ကောင်းခြင်း၊ နှုတ်ခမ်းတို့ကား ကွမ်းမစားဘဲ ကျီးအာသီးမှည့်အဆင်းကဲ့သို့ နီတျာတျာရှိ၏။

၄။ အရေ၏ကောင်းခြင်း၊ မဟာလှေကားပန်းအဆင်းကဲ့သို့ ရွှမ်းရွှမ်းအိအိရှိ၏။ ဂွမ်းစိုင်ကဲ့သို့နူးညံ့၏။

၅။ အရွယ်၏ ကောင်းခြင်း၊ အသက်ကြီးရင့် သော်လည်း ဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ရှိ၏။

*

အထက်၌ ပြဆိုခဲ့သည့်အတိုင်း—

ဘုရားရှင် ကပ္ပိလဝတ် ပြည်သို့ ကြွတော်မူလာသော အခါ သုဒ္ဓေါဒနမင်းကြီးသည် ဇနပဒနှင့် စုံဖက်၍ နန်းတက်စေအံ့ဟု ကြံပြီး ကြီးစွာသော မင်္ဂလာလက်ထပ်ပွဲကို စီရင်စဉ် ဘုရားရှင်သည် နန္ဒမင်းသားကို ခေါ်၍ ရဟန်းပြုလိုက်၏။ ထို့ကြောင့် ဇနပဒသည် ဘုရားရှင်ကို ကျေနပ်မှုမရှိဘဲဖြစ်နေ၏။

သို့သော်....

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် နိဗ္ဗာန် ဝင်သွား၏။ မယ်တော် ဂေါတမီသည်လည်း သာကီဝင်မင်းသမီး ငါးရာနှင့် တကွ ရဟန်းပြုသွား၏။ ထို့ကြောင့် ဇနပဒသည် ဤသို့ကြံ၏။

"ငါ၏ မောင်တော်ကြီးသည် ဘုရားဖြစ်သွား၏။ တူတော် ရာဟုလာသည်လည်း ရဟန်းပြုသွား၏။ မောင်တော် နန္ဒလည်း ရဟန်းပြုသွား၏။ ထို့ကြောင့် ဤနန်းမ၌ ငါချည်းနေ၍ ဘာ အကျိုးရှိအံ့နည်း။ ယခုပင် မယ်တော်နှင့်သွား၍နေတော့အံ့"ဟု ကြံ၍ အခြံအရံများနှင့်တကွ ရာဇဂြိုဟ်ပြည်သို့လာပြီး မယ်တော် နှင့် အတူနေ၏။

ခုနစ်ရက်ရှစ်ရက်ခန့် ရှိသောအခါ မယ်တော်က ဤသို့ဆို၏။

"ချစ်သမီး ဇနပဒ—

"သင်သည် အဘယ့်ကြောင့် တယောက်ထည်း နေချင်ဘိ သနည်း။

* အရွယ်၏ကောင်းခြင်းသည် အိုခြင်းသာ နောက်ဆုံးရှိ၏။
* လှပခြင်းသည် အနာရောဂါနှိပ်စက်ခြင်းသာ နောက်ဆုံး ရှိ၏။
* အသက်ရှင်ခြင်းသည် သေခြင်းသာ နောက်ဆုံးရှိ၏။

အညစ်အကြေးတို့၏ စုဝေးရာ ဤခန္ဓာကိုယ်ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ဆုံးမလေ၏။

ထိုအခါမှစပြီး ဇနပဒသည် သာသနာ၌ လွန်စွာကြည်ညို သည်ဖြစ်၍ မယ်တော်ဂေါတမီထံ၌ ရဟန်းပြုလေ၏။

ရဟန်းအဖြစ်ကို ရပြီးသော်—

"မောင်တော်ဘုရားရှင်သည် လှပချောမွေ့သူတို့ကို အပြစ် ရှာ၍ (အသုဘ) သဘောဖြင့် အပြစ်တင်တတ်သည်ဟု ကြား ဘူး၏။ ငါ၏လှပမှုကိုလည်း အပြစ်ရှာ၍ကဲ့ရဲ့လတံ့"ဟုကြောက်ရွံ့ ပြီး ဘုရားရှင်ထံသို့ ချဉ်းကပ်မှုမရှိ။ မိမိကျောင်းအနီးသို့ ဘုရား ရှင် ကြွလာလျှင်လည်း ရှောင်ပုန်း၍နေတတ်၏။

ဘိက္ခုနီမအပေါင်းတို့သည်....

ဘုရားရှင်ထံ ဩဝါဒခံယူရန် အလှည့်ကျလျှင် မိမိ၏အလုပ် အကျွေးဖြစ်သော ဘိက္ခုနီမတို့ကိုသာ ကိုယ်စားလွှတ်၏။ ဘုရား ရှင်သည် နှမတော်ဇနပဒ၏ လှပမှုရုပ်ဆင်းအင်္ဂါကိုမှီ၍ မာန်ရစ် နေသော မာနကြီးနေသော အဖြစ်ကိုသိ၍ ဤသို့ပညတ်တော် မူ၏။

"ဘိက္ခုနီမတို့သည်သြဝါဒခံယူရန် အလှည့်ကျသောနေ့တွင် သူတပါးကို မစေလွှတ်ရ၊ မိမိကိုယ်တိုင် လာရမည်။ ကိုယ်တိုင် မလာသော် အပြစ်ပေးမည်" ဟု ပညတ်တော်မူ၏။

ထိုအခါ ဇနပဒသည်—

အာဏာတော်ကို မလွန်ဆန်ဝံ့၍ နောက် မိမိအလှည့်ကျသော အခါ ဘုရားရှင်ထံသို့ ကိုယ်တိုင်လာရ၏။ ထိုသို့လာရသော်လည်း ဘိက္ခုနီမတို့၏ နောက်မှသာ ပုန်းကွယ်၍နေ၏။

ဘုရားရှင်သည်—

နှမတော်ဇနပဒ၏ အလှကြောင့် တက်နေသောမာနကို ချိုးဖျက်ရန် မိန်းမပျို့ဘဦးသဏ္ဌာန်ကို ဖန်ဆင်း၍ မိမိ၏ခြေတော်ရင်း၌ ရွှေယပ်ငွေယပ်တို့ဖြင့် ယပ်ခတ်၍ နေစေ၏။

ထို ဖန်ဆင်းထားသော မိန်းမပျိုကို ပရိသတ် အားလုံးနှင့်တကွ ဇနပဒအား မြင်စေ၏။

အလှကြောင့် မာနကြီးသော ဇနပဒသည် ထိုမိန်းမပျိုကို မြင်လျှင် ဤသို့စဉ်းစား၏။

"ဤလောက၌ ငါ့ထက်လှသူမရှိဟု ထင်ခဲ့၏၊ ယခု အခါ ဤမိန်းမနှင့်စာလျှင် ငါသည် ခြင်္သေ့မင်း၏အနီး၌ သွားသော ခွေးငယ်နှင့်သာ တူနေတော့၏၊ မောင်တော်ဘုရားသည် ဤမျှလှပသော မိန်းမ၏လုပ်ကျွေးမှုကို ခံယူပေ၏တကား၊ ငါ ပုန်းရှောင်၍ နေခဲ့သည်မှာ မှားလေပြီ"ဟု သတိရမိလေ၏။

တိုသို့ အောက်မေ့နေစဉ် ဖန်ဆင်းထားသော မိန်းမပျိုသည် ဘုရားရှင်၏ ထံတော်မှခွာ၍ မိမိအနီးသို့ ကပ်လာ၏။ ထိုအခါ လွန်စွာ ကြင်နာနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဤသို့ဆို၏။

''အို....ချစ်ညီမ—

သင်ကဲ့သို့လှပသော သူကို ငါတို့လူ့လောကတွင် တခါမျှ မမြင်ဘူးပါ၊ မြင်ရသူရူးလောက်အောင် လှပသော သင်သည် ဘယ်မြို့- ဘယ်ရွာ- ဘယ်ဌာနက ဘယ်အမျိုးအနွယ် ဖြစ်သနည်း၊ မြင်မြင်ချင်း အဆတရာကြင်နာပါ၏၊ ချစ်ခင်ပါ၏၊ ငါ၏ရင် ခွင်တွင်း၌ ခဏမျှမှေးစက်ပါလော့''ဟု ဆိုလေ၏။

ထိုအခါ နိမ္မိတ မိန်းမပျိုကလည်း ချစ်ဘွယ်သော ပိယဝါစာ ဖြင့် သာယာစွာတုန့်ပြန်လျက် ရင်ခွင်တွင်း၌ ဝင်၍အိပ်စက်၏။

ယင်းသို့အိပ်ခိုက်တွင် မိန်းမပျို၏နဖူးပြင်၌ (ဝက်ခြင်)အနာ ပေါက်၍ တောက်ခါစမီးကဲ့သို့ တဖျောချင်း ကြီးထွားလာ၏။ နာကြင်လှ၍ တညီးတွားတွား ဖြစ်လာ၏။

ထိုမှတဖန် ပွားစီးပြန်၍ အလွန်ကြီးမားသော အိုင်း အနာ ကြီး ဖြစ်လာပြန်၏။ အညစ်အကြေးတို့ ပြည်သွေးအထိ ယိုစီး လာ၏။ ငြီးငွေ့စက်ဆုတ်ဘွယ်သော အပုပ်နံ့သည် ပြိုင်လာ၏။ လှိုင်လာ၏။

ကိုယ်ခံန္ဓာသည် ရုတ်ခြည်း ကြုံလှီညှိုးခြောက် မှည့်ပျောက် အပျိုးမျိုး နံရိုးပြိုင်းရရိုင်းနှင့်ထလာ၏။ ခံတွင်းမှ သွေး ပြည် တို့ သည် အံလာကုန်၏။

မျက်နှာ နှုတ်ခမ်းလည်း ယောင်ယမ်း ဖောင်းပွလာ၏။ ထို မိန်းမပျိုသည် အလွန်တုန်ယင် ဘဝင်ဆူလှိုက် ရှူရှိုက် ပမ်းမော မမြင်ဝံ့အောင်သော ဆင်းရဲဒုက္ခကို ခံစားလျက် အမျိုးမျိုး ငိုမြည်တမ်းပြီး လူးလှိမ့်၍နေတော့၏။

ဤသို့ သနားစဘွယ် ရောင်မိရောင်ရာ မတတ်သာအောင် အော်မြည်တမ်း၍ နေသောအခါ ဇနပဒသည် လွန်စွာမှသနား လှသည်ဖြစ်၍ လတ်တလော မြေဆိပ်တက်သော သားငယ်ကို ရင်ဝယ်ပိုက်၍ အော်မြည်တမ်းသော မိခင်ကဲ့သို့ ရင်တီးလက်မ ဘာမှ မလုပ်တတ်အောင် ပြာလောင်ခတ်၍ နေတော့၏။

ထိုအခါ ဇနပဒသည် ထိုမိန်းမပျို၏ အပါးမှခွာ၍—

''ငါ၏ခန္ဓာကိုယ်လဲ သည်လိုပင် ဖြစ်ရဦးမှာဘဲ၊ လှပမှုကို အထင်ကြီးပြီး ငါ မာနတက်ခဲ့သည်မှာ မှားလေပြီ၊ မောင်တော် ဘုရားရှင်သည် ဤဒုက္ခမျိုးကိုမြင်၍ အတုမရှိသော စည်းစိမ်ကို စွန့်လွှတ်ပြီး ရဟန်းပြုခြင်း ဖြစ်ပေတကား၊ ဘုရားရှင်ကို ငါ ရှောင်ကွင်းခဲ့သည်မှာ ငါ၏ဘဝ ဆုံးရှုံးလေပြီ'' ဟု အောက်မေ့ တသ သတိရလျက် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမျှော် ကြည့်၏။

ထိုအခါ ဘုရားရှင်သည်—

နိမိတ်တဖြစ်သော မိန်းမပျိုကို ဖူးဆောင် ပေါက်ပြဲ အက်ကွဲ ယိုကျသော အသားအရေ ရှိလျက် အရိုးအတိသာ ရှိသော ကမ္မဋ္ဌာန်းရုပ်ကို ထင်ရှားစွာ ဖြစ်စေလေပြန်၏။

ထိုအခါ ဇနပဒသည် မရှင်သောနှလုံးဖြင့် ယူကြုံးမရ သတိ သံဝေဂရလျက် မိမိ၏ခန္ဓာကိုယ်ကိုလည်း ထိုနည်းအတူ ငြီးငွေ့ ရွံရှာမှုကို ဖြစ်စေလေ၏။

ထိုအခါ ဘုရားရှင်က–

"နှမဇနပဒ ဤခန္ဓာကိုယ်သည်–

အရိုး အသား အသွေး အကြောတို့ဖြင့်တည်ဆောက်ထား၏။

ထို့ကြောင့် အိုခြင်း-နာခြင်း-သေခြင်းသာ–နောက်ဆုံးရှိ၏" ဟု- ဟောတော်မူ၏။

ထိုတရားတော်ကို ကြားနာရလျှင် ဇနပဒသည် ပါရမီရှိခဲ့သူ ဖြစ်ရကား အားသစ်၍ရှုမြင်သော ဝိပဿနာ ဇော၏နောက်တွင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ တပါးသော ဘိက္ခုနီမတို့သည် လည်း အကျွတ်တရားကို ရကြလေ၏။

ဇနပဒသည်–


ထိုသို့ ရဟန္တာ ဖြစ်ပြီး၍ ဘုရားရှင်၏ ဆုံးမတော်မူသော ဩဝါဒကိုခံယူလျက် ရူပစျာန်- အရူပစျာန် တို့၌သာ လွန်စွာ အားထုတ်သဖြင့် အခြားအခြား စျာန်ရသော ပုဂ္ဂိုလ်တို့ထက် လွန်စွာသာလွန်၏။ ထူးခြား၏။

ထို့ကြောင့် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်သို့ ရောက် သောအခါ ထို ဇနပဒရဟန္တာမကို ဘုရားရှင်သည် (စျာယိနီ ဧတဒဂ်)အရာ၌ ထားတော်မူလေသတည်း။

**မှတ်ချက်။** ဇိနတ္ထပကာသနီကျမ်း၊စာမျက်နှာ(၃၈၇)တွင် ဇနပဒသည်....

၁။ ဘုရားလောင်းထက်....သုံးနှစ်ကြီးသည်။

၂။ နန္ဒမင်းသားသည်.... ငါးရက် ကြီးသည် ဟု ဆိုသည်။ မုံကွဲရှိကြောင်းလည်း ကြားသိရဘူးသည်။



## ၆၁။ နာလန္ဒရွာ

နာလန္ဒရွာ၏အကြောင်းမှာ....

ရာဇဂြိုဟ်ပြည်၏ မနီးမဝေး၌ ဥပတိဿရွာနှင့် ကောလိတမည်သော ရွာကြီးနှစ်ရွာရှိ၏။ ထိုရွာကြီးနှစ်ရွာတို့တွင် (ဝင်္ဂန္တ) ပုဏ္ဏားသည် (ရူပသာရီ) မည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ဥပတိဿရွာကို အုပ်ချုပ်ပြီးနေ၏။

သုဇာတာပုဏ္ဏားသည်လည်း (မောဂ္ဂလိ)မည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ကောလိတရွာကို အုပ်ချုပ်၍နေ၏။

တရံရောအခါ ဥပတိဿရွာ၌ ရူပသာရီပုဏ္ဏေးမအား ရှင်သာရိပုတ္တရာအလောင်း-ဥပတိဿအမည်ရှိသော သားကို ဖွားမြင်၏။

ထို့နည်းအတူ ကောလိတရွာ၌လည်း မောဂ္ဂလိပုဏ္ဏေးမအား ရှင်မောဂ္ဂလာန်အလောင်း- ကောလိတ မည်သော သားကို ဖွားမြင်၏။

ထိုသူငယ်နှစ်ဦးတို့သည်....

မိတ်ဆွေဖြစ်ကြ၍ အရွယ်ရောက်သောအခါ ထူးမြတ်သော တရားကို သိလိုကြ၍ မိဘတို့ထံခွင့်တောင်းပြီး တပည့်များနှင့် တကွ (သိဥ္စည်း)ဆရာကြီးတဦးထံ၌ ရဟန်းပြုလေ၏။

ထိုဆရာကြီးထံမှ....

သိအပ် သိထိုက်သော လောကီတရားတို့ကို သိကြပြီးသော အခါ ဤတရားများသည် နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်သေးဟု သိကြ၍ တဦးနှင့်တဦး ပြောကြစတမ်းဟု ကတိဝန်ခံကြ၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို လိုက်လံရှာဖွေကြကုန်၏။

ဇမ္ဗူဒီပါကျွန်း၌ ထိုကဲ့သို့သော တရားမြတ်ကို လိုက်လံရှာဖွေသော်လည်း မရကြ၍ မိမိတို့၏ ဆရာကြီးထံ ပြန်၍ နေကြကုန်၏။

ဘုရားရှင်သည်....

ရာဇဂြိုဟ်ပြည်၌ ဝေဠုဝန်ကျောင်းတော်ကို ခံယူတော်မူ၍ သုံးရက်မြောက်သော နေ့တွင် အရှင် (အဿဇိ) မထေရ်သည် ထူးမြတ်သော အိန္ဒြေတော်ဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေ၏။

ဥပတိဿလည်း—

မြို့တွင်းမှ ဆွမ်းဘုဉ်းပေးပြီး မိမိနေရာသို့ ပြန်လာရာ၌ လမ်းခရီးတွင် ရှင်အဿဇိနှင့်တွေ့ဆုံလေ၏။ ထိုအခါ ရှင်အဿဇိနှင့် လိုက်လာပြီး ရှင်အဿဇိအား ဆည်းကပ်မှုကိုပြုလေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ရှင်အဿဇိအား ဤသို့ လျှောက်ထားလေ၏။

"ရဟန်းမြတ်....

သင်သည် အဘယ်တရားကိုရည်မှန်း၍ ရဟန်းပြုပါသနည်း။ သင်၏ဆရာနှင့် သင်၏အယူဝါဒသည်ကား မည်သည့်အယူဝါဒမျိုး ဖြစ်ပါသနည်း"ဟု မေးမြန်းလေ၏၊

ထိုအခါ ရှင်အဿဇိမထေရ်က....

"ငါ့ရှင်....

ငါသည် နိဗ္ဗာန်ကိုရည်မှန်း၍ ရဟန်းပြု၏။ ငါ၏ဆရာကား ဂေါတမဘုရားရှင်ဖြစ်၏။ ငါသည် ထိုဘုရားရှင်၏တပည့်ဖြစ်၏။ ထိုဆရာဘုရား၏ အယူဝါဒကို မှန်ကန်သည်ဟု ငါယုံကြည်၏" ဟု ဖြေကြားလိုက်၏။

ထိုအခါ ဥပတိဿက—

"ထိုတရားကို ငါ့အားဟောပါ"ဟု တောင်းပန်၏။

ရှင်အဿဇိမထေရ်က....

ယေဓမ္မာ- ဟေတုပ္ပဘဝါ- တေသံဟေတုံ-တထာ- ဂတော- အာဟ၊ စသော ဂါထာကိုဟောပြ၏။

ထိုဂါထာဆုံးလျှင်—

ဉပတိဿသည် ပါရမီရှိပြီးသူဖြစ်၍ သစ္စာလေးပါးကို သိမြင်ပြီး မိမိနေရပ်သို့ပြန်လေ၏။ ပြန်ရောက်သောအခါ မိတ်ဆွေကောလိတအား အကြောင်းစုံကို ပြန်ပြောပြ၏။ ထိုနောက် တပည့်ငါးရာနှင့်တကွ ဘုရားရှင်အထံတော်သို့ သွားကြလေ၏။

ဘုရားရှင်သည်—

မြင်လျှင်မြင်ချင်း(ဟေိ-ဘိက္ခု) ခေါ်တော်မူလျှင် တန်ခိုးနှင့်ပြည့်စုံသော ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ တပည့်ငါးရာတို့လည်း အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ထိုနောက် ဘုရားရှင်သည် ရှင်သာရိပုတ္တရာကို လက်ျာတော်ရံနှင့် ရှင်မောဂ္ဂလာန်ကို လက်ဝဲတော်ရံ ထားတော်မူ၏။

ယခုကာလ နာလန္ဒခေါ်သော ဤနေရာသည်—

ရာဇဂြိုဟ်ပြည်၏မြောက်ဘက်(၇)မိုင် ဝေး၏။ နာလန္ဒနဂါးမင်း၏ နေရာကိုအစွဲပြု၍ နာလန္ဒ ဟုခေါ်သည်ဆို၏။

ယခုအခါ အိန္ဒိယပြည်၌ (ကာလဂီဒပိုခါရ်) ခေါ်သော နေရာသည် နာလန္ဒရေအိုင်ကြီးဖြစ်၏။ ထိုရေအိုင်၌ နာလန္ဒမည်သော နဂါးမင်း နေခဲ့ဘူးသည်ဆို၏။ ကျောင်းတော်၏ အရှေ့မြောက်ဘက် (ဂီဒပိုရ်ခါရ်)ခေါ်သော ရေအိုင်နှင့် (ပန္နဆိုကာရ်ပိုခါရ်) အမည်ရှိသော ရေအိုင်ရှိ၏။ ထိုရေအိုင်၏ ပမာဏမှာ တမိုင်မျှစီ အလျားရှိ၏။

ကျောင်းတော်၏ တောင်ဘက် (အိန္ဒြပိုခါရ်) ခေါ်သော ရေအိုင်သည် မိုင်ဝက်မျှသာအလျားရှိ၏။ ၎င်းပြင် အခြားအိုင်ငယ်တို့သည်လည်း များစွာရှိကြကုန်၏။

နာလန္ဒမှ အရှေ့တောင်ဒေါင့်၏ လေးမိုင်အကွာ၌ (ကလ္လပိနာက) အမည်ရှိသော ဌာနတခုရှိ၏။ ထိုဌာနမှာပင် ရှေးအခါက ရှင်သာရိပုတ္တရာကို ဘွားမြင်သည်ဆို၏။ ထို့ကြောင့် ၎င်းရွာသည် ရှေးအခါက ဥပတိဿရွာ၊ သို့မဟုတ် (နာဠက) ရွာဟု အမည်ရှိသည်ဆို၏။

နာလန္ဒမှ အနောက်တောင်ဒေါင့် အရပ်၏ တမိုင်နှင့် သုံးဖာလုံခန့်တွင် (ဂျဂ္ဂဒီဆ်ပုရ်) ခေါ်သော သို့မဟုတ်·(ဘုလိကာ) အမည်ရှိသော အရပ်ရှိ၏။ ထိုအရပ်၌ ရှင်မောဂ္ဂလန်ကို ဘွားမြင်သည်ဆို၏။

ထို့ကြောင့် ၎င်းအရပ်သည် ရှေးအခါက ကောလိယ မည်သည်ဆို၏။ ရှေးအခါက (နာဠ) သို့မဟုတ် (နာဠက) ရွာ၏ အနီး၌ တည်သောကြောင့် (နာဠိကာရုံ) ယခုအခါ နာလန္ဒဟု အမည်တွင်သော ကျောင်းတော်၏ ပျက်စီးနေသော နေရာဟောင်းသည် တူးဖေါ်ပြီး ဖြစ်သည့်အတိုင်း အလျားပေ (၁၆၀၀) အနံပေ (၄၀၀)ခန့်မျှရှိ၏။

ယခုအခါ ဤကျောင်းတော်ရာကို (ဗာရ်ဂံဝ်) ဟူ၍လည်း ခေါ်ဆိုကြ၏။ ဘုရားရှင်သည် ဤကျောင်းတော်၌ ဆယ့်တဝါ မြောက် ဝါဆိုတော်မူခဲ့သည်ဆို၏။

နာလန္ဒ ကျောင်းတော်ရာကို ကျောက်စာဘက် ဆိုင်ရာတို့က တူးဖော်ထားသောကြောင့် ထူးဆန်းသော အဆောက်အဦးများနှင့်တကွ ရုပ်ပွားဆင်းတုတော်တို့ကိုလည်း ပြတိုက်၌ တွေ့မြင်နိုင်၏။ ၎င်းပြင် ထိုနေရာမှာ ရှင်သာရိပုတ္တရာ စေတီလည်း ထင်ရှားစွာ ရှိနေသည်ဆို၏။

၎င်းစေတီမှ အရှေ့မြောက်ဘက် ခြေလှမ်း (၂၀၀) ခန့်တွင် လေးထောင့်ပုံသဏ္ဌာန် အုတ်နံရံ၌ ညောင်ပိန္နဲပင်ကြီး၏အောက်မှာ ရုပ်ပွားတော် နှစ်ဆူရှိ၏။ ကျောင်းတော်၏ အနီးတွင်လည်း အမည်ကို မသိနိုင်သော စေတီငယ်နှင့် အဆောက်အဦးများစွာ ရှိကုန်၏။

အိန္ဒိယပြည်တွင်အလွန်ဆန်းကျယ်သော ကျောင်းတော်ကြီးဖြစ်သောကြောင့် အတိုင်းတိုင်း အပြည်ပြည် ဆိုင်ရာတို့မှ ပညာရှိတို့ လာရောက်ပြီး ကျောင်း၏ နမူနာပုံစံကို ကူးယူကြသည်ဆို၏။

၎င်းသို့သွားရန် ခရီးစဉ်မှာ—

ရာဇဂြိုဟ်မြို့မှပင် သွားရ၏။ နာလန္ဒ ဘူတာရှိသော်လည်း တည်းခိုရန် စရပ်မရှိ။ သို့မဟုတ် နာလန္ဒကို ရှေးဦးစွာ ကြည့်ရှုပြီးမှ ရာဇဂြိုဟ်သို့ သွားနိုင်သည်ဟု ညွှန်းဆို၏။

(အိန္ဒိယကြေးမုံကျမ်းမှ)

*

## ၆၂။ စန္ဒကူးသပိတ်နှင့်အရှင်ပိဏ္ဍောလ

ဘုရားရှင်သည် ဝေသာလီပြည်မှ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။ ခြောက်ဝါမြောက်၌ ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးသော မကုလတောင် ချယားတော၌ ဝါကပ်တော်မူ၏။

ထိုအချိန်၌ ရာဇဂြိုဟ် သူဌေးသည် ပရိသတ်များနှင့်တကွ ဂင်္ဂါမြစ်သို့သွား၍ ထက်ဝန်းကျင်မှ ပိုက်ကွန်များတားလျက် ရေကစားလေ၏။

ထိုအခါ—

ရေ၏အညာ ဟိမဝန္တာတောမှ မျောကျလာသော စန္ဒကူးသစ်တုံးတခုသည် မြစ်ကွေ့ ချောင်းကောက် ကျောက်ဆောင်တို့၌ ရေဟုန်ဖြင့်တိုက်မိ၍ အပိုင်းပိုင်းပြတ်လျက် သဲခုံ ကျောက်ဆောင်တို့၌ များစွာတိုက်မိလာသဖြင့် အကာမရှိ အနှစ်ဖြင့်သာ ဂင်္ဂါမြစ်၌ မျောလာပြီး ပိုက်ကွန်၌ညိမိလေ၏။

သူဌေးသည် ထိုသစ်ကိုယူ၍ စူးစမ်းလေ့လာသော် တန်ဘိုးရှိသည့် စန္ဒကူးနှစ်မှန်းသိ၍ အိမ်သို့ ဆောင်ယူခဲ့၏။ ပြီးတော့ ဤသို့သော အကြံအစည်သည်ဖြစ်၏။

"ဤစန္ဒကူးနှစ်မျိုးသည် ငါ့အိမ်၌ များစွာရှိ၏။ ဤစန္ဒကူးနှစ်ဖြင့် တခုသော သံသယကိုကင်းအောင် ပြုအံ့။ ဤလောက၌ မိမိကိုယ်ကိုမိမိ ဘုရားရဟန္တာ ဖြစ်ကြသည်ဟု ဂိုဏ်းဆရာတော်လုပ်သူတွေ လွန်စွာများပြားလှ၏။ အကယ်၍ ရဟန္တာ အမှန်ဖြစ်လျှင် ကောင်းကင်သို့ ပျံနိုင်ရာ၏။ ယခု သိသာအောင် ငါစမ်းသပ်တော့အံ့" ဟု ကြံစည်ပြီး စန္ဒကူးသပိတ်ပြုလုပ်၏။

ထိုသပိတ်ကို ဝါးအဆက်ဆက်တို့ဖြင့် အတောင်ခြောက်ဆယ် မြင့်သော အထက်ကောင်းကင်၌ ဆွဲထား၏။ သပိတ်၌ စာများ ရေးကပ်ထား၏။ ၎င်းစာ၏ အဓိပ္ပါယ်မှာ—

"ငါတို့လောက၌—

ဘုရားရဟန္တာ တကယ်ရှိမူကား ကောင်းကင်မှ ပျံသာ၍ ငါထားသော ဤသပိတ်ကို ယူကြကုန်။ အကယ်၍ယူနိုင်မူကား သားမယား ဆွေမျိုးနှင့်တကွ ရှိသေစွာ အသက်ထက်ဆုံး ငါ ကိုးကွယ်ပူဇော်အံ့" ဟု ရေးထား၏။

ထိုအခါ ပူရဏကဿပ တိတ္ထိဆရာသည် သူဌေးထံသို့ လာ၍ ဤသို့ဆို၏။

"ဒါယကာ သူဌေးကြီး—

ငါကား တပည့်ငါးရာတို့အားဆုံးမသင်ကြား၍ ဘုရားပြုနေသည်ကို သင်အသိပင်ဖြစ်သည်။ ဤသပိတ်သည် ငါနှင့်သာ ထိုက်တန်၏။ ထို့ကြောင့် ငါ့ကိုလှူလော့" ဟု ဆို၏။

သူဌေးကလည်း—

"သင်သည် ကောင်းကင်မှ ပျံ၍ ယူနိုင်မူ ယူလော့" ဟု ဆိုလိုက်၏။

ထိုအခါ ပူရဏ ကဿပတိတ္ထိသည် ရှက်သော အမူအရာဖြင့် ပြန်သွား၏။

တနေ့သ၌—

နာဋပုတ္တ အမည်ရှိသော တက္ကတွန်း ဆရာသည် မိမိ၏ တပည့်တို့ကို ခေါ်၍ ဤသို့သင်ပေး၏။

သူဌေးကြီးအား သင်တို့သွား၍ ပြောကြကုန်။ ငါတို့ဆရာသည် အလွန်အရေးကြီးသော ကိစ္စရှိမှ ကောင်းကင်သို့တက်ကြောင်း ငါတို့ သိကုန်၏။ ထိုကြောင့် ဤသပိတ်သည် ငါတို့ဆရာနှင့်သာ သင့်တော်၏။

သို့ရာတွင် အသေးအမွှားဖြစ်၍ ဤသပိတ်မျှသောအကြောင်းဖြင့် ကောင်းကင်သို့ တက်မည်မဟုတ်။ စေတနာရှိလျှင် ငါတို့ဆရာကိုသာလှူလော့" ဟု ပြောကြကုန်ဆိုပြီး စေလိုက်၏။

တပည့်တို့သည် မိမိတို့ ဆရာမှာလိုက်သည့်အတိုင်း ပြောကြလေသော် သူဌေးကြီးက ဤသို့ဆို၏။

"သင်တို့သည် ဘာမှ လာပြောမနေကြနှင့်။ ကောင်းကင်သို့ ပျံနိုင်လျှင် ယူသာယူကြ" ဟု ပြတ်သားစွာ ပြောဆိုလိုက်၏။

ထိုနောက် နာဋပုတ္တသည် မိမိကိုယ်တိုင်လာ၍ တပည့်တို့အား ဤသို့ သင်ပေးပြန်၏။

"ငါကား ကောင်းကင်သို့ ပျံတက်၍ ယူတော့မည့်ဟန်ဆောင်မည်။ ထိုအခါ သင်တို့က ဆရာ ဤသစ်သား သပိတ်မျှဖြင့် ကြီးကျယ်လှသော ဆရာ၏ တန်ခိုး အာနုဘော်ကို မပြပါလင့်။

ဆရာရထားသော အရဟတ္တဖိုလ်၏ ဂုဏ်ကျေးဇူးကို အထူးသျှိဝှက်ထားသင့်ပါသည်ဟု ဆိုပြီး ငါ့ကိုဆွဲထားကြ" ဟု သင်ပေး၍ သူဌေးကြီးအိမ်သို့ မိမိကိုယ်တိုင် လာပြီး ဤသို့ဆို၏၊

"ဒါယကာ သူဌေးကြီး—

သင်၏ သပိတ်သည် ငါမှတပါး အခြား ထိုက်တန်သူမရှိပြီ။ ဤသပိတ်ကိုငါ့ကိုသာလှူလော့။ ဤမျှသော အကြောင်းကလေးဖြင့် ကောင်းကင်သို့ ပျံတက်ခြင်းကို သင်အလိုမရှိသင့်" ဟု ဆို၏။

ထိုအခါ သူဌေးကြီးက—

"ကျွန်ုပ် စကားအမျိုးမျိုး မပြောလို။ သင်အလိုရှိလျှင် ကောင်းကင်သို့ ပျံတက်၍သာ ယူလော့" ဟု ဆိုလေ၏။

ထိုအခါ နာဋပုတ္တသည်—

"ကောင်းပြီ သည်လိုဆိုလျှင် ငါယခုပင် ကောင်းကင်သို့ ပျံတက်၍ ယူပြီမည်။ ဖဲကြကုန်၊ ရှားကြကုန်၊ ကြည့်ကြကုန်"ဟု ဆို၍ အိမ်ပေါ်မှဆင်းပြီး သပိတ်အနီး၌ရပ်၏။ ကိုယ်ဝတ် သင်္ကန်းကို ပြင်၍ခတ်၏။

ပြီးတော့ ကောင်းကင်သို့ ပျံတက်တော့မည့်ဟန်ဖြင့် လက်တဖက်ကိုမြှောက်၏။ အောက်ခြေတဖက်ကိုကြွလိုက်၏။ ထိုခဏ၌ ၎င်း၏တပည့်တို့က ဝိုင်းအုံလာကြပြီး ဤသို့ဆိုကြ၏။

"ဆရာ... ဆရာ.... ယခုဖှာ ဘာလုပ်မလို့တုန်း။ ဤသပိတ်ကလေးကြောင့်တော့ ကောင်းကင်သို့ မပျံပါလေနှင့်....မပျံပါလေနှင့်"ဟု ဆရာသင်ပြထားသည့်အတိုင်း ဆိုကြ၍ ကြွသော ခြေကို ဆွဲထားကြ၏။

ဤသို့ပြုသောအခါ အနီးသို့လာ၍ကြည့်ရှုသူတို့တွင် အချို့သူတို့က "ဤဆရာသည် ပျံနိုင်လိမ့်မည်" ဟု ထင်ကြ၏။ အချို့သူတို့က မပျံနိုင်မှန်းသိ၍ ပျက်ရယ်ပြုကြ၏။

ထိုအခါ နာဠပုတ္တဆရာက—

"ဒါယကာ သူဌေးကြီး—

ငါ ကောင်းကင်သို့ ပျံတက်နိုင်ကြောင်း သင်မြင်ပြီမဟုတ်လော။ ငါပျံမလို့လုပ်တုန်း တပည့်တွေက ဆွဲထားလို့သာ မပျံရတာပါ။ သို့ကြောင့် သပိတ်ကို ငါ့ကိုသာလှူလော့" ဟုဆို၏။

သူဌေးကလည်း—

"ကောင်းကင်ကို မျက်မြင် ပျံမပြနိုင်သမျှ ကာလပတ်လုံး သပိတ်ကို သင်ဘယ်နည်းနှင့်မျှမရနိုင်။ ကောင်းကင်သို့ ပျံတက်နိုင်လျှင် ယူသာယူလော့" ဟု ဆိုလိုက်သဖြင့် တိတ္ထိဆရာသည် ရှက်ကိုးရှက်ကန်းဖြင့် ပြန်သွားရလေ၏။

ထို့နောက်—

ပကုဓကစ္စာယန၊ ကေသကမ္ဗလ-အစရှိသော တိတ္ထိဆရာတို့သည် အသီးသီးလာ၍ ခြောက်ရက်မျှတိုင်အောင် အမျိုးမျိုး တောင်းရမ်းပြောဆိုကြကုန်၏။

## "အရှင်ပိဏ္ဍောလ"

(၇) ရက်မြောက်သောနေ့၏ နံနက်တွင်-

အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလ မထေရ်နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူလာကြ၏။ မြို့တံခါးအနီး

ကျောက်ဖျာကြီးပေါ်၌ သက်နိုးရုံတော်မူနေကြ၏။ ထိုအခိုက် မြို့တွင်းသို့ ဝင်လာကြသော အရက်မူးသမားတို့သည် ဤသို့ အချင်းချင်းပြောဆိုကြကုန်၏။

"ဟေ့ကောင်တွေ—

ငါတို့ပြည်၌ သူတို့ကိုယ်သူတို့ ဘုရားရဟန္တာဟု ပြောဆိုနေကြပြီး လိမ်ညာနေသူတွေ အတော်များသကွ။

"ငါတို့ သူဌေးထားတဲ့သပိတ်ကို ကောင်းကင်မှလာပြီး ယူကြပါဆိုတော့ ဘယ်သူမှ မယူနိုင်ကြဘူးကွ၊ အဲဒီတော့ ဘုရားရဟန္တာမရှိဘူးဆိုတာ ယခုငါတို့သိရပြီကွ၊ ဒီနေ့မှစပြီး ဘုရားရဟန္တာဆိုသူတွေကို ယုံစရာ မရှိတော့ဘူးကွ"ဟု ပြောဆိုကြကုန်၏။

ထိုစကားကိုကြားလျှင်—

အရှင်မောဂ္ဂလန် ကိုယ်တော်က—

"ငါ့ရှင် ပိဏ္ဍောလ ဤသူတွေ ဘုရားရှင်၏ သာသနာတော်ကို စော်ကားဘိသကဲ့သို့ ရှိချေပြီ၊ သာသနာတော်ကို ဝါဂွမ်းကဲ့သို့ ပေါ့ပျက်ပျက် ထင်နေကြပြီ၊ ပစ်ပယ်နေကြပြီ။

"ဒီကိစ္စကို ငါတို့သိလျက်နှင့် အမှတ်မထင် နေနေခဲ့လျှင် လူအပေါင်းတို့သည် ရတနာသုံးပါးကို ယုံကြည်မှုကင်း၍ သံသရာ၌ နစ်မွန်းကုန်လိမ့်မည်။

"ထိုသို့ နစ်မွန်းမှု မရှိစေရန်အတွက် လူအပေါင်း တို့အား သနားသောအားဖြင့် ၎င်းတို့၏ ယုံမှားသံသရကို ပယ်ဖျောက်

နိုင်ရန်အတွက် သင်သည် ကောင်းကင်မှသွား၍ သပိတ်ကို ယူ ခဲ့လော့”ဟု မိန့်ဆိုတော်မူလိုက်၏။

ထိုအခါ အရှင်ပိဏ္ဍောလ မထေရ်က—

“အရှင်မြတ်သည် တပည့်တော်ထက် အဆပေါင်း အရာ အထောင်မကအောင် လွန်စွာမှ တန်ခိုးကြီးသူဖြစ်ပါသည်၊အရှင် မြတ်သာ ကြွ၍ ယူတော်မူပါဘုရား”ဟု ပြန်လည်လျှောက်ထား လေ၏။

သို့သော်—

အရှင်မောဂ္ဂလာန်က—

“အသင်သာ သွား၍ယူချေ”ဟု ထပ်မံ၍တိုက်တွန်းပြန်၏။

ထိုအခါ အရှင်ပိဏ္ဍောလ မထေရ်သည်—

အဘိဉာဉ်၏ အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ အလျား သုံးဂါဝုတ် အနံ သုံးဂါဝုတ် ရှိသော ကျောက်ဖျာ ကြီးကို ခြေမဖြင့်ညှပ်ယူပြီး ရာဇဂြိုဟ် မြို့ပေါ်သို့ ဟသ်ာငှက် ကဲ့သို့ ပျံဝဲ၍ စကြံန်ကြွတော်မူ၏။

ထိုအခါကျမှ—

ရာဇဂြိုဟ်ပြည်သား လူအများတို့သည် ကျောက်ဖျာကြီးဖြင့် မြို့ကိုဖုံးအုပ်မည်ထင်၍ မြို့တွင်း မြို့ပြင်၌နေသော လူအပေါင်း တို့သည် အုံးအုံးကျွက်ကျွက် ရှန်းရင်းဆန်ခတ် ဖြစ်ကြကုန်၏။

“ဤကျောက်ဖျာကြီး ငါတို့ ခေါင်းပေါ်ကျလျှင် သေကုန် လိမ့်မယ်”ဟု အလွန် ကြောက်လန့်ကြကုန်၏။

အချို့က အိမ်အောက်သို့ ဝင်ကုန်၏။ အချို့က တွင်းထဲသို့ ဝင်ကုန်၏။ အချို့က သစ်ပင်ရင်းသို့ကပ်ကုန်၏။ အချို့က သစ်ငုတ်စိုက်၍ ကာကုန်၏။ အချို့က ခေါင်းပေါ်သို့ ဗန်းငယ်ဖြင့် ဖုံးထားကုန်၏။

အရှင်ပိဏ္ဍောလမထေရ်သည်—

ခုနစ်ပတ်ရစ်၍ စေ့သောအခါ ကျောက်ဖျာကိုထွင်း၍ မိမိကိုယ်ကို ကိုယ်ထင်ပြ၍ လူအပေါင်း တို့အား ထင်ရှားစွာမြင်စေ၏။

ထိုအခါမှ လူအပေါင်းသို့သည် အရှင်ပိဏ္ဍောလမထေရ်ကို မြင်လျှင် ဤသို့ လျှောက်ထားကုန်၏။

"အရှင်ဘုရား—

ကျောက်ဖျာကြီးကို မြဲအောင် ဆွဲထားတော်မူပါ ဘုရား၊ တပည့်တော်တို့ကို ပိ၍ စိစိညက်ညက် မကျေပါစေကုန်လင့် ဘုရား" ဟု လျှောက်ထား တောင်းပန်၍ ရှိခိုးကုန်၏၊ ဦးတိုက်ကုန်၏။

အရှင်ပိဏ္ဍောလ မထေရ်သည်—

မြို့ထိပ်၌ရပ်လျက် ကျောက်ဖျာကို ခြေဖြင့် ခတ်လေသော် မိုးကြိုးပဲ့ဘင် လျှောင်တော်လဲသကဲ့သို့ ကြောက်မက် ဘွယ်သောအသံကြီးဖြစ်၍ တည်မြဲတိုင်းနေရာသို့ ကျစေပြီးမှ သူဌေးကြီး၏ အိမ်ထက်၌ ထန်း ၇-ဆင့်မြင့်သော ကောင်းကင်၌ ရပ်တော်မူ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးကြီးသည် အရှင်ပိဏ္ဍောလမထေရ်ကို မြင်လျှင် မိမိ၏ရင်ဘတ်ဖြင့် မြေ၌ဝပ်၍ ဤသို့လျှောက်ထား၏။

''အရှင်မြတ် ဆင်းသက်တော်မူပါဘုရား၊အကျွန်ုပ်၏အလှူကို ခံယူတော်မူပါဘုရား''ဟု လျှောက်ထား၏။

မထေရ်မြတ် ဆင်းသက်လာသောအခါ ကောင်းမြတ်သော နေရာ၌နေစေပြီးမှ စန္ဒကူးသပိတ်ကို ချစေ၍ စတုမဓုအရသာ ဖြင့် ပြည့်စေလျက် ကပ်လှူ၏။ မထေရ်မြတ်လည်း သပိတ်ကို ဆောင်၍ ကျောင်းသို့ ပြန်ကြွတော်မူ၏။

ဘုရားရှင်သည် ဤ အကြောင်းကို သိတော်မူ၍ အရှင် ပိဏ္ဍောလကို ခေါ်တော်မူပြီး—

''ငါ့ရှင် ပိဏ္ဍောလ—

သင်သည် ဤသပိတ်ငယ်မျှသော အကြောင်းဖြင့် အဘယ် ကြောင့် ဗျာဒိဟာကို ပြဘိရသနည်း''ဟု ပြစ်တင်တော်မူ၏။

ထိုနောက် ဘုရားရှင်သည်—

စန္ဒကူးသပိတ်ကို အစိပ်စိပ်အမွှာမွှာ ခွဲစေပြီးမှ သံဃာတို့ အား မျက်စဉ်းမှုန့် ပြုခြင်းငှာ ဝေငှတော်မူစေ၏။ ''နောင်တွင် (သွမ်း- သက်န်း- ကျောင်း- ဆေး) စသော အကြောင်းဖြင့် တန်ခိုးမပြရ''ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

*

## ၆၃။ မဒ္ဒရာဇ်တိုင်းသာဂလပြည်

မဒ္ဒရာဇ်တိုင်းရှိ သာဂလပြည်၏ အကြောင်းမှာ—

မဒ္ဒရာဇ်တိုင်း၌ သာဂလမြို့ ရှိကြောင်းကို (ကေနိပါတ် အင်္ဂုတ္တရ-အဋ္ဌကထာ) ဘဒ္ဒကပ္ပိလာထေရီဝတ္ထု၌ လာရှိ၏။

သတ္တနိပါတ် ကုသဇာတ်၌လည်း မလ္လာတိုင်း ကုသဝတီပြည်မှ ကုသမင်းသည် တနေ့တည်းဖြင့် ယူဇနာ တရာရှိသော ခရီးကို ရောက်အောင်သွား၍ ညချမ်းအခါ၌ သာဂလမြို့သို့ ဝင်ရောက်လေ၏ဟု ဟောတော်မူ၏။

ထိုကုသမင်းသည် ပဘာဝတီ မင်းသမီးကို တောင်းဆိုရန် လာသော ၇-ပြည်ထောင်မင်းတို့ကို ဘမ်းဆီးပြီးလျှင် မဒ္ဒရာဇ် မင်းကြီးအား အပ်နှံလေ၏။

မဒ္ဒရာဇ်မင်းကြီးက—

''ငါ၏ရန်သူမဟုတ်၊ သင်ကုသမင်း၏ရန်သူသာ ဖြစ်သည်၊ သို့ဖြစ်၍သင်အလိုရှိတိုင်း ပြုလေ''ဟု ခွင့်ပြုလေ၏။

ထိုအခါ ကုသမင်းသည်—

''ဤမင်းတို့ကို သတ်ခြင်းဖြင့် အကျိုးမရှိ၊ ၎င်းတို့အား မင်းသမီးတယောက်စီ တယောက်စီ ပေးတော်မူပါ''ဟု တောင်း ဆိုပြီးလျှင်—

၁။ မဇ္ဈမင်း

၂။ သုရသေနမင်း

၃။ အာဒသမင်း

၄။ ပဥ္စာလမင်း
၅။ ဝဇ္ဇိမင်း
၆။ မဂဓမင်း
၇။ ကာသိမင်း

ဤ ၇-ပြည်ထောင်သော မင်းတို့ ကိုလည်း မင်းသမီး တယောက်စီ ပေးလိုက်ကြောင်းနှင့် ကုသဇာတ်၌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာစကားဖြင့် သိစေအပ်သော စကားတည်း။

မဒ္ဒရာဇ်တိုင်းမှ သာဂလပြည်၏ ယခုတည်ရှိနေပုံမှာ—

အိန္ဒိယပြည် ပန်ဂျပ်နယ်ရှိ (ဆီယာလ်ကိုး၌) မြို့သည် ပင်လျှင် ရှေးက (သာဂလ)ပြည် ဖြစ်သည်ဆို၏။ ယခု ကာလ (ရာပီ-ရာဗီ)မြစ်၏ အနောက်ဘက်ခြမ်းသည် ရှေးက (မဒ္ဒရာဇ်တိုင်း) ဖြစ်သည်ဆို၏။

၎င်းတိုင်း၏ နယ်နိမိတ်မှာ—

တောင်ဘက်ရှိ (ဗျာဆ်နဒီ)ခေါ်သော မြစ်မှသည် မြောက်ဘက်ရှိ (ဂျေလမ်မြစ်)အထိ။ အနောက်ဘက်၌ (ကျေနဗ်)မြစ်မှသည် (ဆီယာလ်ကိုး၌) သို့မဟုတ် (ဂျမ်ဗူ)မြို့ တိုင်အောင်ရှိနေ၏။

အီလာဟိုရ်မြို့တော်သည်ကား မဒ္ဒရာဇ်တိုင်းသို့ ပါဝင်လျက်ရှိနေ၏။ ဤသို့လျှင် ကျောက်စာဘက်ဆိုင်ရာမှမင်းကြီး (ကနိန်ဂဟာန်)သည် အမှန်ပင်ဆုံးဖြတ်၍ ဖော်ပြခြင်း ဖြစ်သည်ဆို၏။

ရှင်းသို့ သွားရန် ခရီးစဉ်မှာ—

ကလကတ္တားမှ (အမြိတဆာရ်)မြို့သို့ ရှေးဦးစွာ သွားရ၏။ ရှင်းမြို့မှ (ဆီယာလ်ကိုး၌)မြို့သို့ သွားနိုင်၏။ သို့မဟုတ် မီးရထားမြေပုံကို နားလည်ပါမူ မိမိအလိုရှိရာမှ သွားနိုင်သည် ဆို၏။

*

## ၆၄။ ဘုရားရှင်သည် တိတ္ထိတို့ကိုနှိမ်နင်းရန် တန်ခိုးတော်ပြခြင်း

ဂေါတမရှင်တော်ဘုရားသည်—

သက္ကရာဇ်(၁၁၀)ပြည့်နှစ်၊ ဝါဆိုလသို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်မှ ကြွတော်မူစဉ်ကပင် မိမိနှင့် တန်ခိုးပြိုင်ရန်အတူ လိုက်လာကုန်သော တိတ္ထိတို့သည် မိမိတို့၏ တပည့် ဒါယကာတို့ကို နှိုးဆော်ဟောပြော၍ တသိန်းမျှသော မျိုးရိက္ခာတို့ကိုရသဖြင့် လက်သမားဆရာတို့ကို ငှားရမ်း၍ ကြီးစွာသော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၏။ ကြာညိုပန်းတို့ဖြင့်မိုးစေ၏။ ငါတို့ တန်ခိုးပြအံ့ဟု အရပ်လေးမျက်နှာသို့ သတင်းလွှင့်ကြ၏။ မီးပုန်း မီးပန်းတို့ဖြင့် စီရင်ထားကြ၏။

ထိုအကြောင်းကို ပသေနဒီ ကောသလ မင်းကြီး သိလျှင် ဘုရားရှင်ထံသို့ကပ်၍ လျှောက်ထား၏။

"အရှင်မြတ်ဘုရား—

တိတ္တိတို့သည် တန်ခိုးပြအံ့ဟု မဏ္ဍပ်ကြီးများ ဆောက်လုပ်ကြ၏။ တပည့်တော်လည်း အရှင်ဘုရားအတွက် မဏ္ဍပ်ဆောက်လိုပါ၏။ အဘယ်အရပ်မှာ ဆောက်သင့်ပါသနည်းဘုရား" ဟု လျှောက်ထား၏။

ဘုရားရှင်က–

"သင်မင်းကြီး ဆောက်ရန်မလို၊ သိကြားမင်းဆောက်လိမ့်မည်"ဟု မိန့်ကြားတော်မူ၏။

"အရှင်ဘုရား အဘယ်အရပ်၌ တန်ခိုးပြပါအံ့နည်းဘုရား"

"ကဏ္ဍ အမည်ရှိသော သရက်ပင်ရင်း၌ ပြတော်မူအံ့"

"အဘယ်နေ့၌ ပြတော်မူပါအံ့နည်း၊တပည့်တော်တို့ အဘယ်အရပ်မှ ဖူးမျှော်ရပါအံ့နည်း ဘုရား"

"ဝါဆိုလပြည့်နေ့၌ ပြတော်မူမည်။ မည်သည့်အရပ်ကမဆို ဖူးမျှော်ကြကုန်"ဟု မိန့်တော်မူ၏။

ထိုအခါ တိတ္တိတို့သည်—

ဘုရားရှင် သရက်ပင်ရင်း၌ တန်ခိုးတော်ပြမည်ကိုသိကြလျှင် များစွာသော တပည့်တို့ကိုခေါ်၍ ဘယူဇနာအတွင်း၌ ရှိသမျှသော သရက်ပင်တို့ကို ဖျက်စီးစေ၏။

ဘုရားရှင်သည် ဝါဆို လပြည့်နေ့သို့ ရောက်သောအခါ နံနက်စောစောကပင် သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူ၏။

ကောသလမင်းကြီး၏ ဥယျာဉ်စောင့် ဖြစ်သော (ကဏ္ဍ) အမည်ရှိသူသည် မိမိဥယျာဉ်တွင်းမှ သရက်ပင်၌ ခါချဉ်အုံတွင် ကျန်ရစ်သော သရက်မှည့်သီး တလုံးကို ဘုရားရှင်အား ကပ်လှူလေ၏။

ထိုအခါ ဘုရားရှင်သည်—

ရှင်အာနန္ဒာအား ကြည့်တော်မူ၏။ ရှင်အာနန္ဒာသည် စတုမဟာရာဇ် နတ်မင်းကြီးတို့ လှူထားသောသပိတ်တော်ကို အိတ်မှ ထုတ်၍ ဘုရားရှင် လက်တော်သို့ ဆက်ကပ်လေလျှင် သရက်သီးကို ထိုသပိတ်ဖြင့် ခံယူတော်မူ၏။

ယင်းသို့ ခံယူတော်မူပြီး ထိုဥယျာဉ်အနီး၌ပင်ရပ်တော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် မိမိ၏ပုဆိုးခုနှိုး၌ အသင့် ပါလာသော သင်္ကန်းကို ခင်းပေး၏၊ ဘုရားရှင်သည် ထိုနေရာ၌ ထိုင်တော်မူပြီး သရက်သီးကို ဘုဉ်းပေးတော်မူ၏။

ဘုဉ်းပေးပြီးလျှင် သရက်စေ့ကို ထိုဥယျာဉ်စောင့်အား—

''ဤနေရာ၌ စိုက်လော့''ဟု ပေးအပ်တော်မူ၏။

ထိုအခါ ဥယျာဉ်စောင့်သည် ဘုရားရှင်၏ မိန့်တော်မူတိုင်း စိုက်လေသော်—

ဘုရားရှင်သည်—

ထိုစိုက်ရာမြေထက်၌ လက်ဆေးတော် မူ၏။ လက်ဆေးရေ မြေသို့ကျကျခြင်း မီးပုံမှတက်လာသော မီးအခိုးကဲ့သို့ ထွန်တုံးမျှ ရှိသော အညှောင့် အကိုင်း အခက်တို့သည် ဖြာ၍ဖြာ၍ ပွားတက်လာ၏။

တခနခြင်းပင်အစောက်အားဖြင့်သံတောင်(လူတို့အတောင်) ငါးဆယ်၊ အကျယ်အားဖြင့် သံတောင် တရာရှိသော ငါးဖြာသော ခက်မ။ တခုငါးဆယ်သော ခက်သေး။ မွေးလှစွာသော အရွက်။ အပွင့်အသီးတို့နှင့် ပြည့်စုံသော သရက်ပင်ကြီး ဖြစ်လာ၏။

နောက်တော်မှ ပါလာသော သံဃာတော်များသည် ထိုအပင်မှ သီးသော သရက်သီးတို့ကို စားရကုန်၏။ ထိုအကြောင်းကို ဥယျာဉ်စောင့် (ကဏ္ဍ) မြင်လျှင် ဝမ်းမြောက်စွာဖြင့် သာဝတ္ထိပြည်တွင်းသို့ ဝင်ပြေး၏။ ပြီးတော့ လမ်းစဉ်အတိုင်း အိမ်စဉ်အတိုင်း ကြွေးကျော်၍ နန်းတော်သို့ ဝင်လေ၏။

ကောသလမင်းကြီးသည်—

ထိုအကြောင်းကိုသိလျှင် လွန်စွာ ဝမ်းမြောက်လှသည်ဖြစ်၍ မင်းချင်း ယောကျ်ားတို့ကို စေလွှတ်၍ စောင့်စေ၏။ နန်းတော်တွင်း၌ရှိသော မင်းညီမင်းသား မိဖုရား တို့ကိုငှင်း၊ မှူးမတ်သေနာပတိတို့ကိုငှင်း၊ ဘုရားရှင် တန်ခိုးတော် ပြသည်ကိုထွက်၍ ကြည့်ရှုဖူးမျှော်ကြရန် နှိုးဆော်စေ၏။

ထိုစကားကိုကြားလျှင်—

တန်ခိုးပြာဋိဟာပြပွဲကို ကြည့်ရှုရန် လာရောက်သော သူတို့၏ အချင်းချင်း ပြောဆိုသံများသည် သာဝတ္ထိပြည်အလုံး ပဲ့တင်ထပ်၍ အုံးအုံးကျွက်ကျွက် ဖြစ်ကုန်၏။

သရက်ပင်ကိုစောင့်သော သေသောက်ကြူး တို့ကလည်း ကြွေကျသော သရက်သီးကိုစားပြီး စားဘတ် အခေ့တို့ဖြင့် တိတ္ထိတို့အား ပစ်ခတ်ကြကုန်၏။ ဤသို့ ဆိုကြကုန်၏။

"ဟယ် တိတ္ထိတွေ—

ဘုရားရှင်နှင့် တန်ခိုးပြိုင်မည်ဆိုပြီး သင်တို့ ကြုံးဝါးကုန်၏။ ယခုတိုင်အောင် ဘာတခုမျှ သင်တို့၏ တန်ခိုးကို မမြင်ကြရ။ အခိပ္ပါယ်မရှိ။ မြို့တွင်းမြို့ပြင်၌ ရှိသော သရက်ပင်အားလုံးတို့ကို သာ သင်တို့ ဖျက်ဆီးကြကုန်သည်" ဟု ဆဲဆိုကြိမ်းမောင်းကြကုန်၏၊ တိတ္ထိတို့လည်း ရှက်ကြောက်လှသည်ဖြစ်၍ မိမိတို့၏ မဏ္ဍပ်တွင်း၌သာ စု၍ကုတ်၍ နေကြကုန်၏။

ထိုအခါ သိကြားမင်းသည်—

လေနတ်သားကိုခေါ်၍ တိတ္ထိတို့၏မဏ္ဍပ်ကို လေမုန်တိုင်းဖြင့် ဖျက်စီးစေ၏။

ထို့နောက် နေနတ်သားကို ခေါ်၍ တိတ္ထိတို့၏ အပေါ်၌သာ နှိပ်စက်ပူလောင်စေ၏။

ထို့နောက် မိုးနတ်သားကိုခေါ်၍ တိတ္ထိတို့၏ အပေါ်၌သာ မိုးကြီးကို ရွာစေ၏။

ထိုအခါ တိတ္ထိတို့မှာ—

ခိုကိုးရာမရ ဖုံအလိမ်းလိမ်းကပ်သော ကိုယ်တွင် မိုးပေါက်မှန်သဖြင့် တကိုယ်လုံး နွားပြောက်- မြင်းကျားကဲ့သို့ ဖြစ်ကုန်၏။ ပရိသတ်တို့၏ အမြင်ကိုမျှမခံဝံ့တော့ဘဲ ထွက်ပြေးပုန်းရှောင်

ကုန်၏။ တိတ္ထိတို့၏ဆရာ ပုရာဏကဿပသည်လည်း မြစ်ထဲသို့ ဆင်း၍သေပြီး အဝီစိငရဲ၌ ကျလေ၏။

ဘုရားရှင်သည်—

သုံးဆယ့်ခြောက်ယူဇနာ ရှိသော မြေအပြင်၌ ခြေရာထပ်မျှ များပြားလှသော ပရိသတ်တို့ကို မြင်တော်မူလျှင် ထက်ဝန်းကျင် အလုံးကို ဖုံးကွယ်ခြင်းမရှိ ပကတိ မြင်စေနိုင်သော (လောက ဝိဝါရဏ) တန်ခိုးတော်ကို ဖွင့်တော်မူ၏။ ယူဇနာဝက်မျှ ပမာဏ မြင့်သော ကောင်းကင်ပြင်၌ အရှေ့ စကြာဝဠာမှ အနောက် စကြာဝဠာတိုင်အောင် ရတနာ စင်္ကြန်ကို ဖန်ဆင်း တော်မူ၏။

ထိုနေ့ မွန်းယိမ်းသောအခါ မှယနာဂူမှ ထွက်သော ခြင်္သေ့ မင်းကဲ့သို့ ဂန္ဓကုဋိတိုက်မှ ထွက်၍ ရတနာ စင်္ကြန်ဦး၌ ရပ်တော် မူ၏။

ထိုအခါ—

၁။ ဃရဏီ အမည်ရှိသော ဥပါသိကာမသည် ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်၍ ဤသို့ လျှောက်ထား၏။

အရှင်ဘုရား—

တပည့်တော်မကဲ့သို့ သမီးကောင်းတယောက် ရှိပါလျက် ကိုယ်တော်တိုင် အပင်ပန်း မခံသင့်ပါ။ တန်ခိုးပြာဋိဟာကို တပည့်တော်မ ပြပါအံ့ဘုရား'' ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က–

"သင်ချစ်သမီးသည် မည်ကဲ့သို့ တန်ခိုးပြအံ့နည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား–

တပည့်တော်မသည် တခုသော စကြာဝဠာတိုက်အပြင်ကို ရေအလျဉ်ဖြင့် ပြည့်စုံစေ၍ တပည့်တော်မသည် ရေကြက်မငယ် သဏ္ဌာန်ဖန်ဆင်းပြီး အနောက် စကြာဝဠာမှငုပ်၍ အရှေ့ စကြာဝဠာ၌ ပေါ်ပါမည်။

"တဖန် အရှေ့စကြာဝဠာမှငုပ်၍ အနောက် စကြာဝဠာ၌ ပေါ်ပါမည်။ တောင်စကြာဝဠာမှ ငုပ်၍ မြောက်စကြာဝဠာ၌ ပေါ်လာမည်။ မြောက် စကြာဝဠာမှငုပ်၍ တောင်စကြာဝဠာ၌ ပေါ်လာမည်။

"ထိုသို့ပြသည်ကို လူအပေါင်းတို့မြင်လျှင် ဘုရား၏သမီးတော်လေးပင် ရေကြက်မ အသွင်ဖြင့် တန်ခိုးပြနိုင်သေးလျှင် ဘုရားရှင်ကိုမူ အဘယ်မှာ ဆိုဘွယ်ရာရှိအံ့နည်း ဟု ချီးမွမ်း၍ တီတ္ထိတို့ ပြေးရပါလတ္တံ့" ဟု လျှောက်ထား၏။

ဘုရားရှင်ကလည်း–

ချစ်သမီး ဃရဏီ။ သင် တန်ခိုးပြနိုင်ကြောင်းကို ငါသိ၏။ ထိုသော် ဤမျှားစွာသော ပရိသတ်အစည်းအဝေးကို သင့်အတွက် ပြုလုပ်သည်မဟုတ်" ဟု မိန့်တော်မူ၏။

၂။ နောက် စူဠအနာထပိဏ် အမည်ရှိသော အနာဂါမ် တည်သော သူဌေးကလည်း—

"အရှင်ဘုရား—

တပည့်တော်ကဲ့သို့ သားကောင်းတယောက် ရှိပါလျက် ကိုယ်တော်တိုင် အပင်ပန်းမခံသင့်ပါ။ ပြာဋိဟာကို တပည့်တော် ပြပါအံ့" ဟု လျှောက်ထားပြန်၏။

ဘုရားရှင်က—

"အဘယ်ကဲ့သို့ သင်ပြအံ့နည်း" ဟု မေးတော်မူလျှင်—

"တပည့်တော်သည်—

တဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာမင်း၏ ကိုယ်သဏ္ဍာန်ကို ဖန်ဆင်း၍လေပြင်းမိုးကြိုးသံနှင့်တူသောအသံဖြင့် လောကခါတ်ကို လွှမ်းမိုးအောင် လက်ပန်းပေါင်း တီးပါအံ့" ဟု လျှောက်ထား၏။

ဘုရားရှင်က—

"သင် တန်ခိုးပြနိုင်ကြောင်းကို ငါသိ၏။ သို့သော် ဤ သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်တို့သည်ကား ငါဘုရား ကိုသာ ရည်စူး၍ လာကြသည်" ဟု မိန့်တော်မူ၏။

၃။ ထိုနောက် ပဋိသမ္ဘိဒါ ပတ္တဖြစ်သော (၇) နှစ်အရွယ် သာရှိသော စီရ အမည်ရှိသော သာမဏေယ်သည် ဤသို့ လျှောက်ထားပြန်၏။

"တပည့်တော်သည်

အရှင်ဘုရားအား ကျေးဇူးဆပ်သောအားဖြင့် ပြာဋိဟာကို ပြပါအံ့" ဟု လျှောက်ထား၏။

ဘုရားရှင်က—

"မည်သို့သော အချင်းအရာဖြင့် ပြနိုင်အံ့နည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား—

တပည့်တော်သည် မြင်းမိုရ်စကြာဝဠာ သီဒါ သတ္တရဘန် တောင်ရံသမုဒ္ဒရာတို့ကို ဤအရပ်သို့ဆောင်၍ အစဉ်အတိုင်းထား ပြီး တပည့်တော်သည် ဟသ်ာမင်းသဏ္ဍာန်ဖန်ဆင်း၍ ထိုထိုအရပ် မှထွက်၍ မငြိမတွယ်နိုင်အောင်ပျံပြပါအံ့" ဟု လျှောက်ထား၏။

ဘုရားရှင်က—

"ချစ်သား သင် တန်ခိုးပြနိုင်ကြောင်း ငါသိ၏။ သို့သော် ခွင့်မပြုနိုင်" ဟု မိန့်တော်မူ၏။

၄။ ထိုနောက် (၇)နှစ်အရွယ်သာရှိသော စုန္ဒ သာမဏေ ငယ်သည် တန်ခိုးပြရန် လျှောက်ထားပြန်၏။

ဘုရားရှင်က—

"သင် အသို့ပြနိုင်အံ့နည်း" ဟု မေးတော်မူလျှင်—

"အရှင်ဘုရား—

တပည့်တော်သည် ဤဇမ္ဗူဒိတ်ကျွန်းဦး၌ ပေါက်ရောက်သော အစောက်ယူဇနာ တရာရှိသော ဇမ္ဗူသပြေပင်ကြီးကို အသီးအပွင့်နှင့်တကွ နှုတ်ထမ်း၍ များစွာသော လူပရိသတ်တို့အား ကောင်းမြတ်သော ဇမ္ဗူသပြေသီးကို စားစေပါအံ့"

"တာဝတိံသာနတ်ပြည်မှ ပင်လယ်ကသစ်ပင်ကြီး ကိုလည်း ဤနည်းအတိုင်းထမ်းခဲ့၍ လူအများအား ကသစ်ပန်းကို ဝေငှပါအံ့" ဟု လျှောက်ထား၏။ ဘုရားရှင်ကလည်း ယခင်ကဲ့သို့ အမိန့်ရှိ၍ ပယ်တော်မူ၏။

၅။ ထိုနောက် လက်ဝဲတော်ရံ ဥပ္ပလဝဏ် ဘိက္ခုနီမသည် ဤသို့လျှောက်ထားပြန်၏။

"အရှင်ဘုရား—

"တပည့်တော်မသည် တခုသောပြာဋိဟာကို ပြပါအံ့။ ခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ထား၏။

ဘုရားရှင်က—

"ချစ်သမီး သင်သည် အသို့ပြအံ့နည်း" ဟု မေးတော်မူလျှင်—

"အရှင်ဘုရား—

တပည့်တော်မသည် စကြာဝတေးမင်း၏အဟန် ဖန်ဆင်း၍ တဆယ့်ခြောက်ယူဇနာ ပြည့်လောက်သော ပရိသတ်အခြံအရံနှင့် တကွ ကောင်းကင်မှလာ၍ အရှင်ဘုရား၏ခြေတော်ကို ဦးတိုက်ပါအံ့" ဟု လျှောက်ထား၏။

"ချစ်သမီး—

သင်၏အာနုဘော်ကို ငါသိတော်မူ၏။ သို့သော်- ဤသုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်တို့သည် ငါဘုရား၏အကျိုးငှါသာ လာကြသည်"ဟု ဆို၍ ပယ်တော်မူ၏။

၆။ ထို့နောက် လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်သည် ဤသို့ လျှောက်ထားပြန်၏။

"အရှင်ဘုရား—

မိဘဆရာသမားတို့၏ ကိစ္စကို သားကြီးနှင့် တပည့်ကြီးများကသာ တာဝန်ယူရသကဲ့သို့ ယခုလည်း ဘုရားရှင်၏ကိုယ်စား တပည့်တော် တာဝန်ယူ၍ ပြာဋိဟာကို ပြပါရစေဘုရား" ဟု လျှောက်ထား၏။

"သင်ချစ်သား—

မည်သို့ပြအံ့နည်း"ဟု မေးတော်မူလျှင်—

"အရှင်ဘုရား—

တပည့်တော်သည်—

ယူဇနာ ရှစ်သောင်းလေးထောင်နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကိုခံတွင်းသွားကြား၌ထား၍ သခွားဖရုံကဲ့သို့ ညက်ညက်ကြေအောင် စားပါအံ့။

"ထို့ပြင် စကြာဝဠာသားသတ္တဝါများကို လက်ဝါးတဖက်၌ နေစေ၍ ဤမြေကြီးကို နှီးဖျာသင်ဖြူးကဲ့သို့ လိပ်လျက် လက်ချောင်း၏ အကြား၌ ထားပါအံ့။

"ဤမှတပါးရထားလှည်းဘီးစက်ကဲ့သို့ သွက်သွက်ခါအောင် ဤမဟာပထဝီမြေကြီးကို လည်စေပြီးလျှင် မြေကြီးအောက်၌ တည်နေသော မြေလွှာကိုယူ၍ ဗိုလ်လူအများကို စားသုံးပါစေ အံ့ဘုရား"ဟု လျှောက်ထား၏။

ထိုစကားကိုကြားလေလျှင် ဘုရားရှင်သည်—

"ချစ်သားမောဂ္ဂလာန်—

သင်၏အာနုဘော်ကို ငါသိ၏။ သို့သော် ဤပရိသတ်တို့သည် ငါဘုရားကို ရည်မှတ်၍ လာကြကုန်၏။ ယခုအခါ ငါဘုရား၏ သဘင်ပွဲတော်သာဖြစ်၏။

"သမုဒ္ဒရာ ဂင်္ဂါသဲမျှ ပွင့်သွားကြသော ရှေးနောင်တော် ဘုရားရှင်တို့ပင် အစဉ်ပြုတော်မူမြဲဖြစ်၏။ သင်ချစ်သားတို့ တန်ခိုး ကြီးသော်လည်း ငါဘုရား၏တာဝန်ကို မဆောင်ရွက်နိုင်ရာ"ဟု မိန့်တော်မူ၏။

ဘုရားရှင်သည်—

ရတနာစင်္ကြံသို့ တက်တော်မူ၍ သုံးဆယ့်ခြောက် ယူဇနာ ရှိသော လူပရိသတ်တို့၏ အလည်တည့်တည့်အထက်ကောင်းကင်၌ ရပ်တော်မူ၍ စထုတ္ထစျာန်ကို ဝင်စားတော်မူ၏။

ဘုရားရှင်ကိုယ်တော်၏ အထက်ပိုင်းမှ မီးအလျှံ ထွက်စိမ့် သောငှာ (တေဇော) ကသိုဏ်းကို အာရုံပြုလျက် ပစ္စဝက္ခဏာ သုံးကြိမ် လေးကြိမ်—

ရေအလျှဉ်ဖြစ်စိမ့်သောငှါ (အာပေါ) ကသိုဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာ သုံးကြိမ် လေးကြိမ်—

ရောင်ခြည်တော် ခြောက်သွယ် ဖြစ်စိမ့်သောငှါ နီလာဒိ ကသိုဏ်းကို အာရုံပြု၍ ပစ္စဝေက္ခဏာ သုံးကြိမ် လေးကြိမ်အားဖြင့် များစွာသော ဝီထိစိတ်တို့ကို ဖြစ်တော် မူစေလျှင် ယခင်က ပစ္စဝေက္ခဏာ၏ အာနုဘော်ကြောင့်—

ကိုယ်တော်၏ အထက်ပိုင်းမှ မီးအဟုန်သည် တောက်လတ်၍ လောကဓာတ် တသိန်း ထစ်ချုန်းပဲ့တင် သံရှင်ကျည်းဟီး မြေကြီးခုန်လှုပ်ကို အစုံကြိုက်သော ယမိုက်တော်သံကို ဖြင်စေလျက် ဘဝဂ်တိုင်အောင် တပြောင်ပြောင်တက်လေ၏။

ကိုယ်တော်၏ အောက်ပိုင်းမှ ရေအလျှဉ်သည် သွင်သွင်တီး တီး ယိုစီးဖြာလျက် စကြာဝဠာနရန်း ရစ်သန်းဖြိုးနက် မိုးကြိုး စက်ကဲ့သို့ အောက်ထက်အုပ်လွှမ်း တင်းကြမ်းနစ်မြုပ် သဲသဲ ရှုတ်မျှသော ရေအလျှဉ်သည်ဖြစ်၏။

ထို့နောက် တဖန် ကိုယ်တော်၏ အောက်ပိုင်းမှ မီးအလျှံ ထွက်၏။ အထက်ပိုင်းမှ ရေအလျှဉ်ထွက်၏။

နောက် ကိုယ်တော်၏ရှေ့တော်မှ မီးအလျှံထွက်၏။ နောက်တော်မှ ရေအလျှဉ်ထွက်၏။

နောက်တဖန် ကိုယ်တော်၏အောက်တော်မှ မီးအလျှံထွက်၏၊ ရှေ့တော်မှ ရေအလျှဉ်ထွက်၏။

နောက်တဖန် လကျာ်မျက်လုံးတော်မှ မီးအလျှံ ထွက်၏။ လက်ဝဲမျက်လုံးတော်မှ ရေအလျဉ်ထွက်၏။

နောက်တဖန် လက်ဝဲ မျက်လုံးတော်မှ မီးအလျှံ ထွက်၏။ လကျာ်မျက်လုံးတော်မှ ရေအလျဉ်ထွက်၏။

နောက်တဖန် လကျာ် နားတွင်းတော်မှ မီးအလျှံ ထွက်၏။ လက်ဝဲ နားတွင်းတော်မှ ရေအလျဉ်ထွက်၏။

နောက်တဖန် လက်ဝဲ နားတွင်းတော်မှ မီးအလျှံ ထွက်၏။ လကျာ်နားတွင်းတော်မှ ရေအလျဉ်ထွက်၏။

ဤအတူ လကျာ် နှာခေါင်းတော်မှ မီးအလျှံ၊ လက်ဝဲ နှာခေါင်းတော်မှ ရေအလျဉ်။

လက်ဝဲ နှာခေါင်းတော်မှ မီးအလျှံ၊ လကျာ် နှာခေါင်းတော်မှ ရေအလျဉ်။

လကျာ် ပုခုံးတော်မှ မီးအလျှံ၊ လက်ဝဲ ပုခုံးတော်မှ ရေအလျဉ်။

လကျာ်နံပါးတော်မှ မီးအလျှံ၊ လက်ဝဲနံပါးတော်မှ ရေအလျဉ်။

လက်ဝဲနံပါးတော်မှ မီးအလျှံ၊ လကျာ်နံပါးတော်မှ ရေအလျဉ်။

လကျာ် ခြေတော်မှ မီးအလျှံ၊ လက်ဝဲ ခြေတော်မှ ရေအလျဉ်။

လက်ဝဲ ခြေတော်မှ မီးအလျှံ၊ လကျါ ခြေတော်မှ ရေအလျဉ်။

ခြေချောင်း လက်ချောင်းတို့မှ မီးအလျှံထွက်သော်—

ခြေချောင်း လက်ချောင်းတော်ကြားမှ ရေအလျဉ်။

အကြားအကြားတို့မှ မီးလျှံဖြစ်သော် ခြေချောင်း လက်ချောင်းတို့မှ ရေအလျဉ် ဖြစ်တော်မူ၏။

အချို အချို့သော မွေးညှင်းတော်တို့မှ မီးအလျှံ ဖြစ်သော် အချို့အချို့သော မွေးညှင်းတော်တို့မှ ရေအလျဉ်ဖြစ်၏။

ကိုယ်တော်၏ တကိုယ်လုံးမှလည်း—

၁။ ညိုသောရောင်ခြည်တော်

၂။ ရွှေသောရောင်ခြည်တော်

၃။ နီသောရောင်ခြည်တော်

၄။ ဖြူသောရောင်ခြည်တော်

၅။ မောင်းသောရောင်ခြည်တော်

၆။ ပြိုးပြိုးပျက် တခဲနက်သောရောင်ခြည်တော်

ထိုရောင်ခြည်တော် ခြောက်ပါးတို့သည် နေခြည်ပျက်ယွန်းသော ညချမ်းဆည်းဆာဝယ် လွန်စွာ တောက်လောင်သော ရွှေတန်ဆောင်းကြီးမှ ဆီမီးအလျှံကဲ့သို့ ပျံကာပျံကာ ထွက်၍ အထက် ပြဟ္မာ့ပြည်တိုင်အောင် တက်လေ၏။

နောက်တဖန် ဘုရားရှင်သည် ကိုယ်တော်ပွား (နိမ္မိတ) ဘုရားကို ဖန်ဆင်းတော်မူ၏။

ဘုရားရှင် စင်္ကြံန်ကြွသော် နိမ္မိတဘုရားသည် လျှောင်း၏။

ဘုရားရှင်ရပ်သော် နိမ္မိတဘုရားသည် စင်္ကြန်ကြွ၏။

ဘုရားရှင်ထိုင်သော် နိမ္မိတဘုရားသည် ရပ်သော်လည်းရပ်၏၊ လျောင်းသော်လည်း လျောင်း၏။

နိမ္မိတဘုရားက နက်နဲသော ပြဿနာတို့ကို မေး၍—

ဘုရားရှင်က ဖြေတော်မူ၏။


ဤသို့လျှင်—

ရတနာစင်္ကြန် ထက်မိုးယံ၌ တပြောင်းပြန်ပြန် အဖန်ဖန်ပြ တော်မူ၏။ ထိုအခါ ကိုယ်တော်မှထွက်သော မီးအလျှံနှင့် ရေ အလျှဉ်တို့သည် စပ်ယှက်ရောထွေးခြင်း မရှိဘဲ တကွဲတပြားစီ ထွက်လေ၏။

အထက်သို့—

နေဝသညာ နာသညာ ရတနာ့ဘုံ (ဘဝဂ်) တိုင်အောင် ဗိလာ၁အားဖြင့် ယူဇနာ(တသန်း-နှစ်သိန်း-သုံးထောင့်-လေးရာ့- ငါးဆယ်)ကျယ်သော စကြာဝဠာအနားရေးတိုင်အောင် တပြိုင် တည်း တလက်လက် တထိန်ထိန် တည်လေကုန်၏။

ဘုရားရှင်သည် တန်ခိုးတော်ကို ပြတော်မူလျက်ပင် အကြား အကြား၌ လူအပေါင်းတို့အား တရားဟောတော်မူ၏။ အကုဋ္ဌေ မကသော လူအပေါင်းတို့သည် တရားထူးကို ရကြကုန်၏။



## ၆၅။ ဥက္ကာစေလပြည်

မြတ်စွာ ဘုရားသခင်သည်—

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့ ပရိနိဗ္ဗာန်ဝင်၍မကြာမီ သံဃာတော် အပေါင်း ခြံရံလျက် ဝဇ္ဇီတိုင်း ဂင်္ဂါမြစ်နားရှိ ဥက္ကာစေလပြည်သို့ ကြွတော်မူ၍ လွင်တီးခေါင် အရပ်တခု၌ သီတင်းသုံးနေတော် မူသောအခါ၌ မိန့်ကြားတော်မူသည်မှာ-

"ချစ်သား ရဟန်းတို့—

ဤအခါ သားတော် သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ရှိသောအခါနှင့် မတူပေ၊ ပရိသတ်များ အလွန် နည်းပါးပြီး ဆိတ်ငြိမ်၍နေသောအခါ ဖြစ်၏။ ခြောက်သွေ့နေသောအခါ ဖြစ်၏။ ငြီးငွေ့ဘွယ်သောအခါ ဖြစ်၏။

"သို့သော် ချစ်သားတို့—

ငါ၏သားတော် အဂ္ဂသာဝက၊ မဟာသာဝကကြီးတို့ကဲ့သို့ လက်ဝဲရံ လက်ျာရံတပည့်တို့သည် ရှေး နောင်တော်ဘုရားရှင်တို့၌လည်း ရှိကုန်၏။ အနာဂတ်ကာလ၌ ပွင့်တော်မူလတံ့ကုန်သော ဘုရားရှင်တို့အားလည်း ရှိကုန်ပေလတ့်။

"ဤသို့သော သားကြီး ဩရသတို့ပရိနိဗ္ဗာန်ဝင်စံပြေးသော်လည်း ဘုရားရှင်တို့ မည်သည်မှာ တုန်လှုပ်မှုမရှိကြ၊ ဤကဲ့သို့သော တရားမျိုးကို ရနိုင်ခြင်းသည် လွန်စွာအံ့ဩဘွယ်ကောင်းပေ၏။

* စင်စစ်ဖြစ်တတ်သော သဘောတရားသည်—

* ပျက်စီးခြင်းလျှင် နောက်ဆုံးရှိ၏။

သစ်ပင်ကြီးသော်လည်း ကျိုးပျက်လေတိ သကဲ့သို့-ထို့အတူ ချစ်သားတို့- ငါဘုရားရှင် ထင်ရှားရှိသော်လည်း အကိုင်းအခက် နှင့် တူသော သာဝကကြီးတို့သည် ပရိနိဗ္ဗာန် ဝင်စံရမည်သာ ဖြစ်သည်”ဟု သံယုတ်နိကာယ်၌ ဟောတော်ခဲ့မူ၏။

ဤသို့စသည်ဖြင့်—

သင်္ခါရတရားနှင့် စပ်လျဉ်း၍ (ဥက္ကာစေလသုတ်)ကို ဟော တော်မူရာ ဤဥက္ကာစေလပြည်သည်-

ယခုအခါ အိန္ဒိယပြည်တွင်-

(မုဇဖွာရ်ပုရ်) ၏ စီရင်စုရှိ (ဟာဂျီပုရ်) မြို့ ဖြစ်သည် ဆို၏။ ၎င်းသို့သွားရန်ခရီးစဉ်မှာ ဗာရာဏသီ ချပရာ မုဇဖွာရ်ပုရ် မြို့တို့မှ သွားလာနိုင်၏။ ယခုအခါမှာ ဗုဒ္ဓဘာသာအဆောက်အဦများ တစုံတခုမျှ မရှိတော့ဟုဆို၏။

*

## ၆၆။ ဘုရားရှင် တာဝတိံသာသို့ကြွတော်မူပုံ

အထက်၌ ပြဆိုခဲ့သည့်အတိုင်း....

ဘုရားရှင်သည် တန်ခိုးဗျာဋိဟာကို အမျိုးမျိုး ပြတော်မူပြီး လျှင် “ဘယ်အရပ်၌ ဝါဆိုရအံ့နည်း၊ ရှေးရှေးသော နောင်

တော် ဘုရားရှင်တို့သည် တန်ခိုးဗျာဋိဟာ ပြပြီးသောအခါ အဘယ်အရပ်၌ ဝါကပ်တော် မူကြသနည်း”ဟု ကြည့်ရှုဆင်ခြင် လေသော်—

တာဝတိံသာနတ်ပြည်၌ ဝါကပ်လျှင် မယ်တော်မိနတ်သား အား တရားဟောကြားသော ဘုရားရှင်တို့၏ဓမ္မတာကိုမြင်တော် မူသဖြင့် ထိုတန်ခိုး ပြာဋိဟာကို ပြသော ဝါဆိုလပြည့်နေ့၏ ညချမ်းဆည်းဆာအချိန်၌ တာဝတိံသာနတ်ပြည်သို့ တက်ကြွ ခြင်းငှါ လကျ်ာခြေတော်ကို လှမ်းတော်မူလျှင်—

ယူဇနာလေးသောင်းနှစ်ထောင် မြင့်သော ယုဂန္ဓိုရ်တောင် ထိပ်သည် ဦးညွတ်ပြီး ဘုရားရှင်၏ခြေတော်အောက်သို့ ခံလာ၏။

ထိုတောင်ထိပ်၌—

လကျ်ာခြေတော်ကိုချပြီး လက်ဝဲခြေတော်မှ တဖန်လှမ်းပြန် လျှင်—

ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့် မိုရ်တောင်ထိပ်သည် ဦးညွတ်၍ ဘုရားရှင်၏ခြေတော်အောက်သို့ ခံလာ၏။

ဤသို့ဖြင့် ဘုရားရှင်သည် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာ ပြသောနေရာမှ တာဝတိံသာနတ်ပြည်သို့ (နှစ်လှမ်းသုံးဖဝါး) ဖြင့် ကြွတော်မူ၏။

ထိုသို့ ကြွလာသည်ကို သိကြားမင်း မြင်လျှင် နတ်မူးမတ် အပေါင်းတို့နှင့်တကွ ခရီးဦးကြိုပြု၍ ဘုရားရှင်၏ နောက်တော်မှ လိုက်ပါရင်း ဤသို့အကြံဖြစ်၏။

"ဘုရားရှင်သည်—

တာဝတိံသာနတ်ပြည်၌ရှိသော ပဏ္ဍုကမ္ဗလာကျောက်ဖျာ ထက်၌ ဝါကပ်တော်မူလိုဟန်ရှိသည်။ အကယ်၍ ဤကျောက် ဖျာထက်၌ စံတော်မူခဲ့သော် ဤကျောက်ဖျာသည် ဘုရားရှင်၏ နေရာဖြစ်၍ နတ်တို့သည် လက်ဖျားနှင့်မျှ တို့ဝံ့ကြမည်မဟုတ်။

"နောက်ပြီး ဘုရားရှင်၏ကိုယ်တော်ကား တဆယ့်ရှစ်တောင် သာရှိ၏။ ဤကျောက်ဖျာသည် အလျား ယူဇနာခြောက်ဆယ်၊ အနံ ယူဇနာ ငါးဆယ်၊ အထုယူဇနာ တဆယ့်ငါးယူဇနာရှိ၏။

"ဤမျှကျယ်ဝန်းသောနေရာ၌ဘုရားရှင်စံတော်မူလျှင် မမြင် ရ၍ မည်သူမျှ ဖူးမျှော်ရတော့မည်မဟုတ်"ဟု အကြံဖြစ်လေ၏။

ထိုအကြံကို ဘုရားရှင်သိတော်မူ၍ ဒုကုဋ်သင်္ကန်း (နှစ်ထပ် သင်္ကန်းကြီး)ဖြင့် ကျောက်ဖျာကို လွှမ်းအုပ်လေသော် သင်္ကန်း တော်သည် ကျောက်ဖျာကိုအုပ်မိရုံမက ကျော်လွန်၍ဖုံးသွား၏။

ထိုအခါမှ ဘုရားရှင်သည် ကျောက်ဖျာထက်သို့ တက်တော် မူ၏။ ကျောက်ဖျာ၏ ရှစ်မျက်နှာ တပြင်လုံးပြည့်အောင် ထက် ဝယ်ဖွဲ့ခွေ စံနေတော်မူ၏။

ဤကဲ့သို့ ဘုရားရှင်သည်—

တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလျှင် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာပွဲသို့ ရောက်လာကုန်သော လူအပေါင်းတို့သည် ကြည့်နေရင်းမှ ကောင်းကင်၌ ဘုရားရှင်ကိုမမြင်သဖြင့် အံ့ဩကြကုန်၏။ ထိတ်လန့်ကြကုန်၏။ တဦးမှတဦးသို့ မေးမြန်းကြကုန်၏။ မည်သူမျှမသိကြသဖြင့် အရှင်မောဂ္ဂလာန်ကို လျှောက်ထားကြကုန်၏။ အရှင်မောဂ္ဂလာန်က အရှင်အနုရုဒ္ဓါကို မေးလျှောက်ကြရန် ညွှန်ကြားလိုက်၏။

လူအပေါင်းတို့သည် အရှင်အနုရုဒ္ဓါကို လျှောက်ထားကြပြန်၏၊ အရှင်အနုရုဒ္ဓါက "ဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ဝါဆိုရန် ကြွတော်မူပြီ"ဟု အမိန့်ရှိလေ၏။

ထိုအခါ လူအပေါင်းတို့သည်—

ဝမ်းသာစွာဖြင့် "လူ့ပြည်သို့ မည်သည့်အခါ ပြန်ကြွလာမည်နည်း"ဟု လျှောက်ထားကြပြန်၏။ အရှင်အနုရုဒ္ဓါက "သီတင်းကျွတ် လပြည့်နေ့မှ ပြန်ကြွလာမည်"ဟု မိန့်တော်မူ၏။

ထိုအခါ လူအပေါင်းတို့သည် "ဘုရားရှင်ကို မဖူးမြင်ရသမျှ မပြန်ကြ"ဟုဆိုပြီး သာဝတ္ထိပြည်၏အနီး၌ သစ်ခက်တဲများပြုလုပ်၍နေကြ၏။ ထိုသို့ မလုံမခြုံ ဖြစ်သလိုနေကြရသော်လည်း ဘုရားရှင်၌ စွဲလန်းကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ကျန်းမာစွာဖြင့် ကောင်းမွန်စွာ နေကြရကုန်၏။

ဘုရားရှင်သည် တန်ခိုးပြာဋိဟာ မပြမှီကပင် အရှင်မောဂ္ဂလာန်ကို ဤသို့မိန့်ကြားထား၏။

“ချစ်သားမောဂ္ဂလာန်—

ဤပရိသတ်အပေါင်းတို့အား ငါ၏ကိုယ်စား တရားဟောရစ်လော့။ စူဠအနာထပိဏ်သူဌေးသည် စောင့်ရှောက်လှူဒါန်းလိမ့်မည်”ဟု မိန့်ကြားမှာထားတော်မူ၏။

ထို့ကြောင့် အရှင်မောဂ္ဂလာန်သည် သံဃာအားလုံးနှင့်တကွ စူဠအနာထပိဏ်သူဌေး၏ ထောက်ပံ့မှုဖြင့် ရောက်လာသမျှကုန်သော ပရိသတ်အားလုံးတို့ကို တရားဟောတော်မူနေရ၏။

ယနောင်စာပေ

## ၆၇။ မယ်တော်နတ်သားအား အဘိဓမ္မာတရားဟောကြားပုံ

မြတ်စွာဘုရားသခင်သည်—

ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ စမ္ပါယ်တော်မူသော အခါ တာဝတိံသာ နတ်အပေါင်းတို့သည် ကြွေးကျော်၍ သောင်းသောင်းဖြဖြ လာကြကုန်၏။ အထက် အထက်ဖြစ်သော နတ်ဘုံ ပြဟ္မာဘုံတို့မှ မယ်တော် ဖြစ်ခဲ့ဘူးသော (သန္တုသိတ) နတ်သားနှင့်တကွ အင်္ကုရ၊ ဣန္ဒက စသော နတ်ပြဟ္မာတို့သည် တရားနာရန် လာရောက်ကြကုန်၏။

ဤစကြာဝဠာမှ နတ်ပြဟ္မာ အပေါင်းတို့၏ အသံကြား သဖြင့် အခြားသော စကြာဝဠာ တသောင်း၌ နေကုန်သော နတ်ပြဟ္မာတို့သည်လည်း ထိုညဉ့်၌ပင် တရားနာရန် လာရောက် ကြကုန်၏။

ဘုရားရှင်၏ ပတ်ဝန်းကျင်၌—

မရေမတွက်နိုင်သော နတ်ပြဟ္မာ အပေါင်းတို့ နေကုန်သော် လည်း ၎င်းတို့၏ ကိုယ်ရောင်ကိုယ်ဝါတို့သည် မလင်းကုန်။ ဘုရားရှင်၏ ရောင်ခြည်တော် ခြောက်သွယ်တို့ကသာလျှင် တပြိုင် ထည်း ထွန်းလင်းကုန်၏။

ဘုရားရှင်၏ မယ်တော် ဖြစ်ခဲ့ဘူးသော (သန္တုသိတ) နတ် သားသည် ဘုရားရှင်၏ လကျ်ာဘက်၌နေ၏။ ထိုအနီး၌ တန်ခိုး ကြီးသော ဣန္ဒက နတ်သားနေ၏။

ဘုရားရှင်၏ လက်ဝဲဘက်၌—

အကုံရ နတ်သားနေ၏။ ထိုနတ်သားသည် တန်ခိုးကြီးသော နတ်ဗြဟ္မာတို့ ရောက်လာသောအခါ မိမိ၏ နေရာမှ နောက်သို့ ဘဖြည်းဖြည်း ဆုတ်ပေးရသဖြင့် ဘုရားရှင်နှင့်တဆယ့်နှစ်ယူဇနာ ဝေးသော နေရာသို့ ရောက်သွား၏။

*

၆၈။ ဣန္ဒကနတ်သားနှင့် အကုံရနတ်သား

"အကုံရနတ်သား"

ဘုရားရှင်သည် ထိုဣန္ဒက နတ်သားနှင့် အကုံရ နတ်သား တို့၏ ကုသိုလ်အထူးကို အများ သိစေလို၍ ဤသို့ မိန့်တော်မူ၏။

"အချင်းအကုံရနတ်သား—

သင်သည် ရှေးလူ့ပြည်၌ နေသောအခါ၌ မဇ္ဈိမဒေသကို အုပ်စိုးသော မင်းဖြစ်၍ အနှစ်တသိန်းပတ်လုံး တဆယ့်နှစ်ယူဇနာ ရှိသော အရပ်ကို ခုံလောက် (ဖိုခနောင့်) ခြင်းစပ်အောင် အလှူကြီး ပေးလှူခဲ့ဘူး၏။ သို့ပါလျက် ယခုအခါ၌ အဘယ့်ကြောင့် ငါဘုရားနှင့် ဝေးသော နေရာမှ သင်နေရသနည်း" ဟု မေးတော်မူ၏။

ထိုအခါ အင်္ကုရ နတ်သားက—

"အရှင်ဘုရား တပည့်တော်သည်များစွာသောအလှူကိုပေးခဲ့ဘူးသည် မှန်ပါ၏။ သို့သော် သာသနာတော်အတွင်းနှင့် မကြုံခဲ့ရပါ။ သရဏဂုံနှင့် ပဥ္စသီလ တည်သော မြတ်သောအလှူခံပုဂ္ဂိုလ်ကို မတွေ့ခဲ့ရပါ။

"သာသနာပ၌ ညံ့စွာသောအလှူခံပုဂ္ဂိုလ်မျိုးကိုသာလှူခဲ့ရ၍ အကျိုးပေးနည်းပါးသောကြောင့် ယခုလို တန်ခိုးကြီးမားသော နတ်ဗြဟ္မာတို့ ရောက်လာလျှင် နောက်သို့ ဆုတ်ပေးနေရပါသည် ဘုရား" ဟု လျှောက်ဘားလေ၏။

## "ဣန္ဒကနတ်သား"

ထို့နောက် ဘုရားရှင်သည် ဣန္ဒက နတ်သားကိုခေါ်၍ မေးတော်မူပြန်၏။

"အချင်းဣန္ဒကနတ်သား

သင်သည် ရှေးလူဖြစ်သော အခါ၌ ညီတော် အနုရုဒ္ဓါ ဆွမ်းခံရာတွင် တထပ်စာမျှသော ဆွမ်းကလေးကိုသာ လှူဒါန်းဘူးရုံမျှဖြစ်လျက် ယခုအခါ အဘယ့်ကြောင့် သင်၏ နေရာမှ မထဘဲ ငါ၏အနီး၌ နေနိုင်ရသနည်း" ဟု မေးတော်မူ၏။

ထိုအခါ ဣန္ဒက နတ်သားက—

"အရှင်ဘုရား—

တပည့်တော်သည် အနည်းငယ်မျှသော ဆွမ်းဒါနကိုသာ ပြုရဘူးသည် မှန်ပါ၏။ သို့သော် ဘုရားရှင်၏ သာသနာတော်

တွင်း၌ အလွန်မြတ်လှစွာသော အလှူခံပုဂ္ဂိုလ်တို့ကိုသာ လှူခဲ့ရပါ၏။ ထို့ကြောင့် အကျိုးပေး ကြီးမားပါ၏။

“ထို့ကြောင့် တပည့်တော်သည် ယခုလိုအခါ၌ သူတပါးကို ခန့်ငြားကြောက်ရွံ့ နေရခြင်းမရှိလဲ တပည့်တော် နေရာ၌ နေထိုင်နိုင်ခြင်း ဖြစ်ပါသည် ဘုရား” ဟု လျှောက်ထားလေ၏။

ဤသို့ နတ်သားနှစ်ဦးတို့ကို မေးတော်မူသောအသံ။ နတ်သားတို့က လျှောက်ထားသော အသံတော်တို့ကို လူပြည်မှ အတိုင်းပင် ကြားနာရကုန်သည်ဆို၏။

(ဓိနတ္ထမှ)



ဘုရားရှင်သည်—

ထိုနတ်သား နှစ်ဦးတို့အား မေးမြန်းတော်မူပြီးလျှင် အဘိဓမ္မာတရားတော်ကို စတင်၍ ဟောကြားတော်မူလေ၏။

ယင်းသို့တရားဟောလျက် နတ်ပြည်၌ ဝါဆိုတော်မူသော အခါ ဘုရားရှင်၏ကိုယ်ခန္ဓာသည် မည်သို့သောအကြောင်းဖြင့် မျှတနိုင်သနည်းဟူမူ—

ဘုရားရှင်သည်—

လှူပြည်၌ နေထွက်နှင့် နေဝင်ချိန်ကို သိမှတ်တော်မူထား၏။

လှူပြည်မှ ဇမ္ဗူဒိပ်ကျွန်း၌ နေထွက်ချိန် မရောက်မီ ဘုရားရှင်သည် သွင်ပြင်ဟန်ပန်မှစပြီး အသံရုပ်ဝါခြင်းပါ တူညီသော (နိမ္မိတ) ဘုရားတဆူကို ဖန်ဆင်းတော်မူ၏။

''ငါ၏ကိုယ်စား ဤနိမ္မိတဘုရားသည် ဤမျှလောက်သော တရားကို ဟောစေသတည်း'' ဟု ဓိဋ္ဌာန်တော်မူ၏။ ၎င်း နိမ္မိတဘုရားကို ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ကောင်းစွာထားခဲ့၏။

နောက်ပြီး ဘုရားရှင်သည်–

သက်န်းသပိတ်ကို ပြင်ဆင်၍ လှူပြည်သို့ ဆင်းသက်ခဲ့၏။ ဟိမဝန္တာတော (အနော်တတ်) အိုင်၏အနီး နံ့သာပင်ကြီးတပင်၏အရင်း၌ ခင်းထားအပ်သော ဆေးဒါန်းမြင်းသီလာကျောက်မြေပေါ်၌ ရပ်တော်မူ၏။

ထိုအခါ ဟိမဝန္တာ၌နေကြသော နတ်နဂါးတို့သည် (နာဂလတာ) မည်သော ကွမ်းရိုးဒါန်ပူကို ကပ်လှူကြကုန်၏။ ဘုရားရှင်သည် ထိုဒါန်ပူကို အလှူခံပြီး အနော်တတ်အိုင်သို့ ကြွ၍ မျက်နှာသစ်တော်မူ၏။

*

## ၆၉။ မြောက်ကျွန်းသို့ ဆွမ်းခံကြွပုံ

မြတ်စွာဘုရားသခင်သည်—

ထိုကျောက်ဖျာပေါ်၌ ရပ်တော်မူခါ တိမ်နီလာအဆင်းနှင့်တူသော အလွန် နီမြန်းသော သင်္ကန်းအစုံကို ဝတ်ရုံတော်မူပြီးမှ နတ်မင်းကြီး လေးယောက်တို့က လှူထားအပ်သော ပတ္တမြားညိုဖြင့် ပြီးသော သပိတ်တော်ကို ပိုက်တော်မူ၍ ဥတ္တရကုရု-မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။

ထိုကျွန်းသူ ကျွန်းသားတို့သည်—

ဘုရားရှင်ကို ဘုရားဟူ၍ အမှတ်မရှိ။ မိမိတို့ကိုးကွယ်နေကြသော (နတ်မင်းကြီး) ဟု ထင်မှတ်ကြ၍ ဝမ်းသာစွာဖြင့် နတ်သုဒ္ဓါကဲ့သို့သော ဆွမ်းကို လှူဒါန်း ပူဇော်ကြကုန်၏။

ဘုရားရှင်သည် စားလောက်ရုံ မျှသော ဆွမ်းကိုရလျှင် မြောက်ကျွန်းမှ ပြန်ကြွတော်မူခဲ့၏။ ဟိမဝန္တာတော - အနောတတ်အိုင်၏အနီး၌။ ဆွမ်းဘုဉ်းပေးတော်မူ၏။

ပြီးသော် ကြီးစွာသော စန္ဒကူးတောသို့ဝင်တော်မူ၍ နေ့သန့်တော်မူ၏။ (နေ့အခါ၌ သီတင်းသုံးနေထိုင်တော်မူ၏)

ထိုအခါ ရှင်သာရိပုတ္တရာသည် ဘုရားရှင် နှင့်သာတော၌ ရှိနေတော်မူကြောင်း သိရှိ၍ ကြွလာခဲ့ပြီး ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုပေး၏။

ဘုရားရှင်က-

''ချစ်သားသာရိပုတ္တရာ ငါသည် ယနေ့ ဤမျှသောတရားကို နတ်တို့အား ဟောကြား၏''ဟု မိန့်တော်မူ၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် ပညာအရာ၌ ပါရမီရှိသူဖြစ်၍ အနည်းငယ်မျှကိုကြားနာရလျှင်ပင် ဘုရားရှင်ဟောတော်မူသမျှသော တရားတော်၏အကျယ်ကို သိမြင်လေ၏။

ဘုရားရှင်သည် ထိုနေ့ ညချမ်းသောအခါ တာဝတိံသာသို့ပြန်၍တက်ကြွတော်မူပြီး တရားကို ဆက်၍ဟောတော်မူ၏။

ထိုသို့ ဘုရားရှင်သည် လူ့ပြည်သို့ဆင်း၍ ဆွမ်းခံ ကြွတော်မူကြောင်းကို တန်ခိုးကြီးသောနတ်အချို့တို့သာ သိကုန်၏။ တန်ခိုးငယ်သောနတ်တို့ မသိကုန်။

အဘယ့်ကြောင့်ဆိုသော် ဖန်ဆင်းထားခဲ့သော နိမ္မိတဘုရားနှင့် ဘုရားရှင်အစစ်သည် အသွင်သဏ္ဍာန် အသံအမူအရာအားဖြင့် ဘုရားရှင်နှင့် ခွဲခြားမရ။ လွန်စွာမှတူလှသောကြောင့်တည်း။

*

## ၇၀။ ဘုရားရှင်နတ်ပြည်၌ အရဟံခံသလား

ဘုရားရှင်တို့မည်သည် ပစ္စန္တရာဇ်ဇနပုဒ်တို့၌ အရဟံခံတော်မူလေ့မရှိကြ။ မဇ္ဈိမဒေသအရပ်တို့၌သာ အရဟံခံတော်မူလေ့ရှိကြ၏။

ထို့ကြောင့် တာဝတိံသာ နတ်ပြည်၌ ဝါဆိုတော်မူသော ဘုရားရှင်သည် ဇမ္ဗူဒီပါတောင်ကျွန်း၊ မဇ္ဈိမဒေသ၊ ဟိမဝန္တာတောသို့ သက်ဆင်း၍ အရဏ်ခံတော်မူ၏။

### ၇၁။ ဘုရားရှင် နတ်ဆွမ်းကို ဘုဉ်းပေးသလား

တာဝတိံသာနတ်ပြည်၌—


ဝါဆိုတော်မူသော ဘုရားရှင်သည် နတ်ဆွမ်းကိုမဘုဉ်းပေး။ လူတို့၏ဆွမ်းကိုသာ ဘုဉ်းပေးတော်မူ၏။ ထို့ကြောင့် ဥတ္တရကုရုမြောက်ကျွန်းသို့ ဆွမ်းခံကြွ၍ ဘုဉ်းပေးတော်မူ၏။

*

### ၇၂။ မြောက်ကျွန်းသို့ ဆွမ်းခံကြွချိန်

လေးကျွန်းလုံးကို လှည့်လည်သော နေစက်ဝန်းလည်သည်ကို ထောက်သော် ဘုရားရှင်သည် ဇမ္ဗူဒီပါကျွန်း၌ အရဏ်ခံတော်မူပြီးမှ ဆွမ်းခံကြွတော်မူသောအချိန်သည် မြောက်ကျွန်း၌ ညအချိန်ဖြစ်၏။

(လုံးတော်ဆရာတော်၏- ပုစ္ဆာပကိဏ္ဏကကျမ်းမှ)



## ၇၄။ လင်းနို့သားငါးရာ

အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံမှ သင်ခဲ့ရသော အဘိဓမ္မာတရားတော်ကို မဇ္ဈိမဒေသသို့ ဆောင်လာ၍ မိမိ၏တပည့်ဖြစ်သော ရဟန်းငါးရာတို့အား သင်ကြားပို့ချပေး၏။

ဤသို့သောနည်းဖြင့် ဘုရားရှင် နေ့စဉ်ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော်ကို ထိုတပည့်ရဟန်းတို့အားလည်း နေ့စဉ်သင်ကြားပေးလေ၏။

ထို့ကြောင့် နတ်ပြည်၌ ဘုရားရှင်ဟောကြား၍ ပြီးဆုံးခြင်းနှင့် အရှင်သာရိပုတ္တရာ မိမိ၏တပည့်ငါးရာတို့အား သင်ကြား၍ ပြီးဆုံးခြင်းအချိန်သည် တချိန်တည်းတပြိုင်တည်းပင်ဖြစ်၏။ ဤပြီးဆုံးသောအချိန်သည် တချိန်တည်း တပြိုင်တည်းပင်ဖြစ်၏။

ထိုရဟန်းငါးရာတို့သည် ကဿပဘုရားရှင်လက်ထက်၌ လင်းနို့သား ငါးရာဖြစ်ကုန်၍ တခုသောဥမင်၌ တွဲလဲနေကုန်၏။

ထိုအခါ အဘိဓမ္မာကို ဆောင်ကုန်သော ရဟန်း (၇) ဦးတို့သည် စင်္ကြန်လျှောက်ရင်း အဘိဓမ္မာတရား ရွတ်ဆိုသောအသံကို ကြား၍ တရားဟူသောအမှတ်ဖြင့် ဆိတ်ငြိမ်၍ လေးနက်စွာ နာကြကုန်၏။

ဤကောင်းမှုကြောင့်—

ထိုဘဝမှစုတေကြသော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ကုန်၏။ ထိုနတ်သားတို့သည် ဘုရားတဆူနှင့်တဆူအကြား၌ လူ့ပြည်နှင့်နတ်ပြည်ကို လှည့်လည်၍ ခံစားနေကြလေ၏။

ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မူသောအခါ နတ်ပြည်မှ စုတေ၍ သာဝတ္ထိပြည်၌ အမျိုးကောင်းသားများဖြစ်လာကြ၍ ဘုရားရှင် တန်ခိုးပြာဋိဟာပြုတော်မူလျှင် ကြည်ညိုမှုပွားများကြသည်ဖြစ်၍ ရှင်သာရိပုတ္တရာထံ၌ ရဟန်းပြုကြကုန်၏။

ထို့ကြောင့် ဘုရားရှင်သည် ရှင်သာရိပုတ္တရာအား ထိုရဟန်းငါးရာတို့ကို သင်ကြားစေခြင်းငှာ နည်းလမ်းပေးခြင်းဖြစ်၏။ ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူ၍ တရားတော်၏အဆုံး၌ နတ်ဗြဟ္မာအပေါင်းတို့သည် သစ္စာလေးပါးကို မြင်ကြကုန်၏။ (မယ်တော်နတ်သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

*

## ၇၄။ အဘိဓမ္မာဟူသည်

အဘိဓမ္မာကျမ်းဟူသည် သုတ္တန်ကျမ်း၊ ဝိနည်းကျမ်းတို့ထက် လွန်ကဲ၏။ မွန်မြတ်၏။ ခက်ခဲ၏။ နက်နဲ၏။ ထို့ကြောင့် အဘိဓမ္မာ ဟုခေါ်၏

အဘိဓမ္မာသည် (၇)ကျမ်းရှိ၏။ ထိုအဘိဓမ္မာ (၇)ကျမ်းကို ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ (၇) ဝါမြောက်ဝါဆိုတော်မူသောအခါတွင် ဟောတော်မူ၏။

*

## “အဘိဓမ္မာ (၇) ကျမ်း”

၁။ ဓမ္မသင်္ဂဏီကျမ်း— အဘိဓမ္မာ (၇) ကျမ်းတွင် ရှေးဦးစွာ ဟောသော ကျမ်းဖြစ်၏။ (၁၂)ရက်တိုင်အောင် ဆက်၍ဟောရ၏။ ကျမ်းပြီးဆုံးသောအခါ (၇)ကုဋေမျှသော နတ်ဗြဟ္မာအပေါင်းတို့ ကျွတ်တန်းဝင်ကုန်၏။

၂။ ဝိဘင်းကျမ်း— ဤကျမ်းကို (၁၂)ရက်ဟောရ၏။ (၆) ကုဋေသော နတ်ဗြဟ္မာတို့ ကျွတ်တန်းဝင်ကုန်၏။

၃။ ဓာတုကထာကျမ်း—ဤကျမ်းကို (၆) ရက် ဟောရ၏။ (၆) ကုဋေသော နတ်ဗြဟ္မာအပေါင်းတို့ ကျွတ်တန်းဝင်ကုန်၏။

၄။ ပုဂ္ဂလပညတ်ကျမ်း—ဤကျမ်းကို (၇)ရက် ဟောရ၏။ (၆) ကုဋေသော နတ်ဗြဟ္မာတို့ ကျွတ်တန်းဝင်ကုန်၏။

၅။ ကထာဝတ္ထုကျမ်း—ဤကျမ်းကို (၇) ရက် ဟောရ၏။ (၇) ကုဋေသော နတ်ဗြဟ္မာတို့ ကျွတ်တန်းဝင်ကုန်၏။

၆။ ယမိုက်ကျမ်း— ဤကျမ်းကို ရက် (၂၀) ဟောရ၏။ (၈) ကုဋေသော နတ်ဗြဟ္မာတို့ ကျွတ်တန်း ဝင်ကုန်၏။

၇။ ပဉ္စာခန်းကျမ်း—ဤကျမ်းကြီးသည် အထူးခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏။ (၂၅)ရက်ဟောရ၏။ ကုဋေ (၈၀) မျှသော နတ်ဗြဟ္မာတို့ ကျွတ်တန်းဝင်ကုန်၏။

ဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်သော်လည်း ဤပဉ္စာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်မှသာလျှင် ရောင်ခြည်တော်ခြောက်သွယ်တို့ကို ကွန့်မြူးနိုင်တော်မူသည်ဟုဆို၏။

ဘုရားရှင်သည် ဤသို့အားဖြင့် အဘိဓမ္မာ(၇)ကျမ်းကို ရက်ပေါင်း (၉၀) ဟောကြားတော်မူ၏။ (၁၁၄) ကုဋေမျှသော နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကုန်၏။

သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာ(၇)ကျမ်းကို ဟောကြား၍ ပြီးဆုံးသောနေ့ဖြစ်၏။ ထို့ကြောင့် ဤနေ့ကို အဘိဓမ္မာ အခါတော်နေ့ဟု ယခုခေတ်တွင် သတ်မှတ်ထားကြ၏။

မှတ်ချက်။ နတ်ဗြဟ္မာတို့၏ ကျွတ်တန်းဝင်သော ဦးရေစာရင်းကို(မြန်မာ့ရေးရာ-သုတပဒေသာ) စာအုပ်မှ ကောက်နှုတ်၍ တင်ပြပါသည်။

*

## ၇၅။ ဘုရားရှင်အား ရှင်မောဂ္ဂလာန်ပင့်ဆောင်ပုံ

သာဝတ္ထိပြည်၌ စုဝေး၍ နေထိုင်ကြကုန်သော သုံးဆယ့်ခြောက်ယူဇနာ မျှသော လူအပေါင်းတို့သည် သီတင်းကျွတ်လဆန်း (၈)ရက်နေ့သို့ ရောက်သောအခါ အရှင်မောဂ္ဂလာန်ထံသို့ ချဉ်းကပ်ကြပြီး ဤသို့လျှောက်ထားကြ၏။

"အရှင်ဘုရား—

လူ့ပြည်သို့ ဘုရားရှင် ပြန်လည်ကြွရောက်ရန် အချိန်နီးကပ်ပါပြီ။ မည်သည့်တိုင်းပြည်သို့ ပြန်၍ကြွတော်မူမည် မသိကြရပါ။ သို့ဖြစ်၍ အရှင်ဘုရား တာဝန်ယူဆောင်ရွက်ပေးတော်မူပါဘုရား"ဟု လျှောက်ထားကြလေ၏။

ထိုအခါ ရှင်မောဂ္ဂလာန်သည်—

ဤကိစ္စသည် မိမိ၏ဘာဝန်သာ ဖြစ်သည်ဟု သိထားသည့်အလျောက် လူအပေါင်းတို့အား ယခုပင်တာဝန်ယူ၍ ဆောင်ရွက်ပေးမည်ဟု အမိန့်ရှိလိုက်၏။

ပြီးတော့ လူတို့၏ရှေ့၌ပင် မြေလျှိုး၍ အစဉ်အတိုင်း ဈာန်ဖြင့် ကြွတော်မူရာ၊ ဖူးစွာသောပတ္တမြား၌ သီအပ်သောပိုးနီကြိုးကဲ့သို့ လူအပေါင်းတို့သည် ကောင်းစွာမြင်ကြရကုန်၏။

ထိုကြောင့် လူအပေါင်းတို့သည် "ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီး တယူဇနာခန့် ရောက်သွားပြီ။ နှစ်ယူဇနာခန့် ရောက်သွားပြီ" ဟု ကြည့်ရှုရင်း ခန့်မှန်းနေကြကုန်၏။

အရှင် မောဂ္ဂလာန် မထေရ်သည် မြင့်မိုရ်တောင်ထိပ်သို့ ရောက်လေသော် လက်အုပ်ချီပြီး ဘုရားရှင်၏ ခြေတော်ကို ဦးတိုက်၍ ဤသို့ လျှောက်ထားလေ၏။

''အရှင်မြတ်ဘုရား—

သာဝတ္ထိပြည်မှ စောင့်နေကြသော လူအပေါင်းတို့သည် ကိုယ်တော်မြတ်အား ဖူးမြင်ရမှသာလျှင် မိမိတို့၏နေရင်းဌာနသို့ ပြန်နိုင်ကြပါမည်။ သို့ဖြစ်၍ အရှင်ဘုရားသည် မည်သည့် တိုင်းပြည်သို့ သက်ဆင်းတော်မူမည်ကို သိလိုပါသည်ဘုရား'' ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က—

''ချစ်သား မောဂ္ဂလာန် သင်၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာသည် အဘယ်ပြည်၌ ဝါဆိုသနည်း'' ဟု မေးတော်မူ၏။

''အရှင်ဘုရား—

နောင်တော် သာရိပုတ္တရာသည် သင်္ကဿနဂိုရ်ပြည်၌ ဝါဆိုပါသည်ဘုရား'' ဟု လျှောက်ထားလေ၏။

''ချစ်သား မောဂ္ဂလာန်—

ငါဘုရားသည် ဤနေ့မှ (၇)ရက်မြောက်သောသီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿနဂိုရ် ပြည်၏ တောင်ဘက်တံခါးရင်းသို့ ဆင်းသက်တော်မူမည်။ ငါဘုရားကို ဖူးမြင်လိုသူတို့သည် ထိုအရပ်သို့ လာရောက်ကြစေကုန်လော့။

သာဝတ္ထိပြည်မှ သင်္ကဿနဂိုရ် ပြည်သို့ ယူဇနာ သုံးဆယ် ဝေး၏။ ထိုသို့ ဝေးသော်ငြားလည်း စားနပ်ရိက္ခာများကို ယူကြရန်မလို။ ဥပုသ်စောင့်ရန်အတွက် သွားနေကျကျောင်းသို့ သွားလာကြသကဲ့သို့ သွားကြစေကုန်။ ထိုစကားကို လူတို့အား ပြောကြားဘိလော့" ဟု မိန့်တော်မူလိုက်၏။

အရှင်မောဂ္ဂလာန်သည်—

"ကောင်းပါပြီဘုရား" ဟု ဝန်ခံ၍ ဘုရားရှင်ကို ဦးတိုက်ပြီး ပြန်လည် ဆင်းသက်ခဲ့၏။ လူ့ပြည်သို့ ရောက်သောအခါ လူအပေါင်းတို့အား ဘုရားရှင် မိန့်ကြားလိုက်သည့်အတိုင်း ပြန်လည်၍ ပြောကြားလေ၏။

အားလုံးသော လူအပေါင်းတို့သည် ဝမ်းမြောက်လှကုန်သည်ဖြစ်၍ သီတင်းကျွတ်လဆန်း (၉) ရက်နေ့၌ပင် သင်္ကဿနဂိုရ် ပြည်သို့ ရှေးရှု၍ ဟွက်လာကြကုန်၏။

*

## ၇၆။ ဘုရားရှင် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ကြွပုံ

သီတင်းကျွတ် လပြည့်နေ့သို့ ရောက်သောအခါ ဘုရားရှင်သည် သိကြားမင်းအား ဤသို့ မိန့်တော်မူ၏။

"အချင်း သိကြားမင်း။ သင်တို့ နတ်ပြည်၌ ငါပြုအပ်သော ကိစ္စပြီးဆုံးပြီ။ သို့ဖြစ်၍ ယနေ့လူ့ပြည်သို့ ငါဆင်းတော့အံ့" ဟု မိန့်တော်မူ၏။

ထိုအခါ သိကြားမင်းသည်—

နတ်အပေါင်းတို့အား ပြောကြား၏။ သုဒဿန နတ်မြို့တော်၏ တောင်ဘက်တံခါးမှ သင်္ကဿနဂိုရ်ပြည်၏ တောင်ဘက်တံခါးရင်းသို့တိုင်အောင် ပတ္တမြား စောင်းတန်းကိုဖန်ဆင်း၏။ ဘေးနှစ်ဖက်မှလည်း ရွှေစောင်းတန်း ငွေစောင်းတန်း နှစ်သွယ်ကိုဖန်ဆင်း၏။

ဘုရားရှင်သည်—

သုဒဿန မြို့တော်၏ထိပ်၌ ရပ်တော်မူ၍ လူ နတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို ပိုမို၍စေတနာပွားများစေခြင်းငှါ၊ တန်ခိုးပြာဋိဟာကိုပြတော်မူလို၍ စတုတ္ထဈာန်ကို ဝင်စားတော်မူပြီး အထက်သို့ကြည့်တော်မူ၏။ထို့နောက်အောက်သို့ကြည့်တော်မူ၏။

ထိုသို့ ကြည့်တော်မူလတ်သော် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် အဝီစိမှသည် အထက်ဘဝဂ်တိုင်အောင် လောကဓာတ်တပြင်လုံးသည် ဟာလာဟင်းလင်းကြီး ဖြစ်လေ၏။

ထိုအခါလူ့ပြည်မှ လူအပေါင်းတို့သည် နတ်ပြည်ခြောက်ထပ်နှင့်တကွ ဗြဟ္မာ့ဘုံနှစ်ဆယ်ကို မြင်ကြရကုန်၏။

နတ်ဗြဟ္မာတို့ကလည်း လူ့ပြည်နှင့်တကွ အဝီစိတိုင်အောင်ရှိရှိသမျှသော ရုပ်ဒါရုံတို့ကို မြင်ရကုန်၏။

ဘုရားရှင်သည်—

မိမိ၏ ပတ်ဝန်းကျင် အတောင် (၈၀)ဆီသို့ ရောင်ခြည်တော် ခြောက်သွယ်တို့ကို တပြိုင်နက်ထည်း လွှတ်တော်မူ၍ ပတ္တမြား စောင်းတန်းဖြင့် ကြွဆင်းတော်မူလေ၏။

၁။ ထိုအခါ ဗြဟ္မာမင်းကြီးသည် ရွှေထီး၊ ငွေထီး၊ သန္တာ ထီးဖြင့်မိုး၍ ဗြဟ္မာပရိသတ်နှင့်တကွ လကျာ ရွှေ စောင်းတန်းမှ လိုက်၏။

၂။ သိကြားမင်း သုံးကျိပ် သုံးပါးတို့သည် ရွှေတံခွန်၊ ငွေ တံခွန်၊ ပုလဲတံခွန်တို့ကို ကိုင်၍လိုက်၏။ အချို့သိကြား များက ဝိဇယုတ္တရ ခရုသင်းကိုမှုတ်၍လိုက်၏။

၃။ ပဥ္စသိခနတ်သားသည် ဥသျှောင်ငါးခုရှိသော မကိုဋ်ကို ဆောင်း၍ ဗေလုဝ နတ်စောင်းကိုတီးပြီး လိုက်၏။

၄။ မာတလိနတ်သားသည် စာမရီ သားမြီးယပ်ကို ခပ်၍ နတ်ဂန္ဓဗ္ဗ (နတ်ကချေသည်)များနှင့်တကွ လက်ဝဲ ငွေ စောင်းတန်းမှ လိုက်၏။

ထိုသို့ ထူးကဲလွန်မြတ်သော ဘုရားရှင်၏ အသရေတော်ကို ဖူးမြင်ကြရကုန်သော လူအပေါင်းတို့သည် အဆ အရာအထောင် မက ဝမ်းမြောက်ကြည်နူးကြကုန်သည်ဖြစ်၍ သောသောရုတ်ရုတ် အုတ်အုတ်ကျက်မျှ ပူဇော်ကြကုန်၏။

သုံးဆယ့်ခြောက်ယူဇနာမျှ ရှိသော လူအပေါင်း တို့သည် တယောက်မကျန် ဘုရားဆုကို တောင်းကြကုန်၏။

ဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် ဆင်းသက် တော်မူ၍ သင်္ကာသနဂိုရ်ပြည်၏ တောင်ဘက်တံခါးဝ၌ ရပ်တော် မူ၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် တပည့် အပေါင်းနှင့် ကြွလာတော်မူ၍ ဘုရားရှင်ကို ဦးတိုက်ရှိခိုးပြီး ဤသို့ လျှောက်ထား၏။

''အရှင်ဘုရား—

လောက၌ မည်သည့်အရာနှင့်မျှ နှိုင်းစာခြင်းငှာ မထိုက်သော လူအပေါင်းတို့၏ မျက်စိအရသာကို ရှုဘွယ်ရာ ဟူသမျှထက် အဆ အရာအထောင် မကသော ဘုရားရှင်၏ အသရေတော်ကို ဖူးမြင်ရခြင်းသည် တပည့်တော်တို့အဘို့ လူ့ဘဝ ရကျိုးနပ်ပါသည် ဘုရား''ဟု လျှောက်ထားလေ၏။

ဘုရားရှင်သည် ထိုနေရာ၌ ရှင်သာရိပုတ္တရာအား ဂါထာ တထောင်တို့ဖြင့် ဟောကြားတော်မူ၏။ တရား ပြီးဆုံးသော အခါ တကုဋေမျှသော လူတို့သည် အကျွတ်တရား ရကုန်၏။

ဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်၍ လကျာခြေတော်ကိုချရာဖြစ်သော ဤသင်္ကဿနဂိုရ်ပြည်၏ တောင်ဘက် ဘုံခါးဝသည် ဘုရားအပေါင်းတို့၏ စွန့်ခွာမြဲမဟုတ်သော(အဝိဇဟိတ) ဌာနကြီးပင်တည်း။

* * *

## ၇၇။ သင်္ကဿနဂိုရ်ပြည် တည်ရှိပုံ

အိန္ဒိယပြည်ရှိ (သင်္ကဿနဂိုရ်)ပြည်၏ ယခု တည်ရှိနေပုံမှာ-

၁။ မြောက်ဘက်၌ ဂင်္ဂါမြစ်။

၂။ တောင်ဘက်၌ ယမုနာမြစ်။

၃။ အရှေ့ဘက်တွင် ကံနေ့ာ၍ စီရင်စု။

၄။ အနောက်ဘက်၌ အတရင်ဂျ် စီရင်စုဖြစ်၏။

ယခုကာလ စတုရန်းမိုင်ပေါင်း ၂၂-မိုင်ခန့်ရှိ၏။ မြို့ရိုးမှာ စတုရန်း သုံးမိုင်ခွဲသာရှိ၏။ ပေနှင့် တိုင်းလိုက်လျှင် စတုရန်း ပေပေါင်း (တသောင်း ရှစ်ထောင့် ကိုးရာ)ရှိ၏။

ဤသက်ဿနဂိုရ် ပြည်ကို ယခုကာလ (ဆံကာဿ) ဟူ၍ ၎င်း၊ (ဆံကဆိယာ)ဟူ၍၎င်း ခေါ်ဆိုကြ၏။

ထိုဆံကိဿရွာ၏ တောင်ဘက်၌ အဆောက်အဦကြီး တခု တွင် ကျောက်ဆင်းတု နတ်ရုပ်စသည်တို့ ရှိနေ၏။ ကျောက် ဆင်ရုပ်ပါရှိသော ကျောက်တိုင်တခုလည်း ရှိ၏။

လူအပေါင်းတို့ ပြောဆိုကြသည်မှာ ထိုကျောက်တိုင်၏ အောက်ဆုံးကို လိုက်၍တူးဖော်ကြရာ အဆုံးတိုင်အောင် မတူး နိုင်ကြ။ ပကတိသောနေရာမှ လေးငါးတောင်မျှသာတူးနိုင်၏။ ဤနေရာတွင် ပြန်၍စိုက်ထား၏။ ထိုကြောင့် ဆင်ခြင်ကြည့် လျှင် ထိုကျောက်တိုင်နေရာသည် ဘုရားရှင် လကျာ်ခြေတော် ချရာ သက်ဿနဂိုရ်ပြည်၏ တောင်ဘက် တံခါးဝနှင့် တူဟန် ရှိ၏။

ဖာဟိယန်ကျမ်း၌ တာဝတိံသာနတ်ပြည်မှ ဆင်းသက်သော စောင်းတန်းသုံးခုသည် မြေ၌ဝင်သွား၏။ လှေခါးထစ် ၇-ခု သာ ကျန်ရစ်၏။

ထို့နောက် အသောကမင်းကြီးသည်—

ထိုလှေခါး၏အဆုံးကိုသိလို၍တူးဖော်စေရာအောက်(ရေဝါ) တိုင်အောင် တူးဖော်သော်လည်း အဆုံးကို မတွေ့နိုင်သော ကြောင့် ထိုနေရာမှာ ကျောင်းတော်ကြီးတဆောင် ဆောက် လုပ်၏။ အလယ် စောင်းတန်းလှေကား၌ ၁၆-တောင် ပမာဏ ရှိသော ရုပ်ပွားတော်တဆူကိုလည်း တည်ထား၏။

ကျောင်း၏ အနောက်ဘက်တွင်—

ခြင်္သေ့ရုပ်ပါရှိသော အတောင် ၃၀-ခန့်ရှိသော ကျောက် တိုင် တခုကိုလည်း စိုက်ထူထားခဲ့ကြောင်း လာရှိ၏။ ထိုခြင်္သေ့ ရုပ် ကျောက်တိုင်၏ အရှေ့ဘက် မိုင်ဝက်ခန့်တွင် ကျောက် တိုင်ငယ် တခုရှိ၏။

၎င်းတိုင်ကို ဟိန္ဒူလူမျိုးတို့ တူးဖော်ကြည့်ရှုကြလျှင် အဆုံး ကို မတွေ့နိုင်သောကြောင့် အပေါ်ရှစ်တောင်ခန့်မျှ ချန်ထားပြီး အားလုံးကို မြေဖို့လိုက်ကြသည် ဆို၏။

ယခုအခါ ၎င်းတိုင်ငုတ်ကို (မဟာဒေဝလိင်)ဟု ရည်မှတ် ကိုးကွယ် နေကြကုန်၏။ ထိုအဆောက်အဦကြီး၏ အရှေ့ဘက် အောက်မြေအပြင်၌ (ဂိုဆာဟီ)လူမျိုးတို့၏ အိမ်တဆောင်ရှိ၏။ ၎င်းအိမ်၏မြောက်ဘက် ကျောက်တိုင်အနီးရှိ ဗောဓိပင်အကြား လက်လေးချောင်း ပါရှိသော ကျောက်နတ်ရုပ်ကြီး တခုလည်း ရှိ၏။


သက်ဿနဂိုရ်မြို့ဟောင်း၌ ရေတွင်းဟောင်းတို့သည် များစွာ ရှိကုန်၏။ ဆံကိဿရွာ၏ မြောက်ဘက်၌ ရေအိုင်ကြီးတခုရှိ၏။ ၎င်းရေအိုင်သည် ဘုရားရှင် ရေချိုးသော ရေအိုင်ဖြစ်သင့်သည်။

အဘယ့်ကြောင့်ဆိုသော်—

တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော် မူလာသောအခါ ကိုယ်တော်၏ရနံ့သည် လွန်စွာမှ မွှေးကြိုင်သောကြောင့် ရေချိုး တော်မူ၏ဟု ဖာဟိယန်ကျမ်း၌ ပါရှိ၏။

သက်ဿနဂိုရ်ပြည်သို့ သွားလိုလျှင်—

အိန္ဒိယပြည် (ကန္ဒပုရ်) မြို့မှ (ဖရုခါဗာဒ်)မြို့သို့ သွားရ၏။ ၎င်းမြို့မှ (မိုဘာ)ဘူတာသို့သွားရ၏။ ၎င်းဘူတာမှ မြောက်ဘက် (ဘိုင်ဆရိုလိ)ရွာသို့ သွားရ၏။ ၎င်းရွာ၏အရှေ့မြောက်ထောင့်ရှိ သက်ဿနဂိုရ် အမည်ရှိသော (ဆံကိဿ) ရွာသို့ သွားရသည်။ လေးမိုင်ခန့် ဝေးသည်ဆို၏။



## ၇၈။ ရှင်ဒေဝဒတ်

မြတ်စွာဘုရားသခင်သည်—

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသောအခါ ဃောတကသူဌေးကြီးအစရှိသော ဒါ

သကာ ဒါယိကာမတို့သည် ကျောင်းတော်သို့ လာရောက်ကြကုန်၏။ ထိုသို့ လာရောက်သောအခါ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကိုသာ မေးမြန်းကြကုန်၏။ ပူဇော် ကြကုန်၏။ ချီးမွမ်းကြကုန်၏။ ရှင်ဒေဝဒတ်ကိုမူ မည်သူကမျှ ဂရုတစိုက်မေးမြန်းမှု မပြုကြကုန်။

ထိုအခါ ရှင်ဒေဝဒတ်သည် ဤသို့ကြံ၏။

''ဤကောသမ္ဗိပြည်သားတို့သည် ငါ့ကိုမည်သူမျှ ဂရုမစိုက်ကြကုန်၊ မလှူကြကုန်။ သာရိပုတ္တရာနှင့် မောဂ္ဂလာန် တို့ကိုသာမေးကုန်၏၊ လှူကုန်၏။

''ငါသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသူဖြစ်ပါလျက် ဤသို့ဖြစ်ရသည်မှာ ဘုရားရှင်က ငါ့ကိုနှိမ်ထား၍သာ ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်နှင့်နေရန် ငါမသင့်ပြီ၊ အခြား မြို့ရွာသို့ပြောင်းရွှေ့ပြီး ငါ့ကို ကြည်ညိုမည့်သူကို ရှာဖွေ၍နေမှ ဖြစ်တော့မည်''ဟု စိတ်ကူး ိလေ၏။

ထိုသို့ ကြံစည်စိတ်ကူးပြီးသော်—

ဘုရားရှင်ထံမှခွါ၍ ရာဇဂြိုဟ်ပြည်သို့လာခဲ့၏။ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏သား အဇာတသတ် မင်းသားငယ်ကို သက်သပ်မွေးပြီး မြှောက်ပေးရန် စိတ်ကူးပြန်၏။

ထို့ကြောင့် မိမိရထားသော ဈာန်အဘိဉာဉ်ဖြင့် ရဟန်းအသွင်ကို ဖျောက်စေပြီး သူငယ်တဦး၏အသွင်ကို ဖန်ဆင်း၏။

ပြီးတော့ ဦးခေါင်း၌ မြွေဘကောင်ကို ပါးပျဉ်းထောင်၍ နေစေ၏။ လက်နှစ်ဖက်၌ မြွေနှစ်ကောင်၊ ခြေနှစ်ဘက်၌ မြွေနှစ်ကောင် နေစေ၏။

ဤသို့ မြွေငါးကောင်ကို အမြီးချင်းယှက်ထိုး၍ ခါးပန်းကြိုးကဲ့သို့ ဆင်ပြီး ကောင်းကင်မှသွား၍ အဇာတသတ် မင်းသားလေး၏ မင်းယင်ပြင်၌ ဆင်းသက်လေ၏။

အဇာတသတ် မင်းသားလေး မြင်သောအခါ လွန်စွာမှ ကြောက်လန့်သည်ဖြစ်၍ သည်းထန်စွာဟစ်အော်ငိုမှုကိုပြုလေ၏။

ထိုအခါ ရှင်ဒေဝဒတ်က—

''အသင် မင်းသား ကြောက်သလား''ဟု မေး၏။

မင်းသားလေးက—

''ကျွန်ုပ် လွန်စွာမှ ကြောက်လှပါ၏၊ သင် မည်သူလဲ၊ လူလော- နတ်လော- နဂါးလော''ဟု မေး၏။

ရှင်ဒေဝဒတ်က—

''သင် မင်းသားမကြောက်နှင့်၊ ငါကား အခြားသူမဟုတ်၊ အရှင်ဒေဝဒတ်တည်း၊ ငါ၏အစွမ်းသတ္တိကို သင်သိအောင်ပြခြင်းဖြစ်သည်''ဟု ဆို၏။

မင်းသားက—

''သင်သည် အရှင်ဒေဝဒတ် အစစ်ဖြစ်က ပကတိရုပ်အသွင်ကိုပြလော့''ဟုဆို၏။

ထိုအခါ ရှင်ဒေဝဒတ်သည် သူငယ်အသွင်ကို ပယ်ဖျောက်၍ ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသွင်ကို ပြ၏။

ထိုအခါ အဇာတသတ်မင်းသား၏ စိတ်ထဲ၌ "ရှင်ဒေဝဒတ်သည် တန်ခိုး လွန်စွာကြီး၏၊ ခမည်းတော် ကိုးကွယ်နေသော ဘုရားရှင်သည် ဤကဲ့သို့ တန်ခိုးမရှိ၊ ထို့ကြောင့် ရှင်ဒေဝဒတ်ကို ဆရာအဖြစ် ငါ ကိုးကွယ်ထိုက်၏" ဟု ကြံ၏။

အဇာတသတ် မင်းသားသည် ထိုနေ့မှစပြီး ဆရာ ဒေဝဒတ်ထံ နေ့စဉ် ညဉ့်နှင့် နံနက်တိုင်း ရထားငါးရာနှင့်သွား၏။ ငါးရာ မျှသော ဆွမ်းဝတ်ကိုလည်းပြု၏။

ထိုအခါ ရှင်ဒေဝဒတ်သည်—

တန်ခိုးကြီး၍ စိတ်ကြီးဝင်လာ၏။ ဘုရားရှင်ကို ပယ်ရှား၍ တပည့်ရဟန်း သံဃာ အပေါင်းတို့ကို သိမ်းပိုက်အံ့ ဟုကြံ၏။ ထိုသို့ကြံသည်နှင့် တပြိုင်နက် မိမိ၌ ရပြီးသော စျာန်အဘိညာဉ်တို့သည် ကွယ်ပျောက်ကုန်၏။

**တနေ့သောအခါ—**

ရှင်ဒေဝဒတ်သည် မိမိ၏ ပရိသတ်များနှင့်တကွ လာရောက် ပြီး ဘုရားရှင်အား ဤသို့ လျှောက်ထား၏။

"အရှင်ဘုရားသည် အသက်ကြီးပါပြီ။ အိုမင်းခြင်းသို့ ရောက်ပါပြီ၊ သက်သာစွာဖြင့် အေးချမ်းစွာ နေသင့်ပါပြီ။ ရဟန်း သံဃာများ၊ ဘိက္ခုနီမများ၊ ဒါယကာ ဒါယိကာမ

အပေါင်းတို့အား တပည့်တော်အား လွှဲအပ်တော်မူပါဘုရား”
ဟု လျှောက်ထားလေ၏။

သို့သော် ဘုရားရှင်က ခွင့်မပြု။ ရှင်ဒေဝဒတ်က သုံးကြိမ်
သုံးခါ ထပ်မံ၍ လျှောက်ထား၏။ နောက်ဆုံးတွင် ဘုရားရှင်က
ဤသို့ မိန့်တော်မူ၏။

“ချစ်သား ဒေဝဒတ်–

ဤ ရဟန်းသံဃာတို့သည် ငါ့ကို အကြောင်းပြု၍ ရဟန်း
ပြုကုန်၏။ သာဝက အပေါင်းတို့တွင် အကြီးဆုံးဖြစ်သည့်
သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကိုပင် ငါမလွှဲအပ်။

“သင်လိုသူများတံတွေးပေါက်ကိုကောက်၍မျိုသောသူအား
အဘယ်မှာလျှင် လွှဲအပ်နိုင်အံ့နည်း” ဟု မိန့်တော်မူလိုက်၏။

ထိုအခါ ရှင်ဒေဝဒတ်သည်–

“ဘုရားရှင်သည် ပရိသတ်အလယ်၌ ငါ့ကို အရှက်ခွဲ၏။
သူ့စိမ်းမျိုးခြား- ဆင်းရဲသား ဖြစ်သော သာရိပုတ္တရာနှင့်
မောဂ္ဂလာန်တို့ကို ချီးမြှောက်၏။

“ထို့ကြောင့် ငါသည်၊ ယောက်ဖတော်ဂေါတမ၏ကောင်း
ကျိုးကို မကြံပြီ” ဟု ရန်ညိုးထားပြီး ဘုရားရှင်ထံမှ ထွက်ခွာ
သွားလေ၏။

*

## ၇၉။ ရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်း

နောက်များ မကြာမီ—

ရှင်ဒေဝဒတ်သည် အဇာတသတ်မင်း၏ နန်းအိမ်သို့ ကြွတော်မူ၏။ အဇာတသတ်မင်းကို လျှို့ဝှက်သည့် နေရာတခုသို့ခေါ်ပြီး ဤသို့အကြံပေး၏။

"အရှင်မင်းသား—

ယခုကာလ၌ လူတို့၏ သက်တမ်းသည် လွန်စွာ တိုတောင်းကုန်၏။ သင်၏ခမည်းတော်သည် အသက်အရွယ် ငယ်သေး၏။ မည်သည့်အချိန်သို့ရောက်မှသေမည်မသိ။ သူသေမှ သင်မင်းသား နန်းတက်ရမည်ဆိုလျှင် သင့်၌လည်း နန်းစည်းစိမ်ကို ကြာရှည်စွာ ခံစားရမည်မဟုတ်၊ ယခုလို သင်ငယ်ရွယ်တုန်းအခါ၌သာ နန်းစည်းစိမ်ကို အားရပါးရခံစားသင့်၏။

"ထို့ကြောင့် သင်၏ဖခင်ကိုဖယ်ရှားပြီး သင် ရှင်ဘုရင်လုပ်လော့။ ငါလည်း ယောက်ဖတော်ဂေါတမကိုဖယ်ရှား၍ ဘုရားပြုအံ့"ဟု ပြောဆိုတိုင်ပင်ကြပြီး ပြန်သွားကြလေ၏။

အဇာတသတ်မင်းသား၏စိတ်ထဲ၌ "ဆရာဒေဝဒတ်သည် တန်ခိုးလွန်စွာကြီး၏။ အမြော်အမြင် ဉာဏ်ပညာနှင့်လည်းပြည့်စုံ၏။ သူ၏စကားကို လိုက်နာလျှင် ကောင်း၏"ဟု ကြံစီ၏။

ထို့ကြောင့် တနေ့သောအခါတွင်—

သန်လျက်ကိုပေါင်ကြား၌ဝှက်ပြီး နေမွန်းလွဲအချိန်တွင် နန်းတော်သို့ဝင်၏။ တံခါးစောင့်တို့က မင်းသားကို ဘမ်းဆီးပြီး

ရှာဖွေကြ၏။ ဝှက်ယူလာသော သန်လျက်ကိုတွေ့ကြ၏။ စစ်မေးသောအခါ မင်းကြီးကိုလုပ်ကြံရန်လာရောက်ကြောင်း သိရှိကြရ၏။ ထို့ကြောင့် မင်းသားအား ရှေ့တော်သို့ခေါ်ဆောင်သွားကြ၏။ ရှေ့တော်သို့ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးက သားတော်ကိုခေါ်ပြီး ဤသို့မေး၏။

''ချစ်သား—

အဘယ့်ကြောင့် ခမည်းတော်ကို သတ်ချင်ရသနည်း''

''ရွှေနန်းစည်းစိမ်ကို အလိုရှိ၍ သတ်ချင်ပါသည် ဘုရား''

''သားတော်ကို ငါမွေးမြူထားခြင်းသည် ရွှေနန်းစည်းစိမ်ကို ပေးရအောင် မွေးထားခြင်းဖြစ်၏''ဟုဆိုပြီး မင်းအဖြစ်ကို ချက်ချင်းအပ်နှင်းလေ၏။

အဇာတသတ်မင်းသည် မင်းအဖြစ်ကိုရလျှင် ဆရာဒေဝဒတ်ထံသို့သွား၍ ဤသို့ဆို၏။

''အရှင်ဘုရား—

တပည့်တော်၏ ကိစ္စပြီးပါပြီ။ အရှင်ဘုရား၏ကိစ္စသာ ကျန်ပါတော့သည်ဘုရား''ဟု လျှောက်ထားလေ၏။

ထိုအခါ ရှင်ဒေဝဒတ်က—

''အသင်မင်းသား အသို့ဆိုသနည်း။ သစ်ပင်တို့ကို အရင်းမှ စပြီး ခုတ်ပစ်မှသာ နောင်အခါ ပြန်ပြီးမပေါက်နိုင်သကဲ့သို့ ယခုလည်း ဘေးရန်ကို အမြစ်ပါမကျန်အောင် ရှင်းလင်းပစ်မှ ကောင်းမည်''ဟု ဆို၏။

ထိုအခါ မင်းသားက—

"အရှင်ဘုရား သည်လိုဆိုလျှင် တပည့်တော် ဘာထပ်လုပ်ရမလဲဘုရား" ဟု လျှောက်ထား၏။

ရှင်ဒေဝဒတ်က—

"သင်၏ ဘခင်ကိုဘမ်းပြီး ထောင်ချထားပါ။ အစာရေစာလုံးဝ မပေးပါနှင့်၊ သည်လိုလုပ်လျှင် သင့်မှာလဲ အပြစ်မရှိနိုင်" ဟု ဆို၏။

ထို့ကြောင့် အဇာတသတ် မင်းသားသည် အရှင်ဒေဝဒတ် ပြောတိုင်း လုပ်လေ၏။ ဘခင်ကိုဖမ်းပြီး ထောင်ချထား၏။ မယ်တော် တဦးမှတပါး အခြားသူများကို လုံးဝ ဝင်ခွင့်မပြု။

မယ်တော် ဝေဒေဟီ မိဖုရားကြီးသည်—

ဤကဲ့သို့ မပြုလုပ်ရန် သားတော်ကို အမျိုးမျိုး ဆုံးမပြောဆိုသော်လည်း မရသဖြင့် ရွှေခွက်ဖြင့် တမင်းထည့်ပြီး မင်းကြီးအား ကျွေး၏။ ဆယ်ရက်ကြာသော် မဂသေးကြောင်း သိရ၍ အဇာတသတ်မင်းသည် မယ်တော်အား အစာဖြင့် မဝင်ရန် တားမြစ်စေ၏။

မယ်တော်သည်—

စတုမဓူဖြင့် ပြုလုပ်သော မုန့်လုံးကို ဆံထုံး၌ ထည့်လာပြီး ကျွေး၏၊ နောက် မုန့်ပြားပြုလုပ်၍ ရွှေခြေနင်း၌ထည့်လာပြီး ကျွေး၏။ နောက် စတုမဓူကို နံ့သာရေဖြင့် ပြစ်စွာပြု၍ ကိုယ်တွင်

လိမ်းယူလာပြီး ခြစ်၍ခြစ်၍ကျွေး၏။ မင်းကြီးသည် အားမရ၍ မိဖုရားကြီး၏ ကိုယ်ကို လျှာဖြင့် လျက်၍လျက်၍ မျို၏။

ထိုအဖြစ်ကို မြင်ရသော ထောင်စောင့်တို့သည် လွန်စွာမှ သနားကြ၍ အသည်းအူ ပြောင်းပြန်လန်လုမတတ် ငိုကြကုန်၏။ ထိုအကြောင်းကို အဇာတသတ်မင်းသိ၍ မယ်တော်ကြီးကို လုံးဝ ဝင်ခွင့်မပေးတော့ချေ။

ထိုအခါ မိဖုရားကြီးသည် ထောင်၏ အနီးသို့လာပြီး ဆံပင်ကိုခင်း၍ လက်အုပ်ချီပြီးငို၏။ ဤသို့လည်း ပြော၏။

''အဖကိုသတ်မည့် သားမှန်းသိ၍ ဖျက်ဆီးရန် ကြံသော အခါ ခွင့်မပြုသောကြောင့်သာ ယခုလို ဒုက္ခဖြစ်ရသည်။ အရှင့် သားယုတ်သည် ကျွန်ုပ်ကိုပင် ဝင်ခွင့်မပြုတော့ပြီ။ ယခုဖူးမြင် ရခြင်းသည် နောက်ဆုံး ဖြစ်ပါသည်။ အပြစ်ကြီးငယ်များရှိလျှင် ခွင့်လွှတ်တော် မူပါဘုရား'' ဟု ငိုယိုမြည်တမ်းပြီး ပြန်ရရှာ လေ၏။

သို့သော် မင်းကြီးသည် တုန်လှုပ်မှုမရှိ။ ရအပ်ပြီးသော မဂ် ဖိုလ်ချမ်းသာဖြင့် စင်္ကြံကြွ၍သာ နေတော်မူ၏။ ကျန်းမာရေး သည် ပို၍ပင် ကောင်းနေ၏။

ထိုအကြောင်းကို အဇာတသတ်မင်း သိလေလျှင်—

''ခမည်းတော် စင်္ကြံမသွားနိုင်အောင် သားလှီးဓားဖြင့် ဖဝါးကိုမွမ်းပြီး ဆားလူး၍ မီးကင်ကြ'' ဟုစေခိုင်းပြန်၏။

ထောင်စောင့်တို့လည်း—

စေခိုင်းသည့်အတိုင်း ထောင်သို့ ဝင်ကြ၍ မင်းကြီးအား အကြောင်းစုံကို လျှောက်ထားပြီး မျက်ရည် စက်လက်နှင့် ရှိခိုးကြ၏။ပြီးတော့ ကြိတ်မှိတ်ပြီးတာဝန်ကိုဆောင်ရွက်လိုက်ကြရ၏။

*

## ၁၀။ ဗိမ္ဗိသာရ မင်းကြီး၏ ရှေးဝိပါက်

ဗိမ္ဗိသာရမင်းကြီး ဤအပြစ်ကို ခံရခြင်းသည်—

ရှေးအခါ၌ နံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်ရာဖြစ်သော စေတီပြင်၌ ခြေနင်းစီး၍ သွားဘူးသော မကောင်းမှု၊

သံဃာတို့နေရာ အလှူငှာ ကောင်းစွာ ခင်းထားအပ်သော နေရာကို ရှုံ့ညွန့်ကပ်သောခြေတို့ဖြင့် နင်းလေဘူးသောမကောင်းမှု၏ အကျိုးဆက်တည်း။

ဗိမ္ဗိသာရ မင်းကြီးသည်—

ပြင်းထန်သော ထိုဝေဒနာဖြင့် သေဆုံးလေသော် စတုမဟာရာဇ် နတ်ပြည်၌ ဝေဿဝဏ် နတ်မင်းကြီး၏ အလုပ်အကျွေးဖြစ်သော (ဇနဝသဘ) အမည်ရသော နတ်သား ဖြစ်လေ၏။

(ပုစ္ဆာပကိဏ္ဏကကျမ်းမှ)

*

## ၈၁။ ရှင်ဒေဝဒတ်- ဘုရားရှင်ကို သေကြောင်းကြံခြင်း လေးသားတို့ကို စေလွှတ်ခြင်း

အဇာတသတ် မင်းသည်—

ဘခင်ကိုသတ်မိ၍ စိတ်ဆင်းရဲမှု ဖြစ်နေကြောင်း ရှင်ဒေဝဒတ် သိ၍ အမြန်လာပြီး ပရိယာယ် အမျိုးမျိုးတို့ဖြင့် နှစ်သိမ့်စကား ပြောကြားလေ၏။

အဇာတသတ်မင်းက—

အရှင်ဘုရား၊ ဘပည့်တော်၏ ကိစ္စပြီးပါပြီ။ အရှင်ဘုရား၏ ကိစ္စသာ ကျန်ပါတော့သည်ဘုရားဟု လျှောက်ထားလေသော်—

ရှင်ဒေဝဒတ်က--

"ဟုတ်ပြီမင်းကြီး၊ ယောက်ဖတော် ဂေါတမကို လုပ်ကြံရန် ကိစ္စ၌ သတ္တိရှိသော ယောကျ်ား သုံးကျိပ်နှစ်ယောက် အလို ရှိသည်"ဟုပြောလျှင်—

မင်းသားက—

"လိုအပ်သလိုအသုံးပြုပါ" ဟုဆိုပြီး လူသုံးကျိပ်နှစ်ယောက် ကို ရှင်ဒေဝဒတ်အား အပ်နှံလိုက်၏။

ရှင်ဒေဝဒတ်သည် မိမိကျောင်းသို့ ပြန်ရောက်သောအခါ တဦးသော ယောကျ်ားကိုခေါ်၍ ဤသို့ဆို၏။

"သင်သည် ဤလမ်းမှသွား၍ ရဟန်းဂေါတမကိုသတ်ချေ။ အပြန်တွင် ဤလမ်းခရီးမှ ပြန်ခဲ့" ဟု အခြားလမ်းတခုကို လွှဲ၍ ပြောလိုက်၏။

သို့နောက် ယောကျ်ားနှစ်ဦးကိုခေါ်၍—

သင်တို့သည် ဤလမ်းမှသွား၍ ရဟန်းဂေါတမထံမှ ပြန်လာသောသူကို သတ်လော့ ဟု စေခိုင်းလိုက်ပြန်၏။

ဤနည်းအတိုင်း ကျန်သူတို့ကိုလည်း အချင်းချင်း သတ်ကြစေရန်အတွက် ထပ်ခါထပ်ခါ ခိုင်းလိုက်၏။ ထိုသို့စေခိုင်းခြင်းသည် ဘုရားရှင်ကို သတ်ရာ၌ လက်သည်မပေါ်စေရန်ဖြစ်၏။

ပထမလွှတ်လိုက်သော ယောကျ်ားသည် စေခိုင်းသည့်အတိုင်း သွား၍ ဘုရားရှင်ကို မြှားဖြင့် ပစ်သောအခါ မြှားသည် ဘုရားရှင်ထံသို့မရောက် လမ်းခုလပ်တွင်ကျ၏။

ထိုအခါ လေးသမားသည် လွန်စွာ ကြောက်ရွံ့ထိတ်လန့်၏။ သို့ကြောင့် ဘုရားရှင်ထံသွားရောက်ပြီး ကန်တော့၏။ အကြောင်းစုံကို ပြန်လည် လျှောက်ထား၏။

လမ်းမှစောင့်ကြည့်နေသူတို့သည်လည်း ဘုရားရှင်ထံမှပြန်လာမည့်သူကို မျှော်ရင်းဖြင့် တဖြည်းဖြည်းနှင့် ဘုရားရှင်ရှိရာသို့ ရောက်မှန်းမသိ ရောက်လာကြလေ၏။

ထိုအခါ ဘုရားရှင်သည် ထိုသူတို့နှင့် ထိုက်တန်သော တရားတော်ကို ဟောပြသဖြင့် သရဏဂုံ၌ တည်ကြကုန်၏။ ဘုရားရှင်ထံမှ ပြန်ကြပြီးသော် ရှင်ဒေဝဒတ်ထံသို့ ရောက်သောအခါ၌ "ဘုရားရှင်သည် တန်ခိုးကြီး၍ မိမိတို့ သတ်မရနိုင်ကြောင်း" ပြန်လည် လျှောက်ထားကြကုန်၏။

## ကျောက်မောင်းဆင်ခြင်း

ထိုအခါ ရှင်ဒေဝဒတ်သည်—

"ငါကိုယ်တိုင်သတ်မှ ဤကိစ္စ ပြီးတော့မည်" ဟု ကြံစီပြီး တပည့်ရင်းတို့ကိုခေါ်၍ ဂိဇ္ဈကုဋ် တောင်ပေါ်သို့ တက်လေ၏။ တောင်ပေါ်သို့ ရောက်သောအခါ တောင်၏ အရှေ့ဘက် တောင်ရိပ်၌ စင်္ကြံကြွတော်မူနေသော ဘုရားရှင်ကို မြင်ရလေ၏။

ထိုသို့မြင်သည်ဆိုလျှင်ပင် ရှင်ဒေဝဒတ်သည် ကျောက်မောင်း ဆင်ပြီး ကြီးစွာသော ကျောက်တုံးကြီးကို လှိမ့်ချလေ၏။

ထိုကျောက်တုံးကြီးသည် ဘုရားရှင်၏အနီးသို့ရောက်လေသော် ကျောက်တောင်နှစ်ခုတို့သည် မြေမှထွက်၍ ဘုရားရှင်ကိုကာကွယ်ကြပေ၏။

သို့သော် ကျသောကျောက်နှင့် ခံသောကျောက်တို့ထိခိုက်မိပြီး ကျောက်ချပ်ကွာ၍ ဘုရားရှင် ခြေတော်ကို ထိမှန်သဖြင့် ခြေမတော်ကွဲလေ၏။

ဘုရားရှင်သည် ဒေဝဒတ်ကို မြင်တော်မူလျှင်—

"ငါ့ရှင်ဒေဝဒတ်၊ သင်သည် သူမြတ်တို့၏ အရောင်အဝါဖြင့် အသက်မွေးသူ ဖြစ်ပါလျက် အဓမ္မမှုကို အဘယ့်ကြောင့် ပြုချင်ဘိသနည်း။ ငါသို့သော ဘုရားရှင်ကိုသတ်ပါက သင့်ကို သူကောင်းသူမြတ်ဟု မည်သူကဆိုအံ့နည်း။ သင်သည် အဝိစိကို

မွေကြာတော့ဟု ထင်မှတ်နေသလော။ သင်၏ပယောဂကြောင့် ငါဘုရားသည် ပျက်စီးအံ့သော အကြောင်းမရှိ”ဟု မိန့်တော်မူလိုက်၏။

ထိုနောက် ဘုရားရှင်သည် ဆရာဇီဝကကိုခေါ်၍ ဆေးစီးခတော်မူစေသဖြင့် နှစ်ရက်သုံးရက်တွင်း၌ ပကတိကျန်းမာတော်မူလာ၏။

ထိုနောက် ဘုရားရှင်သည် သံဃာတော်အပေါင်းခြံရံလျက် ရာဇဂြိုဟ်မြို့လယ်ခေါင် မင်းလမ်းမဖြင့် ဆွမ်းခံကြွတော်မူ၏။

*

## ဂ၂။ နာဠာဂီရိဆင်ဖြင့်တိုက်ခြင်း

ထိုအခါ ရှင်ဒေဝဒတ်သည်—

မခံမရပ်နိုင်သော အာဃာတစိတ်ဖြင့် ဘဖန်ကြံပြန်၏။

“အဇာတသတ်မင်း၏ဆင်တော် (နာဠာဂီရိ)သည် ရတနာသုံးပါးကိုမသိ၊ ကြမ်းကြုတ်ရက်စက်၏၊ လူကိုလည်းသတ်ရဲ၏။ ထိုဆင်နှင့်တိုက်သတ်မှ ရဟန်းဂေါတမ သေမည်”ဟုကြံ၏။

ထိုကြောင့် နန်းတော်သို့ဝင်၏။ “နာဠာဂီရိ ဆင်ဖြင့် ရှင်ဂေါတမကိုသတ်မည်”ဟု မင်းကြီးအားပြော၏။ အဇာတသတ်မင်းသည် ဆင်ထိန်းတို့ကိုခေါ်၍ ဤသို့ဆို၏။

"နက်ဖြန်နံနက်၌ ဆင်တော်ကို အရက်များစွာ တိုက်ပြီး ရှင်ဂေါတမ ကြွလာသောအခါ လွှတ်လေ" ဟု မိန့်တော်မူလိုက်၏။

ရှင်ဒေဝဒတ်သည် ညချမ်းအခါ၌ ဆင်တင်းကုပ်သို့သွား၏။ ဆင်ထိန်းတို့ကို ဤသို့ပြော၏။

"အချင်းတို့—

ငါသည် မင်း၏ဆရာဖြစ်၏။ မင်းကြီးသည် ငါပြောတိုင်း ပြီး၏။ သင်တို့၌ အရာငယ်သူကို အရာကြီးအောင်၊ စည်းစိမ်ငယ်သူကို စည်းစိမ်ကြီးအောင် ငါပြောပေးနိုင်၏။ ထို့ကြောင့် ငါခိုင်းတာကို သင်တို့ပြီးမြောက်အောင် လုပ်ပေးကြ။ သင်တို့အား ငါမစ,အံ့"ဟု ဆို၏။

ထိုအခါ ဆင်ထိန်းတို့ကလည်း—

"အရှင်ဘုရား မစိုးရိမ်ပါလင့်၊ ရှင်ဂေါတမ၏အသက်သည် နက်ဖြန်နံနက်တွင် ဆင်စွယ်ဖျားသို့ ရောက်လတံ့" ဟု ဝန်ခံကြ၏။

အဇာတသတ်မင်းသည်—

မင်းချင်းတို့ကိုခေါ်၍ နေပြည်တော်၌ နေကုန်သော လူအပေါင်းတို့သည် နက်ဖြန်နံနက်တွင် မိမိတို့နေအိမ်များမှအခြားတပါးသို့ မသွားကြရန် မောင်းခတ်စည်လည်စေ၏။

ထိုအကြောင်းကို ရာဇဂြိုဟ်ပြည်သားတို့ ကြားသိလတ်သော် ဘုရားရှင်ထံတော်သို့လာကြ၍ ဤသို့လျှောက်ထားကြကုန်၏။

"အရှင်ဘုရား–
ဆရာဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အရှင်ဘုရား ကြွလာတော်မူသောအခါ၌ နာဠာဂီရိဆင်မင်းနှင့် တိုက်သတ်ပါလိမ့်မည်၊ နက်ဖြန်နံနက်၌ ဆွမ်းခံကြွတော်မမူပါနှင့်ဘုရား"ဟု စိုးရိမ်ကြီးစွာ လျှောက်ထားကြကုန်၏။

ထိုစကားကိုကြားလျှင် ဘုရားရှင်သည်–
"ဒါယကာတို့ မစိုးရိမ်ကြလင့်၊ နက်ဖြန်နံနက်၌ ငါဘုရားသည် နာဠာဂီရိဆင်မင်းကို ယဉ်ကျေးအောင် ဆုံးမတော်မူမည်။ သင်တို့သည် ကျောင်းသို့လာ၍ ဆွမ်းကပ်ကြကုန်၊ ထိုအခါမှ ငါဘုရား ဆွမ်းဘုဉ်းပေးတော်မူမည်"ဟု မိန့်တော်မူလိုက်၏။

ဘုရားရှင်သည်–
ညအခါ၌ တတိယယာမ်သို့ ရောက်သောအခါ ကရုဏာသမာပတ်ကို ဝင်စားတော်မူပြီး ချွတ်သင့်သောသတ္တဝါတို့ကိုရှုတော်မူလျှင် နာဠာဂီရိဆင်းမင်းကိုဆုံးမရာ၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် တရားထူးရကြအံ့သည်ကိုမြင်တော်မူ၍ မိုးသောက်သောအခါ ရှင်အာနန္ဒာကိုခေါ်ပြီး ဤသို့ မိန့်တော်မူ၏။

"ချစ်သားအာနန္ဒာ–
ယနေ့ ရာဇဂြိုဟ်ပြည်၏အနီးရှိ ကျောင်းကြီး ဆယ့်ရှစ်ကျောင်း၌ နေကြကုန်သော သံဃာတို့ကို ငါဘုရား၏ နောက်တော်မှ ခြံရံ၍ ဆွမ်းခံဝင်ရအောင် ဝေဠုဝန်ကျောင်းတော်၌ စုဝေးကြစေကုန်"ဟု မိန့်တော်မူ၏။

ထိုအခါ ရှင်အာနန္ဒာသည် ဘုရားရှင် အမိန့်ရှိသည့်အတိုင်း သံဃာအပေါင်းတို့ကို ကျောင်းတော်ဦး၌ စုဝေးကြစေ၏။

ဘုရားရှင်သည်—

ထိုသံဃာအပေါင်း ခြံရံလျက် ရောင်ခြည်တော် ခြောက်သွယ်ကို တပြိုင်တည်းကွန့်မြူးစေလျက် ကျောင်းတော်မှ ထွက်တော်မူ၍ ရာဇဂြိုဟ်ပြည်၏ အချက်အချာကျသော မင်းလမ်းမဖြင့် ဆွမ်းခံကြွတော်မူ၏။

ထိုအခါ ဆင်ထိန်းတို့သည်—

ဆရာဒေဝဒတ် မှာထားသည့်အတိုင်း တနေ့လျှင် အရက်ရှစ်လုံး တိုက်နေကျဖြစ်သော နာဠာဂီရိဆင်ကို အရက် ဆယ့်ခြောက်လုံးတိုက်၍ လွှတ်ကြကုန်၏။

နာဠာဂီရိဆင်မင်းသည်—

ဘုရားရှင် ကြွတော်မူလာသည်ကိုမြင်လျှင် ကောင်းကင် မိုးလုံး ထစ်ချုန်းပဲ့တင်မျှသော အသံကို ပြင်းစွာ မြည်ဟီးလျက် အော်လေ၏။ အရပ်ရှစ်မျက်နှာတို့၌ မုန်တိုင်း လေကြမ်းဖြင့် မှောင်ကြီးကျဘိသကဲ့သို့ မြေဖုတ်မြူမှုန်တို့ကို ဝဲယာအောက်ထက် ဖြန့်ပက် လွှင့်ဆောင်လေ၏။ လမ်းအနီး၌ ရှိသော အိမ်တို့ကို ထောင်းထောင်းညက်ညက် ရိုက်ချိုးလျက် ပြင်းထန် ကြီးမားသော ဒေါသဖြင့် ဘုရားရှင်ထံသို့လာလေ၏။

ထိုခဏ၌—

သားသည် မိခင်တဦးသည် ဘုရားရှင်၏ ရှေတော်၌ သား ငယ်ကိုလွှတ်ချ၍ ကြောက်အားလန့်အားနှင့် ပြေးလေ၏။ ဆင် ကြီးသည် ထိုမိန်းမနောက်သို့ လျင်စွာလိုက်လေ၏။

ထိုအခါရှင်တော်ဘုရားသည် ရပ်တန့်တော်မူ၍ ချိုမြသာယာ သော အသံတော်ဖြင့်—

"ချစ်သား နာဠာဂိရိ—

သင့်အား တဆယ့်ခြောက်လုံးသော အရက်ကိုတိုက်၍ လွှတ် လိုက်ခြင်းသည် ငါဘုရားကို သတ်စေခြင်းငှါ လွှတ်လိုက်ခြင်း ဖြစ်၏။ တပါးသူကို သတ်ရန်မဟုတ်၊ ထို့ကြောင့် ငါဘုရားထံ လာလော့"ဟု ခေါ်တော်မူ၏။

နာဠာဂိရိဆင်မင်းသည်—

ထိုအသံကို ကြားလျှင် မျက်စိကို ဖွင့်၍ကြည့်၏။ ထိုအခါ ဘုရားရှင်၏ အသရေတော်ကို မြင်ရ၏။ ကြည်လင်သော စေ တနာသည် ဖြစ်လာ၏၊ အရက်မူးခြင်းသည် ပျောက်သွား၏။ ကောင်းစွာသတိရပြီး အမြီးနှင့်နားရွက်ကို ချ၏။ နှာမောင်းကို ခံတွင်းဝသို့ သွင်း၏။ နောက်ပြီး ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်း၍ ရိုသေစွာ ဂါရဝပြု၏။

ထိုအခါ ရှင်တော်ဘုရားသည် ကြီးမြတ်သောမဟာကရုဏာ တော်ဖြင့် နာဠာဂိရိဆင်မင်း၏ဦးကင်းကို လက်တော်ဖြင့် သုံး သပ်၍—

"ချစ်သားနာဠာဂီရိ—

သင်သည် ယနေ့မှစ၍ ကြမ်းတမ်းရုန့်ရင်းသော အမှုအရာကို မပြုလင့်၊ မေတ္တာစိတ်ကိုသာ ပွားဘိလော့" စသည်ဖြင့် ဟော ကြား မိန့်မြွက်တော်မူ၏။

ထိုအခါ နာဠာဂီရိဆင်မင်းသည်—

ပီတိစိတ်ဖြင့် လွှန်စွာဖုံးလွှမ်း၍ ချမ်းမြေ့ကြည်နူးသော စေ ဘနာ သဒ္ဓါတရား ဖြစ်ပွားလာရကား ဘုရားရှင်၏ခြေတော်ကို ရှိသေစွာဦးတိုက်၏။ ခြေတော်ရင်း၌ရှိသော မြေမှုန့်ကို မိမိ၏ ဦးခေါင်းဖြင့် ကြဲဖြန့်ကာ သရဏဂုံ- ပဉ္စသီကိုယူ၏။ လူသား သာဆိုလျှင် ထိုနေရာ၌ သောတာပန်တည်ရာ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သားတို့သည်—

ဝမ်းသာအားရကြသည်ဖြစ်၍ အော်ဟစ်၍ ကောင်းချီးပေး ကြကုန်၏။ အနီးသို့လာ၍ ရတနာတို့ဖြင့် ကြဲမြှောက်ပူဇော်ကြ ကုန်၏။ ထိုသို့ ပူဇော်ကြသော ရွှေငွေရတနာတို့သည် နာဠာဂီရိ ဆင်မင်း၏ တကိုယ်လုံးကို ဖုံးလွှမ်းမိလေ၏။

ထိုအခါမှစ၍ နာဠာဂီရိဆင်မင်းသည် (ဓနပါလ) ဆင်မင်းဟု အမည်တွင်လေ၏။ ထိုဆင်မင်းကို တရားဟောရာ၌ ရှစ်သောင်း လေးထောင်သော လူတို့သည် အကျွတ်တရား ရကုန်၏။

နာဠာဂီရိဆင်မင်းလည်း—

ဘုရားရှင်၏ခြေတော်ကို ရိုသေစွာဦးတိုက်၏။ ပုဆစ်တုပ်၍ နောက်သို့ဆုတ်၏။ ပြီးတော့ မိမိ၏တင်းကုပ်သို့ပြန်၍ ယဉ်ကျေးစွာ နေတော့၏။ ထိုအချိန်မှစ၍ မည်သည့်သတ္တဝါကိုမျှ ညှဉ်းဆဲခြင်း မပြုတော့ပေ။

## ၈၃။ ဘုရားရှင်၏ ဝိပါက်တော် ၁၂-ပါး

### ၁။ ဒုက္ကရစရိယာကျင့်ရသော ဝိပါက်

ဘုရားရှင်၏ ဒုက္ကရစရိယာ (၆)နှစ် ကျင့်ရသော ဝိပါက်**၏** အကြောင်းမှာ—

ကဿပ ဘုရားရှင် လက်ထက်တော်၌ ဂေါတမ ဘုရားအလောင်းတော်သည် ဇောတိပါလမည်သော ပုဏ္ဏားဖြစ်သာ၏။ ကဿပဘုရားရှင် ပွင့်တော်မူကြောင်းကြားသိလျှင် "ဤရဟန်းဦးပြည်းသည် ဘုရားအဘယ်မှာ ဖြစ်အံ့နည်း။

ဘုရားဖြစ်နိုင်ရန် လွန်စွာခဲယဉ်း၏။ သူ့လိုလွယ်ကူစွာ(၆)ရက်မျှ ကျင့်ရုံနှင့် ဘုရားဖြစ်နိုင်မည်ဆိုလျှင် ငါသာဆိုပါက (၆)ရက်မကဘူး၊ (၆)နှစ်တိုင်တိုင်ကျင့်မည်"ဟု ဆို၏။

ဤသို့ ပြစ်မှားမိသော မကောင်းမှုကြောင့် ငရဲ၌လည်းခံရ၏၊ အဆုံးစွန်သော ကိုယ်တော်၏ အပြစ်၌လည်း (၆)နှစ် ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ဘုရားဖြစ်ရ၏။

### ၂။ ဝိဥ္စမာန စွပ်စွဲခံရသော ဝိပါက်

ရှေးသရောအခါ ဂေါတမ ဘုရားအလောင်းတော်သည် အရက်မူးသမားဖြစ်၍ ရှင်နန္ဒမည်သော ရဟန္တာမြတ်ကို "ဤရဟန်းကား လူယုတ်မာတည်း၊ ယုတ်မာသောအကျင့်ကို ကျင့်သူတည်း" ဟု စွပ်စွဲမိသော မကောင်းမှုကြောင့်—

ငရဲ၌လည်း ခံခဲ့ရ၏။ ဘဝဆက်တိုင်းတို့၌လည်း သူတပါးတို့၏ စွပ်စွဲမှုကို ခံရ၏။ နောက်ဆုံး ဘုရားဖြစ်လာသောဘဝ၌လည်း စိဉ္စမာန မိန်းမယုတ်၏ စွပ်စွဲခြင်းကိုလည်း ခံတော်မူရ၏။

၃။ သုန္ဒရီ-ပရိဗိုဇ် စွပ်စွဲခံရသောဝိပါက်

ရှေးသံသရာ၌ ဂေါတမ ဘုရားအလောင်းသည် (မုနာလိ) မည်သော အရက်မူးသမား ဖြစ်ခဲ့ဘူးလေ၏။

တရံရောအခါ (သုရဘိ)အမည်ရှိသော အရှင် ပစ္စေကဗုဒ္ဓါကို မြင်လျှင် "ဤရဟန်းကား ဒုဿီလတည်း၊ ယုတ်မာသောအကျင့်ကိုကျင့်သော ရဟန်းတည်း" ဟု ဤသို့ ပြစ်မှားခဲ့ဘူးသော မကောင်းမှုကြောင့် ငရဲ၌လည်း ဘဝများစွာ ခံရ၏။

နောက်ဆုံး ဘုရား ဖြစ်လာသော အခါ၌ သုန္ဒရီအမည်ရှိသော ပရိဗိုဇ်မသည် ဘုရားရှင်ကို တွေ့မြင်လေတိုင်း "ငါသည် ရဟန်းဂေါတမနှင့် ဂန္ဓကုဋိတိုက်၌ အတူအိပ်ပြီး ယခုထွက်လာခဲ့ခြင်းဖြစ်သည်"ဟု ကြွေးတော်မူလေတိုင်း ပရိသတ်တို့ အလယ်၌ ပြောဆိုစွပ်စွဲမှုကို ခံရ၏။

*

၄။ တိတ္ထိတို့က စွပ်စွဲသောဝိပါက်

တိတ္ထိတို့သည် သုန္ဒရီမကို သတ်ပစ်ကြ၏။ အလောင်းကို ဇေတဝန်ကျောင်းတော်၏ အနီး၌ ဝှက်ထားကြ၏။ အလောင်းကို

လိုက်ရှာ၍ တွေ့သောအခါ "တိတ္ထိတို့က ဘုရားရှင်နှင့် ရဟန်းတို့က သတ်ကြသည်"ဟု ဝါဒဖြန့်ကြ၏။ စွပ်စွဲကြ၏။ ထိုဝိပါက်အကြောင်းမှာ—

ရှေးအခါက ဘုရား အလောင်းတော်သည် ဈာန်မရသော ရသေ့ဖြစ်ခဲ့ဘူး၏။ ဈာန်ရသော ရသေ့တပါး ကောင်းကင်မှ ပျံကြွသွားသည်ကို မြင်ရလျှင် မနာလိုသော စိတ်သည် ဖြစ်၏။ ထို့ကြောင့်—

"သည်ရသေ့ အကြောင်း ငါကောင်းစွာသိသည်၊ သူသည် အကျင့်ယုတ်သော ရသေ့တည်း၊ ထို့ကြောင့် သည်ရသေ့ယုတ်ကို ကိုးကွယ်၍ အကျိုးမရှိ"ဟု ဝါဒဖြန့်ခဲ့ဘူး၏။ မတရား စွပ်စွဲခဲ့ဘူး၏။

ထိုမကောင်းမှုကြောင့် ငရဲ၌လည်း ခံရ၏။ နောက်ဆုံးဘုရားဖြစ်သောအခါ၌ တိတ္ထိတို့၏ မတရားစွပ်စွဲခြင်းကို ခံရခြင်းဖြစ်၏။

*

## ၅။ ခြေမတော် ကျောက်လွှာထိသောဝိပါက်

ဂေါတမ ဘုရားလောင်းသည်—

ရှေးသံသရာ၌ မိမိ၏ညီရင်းဖြစ်သူနှင့် စည်းစိမ်ဥစ္စာကြောင့် ခိုက်ရန် ဖြစ်၏။ ညီအကိုနှစ်ယောက် အတူတူ ခရီးထွက်ကြ၍

တောင်ချောက်ကြား တခုတွင် ညီဖြစ်သူကို မှုန့်မှုန့်ညက်ညက်ချိုက်သတ်ပြီးမှ ကျောက်ဖြင့်ထု၍ ထွက်သွားလေ၏။

ဤမကောင်းမှုကြောင့်—

ငရဲ၌လည်း ခံရ၏။ နောက်ဆုံး ဘုရားဖြစ်သောအခါ၌ ဝေဘာရ တောင်ခြေရင်းတွင် ဂနေတော်မူခိုက် ဒေဝဒတ်သည် ကျောက်လုံးကြီးကို လှိမ့်ချ၍ ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ကျောက်တောင်နှစ်ခုက ဆီးကာ၍ ခံလင့်၏။ ထိုကျောက်ဘခုနှင့်ဘခု ထိခိုက်မိသောကြောင့် ကျောက်လွှာတခုသည် ဘုရားရှင်၏ ခြေမတော်ကိုထိ၍ ကြီးစွာသောဝေဒနာကို ခံစားရ၏။

*

## ၆။ ခြေမတော် သွေးစိမ်းတည်သောဝိပါက်

ဂေါတမ ဘုရားအလောင်းသည်—

ရှေးသံသရာ၌ မထင်ရှားသောအမျိုးတွင်ဖြစ်လာ၏။ ငယ်စဉ်ကာလ ခရီးလမ်းမ၌ ကစားနေစဉ် အရှင်ပစ္စေကဗုဒ္ဓါ တပါး ဆွမ်းခံကြွလာသည်ကို ခဲဖြင့်ပစ်၏။

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါ၏ခြေတော်မှ သွေးထွက်လာ၏။ ထိုမကောင်းမှုကြောင့် ငရဲ၌လည်း ခံရ၏။ နောက်ဆုံး ဘုရားဖြစ်လာသောအခါ၌ ခြေမတော်ကိုကျောက်လွှာထိ၍ သွေးစိမ်းတည်ရ၏။

*

၇။ ခြေမတော် ခေါ်ခံရသော ဝိပါက်

ဂေါတမ ဘုရားလောင်းသည်-

ပဒေသရာဇ်မင်း ဖြစ်ခဲ့ဘူးသော အခါ၌ မိုက်သောသူနှင့် ပေါင်းမိ၍ အရက်သမား ဖြစ်သွား၏။ မူးပြီး အပြစ်မရှိသူကို သတ်မိ၏။

ထိုမကောင်းမှုကြောင့် ငရဲ၌လည်းခံရ၏။ နောက်ဆုံး ဘုရားဖြစ်သောအခါ ဒေဝဒတ်ကြောင့် သွေးစိမ်းတည်သည်ကို ဇီဝကသမားတော်က ခွဲစိတ်ဖြင့်ခွဲ၍ သွေးပုပ်ကို အထုတ်ခံရ၏။

*

၈။ နာဠာဂီရိဆင်နှင့်တိုက်ခံရသောဝိပါက်

ဂေါတမ ဘုရားလောင်းသည် ဆင်ထိန်း ဖြစ်ခဲ့ဘူး၏။

တနေ့သ၌ ရှင်ပစ္စေကဗုဒ္ဓါတပါးကို တွေ့မြင်၏။ ပြစ်မှားလိုသောစိတ်ဖြင့် ဆင်နှင့်တိုက်သတ်မည်ဟု ကြံ၍ ဆင်ကိုအပြင်းလွှတ်လေ၏။

ဤမကောင်းမှုကြောင့် ငရဲ၌လည်း ခံရ၏။ နောက်ဆုံး ဘုရားဖြစ်သောအခါ၌ ဒေဝဒတ်သည် နာဠာဂီရိဆင်နှင့် လွှတ်၍ ဘုရားရှင်ကို တိုက်စေ၏။

*

၉။ ခေါင်းတော်ခဲရသောဝိပါက်

ဂေါတမဘုရားလောင်းသည် တံငါမျိုး၌ ဖြစ်ဘူး၏။

တနေ့သ၌ တံငါတို့နှင့် လိုက်သွား၏။ ငါးကြီးများကို ရသောအခါ ထိုငါးကြီးများ၏ခေါင်း၌ သပ်နှက်ရိုက်ကြသည်ကို ငယ်ရွယ်သူဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ဘူး၏။

ထိုမကောင်းမှုကြောင့် ငရဲ၌လည်းခံရ၏။ နောက်ဆုံး ဘုရားဖြစ်သောအခါ၌ ခေါင်းတော်ခဲသော ဝေဒနာကို ခံစားရ၏။

*

၁၀။ မုယောဆွမ်း ဘုဉ်းပေးရသောဝိပါက်

ဖုဿ ဘုရားရှင်၏လက်ထက်၌ ဂေါတမဘုရားလောင်းသည် ထင်ရှားသောအမျိုး၌ ဖြစ်လာ၏။

တနေ့သ၌ သံဃာတော်တို့ ကောင်းမွန်သော သလေးဆွမ်း စားကြသည်ကို မြင်လျှင် ပြစ်မှားမိသောစိတ်ဖြင့်—

"ဟယ်- ရဟန်းဦးပြည်းတို့၊ မုယောဆွမ်းကိုသာ စားကြကုန်လော့၊ သလေးဆွမ်းကို မစားကြကုန်လင့်"ဟု ဆို၏။

ထိုမကောင်းမှုကြောင့် ငရဲ၌လည်းခံရ၏။ နောက်ဆုံး ဘုရားဖြစ်၍ ၁၂-ဝါ မြောက်သောအခါ ဝေရဉ္စတိုင်း၌ ဝါဆိုတော်မူ၏။ ထိုတိုင်း၌ တယောက်သောသူမျှ ဆွမ်းလှူမည့်သူ မရှိ။ သပိတ်တော်ချည်းနှင့်သာ ပြန်ရ၏။

ထိုအခါ မြင်းကုန်သည်ငါးရာတို့ကွင် မြင်းစာအတွက် ပါလာသော မုယောဆန်ကို ဆွမ်းချက်၍လှူ၏၊ ဝါတွင်းသုံးလပတ်လုံး သံဃာငါးရာနှင့်တကွ မုယောဆွမ်းကိုသာ ဘုဉ်းပေးတော်မူရ၏။

**၁၁။ ခါးနာရသော ဝိပါက်**

လွန်လေပြီးသောအခါ—

ဂေါတမ ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်၏။ ခွန်အားဗလနှင့် လွန်စွာမှ ပြည့်စုံ၏။

တရံရောအခါ—

မင်းယင်ပြင်၌ လက်ဝှေ့ပွဲကြီး ပြုလုပ်၏။ လက်ဝှေ့ကျော်သူရဲကောင်းကြီး တဦးနှင့် ရင်ဆိုင်ရ၏။ ဘုရားလောင်းသည် ကွလည်းကွ၏။ လှုပ်လည်းလှုပ်၏။ သူရဲကောင်းကြီးက မြင်လျှင်ဟားတိုက်၍ ရယ်၏။

ထိုအခါ ဘုရားလောင်းသည်—

သူရဲကောင်းကြီး၏ ခြေနှစ်ဖက်ကို ကိုင်၍ ခေါင်းပေါ်၌ ချာချာ လည်စေပြီးမှ မြေဘွင်ချ၍ ခါးကိုချိုး၏။ ထိုအခါ မင်းနှင့်တကွ ပြည်သူတို့သည် ကောင်းချီး ပေးကြကုန်၏။ အဝတ်တန်းဆာ ရွှေငွေတို့ဖြင့် ဆုချပူဇော်ကြကုန်၏။

ဘုရားလောင်းသည် ထိုသူရဲကောင်းကြီး၏ခါးကို တည့်မတ်အောင် ပြင်ပေးပြီးမှ ပြန်လွှတ်လိုက်၏။ ထိုမကောင်းမှုကြောင့်

ဘဝဆက်တိုင်း ခါးတော်နာရ၏။ နောက်ဆုံး ဘုရားဖြစ်သော အခါ၌ ရံဖန်ရံခါ ခါးတော်နာကျင်ရ၏။

*

## ၁၂။ ဝမ်းတော်လားရသောဝိပါတ်

ဂေါတမ ဘုရားအလောင်းသည်—

ရှေးသံသရာ ဘဝတခု၌ ဆေးသမား ဖြစ်ဘူး၏။ သူဌေး သားတဦး၏ ရောဂါကိုကု၏။ ထိုသူဌေးသားသည် ရောဂါ ပျောက်ကင်းလျက် ဆေးဘိုးကို မပေးဘဲနေ၏။

ထိုကြောင့် ဘုရားလောင်း ဆေးသမားသည် ပြင်းထန်သော ဝမ်းနှုတ်ဆေးကို ထပ်၍တိုက်၏။ ထို့ကြောင့် သူဌေးသား၌ ဝမ်းတွေ လွန်စွာသွားနေရ၏။

ထိုမကောင်းမှုကြောင့် ဘဝဆက်တိုင်းတို့၌ ဝမ်းကျဝမ်းသွား ရောဂါဖြင့် ဆင်းရဲစွာ ခံရ၏။ နောက်ဆုံး ဘုရားဖြစ်သော အခါ ဝမ်းသွားသော ရောဂါဝေဒနာဖြင့် ဆင်းရဲစွာ ခံတော်မူနေရ၏။

### မှတ်ချက်

၁။ ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သည် ဝါသနာကိုသာ ပယ်နိုင်၏။ ဝိပါက်ကို မပယ်နိုင်။

၂။ အဂ္ဂသာဝကနှင့် မဟာသာဝကတို့သည် ဝါသနာနှင့် ဝိပါက် နှစ်ပါးလုံးကိုပင် မပယ်နိုင်။

၁။ **ဝါသနာကား** ကုသိုလ်အကုသိုလ်၏ အကျိုးတည်း။

၂။ **ဝိပါက်ကား** အကုသိုလ်၏ အကျိုးဆက်သာတည်း။

အရှင် သာရိပုတ္တရာသည် မျောက်ဖြစ်ခဲ့ဘူးသော ဘဝနှင့် နီးစပ်သောကြောင့် ချောင်းငယ် မြောင်းငယ်တို့ကို တွေ့သော အခါ ခုန်၍ ကြွတော်မူဘတ်၏။ ဤကား အကုသိုလ်၏ အကျိုး ဝါသနာတည်း။

ဤသို့သော စကားထူးကိုလည်း မှတ်ယူကြသင့်ရာ၏။

(လုံးတော်ဆရာတော်၏

ပုစ္ဆာပကိဏ္ဏကကျမ်းမှ)

## ၈၄။ ရှင်ဒေဝဒတ်ကို မြေမျိုပုံ

ဘုရားရှင်ကို ဆင်ဖြင့် တိုက်သည်မှစ၍ ရှင်ဒေဝဒတ်အား ပြည်သူတို့သည် များစွာကဲ့ရဲ့ကုန်၏။ "တရားမရှိသူကို ပေးလှူ၍ အဘယ်အကျိုးရှိအံ့နည်း" ဟု ပြစ်တင်ကြပြီး ဒါနပြုမှုကိုဖြတ် ကြကုန်၏။

ထိုအခါ ရှင်ဒေဝဒတ်သည်—

စားသောက်ရုံမျှပင် ရှာမရ၍ ဒါယကာတို့ထံ တောင်းခံ လှည့်လှယ်၍စားရလေ၏။ ထို့ကြောင့် ရှင်ဒေဝဒတ်သည် ဘုရားရှင် နှင့် ခွဲခွာလိုသော အကြံရှိသည်ဖြစ်၍ မိမိ၏ အဆွေဖြစ်သော—

၁။ ကောကာလိက—

၂။ ကဋမောဒကတိဿ—

၃။ ခဏ္ဍဒေဝိယ—

၄။ သမုဒ္ဒဒတ္တ—

စသော ရဟန်း လေးဦးတို့ထံကပ်ပြီး ဤသို့ဆို၏။

"ငါ့ရှင်တို့—

ငါသည် ယောက်ဖတော် ဂေါတမနှင့် ခွဲတော့မည်။ သင်တို့ သည်းညွတ်ကြ။ ငါနှင့်လိုက်ခဲ့ကြ။ ရဟန်းဂေါတမသည် သူ့အတွက် ဘာပည့်များရန်သာ ကျင့်ကြံ၏။ လာဘ်များစွာ ရရှိနိုင်ရန်သာ ကျင့်ကြံ၏။ နိဗ္ဗာန်ရောက်ကြောင်း တရားကိုမကျင့်၊ ထို့ကြောင့် ငါသည် ၎င်းနှင့်ခွဲ၍ သွားတော့အံ့။ ဝဋ်ဆင်းရဲမှ လွတ်မြောက် လိုသူတို့သည် ငါနှင့် လိုက်ခဲ့ကြ။ ငါကျင့်သလို ကျင့်ကြ" ဟု သံဃာငယ်တို့ကိုပါ သွေးဆောင်၍ ခေါ်လေ၏။ ထိုမျှမက- ဝေသာလီသား ဖြစ်သော ရဟန်း ငါးရာတို့ကိုပါ စည်းရုံး၍ ခေါ်ဆောင်ပြီး ထွက်ခွာသွားလေ၏။

တလနှစ်လမျှကြာသော်—

သံဃာငယ်တို့သည် အစားအသောက် ရှားပါးခြင်း၊ အဝတ် သင်္ကန်း ရှားပါးခြင်း၊ ကျောင်း နေရာထိုင်ခင်း ရှားပါးခြင်း၊ စသော အကြောင်းတို့ကြောင့် စိတ်ဓာတ်ကျဆင်းပြီး လူထွက်ရန် ကြံစည်ကုန်၏။

ထိုအကြောင်းကို ဘုရားရှင် ရွှေဉာဏ်တော်ဖြင့် မြင်လျှင် ချင်သာရိပုတ္တာရာနှင့် ရှင်မောဂ္ဂလာန်တို့ကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။

"ချစ်သားတို့—

ဝဠ္ဍဆင်းရဲမှ လွတ်မြောက်လို၍ သာသနာသို့ဝင်ပြီး ရဟန်းပြုကြပါလျက် မလိမ်မာသော မိတ်ဆွေကိုရှာ၍ ဒေဝဒတ်နောက်သို့ လိုက်ပါကုန်သော ရဟန်းငယ်တို့အား သနားကြလော့။ ထိုသံဃာငယ်တို့ နောက်သို့လိုက်၍ တရားဟောကြကုန်လော့" ဟု မိန့်တော်မူ၏။

ထိုအခါ အဂ္ဂသာဝကကြီး နှစ်ပါးတို့သည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ရဟန်းငယ်များ ရှိရာသို့ ကြွတော်မူကြလေ၏။

ရှင်ဒေဝဒတ်သည်—

အဝေးမှကြွလာကြသောအဂ္ဂသာဝကကြီးနှစ်ပါးကိုမြင်လျှင် "ရဟန်း ဂေါတမ၏ သာဝကကြီး နှစ်ပါးသည် ငါ၏ တရားကို နှစ်သက်၍ ငါ့နောက် လိုက်လာကြပြီ"ဟု မိမိအနီး၌ရှိသော (ကောလိတ) စသော ရဟန်းတို့အား ပြောကြား၏။

သာဝကကြီး နှစ်ပါး မိမိအနီးသို့ ရောက်လတ်သော် မိမိအနီး၌ သင့်လျော်သော နေရာကိုပေး၍ "ဤနေရာသို့ လာကြလော့" ဟု ပြောဆို၍ ဘိတ်ကြား၏။

အရှင် သာရိပုတ္တရာသည် ပေးသော နေရာသို့မတက်ဘဲ နေရာတခုသို့ တက်၍ထိုင်ပြီး ရှင်ဒေဝဒတ် ဟောသော တရားကို နာ၍ တိတ်ဆိတ်စွာနေ၏။

ရှင်ဒေဝဒတ်သည် တပည့် ပရိသတ်တို့အား တရားဟော၍ ညဉ့်ဦးယံ လွန်မြောက်လျှင် "ငါ့ရှင် သာရိပုတ္တရာ ငါကား ညောင်းလေပြီ။ သင်သာလျှင် သံဃာတို့အား တရားဟောဦးလော့" ဟုဆို၍ အိပ်လေ၏။

ရှင်သာရိပုတ္တရာသည်–

သံဃာငယ်တို့အား သစ္စာလေးပါးနှင့် စပ်သော ဒေသနာတော်ကို ဟောတော်မူ၏။ အရှင် မောဂ္ဂလာန်သည် တန်ခိုးပြ၍ ဟောတော်မူ၏။ ထိုဒေသနာ၏ အဆုံး၌ ငါးရာသော ရဟန်းငယ်တို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။

နံနက်လင်းသောအခါ–

အရှင် သာရိပုတ္တရာသည် ရှင်ဒေဝဒတ်အား–

"ကျွန်ုပ်တို့ သွားတော့မည်။ ဘုရားရှင်၏ တရားတော်ကို နှစ်သက်သော ရဟန်းတို့သည် ဘုရားရှင်ထံသို့ ပြန်လိုက်ပါစေ။ အရှင့်တရားကို နှစ်သက်သော ရဟန်းတို့သည် အရှင့်ထံ၌သာ နေရစ်ပါစေ" ဟု ဆို၍ပြန်ခဲ့ကြ၏။

ထိုအခါ သံဃာငါးရာတို့သည်–

မိမိတို့၏ ပရိက္ခရာတို့ကို ပြင်ဆင်၍ အရှင်သာရိပုတ္တရာတို့၏ နောက်သို့ လိုက်ကြကုန်၏။ ထိုအဖြစ်ကို ရှင်ဒေဝဒတ်မြင်လျှင်

"ပြည့်ရှင်မင်း၏ စည်းစိမ်မှ လျော့ကျသော နန်းကျဘုရင်" ကဲ့သို့ ကြီးစွာသော စိတ်ဒုက္ခဖြင့် ခံတွင်းမှ သွေးအံသော ဝေဒနာဖြစ်လေ၏။

ထိုသွေးအံသော ဝေဒနာသည် တနေ့ထက် တနေ့ ပိုမို ဆိုးဝါးလာသောအခါ "ငါသည် ဘုရားရှင်ကို ပြစ်မှားမိ၍ ဤဒုက္ခကိုခံရသည်။ ဘုရားရှင်ကို ကန်တော့မှ ဖြစ်တော့မည်" ဟု သတိရ၏။ မိမိထံ၌ ကျန်ရစ်သော (ကောကာလိယ) အစ ရှိသော ရဟန်းရှစ်ဦးတို့အား—

"ငါ့ကို ဘုရားရှင်ထံသို့ ရောက်အောင် ပို့ပေးကြပါ" ဟု ဆိုလိုက်လျှင် ရဟန်းတို့သည် ၎င်း၏ အိပ်ရာညောင်စောင်း ကိုပင် ထမ်းစင်ပြု၍ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ထမ်းခဲ့ ကြ၏။

ဇေတဝန် ကျောင်းတော်၏ အနီးသို့ ရောက်သောအခါ—

မိမိကိုယ်ကို ရေဆေးခြင်သည်ဟုဆိုပြီး ထမ်းစင်ပေါ်မှချခိုင်း လေရာ မြေပေါ်သို့ ရှင်ဒေဝဒတ်၏ ခြေရာ (ချချခြင်း) မဟာ ပထဝီမြေကြီးသည် ဆတ်ဆတ်ခါအောင် တုန်လှုပ်မြည်ဟီးလျက် ကြောက်မက်ဘွယ်သော အသံကြီးဖြင့် ရှင်ဒေဝဒတ်၏ ခြေ ဘဝါး‚စ၍နင်းသော နေရာမှစပြီး ကျွံ၍ မျိုသွားလေ၏။အဝီစိ ငရဲသို့ တိုက်ရိုက်ရောက်သွားလေ၏။

မှတ်ချက်။

ငရဲသား ရှင်ဒေဝဒတ်၏ ကိုယ်ခန္ဓာသည် ယူဇနာတရာရှိ၏။

*

## ၈၅။ အရှင်လတ်လတ် မြေမျိုခံရသူခြောက်ဦး

၁။ သုပ္ပဗုဒ္ဓမင်း ရှင်ဒေဝဒတ်၏ ခမည်းတော်

၂။ ရှင်ဒေဝဒတ်

၃။ စိဉ္စမာန အမျိုးသမီး

၄။ နန္ဒသူကြွယ်သား

၅။ နန္ဒကဘီလူး

၆။ ကာလဗုမင်း—

*

## ၈၆။ သုပ္ပဗုဒ္ဓမင်း မြေမျိုခံရပုံ

မြတ်စွာဘုရားသခင်သည် နိဂြောဓါရုံ ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသောအခါ၌ မိမိ၏ဦးရီးတော်ဖြစ်သူ သုပ္ပဗုဒ္ဓမင်းကိုအကြောင်းပြု၍ အောက်ပါအတိုင်း ဟောတော်မူ၏။

ထိုအချိန်၌ ဒေဝဒဟပြည်ကိုအုပ်စိုးရှိနေသော သာကီဝင်ဖြစ်သော သုပ္ပဗုဒ္ဓမင်းကြီး၏စိတ်ထဲ၌ "ဤသိဒ္ဓတ္ထမင်းသားဘုရားသည် ငါ၏သမီးဖြစ်သူ ယသောဓယာမင်းသမီးကိုစွန့်၍ တောထွက်သွားခဲ့၏။ ငါ၏မျက်နှာကိုမျှမထောက်ထားဘဲ ရိုင်းစိုင်းစွာပြုမူခဲ့၏။

နောက်ပြီး ငါ၏သားတော် ဒေဝဒတ်မင်းသားကိုလည်း ရဟန်းပြုစေ၍ သားတော်၏ရန်သူအရာ၌ တည်စေ၏”ဟု ဤနှစ်ပါးသောအကြောင်းတို့ဖြင့် ဘုရားရှင်၏အပေါ်၌စိတ်မကျေဘဲ ရန်ငြိုးဖွဲ့နေသူဖြစ်၏။ တနေ့သ၌ ထိုမင်းသည် ဤသို့ကြံ၏။

“ယခုအခါ၌ သိဒ္ဓတ္ထမင်းသားဘုရားအား ဆွမ်းဘိတ်ထားရာအရပ်သို့သွား၍ ဆွမ်းမစားရအောင်ပြုအံ့”ဟု ကြံစည်ပြီး သေသောက်ကြူးသူတို့ကို ခရီးလမ်းမ၌ ပိတ်ဆို့၍ နေစေ၏။

ထိုအချိန်၌— မြတ်စွာဘုရား သခင်သည် ရဟန်းသံဃာ အပေါင်းခြံရံလျက် ထိုလမ်းခရီးသို့ ကြွတော်မူလာ၏။ ထိုအကြောင်းကို သုပ္ပဗုဒ္ဓမင်းကြားသိရသောအခါ၌—

“ဤသိဒ္ဓတ္ထဘုရားကိုလမ်းမပေးကြကုန်လင့်တခြားမှသွားစေကုန်လော့။ ဤသိဒ္ဓတ္ထဘုရားသည် ငါ၏လက်၌ကြီးလာသူတည်း။ ထိုသိဒ္ဓတ္ထအားသွားရန်ခရီးကို ယခုအခါ ငါမပေးပြီ”ဟု ဆို၏။

ထိုအခါ မှူးကြီးမတ်ရာ သေနာပတိ ပညာရှိတို့က မသင့်လျော်ကြောင်း အဖန်ဖန်အလဲလဲ လျှောက်ထားတောင်းပန်ကြသော်လည်း သုပ္ပဗုဒ္ဓမင်းသည်မနာယူဘဲ ရှေးနည်းအတူ တင်းမာစွာဖြင့် ဆိုမြဲသာဆိုနေတော့၏။

ထိုအခါ မြတ်စွာသခင်သည် ဦးရီးတော်အထံမှ ခရီးသွားလာခွင့်ကိုမရသည်ဖြစ်၍ ထိုအရပ်မှလှည့်၍ပြန်ကြွတော်မူလေ၏။ ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် မင်းချင်းယောကျ်ားတယောက်ကို စေလွှတ်၍ ဤသို့မှာလိုက်၏။

''အချင်းယောကျ်ား သင်လိုက်သွားချေ။ ထိုသိဒ္ဓတ္ထဘုရားသည် ဘာတွေပြောသလဲဆိုတာ သေချာစွာ မှတ်သားနာယူပြီး ငါ့ထံပြန်ခဲ့လော့''ဟု မှာကြားလိုက်၏။

မြတ်စွာဘုရားသခင်သည် ထိုနေရာမှ ပြန်ကြွတော်မူသောအခါ ပြုံးတော်မူ၏။ ထိုအချင်းအရာကို ရှင်အာနန္ဒာမြင်၍ ဤသို့ လျှောက်ထား၏။

''ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား— အရှင်ဘုရား ပြုံးတော်မူခြင်းသည် အကြောင်းအသို့ရှိပါသနည်းဘုရား''ဟု လျှောက်ထားသောအခါ ဘုရားရှင်က—

''ချစ်သားအာနန္ဒာ သုပ္ပဗုဒ္ဓမင်းကိုမြင်ခဲ့၏လော''ဟု မေးတော်မူ၏။ ရှင်အာနန္ဒာက—

''အရှင်ဘုရား တပည့်တော်မြင်ခဲ့ပါ၏ဘုရား''ဟု ပြန်လည်လျှောက်ထားလျှင် ဘုရားရှင်က—

''ချစ်သားအာနန္ဒာ

သုပ္ပဗုဒ္ဓမင်းသည် ဝန်လေးသောအမှုကို ပြုဘိ၏။ ငါသို့သောဘုရားရှင်အား ခရီးကိုမပေးခြင်းကြောင့် ဤနေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့၌ ပြာသာဒ်အောက်ဝယ် စောင်းတန်းလှေခါး၏အရင်းတွင် မြေကြီးသို့ဝင်လတ့်''ဟု မိန့်တော်မူ၏။

ထိုအခါ နားထောင်နေသော မင်းချင်းယောကျ်ားသည် ဘုရားရှင်၏စကားကိုကြား၍ သုပ္ပဗုဒ္ဓမင်းထံသို့ လျင်မြန်စွာပြန်သွားသေသော် သုပ္ပဗုဒ္ဓမင်းက—

"အချင်းယောကျ်ား—

ငါ၏တူတော် သိဒ္ဓတ္ထမင်းသားဘုရားထံက·ဘာတွေပြောသံ ကြားခဲ့သလဲ"ဟု မေးလေသဖြင့် မင်းချင်းယောကျ်ားသည် မိမိ ကြားခဲ့သည့်အတိုင်း စုံလင်စွာ ပြန်လည်လျှောက်ထားလေ၏။

ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် မင်းချင်း၏ စကားကိုကြား၍—

"ယခုအခါ၌ တူတော်ဖြစ်သောသိဒ္ဓတ္ထမင်းသားဘုရားအား ပြုအပ်သောအပြစ်ဟူသည် ငါ့မှာမရှိပြီ၊ ငါ့တူ ဘုရားသည်-အကြင်စကားကိုဆို၏။ ထိုစကားသည် မမှန်သည်သာဖြစ်ရာ၏။ ဤသို့မမှန်သောအခါ၌ သိဒ္ဓတ္ထမင်းသားဘုရားကို မုသာဝါဒ ကံဖြင့်နှိပ်စက်အံ့။ အဘယ်သို့နှိပ်စက်အံ့နည်းဟူမူ—

"ထိုတူတော်ဘုရားသည် ငါ့ကို ခုနစ်ရက်မြောက်သောနေ့၌ မြေမျိုလတ္တံ့ဟူ၍ အရပ်ဌာနကိုမှတ်သား၍ ပြာသာဒ်အောက်မှ စောင်းတန်းရင်း၌ မြေမျိုလတ္တံ့ဟု တိကျစွာဆိုထား၏။

"ထို့ကြောင့် ငါသည်ဤနေ့မှစ၍ ထိုပြာသာဒ်အောက်သို့ မဆင်းတော့ပြီ။ ထိုသို့မဆင်းလျှင် ထိုစောင်းတန်းခြေရင်း၌ ငါ သည်မြေသို့ဝင်ခြင်းငှာမဖြစ်နိုင်။ထိုအခါ ငါ၏တူတော်ဘုရားကို မုသာဝါဒကံဖြင့် နှိပ်စက်အံ့" ဟု ကြံ၏။

ထိုသို့ကြံပြီးသော် သုပ္ပဗုဒ္ဓမင်းသည် မိမိ၏အသုံးအဆောင် ဖြစ်သော အရာဝတ္ထုအားလုံးတို့ကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အပေါ်သို့တင်၍ စောင်းတန်းလှေခါးကိုပယ်စေ၏။

တံခါးကိုပိတ်၍ တခုတခုသော တံခါး၌ နှစ်ယောက်နှစ်ယောက်သော လက်ပမ်းသည်တို့ကို အစောင့်ထား၍ ဤသို့မှာထား၏။

"အချင်းယောကျ်ားတို့—

အကယ်၍ ငါသည်သတိမေ့ပြီး အောက်သို့ ဆင်းလိုသည်ဖြစ်အံ့၊ သင်တို့သည် ငါ့ကိုအဆင်းမခံကြကုန်လင့်၊ တားမြစ်ကြကုန်လော့"ဟု မှာထား၏။

ပြီးတော့ ခုနစ်ဆင့်မြောက်ဖြစ်သောအပေါ်ဆုံးမှ ပြာသာဒ်ဆောင်၏ အသရေတိုက်ခန်း၌ လုံခြုံစွာသွား၍ နေလေ၏။

ရဟန်းတော်တို့သည် ထိုအကြောင်းကိုကြားသိ၍ ဘုရားရှင်အား လျှောက်ထားကြကုန်၏၊ ထိုအခါ ဘုရားရှင်က—

"ချစ်သားရဟန်းတို့—

သုပ္ပဗုဒ္ဓမင်းသည် စင်စစ်အားဖြင့် ခုနစ်ဆင့်မြောက်ဖြစ်သောအပေါ်ဆုံးမှ ပြာသာဒ်ကိုမဆိုထားဘိဦး ကောင်းကင်သို့ပျံ၍နေချင်သော်လည်းနေပါစေ၊ သင်္ဘောလှေတို့ဖြင့် သမုဒ္ဒရာတို့၌လှင့်လိုကလည်းလှင့်ပါစေ၊ တောင်၏အကြားသို့မူလည်း ဝင်လိုက ဝင်ပါစေ။

"ဘုရားရှင်တို့၏စကား၌ နှစ်ပါးသောအပြားအားဖြင့် ဖြစ်ခြင်းမည်သည်မရှိ၊ ငါဘုရားဆိုရာအရပ်၌သာလျှင် ထိုသုပ္ပဗုဒ္ဓမင်းသည် မြေသို့ဝင်ရလတ့်"ဟု မိန့်တော်မူလေ၏။

ခုနစ်ရက်မြောက်သောနေ့၌—

မြတ်စွာဘုရားသခင်သည် ဆွမ်းတော်ရပ်မည့်နေရာသို့ ကြွတော်မူသည့်အခါ၌ ပြာသာဒ်အောက်၌ရှိနေသော သုပ္ပဗုဒ္ဓမင်း၏ (မင်္ဂလာမြင်းတော်)သည် ထိတ်လန့်သည်ဖြစ်၍ ထို ထိုသို့သော နံရံတို့ကို ကန်ကျောက်လေ၏။

ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် ဘုံခုနစ်ဆင့်၏ အပေါ်ဆုံးမှဖြစ်သော ပြာသာဒ်ဆောင်၌နေလျက် မြင်းဟီသံကိုကြား၍—

"ဤအသံသည် အဘယ်မည်သောအသံနည်း" ဟု မေးလျှင် မင်းချင်းတို့က—

"အခြားမဟုတ်ပါ အသင်မင်းမြတ်၏ မင်္ဂလာမြင်းတော် ထိတ်လန့်ခြင်းဖြစ်ပါသည်ဘုရား" ဟု လျှောက်ထားကြလေ၏။

မင်္ဂလာမြင်းတော်သည် သုပ္ပဗုဒ္ဓမင်းကိုမြင်သောအခါ ငြိမ်သက်စွာနေလေ၏။ သုပ္ပဗုဒ္ဓမင်းသည် ထိုမြင်းကိုဘမ်းလို၍ နေရာမှထ၏ ပြီးတော့ တံခါးသို့ရွေ့ရှု၍သွား၏။

ထိုအခါ တံခါးတို့သည် အလိုလိုပွင့်လာကုန်၏။ စောင်းတန်းလှေခါးတို့သည် မိမိနေရာ၌ပြန်လည်၍ တည်လာကုန်၏။ တံခါး၌စောင့်ကုန်သော လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်း၏လည်မျိုကိုကိုင်၍ အောက်အဆင့်သို့ပစ်ချကုန်၏။

ဤသို့သောနည်းဖြင့် အောက်ခုနစ်ဆင့်သော တံခါးတို့မှ တံခါးရွက်တို့သည် အလိုလိုပွင့်လာကုန်၏။ စောင်းတန်းတို့သည် မိမိ၏နေရာ၌ပြန်လည်၍ တည်လာကုန်၏၊ ခပ်သိမ်းသော တံခါး

တို့၌ လက်ပမ်းသည်တို့သည်လည်း ရှေးနည်းအတူ ထိုသုပ္ပဗုဒ္ဓမင်း၏လည်မျိုကိုကိုင်၍ အောက်သို့အဆင့်ဆင့်ပစ်ချကုန်၏။

ထိုရောအခါ အောက်ဆုံးမှ စောင်းတန်းခြေရင်းသို့ ရောက်ခါမျှဖြစ်သော ထိုသုပ္ပဗုဒ္ဓမင်းကို မဟာပထဝီမြေကြီးသည် ပြင်းစွာမည်ဟီးလျက် ထက်ခြမ်းခွဲ၍ ခံလင့်၏။ ထိုသုပ္ပဗုဒ္ဓမင်းသည် မြေကြီးထဲသို့ဝင်၍ အဝီစိငရဲ၌ ကျခံရလေ၏။

ယနောင်စာပေ

## ၇၇။ အဇာတသတ်မင်း ဘုရားရှင်ကိုကြည်ညိုပုံ

ရှင်ဒေဝဒတ်အား မြေမျိုသော အကြောင်းသည် ဇမ္ဗူဒိတ်ကျွန်းအလုံး၌ ထင်ရှားစွာသိကြကုန်၏။

ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းသည်လည်း ခမည်းတော်အား သတ်မိသည့်နေ့မှစပြီး ကြီးစွာသော စိတ်ဆင်းရဲမှုဖြင့် စိတ္တဇဝေဒနာကို ပြင်းထန်စွာ ခံစား၍နေရလေ၏။

ထိုသို့ဖြစ်နေရချိန်တွင်—

ရှင်ဒေဝဒတ်အား မြေမျိုကြောင်းကို ကြားသိရသောအခါ ပို၍ဆိုးဝါးလေ၏။ ပို၍ကြောက်လေ၏။ ထိတ်လန့်လေ၏။

"ငါလည်း ရှင်ဒေဝဒတ်၏စကားကြောင့် ဘုရားရှင်ကို ပြစ်မှားမိ၏။ ဤမြေကြီးသည် ငါ့ကိုလဲ မျိုဦးမှာလားမသိ" ဟု နေမထိထိုင်မသာအောင် တွေး၍ကြောက်နေ၏။ နေစရာနေရာမရှိအောင်ဖြစ်နေ၏။ သူရူးကဲ့သို့ဖြစ်နေ၏။

ထို့ကြောင့် ကြာခေါင်းလောင်းများပွင့်ချိန်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့၌ ပညာရှိမှူးမတ်တို့နှင့် ညီလာခံပြုလုပ်ရာတွင် မိမိ၌ခံစားနေရသော ဒုက္ခဝေဒနာ အကြောင်းတို့ကို မှူးမတ်တို့အား ပြောပြလေ၏။

"ငါ၏ဒုက္ခအပေါင်းကို ပျောက်ကင်းအောင် မည်သူတတ်နိုင်မည်နည်း" ဟု မေးမြန်း၏။ အကြံဉာဏ်တောင်း၏။

ထိုအခါ မှူးမတ်အသီးသီးတို့က–

မိမိတို့ ကိုးကွယ်ကြသော တိတ္ထိဆရာတို့ကို ညွှန်းဆိုကုန်၏။ သို့သော်- အဇာတသတ်မင်းက လက်မခံ။ ဘုရားရှင်ထံသို့သာ သွားလိုသောဆန္ဒက ပြင်းထန်၏။ ထို့ကြောင့်-ဘုရားရှင်၏ ဒါယကာဖြစ်သော ဆရာဇီဝက ကိုခေါ်၍မေး၏။

ထိုအခါ ဆရာဇီဝကသည် "ငါ၏ဆရာ ဘုရားရှင်ကိုမူ သူတပါး၏ ဆရာများကဲ့သို့ လွယ်ကူစွာညွှန်းဆိုရန်မသင့်" ဟု ကြံပြီး စကားမပြန်ဘဲနေ၏။

ထိုအခါ အဇာတသတ်မင်းက–

"အချင်းဇီဝက–

အဘယ့်ကြောင့် ဆိတ်ဆိတ်နေဘိသနည်း။ သူတပါးတို့က မိမိတို့၏ဆရာတို့ကို ဂုဏ်တင်မြှောက်စားပြီး ညွှန်းဆိုကြသည်မှာ ငါ့နားမဆန့်အောင်ပင်ရှိလှသည်။ သင့်မှာ လူဆင်းရဲဖြစ်၍ ကိုးကွယ်စရာ ဆရာမရှိဘူးလော။ ခမည်းတော်ကမြှောက်စားထားခဲ့ပါလျက် ကိုးကွယ်ထားသော ဆရာမရှိဘူးလော" ဟု ထပ်တလဲလဲမေး၏။

ထိုအခါ ဆရာဇီဝကသည် ဘုရားရှင်ရှိရာသို့ ရည်မှန်း၍ရှိခိုးပြီးလျှင် ဤသို့လျှောက်ထား၏။

"အရှင်မင်းကြီး–

အကျွန်ုပ်သည် ကိုးကွယ်ရာ ဆရာကင်းသည် မဟုတ်ပါ။ သာမန်ပုဂ္ဂိုလ်များကဲ့သို့ (ယံဝါ-တံဝါ= တော်စွာ-လျော်စွာ)

ပြောခြင်းငှာ မသင့်၍ ဆိတ်ဆိတ်ခနေပါသည်။ ကျွန်ုပ်၏ဆရာသည် လောက၌ အတုမရှိသော ဘုရားရှင်ဖြစ်ပါသည်။ အရှင်မင်းကြီး ဆည်းကပ်ကိုးကွယ်တော်မူပါ၊ လိုသမျှအရေးကို မေးလျှောက်ခတော်မူပါ။ အရှင်မင်းကြီး၏ စိတ္တဇဝေဒနာသည် လျင်မြန်စွာ သက်သာရာ ရပါလိမ့်မည် ဘုရား" ဟု လျှောက်ထားလေ၏။

မင်းကြီးသည် ထိုစကားကိုကြားကြားချင်း လွန်စွာမှ ဝမ်းမြောက်လှ၍ "ဆရာဇီဝက ဘုရားရှင်ထံသို့ ယခုပင် ငါ့ကိုပို့ခပေးပါ။ အခြံအရံများကို လိုအပ်သလိုစီရင်ပါ"ဟု စေခိုင်း၏။

ထိုအခါ ဆရာဇီဝကသည်–

တသောင်းမျှသောမင်းချင်းပဏ္ဍာတို့နှင့် တသောင်းမျှသော မူးမတ်ယောကျ်ားတို့ကို တင့်တယ်စွာ ဝတ်စားဆင်ယင်စေလျက် ပြည်သူအပေါင်းတို့အား–

"ငါတို့မင်းကြီးသည် ဘုရားရှင်ကို ဖူးမြင်ရန် ယခုပင်သွားလတ့်။ ကရားနာလိုသူများ လိုက်ကြကုန်"ဟု စည်လည်စေ၏။ ပြည်သူတို့သည် ရုန်းရင်းဆန်မျှ ရွှင်လန်းကြ၍ မင်းကြီးကို ခြံရံပြီး လိုက်ကြကုန်၏။

အဇာတသတ်မင်းကြီးသည်–

ထိုညဘွင်းချင်းပင် ဘုရားရှင်ထံသို့ရောက်၍ အကြောင်းစုံကို လျှောက်ထား၏။ ဘုရားရှင်သည် (သာမညဖလ)သုတ်ဒေသနာဖြင့် ဟောချတ်တော်မူ၏။ အဇာတသတ်မင်းသည် လွန်မင်း

ဘော လှန်ကဲသော (ပိဋကဃာတက- အဘကိုသတ်သော ဂရုက်ကြောင့်) မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မရောက်ဘဲ ဘုရားရှင်၏ (ဥပသကာ) ဖြစ်ရုံသာ သရဏဂုံ-ပဥ္စသီ၌တည်လေ၏။

နောင်အခါ ဘုရားရှင်ပရိနိဗ္ဗာန်စံယူတော်မူသောအကြောင်းကို ၎င်း၏မှူးမတ်တို့ သိလေလျှင် ဤသို့ကြံစည်ကြ၏။

"ဘုရားရှင်အား ပုထုဇဉ်တို့၏သဒ္ဓါကြည်ညိုမှုတွင် လောက၌ ငါတို့မင်းကြီးနှင့် တူသူမရှိပြီ။ ထို့ကြောင့် ယခုအခါ၌ ဘုရားရှင် နိဗ္ဗာန်ဝင်ကြောင်းသိလျှင် ငါတို့မင်းကြီးသည် တခဏချင်း ရင်ကွဲနာကျ၍ သေနိုင်ရာ၏။ ထို့ကြောင့် မင်းကြီး၏အသက်ကို ငါတို့ကယ်ကြမှဖြစ်မည်"ဟု ကြံစည်ကြ၏။

ထို့ကြောင့် မင်းကြီး၏ကိုယ်ခန္ဓာနှင့် သင့်လျော်သော ရွှေကျင်းသုံးခုကိုပြုလုပ်ကြ၏။ ၎င်းကျင်းများထဲသို့ စတုမဓုအပြည့် ထည့်ကြ၏။ ပြီးတော့ မင်းကြီးအား ဤသို့လျှောက်ထားကြ၏။

"အရှင်မင်းကြီး—

ကျွန်ုပ်တို့သည် ကြောက်မက်ဘွယ်ကောင်းသော အိပ်မက်ကို မြင်မက်ကြ၏။ ထိုအိပ်မက်ကိုယတြာပြုခြင်းငှါ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုးနှစ်ထည်ကို ဝတ်တော်မူပါ။ နှာခေါင်းဝမျှ ပေါ်၍ ဤစတုမဓုကျင်း၌ အိပ်တော်မူပါ"ဟု လျှောက်ထားကြ၏။

ထိုစကားကိုကြားလျှင် မင်းကြီးသည် "ငါ၏အကျိုးစီးပွားကို ရှက်ဆောင်လို၍ဆိုလာသည်ကို အဘယ်မှာ ငါနားမထောင်ဘဲရှိအံ့နည်း"ဟု ဆိုပြီး ကျင်းထဲသို့ဝင်၍ အိပ်လေ၏။

ထိုအခါ အမတ်တယောက်က–

"အရှင်မင်းကြီး၏ဆရာဖြစ်သော ဘုရားရှင်သည် ကုသိနာရုံ ပြည်အနီး၌ ပရိနိဗ္ဗာန်ဝင်တော်မူပါပြီဘုရား"ဟု လျှောက်ထား လေ၏။

မင်းကြီးသည် ထိုစကားကို ကြားလျှင် သစ်ပင်ပေါ်မှကျ သောသူကဲ့သို့ စိတ်ထိခိုက်၍ ဆောက်တည်ရာမရ ဖြစ်သွား၏။ ပြီးတော့ သတိမရဘဲ မိန်းမော၍ မေ့မြောသွား၏။ ထိုအခါ ၎င်းအား စိမ်ထားအပ်သော စတုမဓူတို့သည် ကျိုက်ကျိုက်ဆူ၍ အခိုးထွက်လာကုန်၏။

ထိုအခါ အမတ်တယောက်သည်–

မင်းကြီး၏ ကိုယ်ခန္ဓာကိုပွေ့ချီ၍ ကျင်းတခုသို့ ပြောင်း၍ ထည့်ပြန်၏။ မင်းကြီး သတိပြန်ရသော အခါ "အမောင်တို့ ငါ့ကိုဘာပြောကြသလဲ"ဟု မေးပြန်၏။

"အရှင်မင်းကြီး ဘုရားရှင် ပရိနိဗ္ဗာန်စံပါပြီ ဘုရား" ဟု ထပ်မံလျှောက်ထားကြ၏။ မင်းကြီးလည်း ရှေးနည်းအတူ မြော သွားပြန်၏။ ထိုအခါ အမတ်တို့က ကျင်းတကျင်းသို့ ပြောင်း၍ ထားကြပြန်၏။ သတိပြန်ရသောအခါ–

"ငါ့ကို ဘာပြောကြသနည်း"ဟု မေးပြန်၏။ အမတ်တို့က လည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုကြောင်း လျှောက်ထားကြပြန်၏။ မင်းကြီးသည် ထပ်၍ မေ့မြောသွားပြန်၏။

ထိုအခါ အမတ်တို့သည် မင်းကြီးကို ပွေ့ချီ၍ ရေချိုးပေး ကြ၏။ နံ့သာရေတို့ဖြင့် ဆွတ်ဖြန်းပေးကြ၏။ အဝတ်တသတ်

မင်းကြီးသည် သတိရလတ်သော် ဆံပင်တို့ကို ဖရိုဖရဲကြဲဖြန့်၍ လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကိုတီး၏။ ရှိုက်ကြီးတငင် ငိုကြွေး၍ သူ့ရှုးကဲ့သို့ ထ၍ပြေး၏။

မိမိအား ဘုရားရှင် တရားဟောတော်မူသော နေရာသို့ ရောက်သောအခါ "ဘုရားရှင်သည် ဤနေရာ၌ ငါ့ကိုတရားဦး ဟော၏၊ ယခုတော့ မဟောတော့ပြီ"ဟု ဆိုပြီး သည်းထန်စွာ ငိုကြွေးပြန်၏။

အဇာတသတ် မင်းကြီးသည် ဘုရားရှင်ကို ဤမျှပင် ကြည် ညို၏။ စေတနာရှိ၏။ ထို့ကြောင့် ဘုရားရှင်ကို ကြည်ညိုသူ အပေါင်းတို့တွင် အဇာတသတ်မင်းကြီးလို ကြည်ညိုသူ တဦးမျှ မရှိဟု ဆို၏။

နောင်အခါတွင် ၎င်း၏သားတော် (ဥဒယဘဒ္ဒ)မင်းသား၏ လုပ်ကြံမှုကြောင့် ကွယ်လွန်ရ၏။ အဇာတသတ်မင်း နန်းတက်၍ ရှစ်နှစ်မြောက်၌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူ၏။

(ပါရာဇိကဏ်-အဋ္ဌကထာ မှ)

*

## ၈၈။ အဇာတသတ်မင်း အဝီစိငရဲ ကျသလား

ပဉ္စနန္တရိယကံကို ပြုမိသူတို့သည် သေသည်၏ အခြားမဲ့၌ အဝီစိငရဲတွင်ကျခံရမြဲ ဖြစ်ကုန်၏။ ထိုကံကို(အနန္တရိယကံ) ဟူ၍ လည်း ခေါ်၏။

အဇာတသတ် မင်းကြီးသည် အဘဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို ဖြစ်မှားမိသော(ပိတုဃာတက)ကံရှိပါလျက် အဝီစိငရဲ၌ မခံရပါ။ အဘယ်ကြောင့်ဆိုသော်—

အဇာတသတ်မင်းသည် ပုထုဇဉ် ပုဂ္ဂိုလ်တို့တွင် ဘုရားရှင်၌ သဒ္ဓါခြင်း၊ မြတ်နိုးခြင်း၊ ကြည်ညိုခြင်း ပြင်းပြရာတွင် ၎င်းနှင့်တူသူ မရှိသောကြောင့်ဖြစ်၏။

သို့သော်—

လောဟကုမ္ဘီငရဲ၌ အနှစ် ခြောက်သောင်းတိုင်အောင် ခံရ၏။ ထိုငရဲမှလွတ်လျှင် (ဝိဇိတာဝီ) မည်သော ပစ္စေကဗုဒ္ဓါဖြစ်မည့်သူတည်း။

**မှတ်ချက်။** ။သီဟဗာဟုမင်းသည် အဘ ဖြစ်သော ခြသေ့်မင်းကို လေးနှင့်ပစ်သတ်၏။ သို့သော် ဇာတ်တူသူ မဟုတ်သောကြောင့် ပိတုဃာတကကံသို့မရောက်ဟုဆို၏။

(လုံးတော် ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်းမှ)

*

## ၇၉။ အဘသတ်မင်းမျိုး ငါးဦး

၁။ အဇာတသတ်မင်း ဘခင်ဗိမ္ဗိသာရမင်းကြီးကိုသတ်၏။
၂။ ဥဒယဘဒ္ဒမင်း ဘခင် အဇာတသတ်ကို သတ်၏။
၃။ မဟာကုဏ္ဍိကမင်း ဘခင် ဥဒယဘဒ္ဒ ကို သတ်၏။

၄။ အနုရုဒ္ဓါမင်း ဘခင် မဟာမုဏ္ဍိကမင်းကို သတ်၏။
၅။ နာဂဒါသမင်း ဘခင် အနုရုဒ္ဓါကို သတ်၏။
ဤသို့သော သူတ-ထူးကိုလည်း မှတ်ယူကြသင့်ရာ၏။

*

## ၉၀။ မလ္လိကာဒေဝီ

ဂေါတမ ရှင်တော်ဘုရား လက်ထက်၌ သာဝတ္ထိပြည်တွင် ပန်းသည်ကြီးတဦးရှိ၏။ ထိုပန်းသည်ကြီးတွင် ဆယ့်ခြောက်နှစ်အရွယ် သတို့သမီးတဦးရှိ၏။

တနေ့သောအခါ—

ထိုသတို့သမီးသည် မိမိတို့ပန်းဥယျာဉ်သို့ သွား၏။ လမ်းခရီးတွင် ဘုရားရှင်နှင့်တွေ့၍ မိမိ၌ပါလာသော ပဲမုန့် သုံးဆုပ်ကို ကပ်လှူ၏။ ဘုရားရှင်သည် နတ်တို့လှူအပ်သော သပိတ်ဖြင့် ခံယူတော်မူ၏။

သတို့သမီးသည် ဘုရားရှင် အလှူခံတော် မူသည်ကို ပီတိဖြစ်၍ ကြည်နူးနေ၏။ စေတနာ သဒ္ဓါတရား ပိုမိုပွားများနေမိ၏။

ထိုနေ့၌ပင်လျှင်—

သာဝတ္ထိပြည်ကို အုပ်စိုးသော ကောသလမင်းကြီးသည် တိုင်းခန်းလှည့်လည်ရင်း တောလမ်းခရီး၌ ထိုသတို့သမီးကို တွေ့မြင်ရလေ၏။ လွန်စွာနှစ်သက်ပြီး နန်းတော်သို့ ခေါ်သွား၍ မိဖုရား အရာ၌ထားပြီး (မလ္လိကာဒေဝီ)ဟု အမည်တွင်စေ၏။

ဤသည်လျှင် ဘုရားရှင်အား အနည်းငယ်မျှသော ပဲမုန့် သုံးဆုပ်ကို လှူရသောကောင်းမှုကြောင့်(ဒိဋ္ဌဓမ္မ)အကျိုးပေးပြီး ကောသလမင်းကြီး၏ မလ္လိကာဒေဝီ မိဖုရားကြီး ဖြစ်ရလေ၏။

ထို့ကြောင့် ဒါနဟူသော မျိုးစေ့ကောင်းကို နည်းသည် ဟူ၍ အမှတ်မထားသင့်။ မိမိစည်းစိမ်ချမ်းသာ၏ အင်အားနှင့် လျော်စွာ အလှူဒါနကို ပြုကုန်ရာသည်ဟု သုတ္တန်ဒေသနာ၌ ဟောကြားတော်မူ၏။

*

၉၁။ မဟာလ္လတာတန်းဆာ ဝတ်ရသူ အမျိုးသမီးသုံးဦး

၁။ ကျောင်းအမကြီး ဝိသာခါ။

၂။ ဗန္ဓုလစစ်သူကြီး၏ မယား မလ္လိကာမိဖုရား။

၃။ ဗာရာဏသီသူဌေး၏သမီး သုမန။

*

၉၂။ မဟာလ္လတာတန်းဆာ လုပ်ရပုံ

၁။ ရွှေစင် တသိန်း

၂။ ဝဇီရစိန် လေးကွမ်းစား

၃။ ပုလဲ တဆယ့်တကွမ်းစား

၄။ သန္တာ တကွမ်းစား

၅။ ပတ္တမြား သုံးဆယ့်သုံးကွမ်းစား

၆။ တန်ဘိုး ကိုးကုဋေထိုက်တန်၏။

၇။ ပန်းတိမ်ဆရာ ငါးရာနှင့် လုပ်ရ၏။

၈။ လက်ခငွေ တသိန်းပေးရ၏။

၉။ လုပ်ရက် လေးလလုပ်မှ ပြီး၏။

**မှတ်ချက်။** ။ကွမ်းစားဆိုရာ၌ စလယ်ကွမ်းစား- ပြိကွမ်းစား နှစ်မျိုးရှိ၏။ ယခုခေတ် နို့ဆီခွန်နှင့် ဆံနှစ်လုံးကို တစလယ် ခေါ်၏။

(ပုဏ္ဏဝါဒကိတ္တာက ကျမ်းမှ)

*

## ၉၃။ သုရဋ္ဌတိုင်း သုဝဏ္ဏဘူမိ

ယခု အိန္ဒိယပြည်ရှိ (ဂျူနာဂဟာရ်) မြို့သည် ရှေးက-သောနုတ္တရ မထေရ်မြတ်တို့ သာသနာ ပြုတော်မူရာ သုရဋ္ဌတိုင်း သုဝဏ္ဏဘူမိ အမည်ရှိသည် ဆို၏။

မှတ်ယူရန် အကြောင်းမှာ သုဝဏ္ဏဘူမိသည် ကျွန်းဘခုသာ ဖြစ်သည်ဟု ပါရာဇိကဏ် အဋ္ဌကထာ၌ ဟော၏။

ထိုသုဝဏ္ဏဘူမိသို့ သောနုတ္တရ မထေရ်မြတ်တို့သည် ကြွတော်မူကြ၍ ဘီလူးတို့ မဝင်နိုင်အောင် ပရိတ်အရံအတားကိုထားကြပြီးလျှင် (ဗြဟ္မဇာလ) သုတ်ကို ဟောတော်မူလျက် လူအပေါင်းတို့အား သရဏဂုံ၌ တည်စေတော်မူ၏။

ထိုအခါမှာ—

ခြောက်သောင်းသော သူတို့သည် အကျွတ်တရားကိုရကြကုန်၏။ အမျိုးသား (၃၅၀၀) အမျိုးသမီး (၁၅၀၀)တို့သည် ရဟန်းဖြစ်ကုန်ကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာတွင် လာရှိ၏။

ပဉ္စနိပါတ် သုယောနန္ဒီဇာတ်၌ တမ္ဗမည်သော ဗာရာဏသီမင်း၏ စောင်းသမားသည် (ဒါရုကစ္ဆ- သုပ္ပါရက) သင်္ဘောဆိပ်မှ သုဝဏ္ဏဘူမိသို့ လှေဖြင့် သွားကြောင်းကို ဟောတော်မူ၏၊

ကေနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာ၌ ဗာဟိရ လုလင်သည် ဗာဟိရတိုင်းမှ သုဝဏ္ဏဘူမိသို့ သွားရောက်ကြောင်း ကိုလည်း လာရှိ၏။

မဟာဇနက ဇာတ်တော်၌—

စမ္ပါနဂိုရ်ပြည်မှ သုဝဏ္ဏဘူမိသို့ သင်္ဘောသား (၇၀၀) တို့ လာကြောင်းကိုလည်း ဆိုတော်မူ၏။ သိဟိုဠ်ကျွန်း ဇမ္ဗုကောလ သင်္ဘောဆိပ်မှ သုရဋ္ဌတိုင်း သုဝဏ္ဏဘူမိသည် ယူဇနာ(၇၀၀) ဝေးကြောင်းကို ကေနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာ၌ဟောတော်မူ၏။ ဤကား ပါဠိစကားဖြင့် ဆိုအပ်သော စကားတည်း။

အိန္ဒိယပြည် (ဂူဂျာရတီ) နယ်တွင် (အဟမဒါဗါဒ်) မြို့တော်နှင့် (စမ္ပတ်) အမည်ရှိသော မြို့၏ အကြား၌ရှိနေသော

(ခေရာ) ဟူသော မြို့သည်ကား ရှေးကာလ၌ (ဝလဘီ) အမည်ဖြင့် ထင်ပေါ်ခဲ့သည်ဆို၏၊

၎င်းမြို့မှ အနောက်ဘက်သို့ (ဟူယိဉ်ဆင်) အမည်ရှိသော တရုပ်ဘုန်းတော်ကြီးသည် လီပေါင်း (၅၀၀) မိုင်အားဖြင့် (၈၃) မိုင်ကျော်ခန့်သွားလျှင် သုရဋ္ဌတိုင်း သုဝဏ္ဏဘူမိသို့ ရောက်ကြောင်း (ခြောက်လီ= တမိုင်)။

တိုင်းပြည်သည် စတုရန်းမိုင် (၆၆၆) မိုင်ကျော်ခန့်ရှိ၏။ မင်းနေပြည်တော်မှာ စတုရန်း (၅) မိုင်မျှသာ ရှိကြောင်း (မာဟီနဒီ) သည် မြို့၏ အနောက်ဘက်သို့ စီးဆင်းနေကြောင်း ပြည်တော်၌ မဟာယနဂိုဏ်းဝင် ရဟန်းတော် (၃၀၀၀) မျှ သီတင်းသုံးရာ ကျောင်းတိုက် (၅၀)ရှိကြောင်း။

၎င်းပြင် ဗာသာအမျိုးမျိုးနှင့်ဆိုင်ရာ နတ်ကွန်းများလည်း (၃၀၀)မျှရှိကြောင်း၊ အနောက်ဘက် သမုဒ္ဒရာနှင့် နီးစပ်ခြင်းကြောင့် လေ့သင်္ဘောတို့ ကူးသန်းရောင်းဝယ်ခြင်းမှာ များကြောင်း၊ မြို့၏ မနီးမဝေး၌ (ဥဇ္ဇန္တာ) ခေါ်သော ရှေးအမည်ဟောင်း တောင်ပေါ် ကျောင်းတိုက် တခုလည်း ရှိကြောင်း—

၎င်းကျောင်းတိုက်ရှိ တိုက်ခန်းတို့မှာ။

များသောအားဖြင့် တောင်ကို ဖောက်၍ ပြုလုပ်ထားကြောင်း တောင်မှ စမ်းရေစီးနေခြင်းကြောင့် ရသေ့ ရဟန်းတို့ မွေ့လျော်ပျော်မွေ့ဘွယ် ကောင်းကြောင်း ဤသို့လျှင် (ဟူယိဉ်

ဆင်)ကျမ်း၌ ပါရှိ၏။ (ဂျူနာဂဟာရ်) မြို့ကိုလည်း ရှေးက သုရဋ္ဌတိုင်း သုဝဏ္ဏဘူမိ ဟု မှတ်ယူရန်လည်း ဖေါ်ပြထား၏။

ယခုရှိနေပုံ အခြေအနေမှာ—

မြို့တံတိုင်းတို့ဖြင့် ဝိုင်းကာလျက်ရှိ၏။ မြို့တွင်း မြို့ပြင်၌ ဓမ္မာရုံများ၊ စရပ်များ၊ အလှူစရပ်များရှိ၏၊ ယခုအခါ ပြည်နယ်ကို မူဆလမန် စော်ဘွားများက အုပ်ချုပ်ထား၏။ ဥယျာဉ် ရေတွင်း ရေကန်တို့ဖြင့် လှပတင့်တယ်စွာ ရှိနေသည်ဆို၏။

*

## ၉၄။ ကောသလမင်း အိပ်မက်များ

ဂေါတမ ရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူစဉ်—

သာဝတ္ထိပြည်ကို အစိုးရသူ မဟာ ကောသလမင်းကြီး၏ သားဖြစ်သော–ပသေနဒီ ကောသလမင်းကြီးသည် တညသော မိုးသောက်ယံ၌ ဆန်းကြယ်၍ ကြောက်မက်ဘွယ် ကောင်းလှသော အိပ်မက်ကြီး (၁၆)ခုကို မြင်မက်ပြီး လန့်၍နိုးလေ၏။

နံနက်လင်းသောအခါ မူးမတ် ပုဏ္ဏား ပညာရှိတို့နှင့် ထို အိပ်မက်ကြီးများ အကြောင်းကို ညှိနှိုင်းဆွေးနွေးမှု ပြုကြ၏။

သို့သော် မလ္လိကာဒေဝီ မိဖုရားကြီး၏ အကြံပေးတိုက်တွန်းချက်အရ မင်းကြီးသည် ဘုရားရှင်ကို လျှောက်ထားနိုင်ရန် အတွက် ထိုနေ့ နံနက်စောစော၌ပင် ဘုရားရှင်ရှိရာ ကျောင်း

တော်သို့သွားပြီး ဘုရားရှင်၏ အနီး၌ ဦးချ၍ထိုင်လေ၏၊ ထို အခါ ဘုရားရှင်က ဤသို့မေးတော်မူ၏။

"တကာတော်မင်းမြတ်

ယနေ့နံနက် စောစောဖြင့် မည်သည့် ကိစ္စအတွက် ကျောင်းတော်သို့ လာရောက်ဘိသနည်း"

"မှန်လှပါဘုရား—

ဘုရားတပည့်တော်သည် ညက မိုးသောက်ယံတွင် ဆန်းကြယ်၍ ကြောက်မက်ဘွယ်ကောင်းသော အိပ်မက်ကြီး (၁၆) ခုကို မြင်မက်ပါ၍ လွန်စွာ ကြောက်ရွံ့ စိုးရိမ်နေပါ၏။ ထိုအိပ်မက်၏ အကောင်းအဆိုးတို့ကို သိလိုပါ၍ အရှင်ဘုရားထံ လာရောက်ခြင်း ဖြစ်ပါ၏။ အဓိပ္ပါယ်များကို အမိန့်ရှိတော်မူပါဘုရား"

"ကောင်းပြီ ဒကာတော်မင်းမြတ်၊ သင် မြင်မက်သော အိပ်မက်များကို လျှောက်ထားဘိလော့"

## ၁။ ပထမအိပ်မက်

"မှန်လှပါ ဘုရား—

နွားနက်ကြီး လေးကောင်တို့သည် ဝှေ့ကြမည့်ဟန်ဖြင့် အရပ်လေးမျက်နှာမှ ထွက်ပေါ်လာကြပါသည်။ တကောင်နှင့်တကောင် အနီးကပ်သို့ ရောက်သောအခါ မဝှေ့ကြဘဲ ဘေးဖယ်ခွာ သွားကြပါသည် ဟု မြင်မက်ပါသည် ဘုရား"

"ဒကာတော်မင်းမြတ် ဤအိပ်မက်၏ အကျိုးသည် ငါဘုရားနှင့် သင်မင်းကြီး၏ လက်ထက်၌ ဖြစ်ပေါ်မည် မဟုတ်။

နောင်အခါ တရားမစောင့်သော မင်းများနှင့် တရားမစောင့် ဖောက်ပြန်သော လူတို့၏ လက်ထက်၌သာ ဖြစ်ပေါ်လတံ့။

"ထိုအခါ၌ မိုးတို့သည် ရွာတော့မည့်ဟန်ဖြင့် အရပ် လေးမျက်နှာမှ မဲနက်ညိုမှောင်၍ တက်လာပြီး မရွာဘဲပျောက်ကွယ်သွားကုန်လတံ့။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် ဘာမျှ စိုးရိမ်စရာမရှိ။ နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၂။ ဒုတိယအိပ်မက်

"မှန်လှပါဘုရား—

မြေမှပေါက်ခါစ တထွာတမိုက်မျှ ရှိကုန်သော လွန်စွာသေးငယ်ကုန်သော သစ်ပင်ငယ်တို့သည် အရွယ်နှင့် မလိုက်အောင် သီးကြ- ပွင့်ကြကုန်သည်ဟု မြင်မက်မိပါသည်ဘုရား"

"ဒကာတော် မင်းမြတ် ဤအိပ်မက်သည်လည်း ရှေးနည်းအတူပင် ယခုခေတ်၌ ဖြစ်မည်မဟုတ်။ နောင်အခါ လောကကြီးဆုတ်ယုတ်၍ လူတို့သက်တမ်း တိုသောအခါ၌ ဖြစ်လတံ့။

''ထိုအခါ သတ္တဝါတို့သည် ရာဂစိတ် လွန်စွာများပြားသည်ဖြစ်၍ အရွယ်ငယ်ကုန်သော အရွယ်မရောက်သေးသော သတို့သမီးငယ်တို့သည် အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ သားသမီး မွေးဖွားခြင်းများကို ပြုကုန်လတံ့။

''သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် ဘာမျှ စိုးရိမ်စရာမရှိ။ နောက်ထပ် အိပ်မက်တခုကို လျှောက်ထားဘိလော့''

*

## ၃။ တတိယအိပ်မက်

''မှန်လှပါဘုရား–

နွားမကြီးတို့သည် ယနေ့မွေးဖွားစဖြစ်သော နွားမငယ်လေးတို့၏ နို့ကိုစို့ရကုန်သည်ဟု မြင်မက်ပါသည်ဘုရား''

''ဒကာတော်မင်းမြတ်၊ ဤအိပ်မက်သည်လည်း ရှေးနည်းအတိုင်း အတူတူပင်။ ယခုခေတ်၌ဖြစ်မည်မဟုတ် နောင်အခါကျမှ ဖြစ်လိမ့်မည်။

''လူတို့သည် အသက်အရွယ်ကြီးမြတ်သူတို့ကိုင်း၊ မိဘဆရာသမားတို့ကိုင်း၊ ယောက္ခမမိဘတို့ကိုင်၊ ရိုသေထိုက် ပူဇော်ထိုက်သောသူတို့ကိုင်း၊ ရိုသေခြင်း၊ ရှက်ကြောက်ခြင်းတရားမရှိကြကုန်ဘဲ လူငယ်တို့သည် အရာရာ၌ရှေ့ဆောင်ကြကုန်လတံ့။ ကျေးဇူးရှင်မိဘတို့ကို စားရရုံ၊ ဝတ်ရရုံမျှသာ ပေးကမ်းကြ

ကုန်လတုံ့။ လုံ့ဝမကျေးဘဲ မမွေးဘဲသော်လည်း နေတတ်ကြ ကုန်လတ္တံ့။

"ထို့ကြောင့် လူကြီးမိဘဆရာသမားတို့သည် အားထားရာ မရှိ၍ မိမိတို့၏ သားငယ်သမီးငယ်တို့ထံ၌သာ ချော့မော့ ကပ် ရပ်၍ နေထိုင်ကြရကုန်လတ္တံ့။

သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် ဘာမျှစိုးရိမ်စရာမရှိ။ နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၄ ။စတုတ္ထအိပ်မက်

"မှန်လှပါဘုရား—

ကိုယ်ခန္ဓာကြီးမား၍ တာဝန်ကို ထမ်းဆောင်နိုင်မည့် နွား ကြီးများကို ဖယ်ရှားပြီး တာဝန်ကိုမထမ်းဆောင်နိုင်မည့် နွား ပေါက် နွားငယ်လေး များကိုသာ လှည်း၌ တပ်ပြီး ရှုန်းစေ ပါသည်။

"ထိုနွားငယ်လေးတို့သည် ကြီးမားသောတာဝန်ကိုမရုန်းနိုင် ကြသဖြင့် လှည်းဘီးကိုမရွေ့စေနိုင်ဘဲ ကျောက်ကန်၍ ယက် ကန်ယက်ကန်ဖြင့် ပင်ပမ်းပြီးနေကြရသည်ဟု မြင်မက်မိပါသည် ဘုရား"

"ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခုခေတ်၌ ဖြစ်ပေါ်မည် မဟုတ်၊ နောင်အခါ တရားမစောင့် ကုန်သော မင်းတို့၏ လက်ထက်၌သာ ဖြစ်ပေါ်လတ္တံ့"

"ထိုမင်းတို့သည်—

အစဉ်အလာအားဖြင့် ဉာဏ်ပညာ အမြော်အမြင် ရှိကုန်သော မင်းမှုကိစ္စအဝဝကို ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ကုန်သော ပညာရှိမှူးမတ်တို့ကို စည်းစိမ်ရာထူးမပေးဘဲဖြစ်ကုန်လတ့်။ တရားရုံးတို့၌ ထိုပညာရှိမှူးမတ်တို့ကို မခန့်အပ်ဘဲထားကုန်လတ့်။

"အလှူနှင်ယယ်ကုန်သော သူတို့အားသာ ရာထူးစည်းစိမ်ကိုပေးလတ့်။ ထိုသူငယ်တို့ကိုသာ တရားရုံးစသည်တို့၌ ခန့်ထားကုန်လတ့်။ ထိုသူငယ်တို့သည် အရာရာ၌ နှိုင်းချိန်ဆုံးဖြတ်နိုင်သော ဉာဏ်ပညာနည်းပါးကုန်သည်ဖြစ်၍ မင်းမှုကိစ္စအဝဝကို ဆောင်ရွက်ခြင်းငှာ မတတ်နိုင်သည်ဖြစ်ကုန်လတ့်။

"ထိုသို့မတတ်နိုင်၍ အမှုန်တရားတို့ကို စွန့်ပယ်ကြကုန်လတ့်။ အစဉ်အလာအားဖြင့် ဉာဏ်ပညာကြီးကုန်သော ပညာရှိကြီးတို့သည်ကား ငါတို့၌တာဝန်မရှိကြကုန်၊ တာဝန်ရှိသော လူငယ်တို့သာလျှင် ဖြေရှင်းပေးကုန်လတ့်ဟု ကွင်းရှောင်၍နေကြကုန်လတ့်။

"ဤသို့လျှင်—

ထိုတရားမစောင့်သော မင်းတို့၌သာ အရာရာ၌ဆုတ်ယုတ်လတ့်။ သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ။ နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၅။ ပဥ္စမအိပ်မက်

"မှန်လှပါဘုရား—

"ဦးခေါင်းနှစ်လုံးရှိသောမြင်းတကောင်သည် ဘေးနှစ်ဖက်၌ ရှိသော အစားအစာတို့ကို ပါးစပ်နှစ်ခုဖြင့်စားသည်ကို မြင်မက်ပါသည်ဘုရား"

"ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခုခေတ်၌ ဖြစ်ပေါ်မည်မဟုတ်။ နောင်အခါ မကောင်းမှုကို လိုက်စားသော မင်းတို့၏လက်ထက်၌သာ ဖြစ်လတ့်။

"မနောင်အခါ တရားမစောင့်သောမင်းတို့သည် ကိုယ်ကျင့်တရား ညံ့ဖျင်းသူတို့ကိုသာ တရားရုံးတို့၌ လူကြီးအရာတို့၌ ခန့်ထားလတ့်။

"ထိုသူယုတ်မာတို့သည် တရားရုံး၌ အမှုကိုဆုံးဖြတ်သော အခါ နှစ်ဖက်သောသူတို့ထံမှ အစာကိုယူ၍ စားကြကုန်လတ့်။

"သင်မင်းကြီးအားထိုအိပ်မက်ကြောင့်စိုးရိမ်စရာမရှိ။နောက် အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၆။ ဆဋ္ဌမအိပ်မက်

"မှန်လှပါဘုရား—

"လူတို့သည် အဘိုးတသိန်းထိုက်တန်သော ရွှေခွက်ကို ဆေးကြောပြီး "ထိုရွှေခွက်၌ ကျင်ငယ်စွန့်ကြပါလော့"ဟု မြေခွေး တကောင်ကိုပေးပါ၏။

"ထိုမြေခွေးသည် ထိုရွှေခွက်၌ ကျင်ငယ်စွန့်နေသည်ကို မြင်မက်ပါသည်ဘုရား"

"ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခုလက်ထက်၌ ဖြစ်ပေါ်မည်မဟုတ်။ နောင်အခါ၌သာဖြစ်လတ့်။

"နောင်အခါ၌ တရားမစောင့်သော မင်းတို့သည် အမျိုးမြတ်သူတို့အား ရာထူးစည်းစိမ်မပေးဘဲ အမျိုးယုတ်သူတို့ကိုသာ လူကြီးအရာ၌ထား၍ ရာထူးစည်းစိမ်များပေးလတ့်။

"ထိုအခါ အမျိုးမြတ်သူတို့သည် ဆင်းရဲပင်ပမ်းစွာ လုပ်ကိုင်စားသောက်ရလတ့်။ အမျိုးယုတ်သူတို့သာ ချမ်းသာကြွယ်ဝ၍ အစိုးရကုန်လတ့်။

"ထိုအခါ ဆင်းရဲစွာနေကြရကုန်သော အမျိုးမြတ်သူတို့သည် အမျိုးယုတ်သူတို့ကိုသာ အမှီပြု၍ အသက်မွေးကြရကုန်လတ့်။ ထိုအမျိုးယုတ်သူတို့အား အမျိုးမြတ်သူတို့က မိမိတို့၏သမီးငယ်များကို ပေးကြရကုန်လတ့်။

"ထို့ကြောင့် အမျိုးမြတ်သော သမီးငယ်တို့သည် အမျိုးယုတ်သူတို့နှင့် အိမ်ထောင်ပြုကြရကုန်လတ့်။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ။ နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၇။ သတ္တမအိပ်မက်

"မှန်လှပါဘုရား–

"ယောကျ်ားတယောက်သည် လွန်ကြိုးများကိုကျစ်ပြီး မိမိ ထိုင်နေသော (ခုံ-ကုတင်)အောက်သို့ချ၏။ ထိုကုတင်အောက်၌ နေသော မြေခွေးမသည် အောက်သို့ကျလာသမျှသော လွန်ကြိုး တို့ကို ယောကျ်ားမသိအောင် ခိုး၍စားပစ်သည်ဟု မြင်မက်ပါ သည် ဘုရား"

"ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခုလက် ထက်၌ ဖြစ်မည်မဟုတ်။ နောင်အခါ တရားမစောင့်သောမင်းနှင့် လူတို့ လက်ထက်၌သာ ဖြစ်လတံ့။

"နောင်အခါ အချို့သောမိန်းမတို့သည် မိမိလင်ယောကျ်ား မသိအောင် သစ္စာပျက်ပြီး မိမိ၏ ကိုယ်ကျင့်တရားကိုဖျက်ဆီး၍ အကျင့်သီလမရှိဖြစ်လတံ့။

"ထိုမိန်းမမျိုးတို့သည် မိမိလင်ယောကျ်ား အမျိုးမျိုးရှာဖွေ စုဆောင်းထားသော ပစ္စည်းဥစ္စာတို့ကို ယောကျ်ား အငယ် အနှောင်းတို့ဖြင့် မူးရူးပျော်ပါးကြလတံ့၊ အမျိုးမျိုးသော စား သောက်ဘွယ်ရာများကို လင်ကြီးမသိအောင် ခိုးယူချက်ပြုတ် ဝယ်ခြမ်းစားမှုကို ပြုကြကုန်လတံ့။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ၊ နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၈။ ဆဋ္ဌမ အိပ်မက်

''မှန်လှပါဘုရား နန်းတော်တံခါး၌ ရေမရှိသောအိုးတို့ဖြင့် ခြံရံအပ်သည့် ရေအပြည့်ရှိသောအိုးကြီးတလုံးကို လူအပေါင်းတို့သည် ရေတို့ဖြင့် အရပ်လေးမျက်နှာမှလာပြီး ထိုရေပြည့်နေသော အိုးကြီးထဲကိုသာ လျှံကျနေအောင်လောင်းကြပါသည်၊ ရေမရှိသော အိုးတို့ကိုမူ မည်သူကမျှ ဂရုမစိုက်ဘဲနေကြသည်ကို မြင်မက်မိပါသည်ဘုရား''

''တကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခုလက်ထက်၌ဖြစ်မည်မဟုတ်။ နောင်အခါ၌သာလျှင် ဖြစ်ပေါ်လတ့ံ။

''နောင်အခါ လူတို့သည် အမျိုးမျိုး ဆုတ်ယုတ်ကုန်သည် ဖြစ်လတ့ံ၊ တိုင်းနိုင်ငံသည် ဩဇာမရှိဖြစ်လတ့ံ၊ ပြည့်ရှင်မင်းတို့သည်ဆင်းရဲကုန်လတ့ံ၊ဘဏ္ဍာတိုက်ကြီးတို့၌ အသပြာသည် အထူးနည်းပါးကုန်လတ့ံ။

''ထိုအခါ ပြည့်ရှင်မင်းတို့သည် ဆင်းရဲကုန်သည်ဖြစ်၍ မိမိတို့၏ အမှုကိစ္စများကို လူတို့အားသာ ခိုင်းစေလတ့ံ၊ လူတို့သည်လည်း မင်းမှုကိစ္စတို့ကိုသာ ဆောင်ရွက်ပေးနေကြရသဖြင့် မိမိတို့၏အမှုကိစ္စများကို မဆောင်ရွက်နိုင်ဘဲ ရှိကုန်လတ့ံ၊ ပြည့်ရှင်မင်း၏ ဘဏ္ဍာတိုက်ကြီးကိုသာ ပြည့်စေကုန်လတ့ံ။

''မိမိတို့၏ ပစ္စည်းဥစ္စာထားသည့်နေရာများကိုမူ ပြန်လည်၍ မကြည့်နိုင်ကုန်သည် ဖြစ်လတ့ံ။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ နောက်အိပ်မက်ကိုသာ လျှောက်ထားဘိလော့"

*

## ၉။ နဝမအိပ်မက်

"မှန်လှပါဘုရား—

ကြာမျိုးငါးပါးရှိ၍ အလွန်နက်စွာသော အိုင်ကြီးတခုရှိပါ၏။ ထိုအိုင်ကြီးသို့ တိရစ္ဆာန်အပေါင်းတို့သည် ရေလာသောက်ကြပါ၏။

"ထိုရေကန်ကြီး၏ အနက်ဆုံးသောရေလယ်ခေါင်၌ ရေတွေလွန်စွာမှ နောက်နေပါ၏။တိရစ္ဆာန်များရေသောက်ရာဖြစ်သော ကမ်းနားစပ်၌ ရေတွေလွန်စွာမှကြည်လင်နေပါ၏ဟု မြင်မက်ပါသည်ဘုရား"

"တကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ဖြစ်ပေါ်မည်မဟုတ် နောင်အခါ၌သာဖြစ်လတ္တံ့။

"နောင်အခါမင်းတို့သည် တရားမစောင့် ကိုယ်နှုတ်လွန်စွာ ယုတ်ညံ့ကုန်သည်ဖြစ်လတ္တံ့၊ အဂတိအမျိုးမျိုး လိုက်စားကြကုန်လတ္တံ့၊ဘုရင်တဆူကဲ့သို့ မင်းမူကြကုန်လတ္တံ့၊မှန်ကန်ခြင်းမရှိသော တရားဆုံးဖြတ်မှုကိုသာ ပြုကြကုန်လတ္တံ့၊တန်စိုးလက်ဆောင်များစွာ စားကြကုန်လတ္တံ့၊လူအပေါင်းတို့ကို ကြင်နာသနားမှု နည်းပါးကုန်လတ္တံ့၊အကြောင်းအမျိုးမျိုးကြောင့်အခွန်အမျိုးမျိုးယူကုန်လတ္တံ့။

"လူအပေါင်းတို့သည် ထိုတာဝန်အရပ်ရပ်ကို မထမ်းဆောင်နိုင်ကြသဖြင့် မြို့ရွာနိဂုံးတို့ကိုစွန့်လွှတ်ပြီး ရပ်စွန့်ပြည်နားသို့သွား၍ နေကြကုန်လတံ့။ တိုင်းပြည်၏အလယ်သည် ဆိတ်ငြိမ်၍နေလတံ့၊ အရပ်စွန်ပြည်နားလူများစွာ စည်ကားနေသည်ဖြစ်လတံ့။

"သင်မင်းကြီးအား- ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၁၀။ ဒသမ အိပ်မက်

"မှန်လှပါဘုရား—

"ထမင်းအိုးတလုံးတည်းဖြင့် ချက်သောထမင်းသည် ထိုအိုးမျိုးထဲ၌ပင် သုံးမျိုးဖြစ်နေပါသည်။

"ထမင်းတမျိုးမှာ လွန်စွာပျော့နေပါသည်။

"ထမင်းတမျိုးမှာ ကျက်နပ်မှုမရှိပါ။

"တမင်းတမျိုးမှာ ကောင်းစွာကျက်နပ်နေပါသည် ဟု မြင်မက်ပါသည်ဘုရား"

"တကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ ဖြစ်ပေါ်မည်မဟုတ် နောင်အခါ၌သာ ဖြစ်လတံ့။

"နောင်အခါ မင်းတို့သည် တရားမစောင့်ကုန်သည် ဖြစ်လတံ့၊ ထိုသို့မင်းသည် တရားမစောင့်သော် မင်းမှုးမတ်တို့သည်

ရင်း၊ သူဌေးသူကြွယ်တို့သည်ရင်း၊ လူအပေါင်းတို့သည်ရင်း၊ ရဟန်းပုဏ္ဏားတို့သည်ရင်း၊ တရားမစောင့်သောသူ မတရားသူ တွေသာဖြစ်ကုန်လတံ့။

"ထိုသို့ တရားမစောင့်သော မင်းတို့၏တိုင်းပြည်၌ လေတို့သည် မညီမညွတ်ပြင်းထန်စွာတိုက်ကုန်လတံ့၊ မိုးတို့သည် ခေါင်ကုန်လတံ့၊ရွာသော်လည်း စိုက်ပျိုးမှုကို ကျေးဇူးပြုအောင် မရွာလတံ့၊ မညီမညွတ်ရွာလတံ့။

"တခုသောအရပ်၌ စိုက်အပ်သော အသီးအနှံတို့သည် မိုးရွာလွန်း၍ ပျက်စီးကုန်လတံ့။

"တခုသော အရပ်၌ စိုက်အပ်သော အသီးအနှံတို့သည် မိုးကောင်းသဖြင့် အောင်မြင်ကုန်လတံ့၊ ထို့ကြောင့် တအိုးထဲ၌ ထမင်းသုံးမျိုးဖြစ်လတံ့။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ နောက်အိပ်မက်ကို လျှောက်ထားလော့"

*

## ၁၁။ ကောဒသမအိပ်မက်

"မှန်လှပါဘုရား—

"အဘိုးတသိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်ဘက်ရည်ပုပ်ဖြင့် (ရက်လွန်သော အရည်ပုပ်ဖြင့်) ရောင်းစားသည်ကို မြင်မက်ပါသည်ဘုရား"

"တကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ ဖြစ်မည်မဟုတ် နောင်အခါ၌သာ ဖြစ်လတံ့။

"နောင်အခါ၌ အကျင့်ပျက်ရဟန်းတို့သည် ပေါများကုန်လတံ့၊ ပစ္စည်းလေးပါး (ကျောင်း-သင်္ကန်း-ဆွမ်း-ဆေး) တို့၌ လော်လည်တပ်မက်ကုန်လတံ့၊ငါဘုရားဟောကြားခဲ့သော တရားတို့ကို ဖျောက်ဖျက်ကုန်လတံ့။နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို ကောင်းစွာမဟောနိုင်ဖြစ်ကုန်လတံ့၊ ပစ္စည်းလေးပါး အသုံးအဆောင်ကို ရလိုမှုဖြင့် လူအပေါင်းတို့ကို တရားဟောကုန်လတံ့။ထိုဟောကြားသော ရဟန်းတို့သည် အဘိုးတာသိန်း ထိုက်တန်သော စန္ဒကူးနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစားသကဲ့သို့ ဖြစ်ကုန်လတံ့။

"သင်မင်းကြီးအားထိုအိပ်မက်ကြောင့်စိုးရိမ်စရာမရှိ။နောက်အိပ်မက်ကို လျှောက်ထားဘိလော့"

*

## ၁၂။ ဒွါဒသမအိပ်မက်

"မှန်လှပါဘုရား—

အချိုးနှိုးသော ဗူးတောင်းတို့သည် ရေ၌ နစ်မြုပ်ကြကုန်သည်ဟု မြင်မက်ပါသည်ဘုရား"

"ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ ဖြစ်ပေါ်မည်မဟုတ်။ နောင်အခါ၌သာ ဖြစ်လတံ့"

ရင်း၊ သူဌေးသူကြွယ်တို့သည်ရင်း၊ လူအပေါင်းတို့သည်ရင်း၊ ရဟန်းပုဏ္ဏားတို့သည်ရင်း၊ တရားမစောင့်သောသူ မတရားသူတွေသာဖြစ်ကုန်လတံ့။

"ထိုသို့ တရားမစောင့်သော မင်းတို့၏တိုင်းပြည်၌ လေတို့သည် မညီမညွတ်ပြင်းထန်စွာတိုက်ကုန်လတံ့၊ မိုးတို့သည် ခေါင်ကုန်လတံ့၊ရွာသော်လည်း စိုက်ပျိုးမှုကို ကျေးဇူးပြုအောင် မရွာလတံ့၊ မညီမညွတ်ရွာလတံ့။

"တခုသောအရပ်၌ စိုက်အပ်သော အသီးအနှံတို့သည် မိုးရွာလွန်း၍ ပျက်စီးကုန်လတံ့။

"တခုသော အရပ်၌ စိုက်အပ်သော အသီးအနှံတို့သည် မိုးကောင်းသဖြင့် အောင်မြင်ကုန်လတံ့၊ ထို့ကြောင့် တအိုးထဲ၌ ထမင်းသုံးမျိုးဖြစ်လတံ့။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ နောက်အိပ်မက်ကို လျှောက်ထားလော့"

*

## ၁၁။ ကောသသမအိပ်မက်

"မှန်လှပါဘုရား—

"အဘိုးတသိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် (ရက်လွန်သော အရည်ပုပ်ဖြင့်) ရောင်းစားသည်ကို မြင်မက်ပါသည်ဘုရား"

ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ ဖြစ်ပေါ်မည် မဟုတ်။ နောင်အခါ၌သာ ဖြစ်လတ္တံ့။

''နောင်အခါ တရားမစောင့်ကုန်သောမင်းတို့သည် အမျိုးယုတ်သူတို့ကိုသာ စည်းစိမ်ရာထူး ပေးကုန်လတ္တံ့။ ထိုအမျိုးယုတ်သူတို့သည် ဌာနဆိုင်ရာအားဖြင့် ပိုင်သ၍ လွှမ်းမိုး၍ အစိုးရကုန်လတ္တံ့။ အမျိုးကောင်းသား တို့သည်လည်း ဆင်းရဲဒုက္ခရောက်ကုန်လတ္တံ့။ ထိုအမျိုးကောင်းသားတို့ကို မည်သူကမျှ ရိုသေမှု မပြုကြကုန်လတ္တံ့။ အမျိုးယုတ်သူတို့ကိုသာလျှင် ရိုသေမှု ပြုကြကုန်လတ္တံ့။

''ကျောက်ဖျာကြီးနှင့် တူသော အမျိုးကောင်းသား တို့၏ စကားသည် ရေအောက်သို့ဝင်၍ တည်ကုန်လတ္တံ့။ ထိုအမျိုးကောင်းသားတို့ စကားပြောသော အခါတွင် အမျိုးယုတ်သူတို့က—

''သည်လူတွေက ဘာစကားတွေ ပြောနေကြတာလဲ''ဟု စသည်ဖြင့် ပျက်ရယ်မှု လှောင်ပြောင်မှု ပြုကြကုန်လတ္တံ့။

''သံဃာတို့၌လည်း ရဟန်းမြတ်တို့ကိုရိုသေရကောင်းမှန်းမသိဖြစ်ကုန်လတ္တံ့။ ရဟန်းမြတ်တို့၏ စကားသည် ပရိသတ်တို့အလယ်၌ မတည်သည်ဖြစ်လတ္တံ့၊ အပေါ်ယံ အပရိကဖြစ်၍ ပျောက်ကွယ်သွားလတ္တံ့။ ကျောက်ဖျာကြီး ရေ၌ ပေါ်သကဲ့သို့ ဖြစ်လတ္တံ့။

''သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ။ နောက်အိပ်မက်ကို လျှောက်ထားဘိလော့''

*

## ၁၄။ စုဒ္ဒသမအိပ်မက်

"မှန်လှပါဘုရား—

အလွန်သေးငယ်လှသော (ဖားငယ်မ) သေးသည် အလွန်ကြီးမားသော မြွေဟောက်ကြီးကို လျှင်မြန်စွာ ဖမ်းယူပြီး ကြာရိုးကြာစွယ်ကဲ့သို့ ဖြတ်၍ဖြတ်၍ စားပြီး မျိုနေသည်ကို မြင်မက်ပါသည်ဘုရား"

"ဒကာတော် မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ ဖြစ်မည်မဟုတ်။ နောင်အခါ၌သာ ဖြစ်လတံ့။

"နောင်အခါ လူတို့သည် (ဝိသမလောဘ) ပွားများပြီး ပြင်းထန်သော ရာဂတရားတို့ ဖြစ်ပွားလတံ့။ ကိလေသာ အလိုသို့ လိုက်၍ မယားငယ်တို့ကို ယူကြကုန်လတံ့။ မယားငယ်တို့၏ ဆူပူကြိမ်းမောင်းမှုတို့ကို ထိုယောကျာ်းကြီးတို့သည် ခံကြရကုန်လတံ့။ မယားငယ်တို့သည် ယောကျာ်းကြီးတို့ကို ကျွန်ကဲ့သို့ ချုပ်ကိုင်ကုန်လတံ့။ ထို့ကြောင့် ဖားငယ်တို့သည် မြွေဟောက်ကြီးတို့ကို စားသကဲ့သို့ ဖြစ်ကုန်လတံ့။

"သင်မင်းကြီးအား ထိုအိပ်မက်ကြောင့် စိုးရိမ်စရာမရှိ။ နောက်အိပ်မက်ကို လျှောက်ထားလော့"

*

## ၁၅။ ပန္နရသမအိပ်မက်

"မှန်လှပါဘုရား—

ကျီးယုတ်မာကို ရွှေအဆင်းရှိသော ဟင်္သာအပေါင်းတို့က ခြံရံခစား၍ နေသည်ကို မြင်မက်ပါသည်ဘုရား"

''ဒကာတော်မင်းမြတ် ဤအိပ်မက်သည်လည်း ယခု လက်ထက်၌ ဖြစ်မည်မဟုတ်။ နောင်အခါ၌သာ ဖြစ်လတံ့။

''နောင်အခါ၌အင်အားမရှိ၊ပညာမတတ်သောမင်းတို့သည် ဖြစ်လတံ့။ ထိုမင်းတို့သည် စစ်တိုက်ရာ၌ မိမိကိုယ်တိုင် မတိုက်ရဲကုန်သည် ဖြစ်လတံ့။ ထိုအခါ မိမိ၏ စည်းစိမ်နှင့် တိုင်းပြည်ကို ပျက်စီးမှာ စိုးရိမ်သည်ဖြစ်လတံ့။ မိမိနှင့်တူသော အမျိုးကောင်းသားတို့အား ရာထူးစည်းစိမ် မပေးဘဲ ရှိလတံ့။ အမျိုးယုတ်သူတို့ကိုသာလျှင် ပေးကုန်လတံ့။

''အမျိုးကောင်းသားတို့သည် မင်းထံ၌ ကိုးကွယ်ရာ မရကုန်သည်ဖြစ်၍ အမျိုးယုတ် သူတို့ထံ၌သာ မျက်နှာအောက်ထား၍ ခစားခြံရံကြရသည် ဖြစ်ကုန်လတံ့။ ဤသို့လျှင် ကျီးယုတ်ကို ရွှေဟင်္သာတို့က ခြံရံ၍ ခစားရသကဲ့သို့ ဖြစ်ကုန်လတံ့။

''သင်မင်းကြီးအား ထို အိပ်မက်ကြောင့် စိုးရိမ်စရာမရှိ။ နောက် အိပ်မက်ကို လျှောက်ထားဘိလော့''

*

## ၁၆။ သောဠသမအိပ်မက်

''မှန်လှပါဘုရား—

ရှေးအခါက ဆိတ်တို့ကို သစ်တို့ကသာ စားကုန်၏။

''ယခုမူ ဆိတ်တို့သည် သစ်တို့ကို လျှင်စွာလိုက်၍ ဖမ်းပြီး ကျွတ်ကျွတ်မည်အောင် ဝါးစားကြကုန်၏။

''အခြားသော သစ်တို့သည် ဆိတ်တို့ကိုလန့်၍ ဝေးနိုင်သမျှဝေးအောင် ထွက်ပြေးကြကုန်သည်ကို မြင်မက်ပါသည်ဘုရား''

“ဒကာတော်မင်းမြတ်—

ဤအိပ်မက်၏ အကျိုးသည် ငါဘုရား၏ လက်ထက်၌ရှင်းသင်မင်းကြီး၏ လက်ထက်၌ရှင်း မဖြစ်လတံ့။ နောင်အခါ တရားမစောင့် ဖောက်ပြန်ကုန်သော မင်းတို့၏ လက်ထက်၌သာ ဖြစ်ကုန်လတံ့။

“နောင်အခါ၌ မင်းနှင့် ရင်းနှီးကုန်သော လူယုတ်မာတို့သာလျှင် ဌာနအလိုက် လွှမ်းမိုးကြကုန်လတံ့။ အမျိုးကောင်းသားတို့သည် စိုးရိမ်မကင်း ဆင်းရဲခြင်းဖြင့် မထင်မရှားနေကြရကုန်လတံ့။

“မင်းနှင့်ရင်းနှီးသော လူယုတ်မာတို့သည် မိမိတို့၏ စကားကို မင်းအား နားသွင်း၍ တရားဖြစ်သောအခါ အမျိုးကောင်းသားတို့၏ စည်းစိမ်ဥစ္စာ ပစ္စည်းမှန်သမျှကို ငါ၏ဥစ္စာတည်းဟူ၍ မတရား အနိုင်ယူကြကုန်လတံ့။

“ပစ္စည်းရှင် အမျိုးကောင်းသားတို့အား အမျိုးမျိုး ခြိမ်းခြောက်၍ အနိုင်ယူကြကုန်လတံ့။ ပစ္စည်းရှင် အမျိုးကောင်းသားတို့သည် မိမိတို့၏ ပစ္စည်းများ ဆုံးရှုံးခံရသည့်အပြင် ပုန်းရှောင်၍ပင် နေကြရကုန်လတံ့။

“ရဟန်းယုတ်တို့သည်လည်း—

ရဟန်းမြတ်တို့ကို အလိုရှိတိုင်းညှဉ်းဆဲကုန်လတံ့။ ရဟန်းမြတ်တို့သည် ပုန်းရှောင်၍သာနေကြရကုန်လတံ့။ ဆိတ်ကိုကြောက်၍ သစ်တို့က ပုန်းရှောင်ရသကဲ့သို့ ဖြစ်ကုန်လတံ့”

“မြတ်သောမင်းကြီး—

ဤ အိပ်မက်များကြောင့် သင်မင်းကြီးအား မည်သည့် အန္တရာယ်မျှ မရှိနိုင်။ ဤအိပ်မက်များသည် နောင် အနာဂါတ် ကာလကိုသာစွဲ၍ မြင်မက်ခြင်းဖြစ်၏။

“ဤအိပ်မက်အတွက် ယာဇ်ပူဇော်မှုပြုရန်ဖမ်းဆီးထားသော တိရစ္ဆာန်အပေါင်းတို့ကို ပြန်လွှတ်၍ ဇီဝိတဒါနပြုလော့။ ချမ်းသာစွာ နေကြပါစေကုန်လော့” ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးသည် ဝမ်းမြောက်စွာဖြင့် တိရစ္ဆာန်အပေါင်းတို့ကိုပြန်လွှတ်၍အသက်ဘေးမှချမ်းသာရာရကြစေကုန်သတည်း။

(မဟာကောသလ- သောဠသ အိပ်မက်ခဏ်းမှ)

## ၉၅။ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်

ကေနိပါတ် တေလပတ္တဇာတ်၌ ဗာရာဏသီပြည်မှ ယူဇနာ (၁၂၀) ဝေးသောအရပ်၌ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ရှိသည်ဟု ဆို၏။

ထို တက္ကသိုလ်ပြည်မှ—

နန္ဒပုက္ကုသာတိ(?)သည် ယူဇနာ (၁၂၀) ရှိသော ခရီးကိုလွန်မြောက်၍၊ ဣန္ဒပတ္ထန နဂိုရ်ပြည်သို့ ဆိုက်ရောက်ကြောင်းကို (အသီတိနိပါတ် မဟာသုတသောမ)ဇာတ်၌ ဟောတော်မူသည် ဆို၏။ (သတ္တနိပါတ် ဂန္ဓာရ)ဇာတ်၌ ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည်ရှိကြောင်း ပြဆို၏။

ဗုဒ္ဓဝင်ပါဠိတော်နှင့် သုတ်မဟာပါဠိတော်၌ ဘုရားရှင်၏ အထက် လက်ဝဲဘက်, စွယ်တော်သည် ဂန္ဓာရတိုင်း၌ ရှိသည် ဆို၏။

ဇိနတ္ထပကာသနီကျမ်း၌ အဇာတသတ်မင်းသည်၊ ယန္တယား စက်ဖြင့် သစ်သားရုပ်တို့ကို အသက်ရှိသောလူကဲ့သို့ လက်နက်စွဲကိုင်ပြီး လှုပ်ရှားသွားလာ၍ စောင့်ရှောက်လျက် ရှိစေသော ဘုရားရှင်၏ဓါတ်တော်တိုက်ကို၊ ပါဋလိပုတ်ပြည်၌ တက္ကသိုလ်ပြည်သား အနွယ်အပွားဖြစ်သော သားမြေးတို့ကို ဓမ္မာသောကမင်းကြီးက ဖွင့်လှစ်စေသည်ဆို၏

ထို့နောက် ဓါတ်တော်များကိုယူ၍ စေတီနှစ်သောင်းလေး ထောင်တည်တော်မူကြောင်း တွေ့ရှိရသည်ဆို၏။ (သတ္တနိပါတ်)

ဂန္ဓာရဇာတ်၌ ဘုရားလောင်း ဂန္ဓာလရာဇ်မင်းသည် (လ·ကို· ရာဟုဘမ်း)သည်ကိုမြင်၍ သံဝေဂရပြီး မှုးမတ်တို့အား မင်း အဖြစ်ကို အပ်နှင်းလေ၏၊ ထို့နောက် ဂန္ဓာရတိုင်းကိုစွန့်လျက် ဟိမဝန္တာသို့ ထွက်တော်မူသည်ဟု ဟောတော်မူ၏။

ကဿမီရ ဂန္ဓာရတိုင်း၌ မဇ္ဈန္တိကမထေရ် ကြွတော်မူ၍ (အာသိဝိသောပမ) သုတ်တရားတော်ကို ဟောတော်မူလျက်၊ ရှစ်သောင်းကုန်သော လူအပေါင်းတို့အား အကျွတ်တရားကို ရ စေသည်ဟု (ပါရာဇိကဏ် အဋ္ဌကထာ)၌ လာရှိ၏၊ ဤကား- ပါဠိဘာသာဖြင့် ပြအပ်သောအကြောင်းတည်း။

ယခုရှိနေပုံအခြေအနေမှာ—

ဂန္ဓာရတိုင်းသည် အိန္ဒိယပြည်အနောက်ဘက်၌(လမ်ဃာန်) မြို့နှင့် (ဂျာလာလာဘာဒ်)မြို့တိုင်အောင် ကျယ်ဝန်းသည်ဆို၏။

မြောက်ဘက်၌ (ဆွာတ်)တောင်နှင့် (ဗုနိုရ်) တောင်တန်း အထိရှိ၏၊ အရှေ့ဘက်၌ (ဋ္ဌန္ဓုမြစ်) တောင်ဘက်၌ (ကာလာ ဘာဂ်)တောင်တန်းတိုင်အောင် ရှိ၏။

ဘုရားရှင်လက်ထက်၌ ပန်ဂျပ်နယ် အနောက်မြောက်ပိုင်းမှ သည်၊ယခုအခါ အာဖဂါနီစတန်ပြည် အရှေ့ပိုင်းရှိ(ကန္ဒဟာရ) နယ်အထိ ရှိဘူးသည်ဆို၏။

တက္ကသိုလ်ပြည်၌—

ပက္ကုသာဒိမင်းသည် အုပ်ချုပ်ခဲ့ဘူး၏။

ထိုမြို့သည် ယခုအခါ (ပေရှာဝရ်)စီရင်စု (ကာလကာ·ဆာ ရာယ)ခေါ်သော ရွာ၏အရှေ့မြောက် တမိုင်ခန့်အကွာရှိ (ရှာဟ်

ဒေရီ) ခေါ်သော အရပ်၏အနီး၌ စေတီပေါင်း (၅၅) ဆူ၊ ကျောင်းပေါင်း (၂၈) ကျောင်း၊ ဘုရားတန်ဆောင်း (၉) ခုနှင့် တကွ ယခုအခါ ထင်ရှားစွာရှိနေသည်ဆို၏။

ဤသို့လျှင် ကျောက်စာမင်းကြီး (ကနိန်ဂဟန်) သည် ဆုံးဖြတ်၍ ပြသည်ဆို၏၊ (ဟူယိုင်ဆင်) ကျမ်း၌ကား ဂန္ဓာရတိုင်းသည် အရှေ့မှအနောက်သို့ လီပေါင်းတထောင်ရှိ၏၊ မြောက်ဘက်မှ တောင်ဘက်တိုင်အောင် လီပေါင်းရှစ်ရာရှိ၏၊ မြို့တော်၏ စတုရန်းလီပေါင်းမှာ လေးဆယ်ရှိ၏၊ မိုင်အားဖြင့် ခြောက်မိုင်ကျော်ရှိသည်ဆို၏။ (တလီလျှင် ခြောက်မိုင်ရှိ၏)

တက္ကသိုလ်ပြည်၌ ကျောက်စာဝန်တို့သည် တူးဖော်ဆဲသာ ဖြစ်၏၊ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ဌာနအစုစုတို့တွင် သိပ္ပံကျောင်းတော်ရာ (ဂျူလိယံ-မိုရာမိုရာဒူ-ဂျန္ဒီယလ်-ဆိရကပ်- ကျိရတိုးပ်ပိပလာ-ကူနလာ-ဆတူပါ- မြူဇီယမ်) ဤကိုးခုသော ဌာနတို့သည် အနီး၌ ရှိကုန်သည်ဆို၏။

၁။ ထူးခြားသည်မှာ သိပ္ပံကျောင်းတော်ရာဟောင်းမှ ဝတ္ထုမျိုးစုံထွက်ပေါ်တွေ့ရှိရ၏။

၂။ ဂျူလိယံမှာ—ခကျောင်းသိမ် ရုပ်ဘုဆင်းတုများစွာ ရှိကုန်၏။

၃။ မိုရာမိုရာဒူ၌—ကျောင်းသိမ် ရုပ်တုတော်နှင့်တကွ စေတီတော်တဆူရှိ၏။

၄။ ဂျန္ဒိယလ်—နေရာမှာ ကျောင်းရာနှင့်တကွ ပျက်စီးနေသော အဆောက်အဦးများစွာရှိ၏။
၅။ ဆီရကပ်၌—ကြီးကျယ်ခမ်းနားသော ကျောင်းတော်ရာနှင့်တကွ အရာဝတ္ထုများစွာရှိကုန်၏။
၆။ ကျိရတိုးပ်—ဌာန၌ ကျောင်း-ကန်-သိမ်-ပုထိုးနှင့် တကွ စေတီတော်ကြီးတဆူရှိ၏၊ ၎င်းပြင်- ရုပ်တုဆင်းတုတို့လည်း ရှိကုန်၏။
၇။ ပီပလာ၌—ပျက်စီးလေပြီးသော အဆောက်အဦးများသာ ရှိတော့၏။
၈။ ကူနလာဆတူပါ၌—ကျောင်းရာ-သိမ်ရာနှင့်တကွ စေတီကြီးတဆူ ရှိ၏။
၉။ မြူဇယမ်၌—ထိုသို့သောနေရာတို့မှ ရရှိအပ်သော အရာဝတ္ထုတို့များစွာရှိကုန်၏။

၎င်းသို့သွားရန် ခရီးစဉ်မှာ—

ကလကတ္တားနှင့် ဘုံဘိုင်တို့မှ သွားနိုင်၏၊ ယခုလည်း တက္ကသိုလ်ပြည်သို့ အတိုင်းတိုင်းအပြည်ပြည်မှ ဗဟုသုတကိုလိုလားသူတို့သည် မကြာခဏလာရောက်ကြကုန်၏၊ အထက်ပါနေရာတို့သည် တနေရာနှင့်တနေရာ နှစ်မိုင်သုံးမိုင်မျှသာ ဝေးကွာကြသည်ဆို၏။

(အိန္ဒိယကြေးမုံကျမ်း မှ)

*

## ၉၆။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံယူပုံ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍နေတော်မူစဉ်၊ ရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ဝတ်ပြုပြီး နေ့အခါ၌ သီတင်းသုံးနေတော်မူမြဲဖြစ်သော အရပ်၌ သမာပတ်ဝင်စား၍ နေတော်မူ၏။

သမာပတ်မှထပြီးသော် "ဘုရားရှင်တို့သည် ရှေးဦးစွာ နိဗ္ဗာန်ဝင်သလော၊ သို့မဟုတ် အဂ္ဂသာဝကတို့သည် ရှေးဦးစွာ နိဗ္ဗာန်ဝင်သလော"ဟု အကြံဖြစ်တော်မူ၏။

ထိုအခါ အဂ္ဂသာဝကတို့သာ ရှေးဦးစွာ နိဗ္ဗာန်ဝင်မြဲဖြစ်သည်ကိုသိ၍၊ မိမိနိဗ္ဗာန်ဝင်ရမည့်ရက်ကိုဆင်ခြင်လေသော် (၇) ရက်အတွင်း၌ နိဗ္ဗာန်ဝင်ရမည်ကိုသိ၍၊ အဘယ်အရပ်၌ နိဗ္ဗာန်ဝင်ရအံ့နည်းဟု ကြံမြင်သော်—

"ငါ၏မယ်တော်သည် ရဟန္တာ (၇) ပါးတို့၏မိခင်ပင်ဖြစ်သော်လည်း ရတနာသုံးပါးကိုကြည်ညိုမှုမရှိ၊ မယ်တော်သည် ဤဘဝ၌ မဂ်ဖိုလ်ရနိုင်အံ့သော အကြောင်းရှိသလော"ဟု ဆင်ခြင်ပြန်သော် သောတာပတ္တိဖိုလ်ကို ရနိုင်မည့်အကြောင်းကိုမြင်ပြန်လေ၏။

"ထိုကြောင့် မယ်တော်၏ အယူမှားသော ဝါဒကိုကင်းစေခြင်းငှာ ငါ့ကိုဘွားမြင်ရာတိုက်ခန်း၌ပင် ပရိနိဗ္ဗာန်ပြုအံ့"ဟု ဆုံးဖြတ်၏၊ ယနေ့ပင်ဘုရားရှင်ထံခွင့်ပန်၍ သွားအံ့ဟု ညီတော်စုန္ဒမထေရ်ကိုခေါ်၍ တပည့်ရဟန်းငါးရာတို့ကို စုဝေးစေ၏။

ရှင်သာရိပုတ္တရာသည် ထိုရဟန်းငါးရာကိုခြံရံပြီး ဘုရားရှင်ထံသို့ ကပ်တော်မူ၍—

"အရှင်ဘုရား—

"တပည့်တော်အား ခွင့်လွှတ်တော်မူပါ၊ တပည့်တော်သည် နိဗ္ဗာန်ဝင်ရန် အချိန်တန်ပါပြီဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် ရှင်သာရိပုတ္တရာအား နိဗ္ဗာန်ဝင်ပါဟူ၍၎င်း၊မဝင်ပါနှင့်ဟူ၍၎င်း၊ မိန့်တော်မမူ-အောက်ပါအတိုင်းသာ မိန့်တော်မူ၏။

"ချစ်သား သာရိပုတ္တရာ၊ သင်အဘယ်အရပ်မှာ ပရိနိဗ္ဗာန်ပြုအံ့နည်း"

"အရှင်ဘုရား တပည့်တော်သည် မာဂဓရောဇ်တိုင်း နာဠကရွာ၌ တပည့်တော်ကိုဘွားမြင်ရာဖြစ်သော တိုက်ခန်းတွင် ပရိနိဗ္ဗာန်ပြုပါမည် ဘုရား"

"ချစ်သား သင်၏နိဗ္ဗာန်ဝင်ရာကို သင်သာ သိနိုင်သည်။ သင်၏တပည့်ကြီးငယ်တို့သည် သင်ကဲ့သို့သောဆရာကို နောက်ထပ် ဆည်းကပ်ရခြင်းငှာ လွန်စွာခဲယဉ်း၏။ ထို့ကြောင့် တရားဟောဦးလော့"

ထိုအခါ ရှင်သာရိပုတ္တရာသည်—

ဘုရားရှင်ကိုရှိခိုးပြီး ထန်းတဆင့်မျှ ကောင်းကင်သို့တက်၏။ ပြီးတော့ မြေသို့ပြန်ဆင်း၏။ ဘုရားရှင်ကို လက်အုပ်ချီ၍ဦးတိုက်၏။ နောက်တဆင့်နှစ်ဆင့်မှသည် ထန်း(၇)ဆင့်အထိ တက်၍

ကောင်းကင်၌တည်ပြီး အထူးထူးသော တန်ခိုးပြ၏။ ရဟန်းတို့ကို တရားဟော၏။

ထိုအခါ သာဝတ္ထိပြည်အလုံးသည် အုံးအုံးကြွက်ကြွက် ဖြစ်ကြကုန်၏။ ရှင်သာရိပုတ္တရာသည် မြေသို့ဆင်း၍ ဘုရားရှင်ကို ဦးတိုက်ပြီး–

"အရှင်ဘုရား တပည့်တော် သွားပါတော့မည်။ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထား၏။

ဘုရားရှင်လည်း နေရာမှထတော်မူ၍ ဂန္ဓကုဋီတိုက်၏အနီး၌ ရပ်တော်မူ၏။ ရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ခြေတော်ရင်း၌ ဝပ်၍ရှိခိုးပြီး–

"အရှင်ဘုရား–

"အရှင်ဘုရားကို တပည့်တော် ယခု ဖူးမြင်ရခြင်းသည် နောက်ဆုံး ဖူးမြင်ခြင်းပါဘုရား။ နောက်ထပ် ဖူးမြင်ခြင်းငှာ မလာနိုင်တော့ပါဘုရား။ ယနေ့မှ(၇)ရက် မြောက်တွင် ခန္ဓာဝန်ကို ချရပါတော့မည်ဘုရား"ဟု လျှောက်ထား၍ ဘုရားရှင် မြင်လောက်သမျှ မျက်စိတဆုံး တိုင်အောင် နောက်ဆုတ်၍ကြွတော်မူ၏။ ပြီးတော့ နာဠကရွာသို့ ရှေးရှု၍ကြွတော်မူ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းထန်စွာတုန်လှုပ်၏။

ထိုအခါ ဘုရားရှင်သည် ရှင်သာရိပုတ္တကို ခြံရံ၍နေကြကုန်သော ရဟန်းတို့အား ဤသို့မိန့်တော်မူ၏။

"ချစ်သားတို့ သင်တို့၏အကိုကြီး သာရိပုတ္တရာကို နောက်ဆုံးပို့ခြင်းဖြင့် လိုက်၍ပို့ကြကုန်လော့"ဟု မိန့်တော်မူ၏။

ထိုအခါ တပည့်ရဟန်းတို့သည် အားလုံးလိုက်ပို့ကြကုန်၏။ အရိယာ မဟုတ်ကုန်သော ရဟန်းအပေါင်းတို့သည် ရှိုက်ကြီးတငင်ငိုကြကုန်၏။ နောက်ဆုံး ခွဲရတော့မည်ဖြစ်၍ ၎င်းတို့၏ ဝမ်းနည်းကြေကွဲမှု၊ ပူဆွေးမှု၊ နှမြောတသမှုတို့သည် ရင်ကွဲမတတ်ဖြစ်ရကုန်၏၊

သာဝတ္ထိပြည်သားတို့သည်—

"ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် ငါတို့ကို နောက်ဆုံးခွဲခွာ၍ နိဗ္ဗာန်ဝင်ရန် ကြွသွားလေပြီ။ နောင်ကို ငါတို့ဖူးမြင်ရတော့မည်မဟုတ်၊ ယခု နောက်ဆုံး ဖူးမြင်ရခြင်းဖြစ်သည်။ ဖူးမြင်၍မဝအောင်ပင်ရှိတော့သည်"ဟု ပူပန်သော ကိုယ်ခန္ဓာတို့ဖြင့် ဆံပင်တို့ကိုဖြန့်ကြဲ၍ ဖရိုဖရဲဟစ်ကြွေး၍ ငိုယိုကြကုန်၏။ ကိုယ်တော်၏နောက်မှ အမျိုးမျိုးငိုပွဲဆင်၍ လိုက်ကြကုန်၏။

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် ၎င်းတို့ကို ရတနာသုံးပါးကိုင်ငင်း၊ သင်္ခါရတရားကိုင်ငင်း၊ မမေ့မလျော့ကြရန် ဩဝါဒပေးပြီး အားလုံးကို ပြန်လွှတ်လိုက်တော့၏။

ထိုမှဆက်လက်၍ ကြွလာရာ (၇) ရက်ကြာသော ညချမ်းအခါ၌ (နာဠက)ရွာသို့ရောက်၍ ရွာတံခါး၏အနီး ညောင်ပင်ကြီးတပင်၏အရင်း၌ ရပ်တော်မူ၏။

ထိုအခိုက်၌ ရှင်သာရိပုတ္တရာ၏ တူဖြစ်သော (ဥပရေဝတ) သည် ရွာအပြင်သို့ ထွက်လာခိုက်နှင့် ကြုံလေ၏။ ဦးရီးတော်

ရှင်သာရိပုတ္တရာကို ရုတ်တရက်မြင်ရလျှင် လွန်စွာဝမ်းမြောက်၍ ရှိခိုးပြီး အနီးသို့ကပ်လာ၏။ အရှင်သာရိပုတ္တရာသည် ၎င်းကို ခေါ်၍ ဤသို့မေး၏။

''အချင်း ဥပရေဝတ၊ သင်၏ အဖွားသည် ယခု အိမ်၌ရှိသလော''

''ရှိပါသည် အရှင်ဘုရား''

''ဤသို့ဆိုလျှင် သင်အမြန်ပြန်၍ ငါတို့လာကြောင်း ပြောချေ။ ဘာ့ကြောင့်လာသနည်းဟုမေးလျှင်' မယ်တော်ကြီးအိမ်၌ ညအိပ်ဖို့လာသည် ဟုပြော။ ငါ့ကိုဘွားမြင်သည့် တိုက်ခန်းကို လည်း အပြင်ခိုင်းထား။ 'ရဟန်းငါးရာတို့ နေဘို့ရာပါ ပြင်ဆင်ထား''ဟု မှာပြီး ပြန်လွှတ်လိုက်၏။

ဥပရေဝတသည်လျှင်စွာပြန်သွား၍ အဖွားကိုဤသို့ပြော၏။

''အဖွား အဖွား၊ ဦးရီးတော် အရှင်သာရိပုတ္တရာ ယခုကြွလာပြီ''

''ဟဲ့-ဟုတ်ကဲ့လား။ ယခု ဘယ်မှာလဲ''

''ဟုတ်ပါတယ်။ ရွာပြင်ဘက်က ညောင်ပင်ကြီးရဲ့အောက်မှာပါ''

''သူတပါးထဲလား။ ဘယ်သူတွေပါသေးသတုန်း''

''ဟင့်အင်း-မဟုတ်ဘူး။ ရဟန်းငါးရာ ပါလာသေးတယ်''

နောက်ပြီး ဥပရေဝတသည် အရှင်သာရိပုတ္တရာ မှာလိုက်သည့်အတိုင်း စုံလင်အောင် ပြန်လည်၍ပြောပြလေ၏။

ထိုစကားကိုကြားလျှင် မယ်တော်ကြီး (ရူပသာရီ) ပုဏ္ဏေးမသည်–

“ရဟန်းငါးရာ နေလောက်သည့်နေရာကို ငါ ဘယ်မှာလုပ်ရမှန်းလဲ မသိပါဘူး။ မောင်ပဥ္စင်းကလဲ ငယ်ငယ်လေးထဲက ရဟန်းဝတ်သွားလိုက်တာ ယခုမှ လူထွက်ချင်လို့များ ပြန်လာသလားမသိဘူး”ဟု တွေးတော မြည်တမ်းကာ မှာလိုက်သည့်အတိုင်း ပြည့်စုံအောင်လုပ်ပြီးမှ သားတော်အားပင့်ဆောင်ရန် ဥပရေဝတကို စေလွှတ်လိုက်၏။

အရှင်သာရိပုတ္တရာသည် ရဟန်းငါးရာတို့နှင့်တကွကြွလာပြီး ရဟန်းအပေါင်းတို့အား ၎င်းတို့နှင့် သက်ဆိုင်သော နေရာတို့၌နေစေ၏။ မိမိသည် ပြာသာဒ်ဆောင်သို့တက်၍ မိမိအားဘွားမြင်ရာ တိုက်ခန်းသို့ဝင်၍နေတော်မူ၏။ ညီတော်စုန္ဒနှင့် မယ်တော်ပုဏ္ဏေးမကြီးသာ မိမိ၏အနီး၌ရှိ၏။

ထိုသို့ အရှင်သာရိပုတ္တရာသည်–

အခန်းထဲသို့ရောက်၍မကြာမီပင် သွေးအန်သောရောဂါသည် ကြီးမားစွာ ဖြစ်ပေါ်လာ၏။ ထိုဝေဒနာကို အာရုံမပြုဘဲနေပါသော်လည်း သည်းခံ၍မရနိုင်အောင်ပင် အထက်သို့ဆန်ပြီး ရေပွက်မှုတ်သကဲ့သို့ ပြို့၍ပြို့၍အန်၏။ ခွက်ကြီးခွက်ငယ်တို့ဖြင့် ခံယူသော်လည်း မနိုင် နိုင်အောင်ရှိလာ၏။

မယ်တော် ပုဏ္ဏေးမကြီးသည် သား၏ဖြစ်အင်ကို မမြင်ဝံ့အောင်ရှိလာ၏။ အကြင်နာလွန်၍ ရင်ထဲ၌ဆို့လာ၏၊ ရင်ဘတ်

သည်တီးဖြစ်လာ၏။ ဘာမှလုပ်မပေးတတ်၍ ငိုင်ပြီးတိုက်တံခါးကိုမှီ၍ ရပ်ကြည့်နေမိ၏။

ထိုအခါ စတုမဟာရာဇ်နတ်တို့သည် ထိုအကြောင်းကိုသိ၍ လျင်စွာလာကြပြီးလျှင် ရှင်သာရိပုတ္တရာ၏ခြေကို ဆုပ်နယ်ပေးကြ၏။ ထိုအခါ ရှင်သာရိပုတ္တရာက–

"သင်တို့ အသူနည်း"ဟု မေးတော်မူ၏။

"အရှင်ဘုရား တပည့်တော်တို့သည် စတုမဟာရာဇ် နတ်တို့ပါတည်း"ဟု ပြန်၍လျှောက်ထားကြ၏။

"အဘယ်အလို့ငှာ လာကြသနည်း"

"အရှင်ဘုရားကိုပြုစုရန် လာကြပါသည်ဘုရား"

"ငါ့အား ပြုစုမည့်သူရှိသည်။ သင်တို့ ပြန်ကြကုန်လော့" ထိုအခါ နတ်တို့သည် ရှိခိုး၍ပြန်ကြကုန်၏။

ထို့နောက် သိကြားမင်းရောက်လာ၍ စတုမဟာရာဇ်နတ်တို့ကဲ့သို့ ပြုစုပြန်၏။ ထို့နောက် သုယာမနတ်မင်း။ ထို့နောက် သန္တုသိတနတ်မင်း။ ထို့နောက် ဗြဟ္မာမင်းကြီးတို့ လာ၍ပြုစုကြကုန်၏။

ထိုအခါ မယ်တော်(ရူပသာရီ)ပုဏ္ဏေးမကြီးသည် နတ်ဗြဟ္မာတို့ သွားခြင်း လာခြင်းတို့ကိုမြင်လျှင် "ဤသူတို့သည် ငါ့သားထံလာပြီး ဘာလုပ်ကြသနည်း"ဟု သိလို၍ သားတော်စုန္ဒထံ ကပ်ပြီး ဤသို့မေး၏။

"ချစ်သားစုန္ဒ၊ ဤသူတွေ ဘာလာလုပ်ကြတာလဲ"

"နောင်တော်ကြီးထံ နတ်ဗြဟ္မာတွေ လာကြတာပါ" ဟု ဆိုပြီး ရှင်သာရိပုတ္တရာ ထံသို့ကပ်၍–
"မယ်တော်ကြီး လာပါတယ်ဘုရား" ဟု လျှောက်ထား လေ၏။

"အချိန်မဟုတ် ဘာကိစ္စလာတာလဲ"
"ချစ်သားကို ဖူးမြင်ရင်း ရောဂါအခြေအနေသိချင်လို့ လာတာပါ။ ယခုန ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ ပထမဦးဆုံး လာတာ မည်သူတွေလဲ"
"ဒကာမကြီး အဲဒါဟာ စတုမဟာရာဇ်နတ်တွေပေါ့"
"ဒါဖြင့် ချစ်သားက ထိုနတ်မင်းကြီးလေးပါးထက် မြတ်သလား"
"ဒကာမကြီး ထိုနတ်မင်းကြီးလေးဦးတို့သည် အစောင့်နှင့်သာ တူကုန်၏။ သားတော်၏ဆရာဘုရားရှင်, ပဋိသန္ဓေယူသော အခါ၌ ၎င်းတို့သည် သံလျက်ကိုင်၍စောင့်ရကုန်၏။
"ချစ်သား ဒါဖြင့် နောက်ထပ်လာသူတွေကတော့ မည်သူတွေလဲ"
"ဒကာမကြီး၊ အဲဒါက သိကြားမင်းပေါ့"
"ဒါဖြင့် ချစ်သားက သိကြားမင်းထက် ပိုမြတ်သလား"
"ဒကာမကြီး၊ အဲဒီသိကြားမင်းဟာ ဘုရားရှင် နတ်ပြည်က ပြန်ဆင်းတော့ သပိတ်သင်္ကန်းကိုင်ပြီးနောက်ကလိုက်ရတာပေါ့"
"နောက်ပြီး ကိုယ်ရောင်ကိုယ်ဝါ အထူး တောက်ပစွာနဲ့ နောက်ဆုံး ရောက်လာတာကတော့ မည်သူတွေလဲ"

"အဲဒါ တခြား မဟုတ်ပါဘူး၊ ဒကာမကြီးတို့ ကိုးကွယ်နေကြတဲ့ ဖြဟ္မာကြီးတွေပေါ့"

"ဟင်–ဒါဖြင့်ချစ်သားက ငါတို့ဆရာ ဖြဟ္မာကြီးတွေထက် ပိုပြီးတောင် မြတ်နေသလား"

"ဒကာမကြီး အဲဒီဖြဟ္မာကြီးတွေဟာ ဘုရားရှင်ဘွားတော်မူတဲ့နေ့မှာ ရွှေကွန်ရက်နဲ့ လာခံကြရတယ်၊ သူတို့ဟာ ပရိသတ်ထဲက အညတြ ဥပါသကာတွေဘဲ"

ထိုအခါ ရူပသာရီ ပုဏ္ဏေးမ မယ်တော်ကြီးသည်–

"ငါ့သား၏ ဘုန်းတော်သည် ကြီးပေစွ၊ ထိုကြောင့် ငါ့သား၏ ဆရာ ဘုရားရှင်ဆိုလျှင် အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း၊ ပို၍ပင် ဘုန်းကံ ကြီးမားပေမှာဘဲ"ဟု နှောင်တ, တရားရပြီး ဘကိုယ်လုံး ပီတိဖြင့် ဖုံးလွှမ်းသော စိတ်များ ဖြစ်လာပေ၏။ ထိုအခါ ရှင်သာရိပုတ္တရာက ရိပ်မိပြီး–

"ဒကာမကြီး ယခု စိတ်ထဲမှာ ဘယ့်လိုသဘောရသလဲ"ဟု မေးလေ၏။

ထိုအခါ မယ်တော်ကြီးက–

"သားတော်၏ ဂုဏ်တော်ကို အောင်းမေ့ပြီးမှ သားတော်၏ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတွေကို ပို၍အောင်းမေ့မိပြီး နှစ်သက်ဝမ်းမြောက်နေမိပါသည်"ဟု ပြန်ပြောလေသော်–

ရှင်သာရိပုတ္တရာသည် မယ်တော်ကြီးအား တရားဟောသင့်ပြီဟု ယူဆ၍–

"ဒကာမကြီး ဘုရားရှင်သည် တောထွက်သောအခါ၌၎င်း၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသော အခါ၌၎င်း၊ ဓမ္မစကြာ တရားကို ဟောတော်မူသော အခါ၌၎င်း၊ တသောင်းသော လောကဓာတ်သည် တုန်လှုပ်၏။ သီလ- သမာဓိ- ပညာအရာ၌ ၎င်း၊ အရဟတ္တဖိုလ်စိတ်၌၎င်း၊ ဉာဏ်အမြင်၌၎င်း၊ ဘုရားရှင်နှင့် တူသူမရှိ။ ဗုဒ္ဓ၏ဂုဏ်ရည်သည် ကြီးမားပေစွ။

ဤသို့ ဘုရားရှင်၏ဂုဏ်ကျေးဇူးနှင့်စပ်သော တရားတော်ကို ဟောကြားတော်မူလေသော် မယ်တော်ရူပသာရီသည် တရားတော်၏အဆုံး၌ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာရှင်းလျက် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဒိဋ္ဌိ=အယူမှားခြင်း၊ ဝိစိကိစ္ဆာ=ယုံမှားသံသယဖြစ်ခြင်း)

ထိုအခါ မယ်တော်ကြီးက "ချစ်သား ဤတရားတွေကို ရှေးက အဘယ့်ကြောင့် မဟောခဲ့သနည်း၊ မယ်တော်ကို မချစ်သို့လား"ဟု ဆိုလေ၏။

ထိုစကားကိုကြားလျှင်—

ရှင်သာရိပုတ္တရာသည် "မယ်တော်၏ မွေးကျေးဘူးသော နို့ဘိုးကို ငါဆပ်ရပေပြီ၊ ဤမျှဖြင့် တော်လောက်ပြီ"ဟု ဆင်ခြင်မိ၍ တကာမကြီး သွားနိုင်ပြီဟု ပြော၍လွှတ်လိုက်လေ၏၊ ထို့နောက် ညီတော်ကို ဤသို့မေးလေ၏။

"ညီတော်စုန္ဒ ယခုဘယ်အချိန်ရှိပြီလဲ"

"မိုးသောက်ယံ ရှိပါပြီဘုရား"

"ဒါဖြင့် ငါ့ကိုထူပေးလော့"

ညီတော်စုန္ဒသည် ပေ့ရှုံထူပေးလေ၏၊ ပြီးတော့ ရဟန်းတို့ကို ခေါ်ပေးလေ၏၊ ရှင်သာရိပုတ္တရာက ရဟန်းတို့အား—

"ငါ့ရှင်တို့—

ငါသည် (လေးဆယ့်လေးနှစ်)ပတ်လုံးသွားလာနေထိုင်ခဲ့၏၊ ထိုမျှလောက်သော ကာလ၌ ငါ့မှာချို့ယွင်းမှုရှိလျှင် သည်းခံကြလော့"ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့က—

"အရှင်ဘုရား—

"ဤမျှလောက်သော ကာလပတ်လုံး အရှင်ဘုရား၌ချို့ယွင်းမှုမရှိပါ၊ တပည့်တော်တို့၌သာ ချို့ယွင်းမှုရှိလျှင် ခွင့်လွှတ်တော်မူပါဘုရား ဟု" လျှောက်ထားကြကုန်၏၊

ရှင်သာရိပုတ္တရာသည်—

တဆောင်မုန်းလပြည့်နေ့ည—

မိုးသောက်ယံအချိန်တွင်—

မိမိကိုဘွားမြင်ရာတိုက်ခန်း၌ သက်န်းကိုရုံတော်မူ၍၊လက်ျာနံပါးဖြင့်လျောင်းလျက် ဈာန်သမာပတ်ကို ဝင်စားတော်လျက် စတုတ္ထဈာန်အထွက်၌ ကြီးစွာသော မြေလျှင်ကိုလှုပ်စေပြီး၊ ပရိနိဗ္ဗာန်စံတော်မူလေ၏။

ထိုသို့ မဟာပထဝီမြေကြီးတုန်လှုပ်သောအခါ၌ ရူပသာရီပုဏ္ဏေးမသည် သားတော်၏အနီးသို့လာ၍ကြည့်၏၊ ပရိနိဗ္ဗာန်ပြုကြောင်းကိုသိရသောအခါ ပြင်းထန်စွာငိုကြွေး၏။

ငါ့မှာ ပစ္စည်းဥစ္စာတွေ လွန်စွာချမ်းသာပါလျက်၊ သား တော်၏ဘုရားရှင်နှင့်တကွ၊ သံဃာအပေါင်းတို့ကို ယနေ့အထိ သက်န်းတထည်မျှမလှူရလေခြင်းဟု သတိသံဝေဂရပြီး၊ အလူး အလဲ ရှိုက်ကြီးတငင် ဖြေဆည်မရအောင် ငိုကြွေးတော့၏။

မိုးလင်းသောအခါ—

လက်သမားဆရာတို့ကိုခေါ်၍ ရွှေစင်တသိန်း ပေး၏၊ ပြာသာဒ်ဆောင်ကြီးငါးရာတို့ကို အလုပ်ခိုင်း၏၊ စေတီဘလား ငါးရာတို့ကို အလုပ်ခိုင်း၏။

သိကြားမင်းသည် ဝိဿကြုံနတ်သားကိုခေါ်၍၊ ရတနာ ပြာသာဒ်တလောင်ဖန်ဆင်းခိုင်း၏။

ထို့နောက် မြို့လယ်ခေါင်၌ မဏ္ဍာပ်ကြီးတခုဆောက်၏၊ ထို မဏ္ဍာပ်ကြီးအနီး၌ ပြာသာဒ်ကြီးနှစ်ထောင်ထား၏၊ အလောင်း တော်ကို ပြာသာဒ်တဆောင်မှတဆောင်သို့ ပြောင်း၍ပူဇော် ကြ၏၊ နတ်တို့သည် လူတို့၏အကြား၌ရှိ၏၊ လူတို့သည် နတ် တို့၏အကြား၌ရှိ၏။

*

## ၉၇။ ရေဝတီအမျိုးသမီး

ထိုအချိန်တွင်—

ရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော (ရေဝတီ) မည် သော အမျိုးသမီးသည် ရွှေပန်းသုံးခိုင်ဖြင့် အလောင်းတော် ကို ပူဇော်ရန်ရောက်လာခဲ့၏။

ထိုအချိန်၌ သိကြားမင်းသည် (နှစ်ကုဋေနှင့် ငါးသန်း) ရှိသော နတ်ကချေသည်တို့ဖြင့်၊ အလောင်းတော်ကို ပူဇော်ရန် ဆင်းသက်လာ၏၊ လူတို့သည် သိကြားမင်းနှင့်နတ်တို့ကိုမြင်လျှင် ကြောက်သဖြင့် နောက်သို့ဆုတ်၍ဆုတ်၍ သွားကြ၏။

ရေဝတီ အမျိုးသမီးသည် ထိုလူအုပ်ကြီးကို တတ်နိုင်သမျှ ရှောင်ကွင်းပါသော်လည်း၊ မရှောင်သာ၍ လူအုပ်ကြားထဲ၌ လဲကျလေ၏၊ လူအများတို့သည် ထပ်ခါထပ်ခါနင်းသွားသဖြင့် ထိုနေရာ၌ သေဆုံးလေ၏။

ထိုခဏခြင်း တာဝတိံသာနတ်ပြည်သို့ရောက်၍ နတ်သမီး အခြံအရံငါးရာနှင့်တကွ၊သုံးဂါဝုတ်ရှိသော ကိုယ်ခန္ဓာနှင့်တကွ နတ်သမီးဖြစ်လေ၏၊ ထိုနတ်သမီး၌ဆင်ယင်အပ်သော အဝတ် တန်းဆာတို့သည် လှည်းအစီးခြောက်ဆယ်တိုက်ခန့်ရှိ၏။

ရေဝတီနတ်သမီးသည် "ဤမျှကြီးကျယ်သော စည်းစိမ်ကို ခံစားရခြင်းသည်၊ အရှင်မြတ်၏ကျေးဇူးပင်တည်း"ဟု သိ၍ လူအပေါင်းတို့ သိစိမ့်သောငှာ ဗိမာန်နှင့်တကွ ဆင်းသက်လာ၏။

ထိုအခါ နာဋကရွာသူတို့သည် အံ့သြကြကုန်၏။

"အကြောင်း အသို့နည်း။ ယနေ့ နေ့ခုနစ်စင်း ထွက်လာသလော"ဟု တွေးတော၍ နေကြစဉ် ရတနာ ရွှေဗိမာန်ကြီး ပေါ်လာ၍ အရှင်မြတ်၏ ထင်းတလားထက်၌ ရပ်လေ၏။

ရေဝတီ နတ်သမီးသည် ဗိမာန်ကို ကောင်းကင်၌ထားခဲ့၍ မိမိသည် မြေသို့ဆင်းလာ၏။ အလောင်းတော်ကို လေးနက်စွာ ပူဇော်၏။

ထိုအခါ လူအပေါင်းတို့က မေးကြကုန်၏။

"သင် မည်သူနည်း"

"ကျွန်ုပ် အရှင်မြတ်၏ အလောင်းကို ရွေပန်းသုံးခိုင်ဖြင့် ပူဇော်ရန်လာသော ရေဝတီ ပင်တည်း။ သင်တို့နှင်း၍သေရ၏။ ခနချင်း နတ်ပြည်သို့ ရောက်သွားရပြီး ကြီးမားသော စည်းစိမ်ကို ခံစားနေရ၏။ ထိုအကြောင်းကို သင်တို့သိစေချင်၍ ကျွန်ုပ်ဆင်းလာသည်။ သင်တို့သည် ယုံကြည်စွာဖြင့် များစွာသော အလှူဒါနကို ပြုကြလော့" ဟု ဆို၍ အလောင်းတော်ကို ပူဇော်ပြီး နတ်ပြည်သို့ ပြန်လေ၏။

လူအပေါင်းတို့သည် ဝမ်းသာစွာဖြင့် အမျိုးမျိုးသော နံ့သာတို့ကို စုပေါင်း၍ လုပ်ကြသော နံ့သာထင်းပုံကြီးသည် "ကိုးဆယ့် ကိုးတောင်" မြင့်၏။ အလောင်းတော်ကို ထင်းပုံပေါ်၌ (၇) ရက်ပူဇော်ကြ၏။ ညစဉ် ညလုံးပေါက် တရားနာကြ၏။ အလှူပေးကြ၏။

အရှင်အနုရုဒ္ဓါသည်–

နံ့သာရေဖြင့် မီးကိုငြိမ်း၏။ အရှင် စုန္ဒသည် ဓာတ်တော်ကို ရွှေကြုပ်ဖြင့်ထည့်ပြီး သာဝတ္ထိပြည်သို့ ကြွခဲ့၏။ ရောက်သော အခါ ရှင်အာနန္ဒာထံသို့သွား၍ အကြောင်းစုံကို လျှောက်ထားပြီး ဓာတ်တော်ရွှေကြုပ်ကို ကပ်လှူ၏။

ရှင်အာနန္ဒာသည် ရှင်စုန္ဒနှင့်အတူ ဘုရားရှင်ထံသို့သွား၍ အကြောင်းစုံကို လျှောက်ထားပြီး ဓာတ်ဘော်ကြုပ်ကို ဆက်ကပ်၏။ ဘုရားရှင်သည် ဓာတ်တော်ကြုပ်ကို လက်ဝါးပြင်၌ တင်ထားပြီး ရဟန်းတို့ကို တရားဟောတော်မူ၏။

"ချစ်သားရဟန်းတို့—

ငါ၏သားတော် သင်တို့၏ နောင်တော်ကြီးသည် ယမန်နေ့ကပင် သင်တို့ရှေ့၌ တန်ခိုးပြသွား၏။ ယခု နိဗ္ဗာန်ဝင်၍ ဓာတ်တော်မျှသာ ကျန်တော့၏။ သင်တို့လည်း မပေါ့ကြနှင့် မမေ့မလျော့ကြနှင့်။ တနေ့တွင် ဤကဲ့သို့ပင် ဖြစ်ကြရဦးမည်။

"သာရိပုတ္တရာသည်—

ပညာအရာတွင် ငါဘုရားမှတပါး တုပြိုင်နိုင်သူတယောက်မျှ မရှိ။ ကြီးသောပညာ၊ လျင်သောပညာ၊ ထက်သောပညာ၊ ခဏခြင်း မြင်နိုင်သော ပညာရှိ၏။ အလိုနည်း၏၊ မြေကြီးနှင့် တူသော သည်းခံခြင်းရှိ၏။ မာန်မာနမရှိ။ ဦးချိုကျိုးသော နွားလားဥသဘနှင့်တူ၏။

"သို့သော် ထိုသာရိပုတ္တရာသည် မရှိတော့ပြီ။ သင်တို့အတုယူကြကုန်လော့။ သတိရကြကုန်လော့။ သင်္ခါရတရားကို သံဝေဂရကြကုန်လော့" ဟု ငါးရာသောဂါထာတို့ဖြင့်ရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ထုတ်ဖော်၍ ဟောကြားတော်မူ၏။

## ရှင်သာရိပုတ္တရာ သွေးအံသော ဝိပါက်

ရှေးလွန်လေပြီးသော သံသရာ ဘဝတခု၌ ရှင်သာရိပုတ္တရာ အလောင်းသည် ပိုးတိုက်သမား ဖြစ်ခဲ့ရဘူး၏။

ထိုဘဝ၌ ပိုးတို့ကို သွေးဝလျှင် ညှစ်၍ညှစ်၍ ပစ်ချ၏။ ထိုပြုဘူးသောမကောင်းမှုကြောင့် ရှင်သာရိပုတ္တရာသည် သွေးအံ၍ နိဗ္ဗာန်ပြုတော်မူရ၏။

ယနောင်စာပေ

## ၉၈။ ဝိဒေဟတိုင်း မိတ္ထီလာပြည်

ဝိဒေဟတိုင်း မိတ္ထီလာပြည်၌ မဟာပနာဒမင်း စိုးစံတော်မူကြောင်းကို တိကနိပါတ်၌ ဟောတော်မူ၏။

၁။ သတ္တနိပါတ်၌ ဝိဒေဟမင်း ဟူ၍၎င်း၊
၂။ ပကိဏ္ဏကနိပါတ်၌ သုရုစိမင်း ဟူ၍၎င်း၊
၃။ မဟာဇနက ဇာတ်တော်၌ ဇနကမင်းဟူ၍၎င်း၊
၄။ နေမိဇာတ်တော်၌ နေမိမင်း ဟူ၍၎င်း၊
၅။ မဟော်ဇာတ်တော်၌ ဝိဒေဟမင်း ဟူ၍၎င်း၊
၆။ နာရဒ ဇာတ်တော်၌ အင်္ဂတိမင်း ဟူ၍၎င်း။

စသည်စသည်ဖြင့် မိတ္ထီလာပြည်၌ စိုးစံတော်မူသော မင်းများအကြောင်းကို အသီးသီး ဖွင့်ဆိုတော် မူခဲ့ကြ၏။

ထိုမှတပါး မိတ္ထီလာပြည်သို့ ဘုရားရှင် ကြွတော်မူပြီးလျှင် သရက်တောဥယျာဉ်၌ နေမိဇာတ်ကို ဟောတော်မူ၏။ အထူးသိမှတ်ရန်မှာ မိတ္ထီလာပြည်နှင့် စမ္ပါနဂိုရ်ပြည်သည် ယူဇနာ (၆၀) ဝေး၏။ ယူဇနာ သုံးဆယ်အရပ်၌ မြစ်တခုရှိ၏။

မိတ္ထီလာပြည်၏ မြောက်ဘက် တံခါးမှ ထွက်လာခဲ့သော ဘုရားလောင်း၏ မယ်တော်ကို သိကြားမင်းက ရထားနှင့် ယူဆောင်လေရာ စမ္ပာနဂိုရ်ပြည်၏ တောင်တံခါးအနီးသို့ ရောက်ကြောင်း မဟာဇနက ဇာတ်တော်၌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် ညွှန်ပြအပ်သော စကားတည်း။

ဝိဒေဟတိုင်း မိတ္ထိလာပြည်၏ ယခု တည်ရှိနေပုံမှာ—

အိန္ဒိယပြည်ကြီးတွင် အလွန်ထင်ရှားသော (တိရဟုတ်) စီရင်စုသည် ရှေးက ဝိဒေဟတိုင်း ဖြစ်သည်ဆို၏။ ထိုတိရဟုတ် စီရင်စုအတွင်းရှိ မိတ္ထိလာ မြို့ဟောင်းသည်ပင်လျှင် ဝိဒေဟရာဇ် နှင့် မင်းမဟော်တို့ စိုးစံခဲ့သော မိတ္ထိလာဖြစ်သည်ဆို၏။

ဤမြို့တော် မိတ္ထိလာသည်—

ယခုအခါ၌ အကျယ်အဝန်း မိုင်ပေါင်း (၅၀) ခန့် ရှိကြောင်းနှင့် အိန္ဒိယ ပညာရှိတို့က တိုင်းထွာ၍ ပြကြကုန်သည် ဆို၏။ ၎င်းတိုင်းပြည်ကို ဟိန္ဒူအမျိုးသားတို့က (သီတာ) မိဖုရား၏ ခမည်းတော် ဇနက မင်းကြီး ထီးနန်းစိုက်ခဲ့ဘူးသည်ကို အကြောင်းပြု၍ (ဇနကပူရ်) ဟူ၍၎င်း၊ မိတ္ထိလာဟူ၍၎င်း ခေါ်ဆိုကြ၏။ နှစ်စဉ်မပြတ် အိန္ဒိယတိုင်းသားတို့သည် ဘုရားဖူး သွားလာလျက်ပင် ရှိနေကြကုန်သည်ဆို၏။

၎င်းသို့သွားလိုလျှင်(မုဇပ္ဖပုရ်)-(နရကတိယာဂံဂျ်-ဒရဘန်ဂါ) စသည်တို့မှ သွားနိုင်၏။ သို့သော်- ဒရဘန်ဂါဘူတာနှင့် မိထိလာသည် နီးစပ်၏။ ယခုအခါ မိထိလာဟူ၍၎င်း၊ (ဇနကပုရ် ရိုးရ်)ဟူ၍၎င်း ခေါ်ဆိုကြ၏။ ၎င်း (ဇနကပုရ်)၌ ခရီးသွားတို့ တည်းခိုနိုင်ရန် ဓမ္မာရုံဇရပ်ကြီးတခု ရှိသည်ဆို၏။

## ၉၁။ ကောင်းမှု၏ အကျိုးကြောင့် နတ်ဘုံဗိမာန် ကြိုတင်ပေါက်နှင့်ပုံ

ဤလူပြည်၌—

၁။ စေတီ ဘုရားပုထိုးတို့ကို တည်ထားကိုးကွယ်သောသူ။

၂။ ဇရပ် တန်ဆောင်း ကျောင်းကန် တို့ကို ဆောက်လုပ် လှူဒါန်းသောသူ—

ထိုသူတို့၏ကောင်းမှုကြောင့် နတ်ပြည်၌ကြိုတင်၍ ဘုံဗိမာန် ပေါက်နှင့်ရသည်— ဟူသော စကား၏ အထောက်အထားမှာ-

ငါတို့ ဂေါတမဘုရားရှင် လက်ထက်တော်၌—

နန္ဒိယ မည်သော ဒါယကာသည် ဣသိပတန မိဂဒါဝုန် တော၌ တိုင်လေးတိုင်ဟိုဖြင့် ဇရပ်လေးဆောင် ဆောက်၍လှူ၏။ ညောင်စောင်း အင်းပျဉ်ခင်း၍ ဘုရားအမှူးရှိသော ရဟန်းတို့ အား လှူ၏။ ရေစက်ချ၏။

ထိုရေစက်ချသည်နှင့် တပြိုင်နက် တာဝတိံသာ နတ်ပြည်၌ အလျား အနံ တဆယ့်နှစ်ယူဇနာရှိသော ရတနာ (၇) ပါးဖြင့် ပြီးသော နတ်သမီး အပေါင်းတို့ဖြင့် ပြည့်စုံသော ဘုံဗိမာန် ပြာသာဒ် ပေါက်နှင့်သည်ဟု သုတ္တာန်ကျမ်းစာ၌ လာရှိ၏။

ထိုအချိန်တွင် အရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ကြွတော် မူသောအခါ၌ ထိုပြာသာဒ်အနီး၌ ရပ်တော်မူသည်နှင့် ဤသို့ မေး၏။

"ဤပြာသာဒ်ကား မည်သူ၏ ပြာသာဒ်နည်း"

"အရှင်ဘုရား ဣသိပတန မိဂဒါဝုန်တော၌ ကျောင်းလှူသော နန္ဒိယဒါယကာ၏ ပြာသာဒ်ပါဘုရား၊ တပည့်တော်တို့ ထိုဗိမာန်သခင် မရောက်လာ၍ ပျင်းရိငြီးငွေ့ နေကြရပါသည် ဘုရား၊ ဗိမာန်သခင် ရောက်လာမည့်အချိန်ကို ဉာဏ်တော်ဖြင့် မြင်တော်မူသည့်အတိုင်း မိန့်တော်မူပါဘုရား"ဟု နတ်သမီးတစုတို့က လျှောက်ထား ကြကုန်၏။

ထို အကြောင်းကို ရှင်မောဂ္ဂလာန်သည် ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က ဤသို့မိန့်တော်မူ၏။

"ချစ်သားရဟန်းတို့ အချိန်ကာလ ကြာမြင့်စွာ ဝေးစွာသော အရပ်သို့ ထွက်ခွာသွားသော သူသည် မိမိ၏နေရပ်သို့ ပြန်လာသောအခါ၌မိဘဆွေမျိုးမိတ်သင်္ဂဟတို့သည် ဝမ်းမြောက်စွာဖြင့် ခရီးဦးကြို ပြုကြဘိသကဲ့သို့–

"ထို့အတူ ကောင်းမှုပြုသူတို့ကိုလည်း ဤဘဝမှ တမလွန်ဘဝသို့ ပြောင်းသည်ရှိသော် ပြုထားသော ကောင်းမှုတို့သည် အဝေးမှ ရောက်လာသော ဆွေမျိုးကဲ့သို့ ခရီးဦးကြို ပြုကြကုန်၏"ဟု ရှင်မောဂ္ဂလာန်အား ဟောတော်မူ၏။

ထိုစကားကို နန္ဒိယဒါယကာ ကြားလေသော်–

လွန်စွာ ဝမ်းမြောက်လှ၍ ကုသိုလ်ကောင်းမှုတို့ကို ပို၍ပြုပြန်၏။ ထို့ကြောင့် စုတေသောအခါ၌ ရှင်မောဂ္ဂလာန် မေးခဲ့သော ဗိမာန်၌ နတ်သားသွားဖြစ်လေ၏။

နန္ဒိယ ဒါယကာမရှိလျှင် ၎င်း၏ဇနီးဖြစ်သော (ရေဝတီ) အမည်ရှိသော သူကြွယ်မသည် ရဟန်းတို့အား အလှူဝတ်ကို ဖြတ်၏။ ယုတ်မာစွာ ဆဲရေး၏။

ထို့ကြောင့်—

ဝေသဝဏ်နတ်မင်းကြီးသည် ဘီလူးနှစ်ကောင်ကို စေလွှတ်၍ ရေဝတီ၏ ခြေနှစ်ဖက်ကို ကိုင်ပြီး ဦးခေါင်းကို ဇောက်ထိုးထား၍ ငရဲ၌ အရှင်လတ်လတ်ချလေ၏။

ထို့ကြောင့် ရတနာသုံးပါးတို့အား ကံသုံးပါးဖြင့် ပြစ်မှားခြင်းကို လူအပေါင်းတို့သည် အထူး ရှောင်ကြဉ်ကုန်ရာ၏။

*

## ၁၀၀။ အင်္ဂတိုင်း စမ္ပာနဂိုရ်ပြည်

အင်္ဂတိုင်းမှ စမ္ပနဂိုရ်ပြည်၏အကြောင်းမှာ မဟာဇနကဇာတ်တော်၌ မိထိလာနှင့်စမ္ပာနဂိုရ်ပြည်သည် ယူဇနာ ၆၀-ဝေးသည် ဆို၏။

စမ္ပေယျ နဂါးမင်းဇာတ်၌ အင်္ဂတိုင်းနှင့် မဂဓတိုင်း တို့၏ အကြား၌ စမ္ပာမည်သော မြစ်ရှိ၏။ ထိုမြစ်၏ နဂါးပြည်၌ ဘုရားလောင်း စမ္ပေယျနဂါးမင်းသည် မင်းပြုနေသည်ဟု ဟောတော်မူ၏။

အခါတပါး၌ စမ္ပာနဂိုရ်ပြည်သို့ ဘုရားရှင်သည် သံဃာတော် ငါးရာနှင့် ကြွတော်မူကြောင်းကိုလည်း သီလက္ခန် ပါဠိတော်၌ ဟောတော်မူ၏။

ငင်းအဌကထာ၌ပင် စမ္ပာနဂိုရ်ပြည်၏ မနီးမဝေး၌ မင်းနှင့် ခဲ့ဖုရားတို့ တူးဖော်ထားခဲ့သော (ဂဂ္ဂရာ) ရေကန်တခု ရှိသည် ဆို၏။ ထိုရေကန်၏ ကမ်းနား၌ စကားပင်တောကြီး တခုရှိသည် ဆို၏။ ထိုတောသို့ ဘုရားရှင်ကြွတော်မူ၍ သီတင်းသုံးတော်မူ ကြောင်းကို ဖွင့်ဆိုပြ၏။

ထိုစမ္ပာနဂိုရ်ပြည်သည်—

ဘုရားလောင်း မဟာဇနကမင်းသား၏ ဘွားမြင်ရာမြို့လည်း ဖြစ်ပေ၏။ သုဝဏ္ဏဘူမိသို့ သင်္ဘောသား (၇၀၀) နှင့် သွားရာ သင်္ဘောဆိပ်လည်းဖြစ်ပေ၏။ ဤကား ပါဠိဘာသာဖြင့် ပြဆို အပ်သော စကားတည်း။

ယခုအခါ တည်ရှိနေပုံမှာ—

ကျောက်စာမင်းကြီး (ကနိန်ဂဟန်) ၏ စာတန်းအရ အင်္ဂ တိုင်းသည် ယခုအခါမှာ (ဘာဂလ်ပုရ်) စီရင်စုပင် ဖြစ်သည် ဆို၏။ တိုင်းပြည်၏ နယ်နိမိတ်မှာ—

မြောက်ဘက်၌ ဂင်္ဂါ မြစ်ကမ်းပါး၌ ရှိသော (ဂျန်ဂိရ်) ခေါ်သော အရပ်နှင့် (တေလိယာဂလီ) ခေါ်သော အရပ် ဒေသအထိ ရှိ၏။

တောင်ဘက်၌ (ဘာဂိရထိ) မြစ်ကမ်းရှိ (ကာလ်နာ) ခေါ် သော အရပ်နှင့် (ဒမုဒ) မြစ်ကမ်းရှိ၏။

(ပါကြီးတ်) နေရပ်ဌာနကို အဆုံးထားပြီးလျှင် တိုင်းထွာ ပါမူ အကျယ်အဝန်း မိုင် ၅၀၀-ခန့် ရှိသည်ဆို၏။

စမ္ပာနဂိုရ် ပြည်သည်ကား (ဘာဂလ်ပုရ်) မြို့မှ အနောက်ဘက် ၂၄-မိုင်အကွာ၌ (ပတ္တာရ်ဃာဒ်) အမည်ရှိသော နေရာတခု ရှိသည်ဆို၏။

ထိုနေရာမှ အနောက်ဘက်အနီးတွင် (ကျမ္ပာနဂရ်) ခေါ်သော ရွာတခုရှိ၏။ ၎င်းရွာသည်ပင်လျှင် ရှေးအခါက စမ္ပာနဂိုရ်မြို့ဟောင်း ဖြစ်သည်ဟုဆို၏။

ဟူယိင်ဆင်ဂ်ကျမ်း၌ကား အင်္ဂတိုင်း၏ အကျယ်အဝန်းမှာ မိုင်ပေါင်း ၆၆၆-မိုင်ကျော်၍ မြို့တော်စမ္ပာနဂိုရ်သည် ခြောက်မိုင်ကျော် ရှိသည်ဆို၏။

၎င်းသို့ သွားရန်ခရီးစဉ်မှာ—

အိန္ဒိယပြည်တွင် (ဘာဂလ်ပုရ်) မြို့သည် ထင်ရှားသည်ဆို၏။ ၎င်းမြို့သို့ရောက်လျှင် စမ္ပာနဂိုရ်ပြည်သို့ ချောမော လွယ်ကူစွာ သွားလာနိုင်သည် ဆို၏။

*

## ၁၀၁။ ရောဟိနီ နတ်သမီးနှင့် သိကြားမင်း

ငါတို့ ဂေါတမဘုရားရှင်၏ လက်ထက်၌ သာဝတ္ထိပြည်တွင် ရှင်အနုရုဒ္ဓါမထေရ်၏ နှမတော်ဖြစ်သော (ရောဟိနီ) မင်းသမီးအား ကုဋ္ဌနူနာရောဂါသည် စွဲကပ်လေ၏။

ထိုအခါ မင်းသမီးသည်—

မိမိဆင်ယင်သော တန်းဆာတို့ကိုရောင်း၍ ရဟန်းတို့နေထိုင်ရန်အတွက် ဇရပ်ကို ဆောက်လုပ်လှူဒါန်း၏။ အင်းပျဉ် နေရာ

ခင်း၍ ဆွမ်းခဲဘွယ်တို့ဖြင့် လှူဒါန်း၏။ ဘုရားရှင်က ဆွမ်းအနုမောဒနာတရား ဟော၍ ပြီးဆုံးသောအခါ၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောဂါပျောက်၍ ရွှေအဆင်းနှင့် တူနေလေ၏။

ထိုမင်းသမီး သေလွန်သော်—

တာဝတိံသာ နတ်ပြည် သုဒဿနမြို့တော်၌ နတ်သားလေးယောက် ပိုင်ဆိုင်သော နယ်နိမိတ်စပ်တွင် အလွန်လှပသော နတ်သမီးဖြစ်သွားလေ၏။

ထိုအခါ နတ်သား လေးယောက်တို့သည် ထိုနတ်သမီးကို "သူ ပိုင်ထိုက်သည်၊ ငါ ပိုင်ထိုက်သည်" ဟု အငြင်းပွား၍ နေသည်ကို သိကြားမင်း သိလေ၏။ ထို့ကြောင့် သိကြားမင်းက ထိုနတ်သား လေးယောက်တို့၏စိတ်၌ ဖြစ်ပေါ်နေပုံကို မေးလေလျှင်—

၁။ ပဌမနတ်သားက- "ဤနတ်သမီးကို မြင်ရသည့်အချိန်မှစပြီး ကျွန်ုပ်၏စိတ်သည် စစ်မြေပြင်၌တီးသော စည်ကြီးကဲ့သို့ တည်တည်ငြိမ်ငြိမ် နေခြင်းငှာ မတတ်နိုင်ပါ" ဟု ဆိုလေ၏။

၂။ ဒုတိယနတ်သားကလည်း- "ကျွန်ုပ်၏စိတ်သည် တောင်ထက်မှ စီးကျသော ရေကဲ့သို့ ဖြစ်နေပါသည်" ဟု ဆို၏။

၃။ တတိယ နတ်သားကလည်း- "ဤ နတ်သမီးကို မြင်ရသည်မှစ၍ ကျွန်ုပ်၏ မျက်စိသည် ပုဇွန်မျက်စိကဲ့သို့ ထွက်နေပါသည်"ဟု ဆို၏။

၄။ စတုတ္ထနတ်သားကလည်း- "ကျွန်ုပ်၏ စိတ်သည် စေတီ ပြင်၌ စိုက်ထားအပ်သောတံခွန်ကဲ့သို့ တလှုပ်လှုပ်တရွရွ ရှိနေပါသည်"ဟု ဆို၏။

ထိုအခါ သိကြားမင်းက—

"သည်အတိုင်းဆိုလျှင် အမောင်နတ်သားတို့၏ စိတ်ကို ဖြေမည်ဆိုက ဖြေနိုင်ပါသေး၏၊ ငါ၏စိတ်မှာမူ—သည် နတ်သမီးကိုမှ မရလျှင် သေမှာအမှန်ပါဘဲ"ဟု ဆိုလေ၏။

ထိုအခါ နတ်သားတို့က—

"အရှင် သိကြားမင်းသေသဖြင့် အကျိုးမရှိပါ၊ နတ်သမီးကို သိမ်းယူတော်မူပါလော့"ဟု ဆက်သလေကုန်၏။

သိကြားမင်းသည် ထိုနတ်သမီးကို အလွန်ချစ်မြတ်နိုး၏။ ထို နတ်သမီးစကားကို ပယ်ရှားခြင်းငှါ မတတ်နိုင်ဟု ဆိုသတည်း။

(လုံးတော်ဆရာတော် ပုစ္ဆာပကိဏ္ဏက ကျမ်းမှ)

*

## ၁၀၂။ တိုင်းကြီး ၁၆-တိုင်း


၁။ အင်္ဂတိုင်း
၂။ မဂဓတိုင်း
၃။ ကာသိတိုင်း
၄။ ကောသလတိုင်း
၅။ ဝဇ္ဇီတိုင်း
၆။ ဝိဒေဟတိုင်း

၇။ ဝဂ်ီတိုင်း
၈။ စေတိယတိုင်း
၉။ ကုရုတိုင်း
၁၀။ သက္ကတိုင်း
၁၁။ ပဥ္စာလတိုင်း
၁၂။ မစ္ဆတိုင်း
၁၃။ ဘဂ္ဂတိုင်း
၁၄။ အဝန္တီတိုင်း
၁၅။ ဂန္ဓာရတိုင်း
၁၆။ ကမ္ဗောဇတိုင်း

မြတ်စွာဘုရားသခင်သည် ဝိသာခါ ကျောင်းအမကြီးအား ဥပုသ် စောင့်သုံးရခြင်း၏ အကျိုးတရား များပုံကို ထိုတိုင်းကြီး ၁၆-တိုင်းနှင့် ဥပမာစကား မိန့်ကြားတော်မူ၍ အောက်ပါ အတိုင်း ဟောကြားတော် မူခဲ့၏။

"ချစ်သမီး ဝိသာခါ—

"ဥပုသ်စောင့်သုံးရခြင်း၏ အကျိုးတရားကား ရတနာ (၇) ပါးနှင့် ပြည့်စုံ၍ အလုံးစုံနှစ်သက်ဘွယ်ကောင်းသော၊ ထိုတိုင်းကြီး (၁၆) တိုင်းကို အစိုးရ၍ မင်းပြုလုပ်ရသည်ထက်၊ တနေ့ တရက် ဥပုသ်စောင့်သုံးရသောအကျိုးကို၊ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်ကိုမျှ မမှီနိုင်''ဟု ဟောကြားတော်မူခဲ့ ဘူး၏။



## ၁၀၃။ ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်စံယူပုံ

မြတ်စွာဘုရားသခင်သည် (၀၄၄၀)ရွာ၌ ၀ါဆိုတော်မူသောအခါ ရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်၏အနီးဖြစ်သော (ကာဠသိဂိလိ)အမည်ရှိသော တောင်၏နံပါး (ကာလ) မည်သော ကျောက်ဖျာပေါ်၌ သီတင်းသုံးနေတော်မူ၏။

အရှင်မောဂ္ဂလာန်သည် ရံဖန်ရံခါ နတ်ပြည်သို့ကြွ၍ နေ့အခါသီတင်းသုံးတော်မူ၏၊ ရံဖန်ရံခါ ငရဲပြည်သို့ ကြွတော်မူ၏။

အရှင်မောဂ္ဂလာန်သည်—

နတ်ပြည်သို့ရောက်သောအခါ၌—

ဘုရားရှင်၏ဒါယကာ ဒါယိကာမတို့သည် နတ်စည်းစိမ်ဖြင့် ခံစားနေသည်ကိုတွေ့မြင်ခဲ့ရ၍ လူ့ပြည်သို့ ရောက်သောအခါ၌၊ မည်သည့်ဒါယကာသည် တုသိတာနတ်ပြည်သို့ရောက်နေ၏၊ မည်သည့်ဒါယကာသည် တာဝတိံသာနတ်ပြည်သို့ ရောက်နေ၏၊ စသည် စသည်ဖြင့် လူတို့ကိုပြောကြားလေ့ရှိ၏။

ငရဲပြည်မှ ပြန်လာသောအခါ၌လည်း—

တိတ္ထိတို့ကို ကိုးကွယ်သော မည်သည့်ဒါယကာဒါယိကာမတို့သည် သိဉ္စိုးငရဲ၌ခံနေရသည်ကို ငါမြင်ခဲ့ရ၏၊ မည်သည့် ဒါယကာ ဒါယိကာမတို့သည် ကာလသုတ်ငရဲ၌ ခံနေရသည်ကို ငါမြင်ခဲ့ရ၏ စသည် စသည်ဖြင့် လူတို့အား ပြောကြားလေ့ရှိ၏။

ထိုအခါ လူတို့သည် ဘုရားရှင်၏တရားကိုသာ ယုံကြည်၍၊ သာသနာတော်၌ ပို၍ကြည်ညို၍ လေးမြတ်ကြကုန်၏၊ တိတ္ထိတို့ကို ကြည်ညိုမှုမရှိကြကုန်၊ အလှူကိုဖြတ်ကြကုန်၏။

ထိုအခါ တိတ္ထိတို့သည်—

အရှင်မောဂ္ဂလာန်အား ကြီးစွာသော ရန်ညိုးထားကြကုန်၏။

"ဤရဟန်းရှိ၍သာ ငါတို့လာဘ်ပိတ်ကုန်ပြီ၊ ငါတို့၏ ဒါယကာများကပင် ငါတို့ကိုလှူဒါန်းမှုမပြုကြတော့၊ ထို့ကြောင့် ဤရှင်မောဂ္ဂလာန်ကိုသတ်ပစ်မှကောင်းမည်"ဟု ကြံကြကုန်၏။

ထို့ကြောင့် လူမိုက်ကိုငှားကြ၏၊ ရတနာသုံးပါးကိုမျှ လုံး၀ မသိသည့် (သာမဏဂုတ္တိက)မည်သော လူမိုက်ခိုးသားကို တွေ့ကြ၏၊ ထိုခိုးသားကို အသပြာတထောင်ပေး၍ငှား၏။

ထိုလူမိုက်သည်—

မိမိ၏လူမိုက်အပေါင်းအသင်းများနှင့် ညအခါ၌ ရှင်မောဂ္ဂလာန်ရှိရာသို့သွား၏၊ အရှင်မြတ်သည် လူမိုက်တို့လာကြောင်း သိလျှင် စတုတ္ထစျာန်ဝင်စား၍ ကောင်းကင်၌ စကြံကြွပြီးနေတော်မူ၏။

လူမိုက်တို့သည် အရှင်မြတ်ကိုမတွေ့၍ပြန်ခဲ့ကြ၏၊ နောက်တညထပ်၍သွားကြပြန်၏၊ အရှင်မြတ်သည် ယုဂန္ဓိုရ်တောင်သို့ ကြွ၍နေတော်မူ၏။

ဤသို့သောနည်းအားဖြင့် ခြောက်ညပတ်လုံး လူမိုက်တို့သွားသော်လည်း တန်ခိုးတော်ဖြင့်သာ ရှောင်ရှားလျက် နေတော်မူ၏။

(၇) ရက်မြောက်သောအခါ—

ရှေးအပရာ-အရိယ-ဝေဒနိယဖြစ်သော (ဥပပီဠက)ကံသည် (ကပ်၍နှိပ်စက်တတ်သောကံသည်) နှိပ်စက်ခြင်းငှာ အခွင့်သာ၍ မရှောင်နိုင်တော့ဘဲ လူမိုက်တို့၏ ညှဉ်းဆဲသတ်ဖြတ်မှုကို ခံရလေ၏။

သိကြားမင်းနေရာ ဝေဇယန္တာပြာသာဒ်ကိုပင် ခြေမကြားဖြင့်ညှပ်၍ လှုပ်ခြင်းငှာစွမ်းနိုင်သော နန္ဒောပနန္ဒနဂါးကြီးကို ဆုံးမနိုင်သော၊ တန်ခိုးတော်အဟုန်တို့သည် ကုန်ခန်းလေသဖြင့် အသေသတ်ရန်လာသော လူမိုက်တို့၏လက်ထဲ၌ ရိုက်နှက်ညှဉ်းဆဲခြင်းကို ခံရလေ၏။

အရှင်မြတ်၏အရိုးတို့သည် မှုန့်မှုန့်ညက်ညက် ကျေကုန်၏၊ ဝါဂွမ်းအိပ်ကဲ့သို့ရှိနေ၏၊ ထို့ကြောင့် လူမိုက်တို့သည် အရှင်မြတ်သေပြီထင်၍ ထားခဲ့ပြီးပြန်ကြ၏၊ လူမိုက်တို့သည် အိမ်မရောက်မီ လမ်းခုလပ်၌ (အနန္တအရိယကံ) ထိုက်၍ တောင်ကမ်းပါးယံကြား၌ မြေမျိုခံရ၍ အဝီစိငရဲသို့ရောက်ကြလေ၏။

အရှင်မောဂ္ဂလာန်သည် အနည်းငယ်သတိရလာသောအခါ၊ ဈာန်သမာပတ်ဖြင့် ကြွလာပြီး ရှိခိုးကန်တော့၏။

"အရှင်ဘုရား တပည့်တော်သည် ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ၊ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထား၍၊ ထိုအချိန် တန်ဆောင်မုန်းလကွယ်နေ့၌ ပရိနိဗ္ဗာန်ပြုလေ၏။

ထိုခဏ၌ နတ်ပြည်ခြောက်ထပ်အားလုံးတွင် "ငါတို့ဆရာ ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုလေပြီ"ဟု အုတ်အုတ်ကျက်ကျက် ကောလာဟဠသည် တပြိုင်နက်ထည်းဖြစ်ကြလေ၏။

ရာဇဂြိုဟ်ပြည်သားတို့သည်လည်း ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြကုန်၏၊ ထင်းတလား စသည်တို့ ပြုလုပ်ကြကုန်၏၊ စန္ဒကူးထင်းပုံသည် "ကိုးဆယ့်ကိုးတောင်"မြင့်၏။

မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ကြပ်မတ်၍၊ သဂြိုဟ်တော်မူ၏၊ ထက်ဝန်းကျင် တယူဇနာမျှသောအရပ်၌ နတ်တို့၏ ပန်းမိုးနံ့သာမိုးတို့သည် ရွာကုန်၏၊ လူတို့၏အကြား၌ နတ်တို့သွားလာကြသည်ကို မြင်ရ၏၊ (၇)ရက်ပူဇော်ပြီးမှ မီးသဂြိုဟ်၏၊ဓါတ်တော်ကို ဝေဠုဝန်ကျောင်းတံခါးမုခ်ဝ၌ စေတီတည်၏။

*

## ၁၀၄။ ရှင်မောဂ္ဂလာန်ကို ခိုးသားများ အရိုက်ခံရသောဝိပါက်

ရှေးသရောအခါ ရှင်မောဂ္ဂလာန်သည် မဂဓရွာ၌ အမျိုးသားတဦးဖြစ်၍ ယုတ်မာသော မယား၏စကားကို နားထောင်မိ၍ မျက်မမြင် မိဘနှစ်ပါးကိုသတ်ရန် အခြားမြို့ရွာသို့ အလည်

သွားတော့မည့်ဟန်ဖြင့် လှည်းပေါ်သို့တင်၍ ခေါ်ဆောင်သွား၏။

တောအုပ် တခုသို့ ရောက်သောအခါ သူခိုးခေါးပြဟန်ဆောင်၍ မိဘနှစ်ပါးတို့အား ရက်စက်စွာ ရိုက်လေ၏။ ထိုအခါ မိဘနှစ်ပါးတို့က—

ချစ်သား ငါတို့ကို လူဆိုးတွေ ရိုက်ကုန်ပြီ။ ချစ်သား လွတ်ရာသို့ ပြေးလော့ဟုဆိုပြီး သားကို မရိုက်ကြရန် ငိုယို၍ တောင်းပန်ကုန်၏။

ထိုအခါမှ ရှင်မောဂ္ဂလာန် အလောင်းသည်—

ငါ၏ မိဘတို့သည် ဤမျှလောက် အရိုက်ခံရပါလျက် ငါ့အတွက်သာ ပူပန်ကုန်၍ ငိုကြွေကုန်၏။ မိဘတို့ကို နှိပ်စက်မိခြင်းသည် ငါ မှားလေပြီ ဟု သတိသံဝေဂ ရလေ၏။

ထို့ကြောင့်—

လူဆိုးတို့ ထွက်ပြေးသွားကြလေဟန် ဆောင်ပြီးမှ မိဘနှစ်ပါး၏ စိတ်သက်သာမှုကို ဖြစ်စေပြီး လှည်းပေါ်သို့တင်၍ အိမ်သို့ ပြန်ခေါ်ခဲ့၏။

ထိုမကောင်းမှုကြောင့် အဝီစိငရဲ၌လည်း ခံခဲ့ရ၏။ အဖြစ်ငါးရာ အဖန်ငါးရာလည်း သူဘပါးတို့ အသတ်ခံခဲ့ရ၏။

ဤနောက်ဆုံး ဘဝ၌လည်း ထိုမကောင်းမှု ဝိပါက်၏ အကျိုးပေးခွင့် ရလာသောကြောင့် ယခုလို ပရိနိဗ္ဗာန်ပြုရခြင်း ဖြစ်လေ၏။

## ၁၀၅။ ပါဋလိပုတ်ပြည်

ပါဋလိပုတ်ပြည်၏ အကြောင်းမှာ—

အခါတပါး၌ သီရိဓမ္မာသောကမင်းကြီးသည် ခမည်းတော် (ဗိန္ဓုသာရ) မင်းကြီး၏ မကျန်းမာတော်မူသည့် အကြောင်းကို ကြားသိလျှင် ဥဇ္ဇေနီပြည်မှ ကိုယ်တော်တပါးထည်း ပါဋလိပုတ်ပြည်သို့ ကြွတော်မူလာပြီး ခမည်းတော်ကြီးအား စောင့်ရှောက် ပြုစု၍နေပေ၏။

သို့သော်ခမည်းတော်ကြီးသည် သာသနာသက္ကရာဇ် (၂၁၄) ခုနှစ်တွင် အနိစ္စရောက်တော်မူလေ၏။ ထိုအခါ အသောက မင်းသည် မင်းပြုတော်မူလေ၏။

ထိုအကြောင်းကို ကြားသိရသောအခါ သုမန မင်းသား သည် ညီတော် (ကိုးကျိပ်ကိုးယောက်) နှင့်တကွ ပါဋလိပုတ် ပြည်ကို လုပ်ကြံရန် ဝန်းရံလေ၏။

ဓမ္မာသောက မင်းကြီးသည်လည်း မိမိနှင့်တမိတဘထည်း အတူမွေးဘွားသော ညီတော်(တိဿ)မင်းသားကိုသာချန်လှပ်၍ နောင်တော် ကိုးကျိပ်ကိုးယောက်တို့ကို သတ်ဖြတ်ပြီး အဘိသိက် မခံသေးဘဲ လေးနှစ်တိုင်အောင် တပြည်လုံးကို သိမ်းပိုက်တော် မူထား၏။ သာသနာတော် သက္ကရာဇ် (၂၁၈) ခုနှစ်မြောက် သော အခါမှ အဘိသိက်ခံယူ၍ မင်းပြုတော်မူ၏။

ညီတော် တိဿမင်းသားကို အိမ်ရှေ့မင်းအရာ ပေးတော် မူ၏။ ထိုအခါ ဓမ္မာသောက မင်းကြီးသည် ဇမ္ဗူဒိတ်ကျွန်း အပြင်၌ တဦးတည်းသော မင်းအဖြစ်သို့ ရောက်တော်မူလေ၏။

တနေ့သ၌—

နိဂြောဓ သာမဏေ၏ ဟောကြားတော်မူအပ်သောတရားကို ကြားနာရလျှင် သာသနာတော်ကို အတိုင်းမသိ ကြည်ညိုလှ၍ သံဃာတော်များကို ဆည်းကပ်လျက် (ဓမ္မကန္ဒာ) ကိုရည်မှတ်၍ စေတီနှင့် ကျောင်းပေါင်း ရှစ်သောင်းလေးထောင်စီ တည်ထား ကိုးကွယ်တော်မူလေ၏။

အသောက မင်းကြီး၏ လက်ထက်၌—

ပါဋလိပုတ်ပြည်ရှိ အာသောကာရာမ ကျောင်းတိုက်၌ (မဟာမောဂ္ဂလိ ပုတ္တတိဿ) မထေရ်သည် ရဟန္တာတထောင်ကို ရွေးကောက်ပြီး ပိဋကတ်သုံးပုံကို နယုန်လမှစ၍ တတိယသင်္ဂါယနာတင်တော်မူကြရာ သာသနာ သက္ကရာဇ် (၂၃၅) ခုနှစ် တပို့တွဲလတွင် ပြီးစီးအောင်မြင်တော် မူလေသည်ဆို၏။

ယခုအခါ ပါဋလိပုတ်ပြည်သည် အထူးမရှိပါ။

အသောက မင်းကြီးနှင့် အရှင် (မဟာမောဂ္ဂလိပုတ္တတိဿ) မထေရ်တို့၏ သာသနာပြုရာသာ ပဓာနဖြစ်သည်ကို ရည်မှတ်၍ ကြည်ညိုဘွယ်ရာသာ ရှိတော့၏။ ပါဋ္ဌိ ဘာသာ၌ ပါဋလိပုတ် ပြည်ဟူသောအမည်မှာ ဖောက်ပြန်၍(ကုသုမပုရ- ပါဋလိပုတ္တရ- ပဋ္ဌနာ) ဟူ၍ အမည်သုံးခုကွဲပြား၏။

ထိုသုံးခုသော အမည်တို့တွင် လူတို့၏ အသက်ရှည်သည်ကို အကြောင်းပြု၍ (ကုသုမပုရ) လူတို့၏ အသက်တိုသည်ကို အစွဲပြု၍ (ပါဋလိပုတ္တရ)ဟု တွင်လေ၏။

အင်္ဂလိပ်မင်း လက်ထက်၌ (ပဋ္ဌနာ) ဟူသော အမည်ဖြင့် ထင်ရှားခဲ့သည်ဆို၏။

ပဋ္ဋနာ ခေါ်သော ရှေးဟောင်း ပါဋ္ဋလိပုတ်ပြည်သည် ဂင်္ဂါမြစ်၏ တောင်ဘက်၌ အကျယ်အဝန်း (၁၂)မိုင်သာသာ ရှိသည်ဆို၏။

ဂရိတ်ပညာရှိ (မေဂဆထနိဆ်) ကျမ်းစာအုပ် အလိုအား ဖြင့် (စန္ဒဂုပ္ပတ) ဗိန္ဒုသာရ မင်းတို့၏ လက်ထက်၌ (၂၄)မိုင်နှင့် သုံးဖာလုံ ကျယ်ဝန်းကြောင်းကို သိအပ်သည်ဆို၏။ ယခုလမ်းရှိ အတိုင်းဆိုလျှင် (၂၂) မိုင်နှင့် (၄) ဖာလုံခန့်သာ ရှိမည်ဆို၏။

ပါဋ္ဋလိပုတ်ပြည်၏ (ပဋ္ဋနာစီတီ) ဘူတာ၏ တံတား အရှေ့ ဘက်၌ ခြေလှမ်း (၂၀၀) ခန့်တွင် မီးရထားလမ်းနှင့်ကပ်လျက် စေတီကြီးတဆူ ရှိသည်ဆို၏။

၎င်းစေတီကြီးကို မူဆလမန်တို့က အထက်ပိုင်းကိုဖြိုပြီး မိမိတို့ ဌာပနာတိုက် ပြုလုပ်ထားသည် ဆို၏။ (ပဋ္ဋနာကုလ- ဂျာရ်ဗါဂ်) ဘူတာမှ အနောက်ဘက် တမိုင်ကျော်တွင် (ကုမ် ဘရာဟာရ်) အမည်ရှိသော ရပ်ကွက်တခုရှိ၏။ ထိုအရပ်၏ သရက်ဉယျာဉ်တောကို ကျောက်စာဝန်တို့က တူးဖေါ်ကြရာ ၎င်းနေရာမှ အဆောက်အဦးပျက်နှင့်တကွ အသောက ကျောက် စာတိုင်တခုကို တွေ့ရှိရသည်ဆို၏။

ကျောက်စာတိုင်၏ အထက်ပိုင်းသည် ကျိုးပျက်ပြီးလျှင် ထိုထိုဤဤတို့သို့ ကျရောက်လျက် ရှိနေသည်ဆို၏။ အောက်ပိုင်း ဆယ်တောင်ခန့်သည် ပကတိနေရာမှ ပြောင်းရွှေ့ပြီး မြေပေါ်၌ တုံးလုံးလဲကျလျက် ရှိနေသည်ဆို၏။

ထိုသို့ တူးဖော်ရာအရပ်ကို အချိုက အသောကရာမတိုက်။ အချို့က အသောကမင်းကြီး၏မြို့သစ်ဟု သမုတ်ကြသည်ဆို၏။

ဖါဟီယန်ကျမ်းစာ၌ လာရှိသည်မှာ (ပုရှပပုရ်) - (ပါဋလိပုတ္တနု)မြို့သည် အသောက၏ မြို့တော်ဖြစ်သည်ဆို၏။

မြို့၏တောင်ဘက် (၃)လီ ကျော်ခန့်တွင် မဟာစေတီကို ရှေးဦးစွာ တည်သား ကိုးကွယ် လေ၏။ စေတီတော်၏ ရှေ့၌ ဘုရားရှင်၏ ခြေတော်ရာတဆူ ရှိသည်ဆို၏။ ၎င်းခြေတော်ရာ၌ မြောက်သို့မျက်နှာမူလျက် ကျောင်းတော်တဆောင် ဆောက်လုပ်ထားသည်ဆို၏။

မဟာစေတီတော်၏ မြောက်ဘက်၌ လုံးပတ် တဆယ့်လေးတောင်၊ တဆယ့်ငါးတောင်ခန့်ရှိသော ကျောက်စာတိုင် တခုကိုလည်း စိုက်ထူထားသည်ဆို၏။ ၎င်းကျောက်စာတိုင်၏အမြင့်သည် အတောင်သုံးဆယ်ကျော် ရှိသည်ဆို၏။

ကျောက်စာ၏အဓိပ္ပာယ်မှာ—

"အသောကမင်းကြီးသည် ဇမ္ဗူဒီပါကို အရပ်ထက်ဝန်းကျင်ရှိ သံဃာတို့အား လှူဒါန်းတော်မူပြီး တဖန်ငွေဖြင့်ပြန်၍ ဝယ်ယူကြောင်း။ ဤကဲ့သို့သော အလှူမျိုးကို အသောကမင်းကြီးသည် သုံးကြိမ်တိုင်အောင်ပြုဘူးသည်"ဟူသော အကြောင်းအရာများ ပါရှိသည်ဆို၏။

၎င်းပြင် စေတီတော်ကြီး၏ မြောက်ဘက်၌ ခြေလှမ်း သုံးလေးရာခန့်တွင်(နေလေ) အမည်ရှိသောမြို့ကို တည်ထောင်သည်

ဆို၏။ ၎င်းမြို့၌ အတောင်သုံးဆယ်ကျော်ခန့်ရှိသော ကျောက်စာတိုင်တခုရှိသည်ဆို၏။ ၎င်းကျောက်စာတိုင်၏အပေါ် ခြင်္သေ့ရုပ်တခုလည်း ပါရှိသည်ဆို၏။

ကျောက်စာတိုင်၏အဓိပ္ပာယ်မှာ—

"နေလေမြို့ကို တည်ထောင်သောအကြောင်းအရာနှင့် ခုနှစ်သက္ကရာဇ် နှစ်-လ-ရက်-နေ့ မျှသာ" ရေးထိုးပါရှိသည်ကိုတွေ့ရှိရသည်ဆို၏။

ထို့ကြောင့် အဆိုပါနေရပ်ကို—

ဖါဟိယန်ကျမ်းစာဖြင့် ကြည့်ရှုလိုက်လျှင် ကျောက်စာတိုင်နှင့် ကျောင်းတော်ရာသည် ရှိနေရကား မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသောကြောင့် ၎င်းနေရာကိုပင် ကျောင်းတော်ရာနှင့်တကွ မဟာစေတီတည်ရာအရပ်ဟု ယူဆထိုက်သည်ဆို၏။

ဇိနတ္ထပကာသနီကျမ်း၌ ပါဋလိပုတ်ပြည်တွင် မြစ်ကမ်းနားဝယ် တကောသခွဲအရပ်၌ မဟာစေတီ တည်ကြောင်းကိုဖော်ပြပါရှိ၏။ ၎င်းပြင် (ပဋ္ဌနာဂျင်္ဂသျှန်) ဘူတာရှိသော မြို့ထဲမှာ ပြတိုက်ဘခုရှိ၏။ ထို့အပြင် ဂင်္ဂါမြစ်ဆိပ် မျှော်စင်များလည်း ရှိသေးသည်ဆို၏၊ နန်းတော်ရာစသည်တို့မှာ ဂင်္ဂါမြစ် ရေစားရာသို့ ပါသွားပြီဆို၏။

၎င်းသို့သွားရာ ခရီးစဉ်မှာ—

ပါဋလိပုတ်ပြည် (ပဋ္ဌနာ)မြို့သည် အိန္ဒိယတွင် ထင်ရှားသောမြို့ကြီးဖြစ်သောကြောင့် ၎င်းပဋ္ဌနာမြို့ကို ကလကတ္တား၊ ဗာရာ

ဏာသီ၊ ဗုဒ္ဓဂါယာ စသည်တို့မှ သွားရောက်နိုင်၏။ မြို့၌မူကား (ပဋ္ဌနာစီတီ)- (ပဋ္ဌနာဂုလဂျာရ်ဗါဂ်) (ပဋ္ဌနာဂျင်္ဂသျှန်) ဟူ၍ ဘူတာသုံးခုရှိ၏။

ထိုသုံးခုအနက် (ပဋ္ဌနာဂျင်္ဂသျှန်) ဘူတာကို (ဗင်ကီပုရ်) ဟူ၍လည်း ခေါ်ဆို၏။ ၎င်းဗင်ကီပုရ် မြို့တွင်း၌ ခရီးသည်များ တည်းခိုရန် ဓမ္မာရုံစရပ်ကြီးတခုရှိ၏။ အခြားသော နေရာတို့၌ လည်းရှိ၏။ မြင်းရထားဖြင့် လှည့်လည်၍ ကြည့်ရှုနိုင်သည်ဆို၏။

(အိန္ဒိယကြေးမုံကျမ်းမှ)

*

## ၁၀၆။ ပါဋ္ဌလိဂါမဗျာဒိတ်ရ

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဝါဆိုတော်မူသောနှစ်တွင် ရဟန်းအပေါင်းနှင့်တကွ နာလန္ဒ မြို့သို့ ကြွတော်မူ၏။

ထိုမြို့၌ (ပါဝါရ) သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုမြို့၌ အနည်းငယ်မျှ နေပြီးသော် ညီတော် အာနန္ဒာကိုခေါ်၍ ဂင်္ဂါမြစ်အနီး၌ရှိသော (ပါဋ္ဌလိ) ရွာသို့ ရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၏။

ထိုအခါ ပါဋ္ဌလိရွာသားတို့သည် ဘုရားရှင် ကြွလာတော် မူကြောင်းသိ၍ ဘုရားရှင်ထံသို့ ကပ်လာကြပြီးသော်—

"အရှင်ဘုရား ညှဉ့်သည်တို့တည်းခိုစရပ်၌ ခေတ္တသီတင်းသုံး နေတော်မူပါဘုရား"ဟု လျှောက်ထားကြကုန်၏။ ဘုရားသခင် လည်း ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ပါဠလိရွာသား အားလုံးတို့သည် ဘုရားရှင်နေတော်မူရာ စရပ်အပြင်၌ သန့်ရှင်းစွာပြုလုပ်ကြ၍ ခင်းနှီးကော်ဇောတို့ကို ခင်းထား၍ သောက်ရေတည်ခြင်း၊ ဆီမီးထွန်းခြင်း စသောဝတ်ကို ပြုကြကုန်၏။

နံနက်သောအခါ ပါဋလိရွာသားတို့သည် ဘုရားရှင်အား ဆွမ်းဘောဇဉ်များကပ်လှူပြီး၊ ဘုရားရှင်အနီး၌ ခြံရံ၍ နေကြကုန်၏၊ ထိုအခါ ဘုရားရှင်သည် ၎င်းတို့နှင့် သင့်လျော်သော ဒေသနာတော်ကိုဟောကြား၍ တရားမှန်သို့ သိစေကုန်၏။

ထိုသို့ ပါဋလိရွာသို့ ဘုရားရှင်ကြွတော်မူသော အချိန်သည် ပညာရှိအမတ်ဖြစ်ကုန်သော သုနိဓပုဏ္ဏား ဝဿကာရပုဏ္ဏား နှစ်ဦးတို့သည် ဝေသာလီမှ ဝဇ္ဇီမင်းတို့သည် ရာဇဂြိုဟ်နယ်စပ်သို့ အခွန်လာကောက်ခြင်းများကို တားဆီးရန်အတွက်၊ စစ်သည်ဗိုလ်ပါများစွာနှင့်လာ၍၊ လုံခြုံရေးကိစ္စကိုစီရင်ခိုက်နှင့် ကြုံနေသည်ဆို၏။

ထိုသို့ စီရင်ရာ၌ များစွာသော ဘုမ္မစိုးနတ်တို့သည်၊ မိမိတို့နေရာမှဖယ်၍ ပေးကြရကုန်၏။

တန်ခိုးကြီးသောနတ်တို့နေရာ၌ မင်းနှင့် မင်းအမတ်စသူတို့ နေထိုင်ရန်အတွက် သတ်မှတ်၏။

တန်ခိုး အလတ်စားရှိကုန်သော နတ်တို့၏နေရာ၌ သူဌေးသူကြွယ်တို့ နေထိုင်ရန်အတွက် သတ်မှတ်၏။

တန်ခိုးငယ်သော နတ်တို့နေရာ၌ ဆင်းရဲနှင့်ကုန်သည်တို့ နေထိုင်ရန်အတွက် သတ်မှတ်၏။

ဘုရားရှင်သည် ထိုအကြောင်းကို၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူ၍ ရှင်အာနန္ဒာအား—

“ချစ်သားအာနန္ဒာ ဤပါဋလိပုတ်ရွာ၌၊ အဘယ်သူတို့ လာ၍ မြို့ကိုဖန်ဆင်းကြသနည်း”ဟု မေးတော်မူလျှင်—

“အရှင်ဘုရား ရာဇဂြိုဟ်ပြည်မှ သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့ လာရောက်ဖန်ဆင်းပါသည်ဘုရား” ဟု လျှောက်ထား၏။

“ချစ်သား ဤအမတ်တို့သည် တာဝတိံသာနတ်တို့နှင့်တိုင်ပင်၍ ဖန်ဆင်းသကဲ့သို့ဖြစ်ဘိ၏၊ ရှေးကနေဘူးသော ဘုမ္မစိုးနတ်တို့၏နေရာ၌ သင့်တော်အောင် အိမ်ရာတဲကုန်းများ ပြုလုပ်ထားကြဘိ၏။

“ချစ်သားအာနန္ဒာ ဤပါဋလိရွာသည်နောင်အခါ၌ အရပ်ရှစ်မျက်နှာတို့မှ လာကုန်သော ကုန်သည်အပေါင်းတို့၏ ရောင်းဝယ်ရာဆိပ်ကမ်းနှင့် သာသနာတော်၏တည်ရာ အရိယာသူတော်ကောင်းတို့၏ မွေ့လျော်မှီခိုရာ (ပါဋလိပုတ်) အမည်ရှိသော မင်းနေပြည်တော်ကြီးဖြစ်ပေလတံ့”ဟု(ဗျာဒိတ်မြွက်သောစကား) ကို မိန့်ကြားတော်မူခဲ့သတည်း။

## ၁၀၇။ အမ္ဗပါလိကာ

မြတ်စွာဘုရားသခင်သည် ပါဋလိပုတ်ရွာ၏ ဂင်္ဂါမြစ်ဆိပ်မှ ကောဋိဂါမသို့၎င်း၊ နာဋိကဂါမသို့၎င်း ကြွတော်မူ၏။

ထိုမှတဆင့် ဝေသာလီပြည်သို့ပြန်ကြွတော်မူ၍ (အမ္ဗပါလိကာ)မည်သော ပြည့်တန်ဆာမ၏သရက်ဥယျာဉ်၌ နေတော်မူ၏။

ထိုအခါ ပြည့်တန်ဆာမသည်—

ဘုရားရှင် ကြွတော်မူလာကြောင်းသိလျှင် ဝမ်းမြောက်စွာဖြင့် လှူဘွယ်ဝတ္ထုတို့ကိုယူဆောင်ပြီး၊ မြင်းရထားဖြင့် ဥယျာဉ်သို့သွားလေ၏၊ ဘုရားရှင်ကိုမြင်ရသောနေရာတွင် ရထားမှဆင်းပြီး ခြေဖြင့်လာ၍ ဘုရားရှင်ထံကပ်ပြီး၊ ရိုသေစွာဦးချ၍ ထိုင်လေ၏။

ဘုရားရှင်သည် ၎င်းအား လျောက်ပတ်သောတရားစကားကို ဟောကြားတော်မူ၏၊ အမ္ဗပါလိကာသည် တရားနာပြီးသော် ဘုရားရှင်အား သံဃာတော်များနှင့်တကွ၊ ဆွမ်းစားကြွတော်မူရန် ပင့်လျှောက်ထားခဲ့၏။

ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့သည်လည်း ဘုရားရှင်ကြွလာတော်မူကြောင်းသိ၍၊ မြင်းရထားဖြင့် ထွက်လာကြကုန်၏၊ အဝတ်အစားအမျိုးမျိုး ဝတ်ဆင်လာကြသဖြင့်၊ စစ်မြေပြင်သို့ ထွက်လာကြသော နတ်စစ်သည်များကဲ့သို့ လွန်စွာမှ လှပတင့်တယ်ကုန်၏၊

ထိုအခါ အမ္ဗပါလိကာသည် လိစ္ဆဝီမင်းသားငယ်တို့၏ ရထားစွန်းကို မိမိ၏ရထားစွန်းဖြင့်တိုက်မိပြီး အရေးတကြီးထွက်လာခဲ့၏။

ထိုအခါ လိစ္ဆဝီမင်းတို့က—

"ဟယ်-အယုတ်မ မင်းသားငယ်တို့၏ ရထားစွန်းကို၊ ဘာ့ကြောင့်တိုက်ရတာလဲ၊ ဒို့နဲ့ နင်နဲ့တူသလား တန်သလားဟု" ဆိုကြကုန်၏။

ထိုအခါ အမ္ဗပါလိကာက—

"အရှင်တို့ သည်းခံတော်မူကြပါ၊ အကျွန်ုပ်သည် ဘုရားရှင်ကို နက်ဖြန်ခါ ဆွမ်းကျွေးရန်ပင့်လျှောက်ခဲ့၍ ဝမ်းသာပြီး မင်းသားတို့ကို ရှောင်တိမ်းရန်သတိမရဘဲ၊ အမှတ်တမဲ့လာမိ၍ ယခုလိုဖြစ်ရပါသည် သည်းခံတော်မူကြပါ"ဟု တောင်းပန်၏။

ထိုအခါ လိစ္ဆဝီမင်းသားတို့က—

"အမ္ဗပါလိကာ ထိုသို့ဖြစ်လျှင်သင်ကပ်လှူမည့်ဆွမ်းကို ငါတို့အား အသပြာတထောင်ဖြင့် ပြန်ရောင်းပါ"ဟု ဆိုကြကုန်၏။

"အရှင်တို့—

မြို့-ရွာ-နိဂုံး-ဇနပုဒ်နှင့်တကွ ဝေသာလီတပြည်လုံးကို ပေးသော်လည်း ကျွန်ုပ်မရောင်းနိုင်ပါ"ဟု ဆိုလိုက်၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် အလျှော့ပေးပြီး၊ ဘုရားရှင်ရှိရာသို့ဆက်၍ထွက်ခွာသွားကြကုန်၏။ ဘုရားရှင်သည် လိစ္ဆဝီမင်းတို့လာသည်ကိုမြင်လျှင် သံဃာတို့အား—

"ချစ်သားတို့—

"တာဝတိံသာနတ်ပရိသတ်ကို မမြင်ဘူးကုန်သော ရဟန်းတို့သည် ထိုလိစ္ဆဝီမင်းသားတို့ကိုသာ ကြည့်ကြကုန်လော့၊ ဤမင်းသားတို့သည် တာဝတိံသာနတ်တို့နှင့် တူကုန်၏ဟု" မိန့်တော်မူ၏။

လိစ္ဆဝီမင်းတို့သည်—

ဥယျာဉ်သို့ရောက်သောအခါ ခြေဖြင့်သာလျှင် ဘုရားရှင်ထံသို့လာကြ၍ ရှိခိုးပြီးတရားတော်ကိုနာယူကြ၏၊ တရားနာပြီးသောအခါ ဘုရားရှင်အား သံဃာတို့နှင့်တကွ၊ ဆွမ်းစားကြွတော်မူရန် ပင့်လျှောက်ကြ၏။

ထိုအခါ ဘုရားရှင်က—

"မင်းသားတို့ အမ္ဗပါလိကာသည် ရှေးဦးစွာပင့်လျှောက်သွားပြီ"ဟု မိန့်တော်မူလိုက်၏။

ထိုအခါမှ လိစ္ဆဝီမင်းသားတို့သည်—

"အမ္ဗပါလိကာသည် ငါတို့ထက် သာသွားပြီ၊ ငါတို့ကို အောင်နိုင်သွားလေပြီ"ဟု ချီးမွမ်းပြောဆိုကြပြီး၊ ဘုရားရှင်ကို ရှိသေစွာရှိခိုးဦးချ၍ ပြန်ကြလေ၏။

အမ္ဗပါလိကာသည် ထိုဥယျာဉ်၌ ဘုရားရှင်နှင့်တကွ၊ သံဃာတော်တို့အား ဆွမ်းကပ်ပြီး၊ ဥယျာဉ်တော်ကို ရေစက်သွန်းချ၍၊ ဘုရားရှင်အား လှူဒါန်းလေ၏။

ဘုရားရှင်သည်—

ထိုဥယျာဉ်၌ မွေ့လျော်သမျှနေတော်မူပြီး လူအပေါင်းတို့အား တရားဟောချတ်တော်မူ၍၊ မကြာသောကာလ၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

**မှတ်ချက်။** အမ္ဗပါလိကာသည် သရက်ပင်၌ သန္ဓေမှီသူဟု၊ နရသာသန ကျမ်း၌ဆိုသည်။

## ၁၀၇။ မြို့-ရွာ-နိဂုံး-ဇနပုဒ်- ခေါ်ပုံ

၁။ မြို့ဟူသည်— တံတိုင်း အကာအရံ ရှိသော အရောင်း အဝယ် ရှိသောအရပ်ကို (မြို့) သို့မဟုတ် နေပြည်တော်ဟု ခေါ်သည်။

၂။ ရွာဟူသည်—တံတိုင်း အကာအရံ မရှိသော အရောင်း အဝယ် ဈေးမရှိသော အရပ်ကို ခေါ်သည်။

၃။ နိဂုံးဟူသည်—အရောင်းအဝယ်သာရှိ၍ တံတိုင်း အကာ အရံ မရှိသောအရပ်ကိုခေါ်သည်။

၄။ ဇနပုဒ်ဟူသည်—နေပြည်တော်မဟုတ်သော မြို့ငယ်များ ကို ခေါ်သည်။

*

## ၁၀၉။ ဝဿကာရနှင့်ဝေသာလီ

မြတ်စွာဘုရားသခင်သည် ဝါတော် လေးဆယ် ကျော်၍ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး၍ နေတော်မူသောအခါတွင် ဝေသာလီပြည်ကြီး ပျက်စီးတော့မည့်အကြောင်းပေါ်လာသည်ဟု ဆိုသည်။ ဖြစ်ပေါ်လာပုံမှာ—

ရာဇဂြိုဟ်ပြည်နှင့်ဝေသာလီပြည်၏အကြား၌ ဂင်္ဂါမြစ်ရှိ၏။ ထိုမြစ်၏ကမ်းနား၌ ရွာကြီးတရွာရှိ၏။ ထိုရွာ၏ဆိပ်ကမ်းမှစ၍ လိစ္ဆဝီမင်းတို့၏ ပိုင်ဆိုင်သောနယ်မြေသည် ယူဇနာခွဲရှိ၏။အဇာတသတ်မင်း၏ ပိုင်ဆိုင်ရာနယ်မြေသည်လည်း ယူဇနာခွဲရှိ၏။

တရံခရာအခါ—

အဇာတသတ်မင်း၏ နယ်မြေအတွင်းသို့ ဝေသာလီမှလိစ္ဆဝီ မင်းတို့သည် နှစ်နှစ်တိုင်အောင် အခွန်တော်လာဆောက်ခကာက်

ယူကြ၏။ ထိုအကြောင်းကို အဇာတသတ်မင်း သိ၍ ပြင်းစွာ အမျက်ထွက်၏။ ထို့ကြောင့် စစ်တိုက်ရန်ကြံစည်၏။ သို့သော် အဇာတသတ်မင်းသည် ဤသို့ဆင်ခြင်မိ၏။

''တပြည်မှတပြည်သို့စစ်တိုက်ခြင်းသည် လွန်စွာဝန်လေး၏။ တယောက်ထည်းတိုက်၍လည်းမဖြစ်၊ စစ်ရေး၌ကျွမ်းကျင်သော ပညာရှိတို့နှင့် ကင်း၍လည်းမဖြစ်၊ ပညာရှိတို့နှင့် တိုင်ပင်မှသာ သင့်တော်လိမ့်မည်။

''ဤလောက၌ ဘုရားရှင်နှင့်တူသော ပညာရှိ မည်သည် မရှိပြီ။ ထို့ကြောင့် ငါစစ်တိုက်မည်ကို အကျိုးရှိမည်ထင်က ဘုရားရှင် ဆိတ်ဆိတ်နေလိမ့်မည်။ အကျိုးမရှိလျှင် အချည်းနှီးဟု မိန့်တော်မူလိမ့်မည်''ဟု ကြံစည်မိ၏။

ထို့ကြောင့် တရားသူကြီးအရာ၌ ထားသော (ဝဿကာရ) ပုဏ္ဏားကိုခေါ်၍ ဤသို့ဆို၏။

''အသင် ဝဿကာရ–

''ဘုရားရှင်ထံသို့သွားလော့၊ အရှင်ဘုရား၏ တကာတော် အဇာတသတ်မင်းကြီးသည် ဘုရားရှင်၏ခြေတော်ကို ဦးတိုက်၍ ရှိခိုးလိုက်ပါသည်ဟု လျှောက်ထားလော့။

''နောက်ပြီး ဒကာတော် အဇာတသတ်မင်းကြီးသည် ဝေသာလီပြည်ကို စစ်တိုက်လိုပါသည်ဟု လျှောက်ထားလော့။

''ထိုစကားကိုကြားလျှင် ဘုရားရှင်သည် တခုခုသောစကား ကို မိန့်တော်မူလိမ့်မည်။ ထိုစကားကို ကောင်းစွာ မှတ်သားခဲ့ လော့''ဟုဆိုပြီး စေလိုက်၏။

ဝဿကာရပုဏ္ဏားအမတ်ကြီးသည်—
စစ်သည်အပေါင်းတို့နှင့်သွား၍ ဘုရားရှင် ရှိတော်မူသော ဂိဇ္ဈကုဋ်တောင်သို့ရောက်လျှင် ခြေလျင်သွား၍ ဘုရားရှင်ကိုရှိခိုး ဦးချ၍ ရှိသေစွာကန်တော့၏။ မင်းကြီး မှာကြားလိုက်သော စကားကိုလည်း လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် ဝဿကာရပုဏ္ဏားအား—
"ဒကာတော် ဝဿကာရ၊ ငါဘုရားသည် ဝေသာလီပြည်၌ (သာနန္ဒရ) မည်သော နတ်၏နေရာတွင် တရံရောအခါက နေတော်မူခဲ့၏။

"ထိုအခါ ဝဇ္ဇီမင်းတို့သည်—
"ငါဘုရားရှိရာသို့လာကုန်၍ ၎င်းတို့ကျင့်ထိုက်သော တရားစကားကို လျှောက်ထား ကြကုန်၏။ ထိုအခါ ငါဘုရားသည် ထိုမင်းတို့အား (အပရိဟာနိယ) တရားခုနစ်ပါးတို့ကို အောက်ပါအတိုင်း ဟောတော်မူလိုက်၏။

၁။ စည်းဝေးတိုင်ပင်၍ ညီညွတ်စွာပြုလုပ်ခြင်း။
၂။ ရှေးမင်းတို့ ပညတ်ပြီးသော အရာကို ထပ်ခါမပညတ်။ ပညတ်ပြီးသည်ကိုလည်း အသစ်မပြင်ရ။
၃။ မိမိထက် အသက်သိက္ခာကြီးသူတို့ကို ရိုသေခြင်း။
၄။ ကြီးသူတို့၏စကားကို နားထောင်ခြင်း။
၅။ ပြည်သူတို့၏ သားပျို-သမီးပျိုတို့ကို မတရားသိမ်းပိုက်မှု မပြုခြင်း။
၆။ မြို့စောင့်နတ်တို့ကို ရိုသေပသခြင်း။

၇။ သီလ,သမာဓိ,ရှိသော ပုဂ္ဂိုလ်မြတ်၊ ရဟန်းမြတ်တို့ကို မြှောက်စားခြင်း။ ပူဇော်ခြင်း”

“ထို့ကြောင့် ဒကာတော် ဝဿကာရပုဏ္ဏား—
ထိုဝဇ္ဇီမင်းတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး (အပရိဟာနိယ) တရား၌တည်ကုန်၏။ ထိုသို့ တည်သမျှသော ကာလပတ်လုံး ၎င်းတို့သည် ပျက်စီးမှု မရှိနိုင်။ မပျက်စီးရုံမျှမက ပို၍ပင် ကြီးကျယ်လတံ့” ဟု မိန့်တော်မူလိုက်၏။

ဘုရားရှင်သည် ဤမျှ မိန့်ကြားခြင်းဖြင့် ဝဿကာရပုဏ္ဏားသည် သဘောပေါက် သွားမည်ကိုသိ၏။ သို့သော် ဤစကားလောက်မျှမိန့်တော်မမူလျှင် ဤလအတွင်း၌ပင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို တိုက်ခိုက်ဖျက်ဆီးတော့မည် ဖြစ်၏။

ဤမျှ အမိန့်ရှိခြင်းဖြင့် နောက်သုံးနှစ်လွန်မှသာလျှင် ဖျက်ဆီးနိုင်မည်၊ ထိုကာလအတွင်း၌ မိမိတို့ ကိုးကွယ်တည်ဆောက်မှု ဖြစ်သော ကုသိုလ်တရားတို့ကို အားထုတ်နိုင်သေး၏” ဟု မြင်တော်မူ၍ အမိန့်တော်ရှိခြင်း ဖြစ်၏။

ဝဿကာရ ပုဏ္ဏားသည် ဘုရားရှင်ကိုရှိခိုး၍ဦးချကန်တော့ပြီး ရွှေနန်းတော်သို့ ပြန်လာခဲ့၏။ ထိုအခါ မင်းကြီးက—

“ဘယ့်နှယ်လဲ အမတ်ကြီး ဘုရားရှင်က မည်သို့ အမိန့်ရှိလိုက်သနည်း” ဟု မေးတော်မူ၏။

ထိုအခါ ဝဿကာရ ပုဏ္ဏားကြီးက—
“ဝဇ္ဇီမင်းတို့သည်(အပရိဟာ နိယဓမ္မ)နှင့်အညီ ကျင့်သုံးနေကြသဖြင့် ၎င်းတို့အား ဖျက်ဆီးခြင်းငှါ တတ်နိုင်မည်မဟုတ်”

ဟုအမြွက်မျှ အမိန့်တော်ရှိလိုက်ကြောင်း ပြန်လည် လျှောက်ထား၏။

ထိုအခါ မင်းကြီးက အောက်ပါအတိုင်း ဆက်မေး၏။

"သည်လိုဆိုလျှင် မည်သို့ လုပ်သင့်သနည်း အမတ်ကြီး"

"မှန်လှပါ ၎င်းတို့၏ ညီညွတ်မှုကို ဖျက်ဆီးနိုင်မှသာ အောင်မြင် နိုင်ပါမည် ဘုရား"

"ဆရာပုဏ္ဏား သည်လိုဆိုလျှင် မည်သို့ ကြံမည်နည်း"

"အရှင်မင်းကြီး—

မစိုးရိမ်ပါလင့်၊ ကျွန်ုပ် ကြံပါမည်။ ညီလာခံဝင်သော အခါ အရှင်မင်းကြီးသည် လစ္ဆဝီမင်းတို့ကို မကျေနပ်သည့် ဒေါသဖြစ်ဘွယ်သော စကားကို ဆိုတော်မူပါလော့။

"ထိုအခါ အကျွန်ုပ်က လစ္ဆဝီမင်းတို့လည်း လယ်သမားတွေ မဟုတ်ကြ၊ သူတို့လည်း မင်းဖြစ်ကြသည်။ ထို့ကြောင့် အခွန် ကောက်ချင်ကောက်မည် ဟု လျှောက်ထားပါမည်။

"ထိုအခါ အရှင်မင်းကြီးကဒေါသထွက်ဟန်ဆောင်၍ကျွန်ုပ် ကို နှင်ထုတ်တော်မူပါ။ ကျွန်ုပ်က ဒေါသဖြစ်ဟန်ဖြင့် ထွက်ခွာ သွားပါမည်။

"နောက်ပြီးကျွန်ုပ်၏ အပြစ်များကို များစွာပြောတော်မူပါ၊ ကျွန်ုပ်သည် ညအခါ၌ လိစ္ဆဝီမင်းတို့ထံသို့ တမန် စေလွှတ်ပါ မည်။ လက်ဆောင်များလည်း ပေးလိုက်ပါမည်၊ အရှင် မင်း ကြီး၏ မကောင်းကြောင်းကိုလည်း ပြောပြပါမည်။

"ကျွန်ုပ်အား ဆံပင်ကိုရိပ်ပြီး နှောင်ကြိုးတဲ၍ တိုင်းပြည်မှ နှင်ထုတ်တော်မူပါ၊ ဝေသာလီမင်းတို့ထံသွားပြီး ခစားပါမည်။

ထိုမင်းတို့၏ညီညွတ်မှုကိုသွေးခွဲဖျက်ဆီးပြီးမှ အရှင်မင်းကြီးထံသို့ သတင်း ပို့လိုက်ပါမည်၊ ထိုအခါ စစ်သည်အင်္ဂါ လေးပါးနှင့် ချီတက်၍ သိမ်းပိုက်တော်မူပါ''ဟု လျှောက်ထား၏။

အဇာတသတ်မင်းကြီးသည် ထိုအကြံကို နှစ်သက်တော်မူ၍ ဝဿကာရပုဏ္ဏား စီမံတိုင်း ဆောင်ရွက်လေ၏။

လိစ္ဆဝီမင်းတို့သည် ဝဿကာရပုဏ္ဏားလာ၍ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်လာသည်ဟု ကြားလျှင် မလာစေရန် တားမြစ်စေ ကုန်၏။

ထိုအခါ ဝဿကာရပုဏ္ဏားသည် ဝေသာလီ ပြည်သူတို့ အား—

''ငါသည် သင်တို့မင်းများ၏ အကျိုးစီးပွားကို ပြုကျင့်ရန် ပြောဆိုမိသောကြောင့် ငါ့အား ရာဇဂြိုဟ်ပြည်မှ နှင်ထုတ်လိုက် ပါသည်၊ ငါ့အား ကူညီကြလော့''ဟု ပြောဆိုလေသော် ဝေ သာလီပြည်သားတို့က—

''ထိုသို့ဖြစ်လျှင် လာစေ''ဟု ခွင့်ပေးလိုက်ကြ၏။

ဝဿကာရ ပုဏ္ဏားသည် လိစ္ဆဝီမင်းတို့ထံ ရောက်လေသော် အဇာတသတ်မင်း နှင်လိုက်သောအကြောင်းစုံကို ယုတ္တိရှိအောင် လျှောက်ထား လေ၏။ ထိုအခါ လိစ္ဆဝီမင်းသားတို့က မေး ကြ၏။

''ဆရာသည် ရာဇဂြိုဟ်ပြည်၌ မည်သည့်ရာထူး ရှိသနည်း''

''ကျွန်ုပ်သည် တရားသူကြီး ဖြစ်ပါသည်''

''ငါတို့လည်း ထိုနည်းအတူ ချီးမြှောက်မည်''ဟုဆို၍ တရား သူကြီး ရာထူးကို ပေးကုန်၏။

ထိုအခါမှစပြီး ဝဿကာရပုဏ္ဏားသည် နှစ်နှစ်ခန့် ကာလ ပတ်လုံး လိစ္ဆဝီမင်းသားတို့၏ အကျိုးစီးပွားကို များစွာအလိုရှိ ဟန်ဖြင့် တာဝန်ကိုကျေပြွန်အောင် အထူး ဆောင်ရွက်၍ နေ လေ၏။ လိစ္ဆဝီမင်းသား အားလုံးတို့ကလည်း ပိုမို၍ ယုံကြည် လာကြ၏။

ထိုသို့ဖြင့် ဝဿကာရပုဏ္ဏားသည် နှစ်နှစ်ကျော် သုံးနှစ်သို့ ရောက်သောအခါ မူရင်းအကြံအစည်ကို စတင်၍ ဆောင်ရွက် တော့၏။

မင်းသား တပါးနှင့်တပါး မတွဲအောင် အထင်လွဲအောင် ပြောဆို လုပ်ကိုင်၏။ မင်းသား အားလုံးတို့သည် စည်းလုံး ညီညွတ်မှု ပျက်စီးကုန်၏။ တဦးနှင့်တဦး ပေါင်းစပ်၍ ခရီး အတူတူမသွားနိုင်အောင် ဖြစ်လာကြကုန်၏။

ထိုအခါ ဝဿကာရပုဏ္ဏားသည် အဇာတသတ်မင်းကြီးထံသို့ တမန် စေလိုက်တော့၏။

အဇာတသတ်မင်းကြီးသည် ထိုသတင်းကိုကြားလျှင် စစ်သည် အင်္ဂါလေးပါးနှင့် အပြင်း ချီတက်လာလေ၏။

လိစ္ဆဝီမင်းတို့သည်—

ထိုသို့ချီတက်လာသည်ကိုကြား၍ ခံစစ်ဖြင့်တိုက်ခိုက်တားမြစ် ခြင်းငှာ အချင်းချင်း စည်းရုံးကြပါသော်လည်း တဦးနှင့်တဦး ကြင်နာမှုကင်းမဲ့ပြီး စည်းရုံး၍ မရကြ။

တယောက်နှင့် တယောက် နီးစပ်သူတို့ကို အတိုက်ခိုင်းပါ သော်လည်း တဦးပေါ်တဦး အားထားမတည်ကြ။ ရှေးအခါ၌ ရေပက်၍ မဝင်နိုင်အောင် စည်းလုံးညီညွတ်မှု ရှိခဲ့ကြသော-

ထိုလိစ္ဆဝီမင်းတို့၏ စည်းလုံးညီညွတ်မှုသည် ဤအခါတွင် ဝါး အစည်းပြေသကဲ့သို့ ပျက်စီးနေကြ၏။

ထို့ကြောင့် အဇာတသတ်မင်း၏ စစ်သည်တို့သည် လွယ်ကူစွာဖြင့် ဝေသာလီပြည်ကို သိမ်းပိုက် ကြတော့၏။ ထိုအခါမှစ၍ ဝေသာလီပြည်သည် ရာဇဂြိုဟ်မင်း၏ လက်နက်နိုင်ငံဖြစ်တော့သတည်း။

## ၁၀၉။ လိစ္ဆဝီနှင့် ဝေသာလီမည်ခြင်း

၁။ **လိစ္ဆဝီမင်း** —၎င်းတို့သည် မိမိတို့ မျိုချသော ကွမ်းသေးကို ပြင်ပမှ တရိပ်ရိပ် မြင်ရသောကြောင့် လိစ္ဆဝီ ခေါ်သည်ဟု ဆိုသည်။

၂။ **ဝေသာလီပြည်**— ထိုပြည်မှ မင်းမျိုးသည် ဗာရာဏသီမင်းမျိုးဖြစ်သည်။ ဖြစ်ပုံမှာ ဗာရာဏသီမင်းကြီး၏ မိဖုရားသည် သားတစ်ဖွား မြင်၍ ရှက်စနိုးပြီး အိုးတွင် ထည့်၍ ဂင်္ဂါမြစ်၌ ပစ်စေသည်။ ၎င်း အိုးကို နတ်တို့က ကမ္ဗည်းစာ ထိုးပေး လိုက်သည်။

ဂင်္ဂါမြစ်အောက်၌ နေသော ရသေ့ တပါးကတွေ့၍ဆယ်ယူပြီးမိမိကျောင်း၌ ထားသည်။ နေ့ - လ - စေ့သော အခါ ထိုသားတစ်မှ နှစ်ဖြာကွဲ၍ ယောကျ်ား တယောက် မိန်းမတယောက် ဖြစ်လာ သည်။

ရှင်ရသေ့သည် လက်ညှိုးမှ နို့ရည် ဖြစ်စေ၍ တိုက်ကျွေး မွေးမြူသည်။ ထို သူငယ်တို့ကို နွားကျောင်းသား တို့က တောင်းယူ၍ မွေးမြူ ကြလေသည်။ အရွယ် သို့ ရောက်လတ်သော် ထို မောင်နှမ နှစ်ယောက်ကို ထိမ်းမြားပေး လေသည်။

ၚင်းတို့မှ သုံးကျိပ်နှစ်ယောက်သော သားတို့ကို ဖွားမြင်သည်။ ဗာရာဏသီ မင်းကြီးကို ပန်ကြား၍ တယူဇနာ အရပ်၌ မြို့တည်သည်။ လိစ္ဆဝီမင်းတို့ သည် တာဝတိံသာ နတ်တို့နှင့် တူကြ သည်။

ဝေသာလီ ပြည်၌ ထီးဖြူ ဆောင်း သော လိစ္ဆဝီမင်းမျိုး ကိုးထောင်ကိုးရာ ကိုးကျိပ် ကိုးယောက် အရေ အတွက် ရှိသည်။

အိမ်ရှေ့မင်းပေါင်းလည်း ထိုအဘူ ပင် ရှိသည်။

ဥယျာဉ်- ရေကန်- နန်းပြာသာဒ် ပေါင်းလည်း ထိုအတူပင်ရှိသည်။

ဗိုလ်ပါ ပြန့်ပွား၍ (လူဦးရေ တိုးပွား၍) များပြား လာသောကြောင့် မြို့ကို သုံးကြိမ် တိုင်တိုင် တိုးချဲ့ရသည်။ ထို့ကြောင့် ဝေသာလီပြည် ခေါ်၏ ဟု ဆိုသည်။

(လုံးတော်ဆရာတော် ပုစ္ဆပကိဏ္ဏကကျမ်း မှ)

*

## ၁၁၀။ နိဂုံးဆုတောင်း

၁။ သဗ္ဗေ .... အလုံးစုံကုန်သော

၂။ သတ္တာ .... သတ္တဝါတို့သည်

၃။ အဝေရာ.... ဘေးရန်မရှိကုန်သည်

၄။ ဟောန္တု.... ဖြစ်ပါစေကုန်သတည်း။

နားကြဉ်းစို

ရန်အောင်မျိုးညွန့်

ယနောင်စာပေ

# ျိုးညွန့်

ပတိမင်း

က်မညို

ဂ

294.3, 2-3
A1MMGB017288

# ဗုဒ္ဓစာကြေးမုံ

* * *

## ဤစာအုပ်သည်

၁။ ဆန်းကျယ် ရှားပါးလှသော ဘာသာရေး-သုတ ပညာပေး စာအုပ် ဖြစ်သည်။

၂။ အသက် ကြီးငယ် မရွေး- လူမျိုး ဘာသာ မရွေး- မြန်မာစာဖတ်တတ်သူတိုင်း လွယ်ကူစွာ ဖတ်ကြား- မှတ်သားနိုင်ရန် အလွယ်ဆုံး-အတိုဆုံး-အရှင်းဆုံးဖြင့် တင်ပြထားသည်။

၃။ ရဟန်းတော်များ- ဓမ္မကထိကများ- လူကြီး မိဘ ဆရာသမားများ- တပ်မတော်သားများ-အမှုထမ်း- အရာထမ်းများ- ကျောင်းသား-ကျောင်းသူ-လူငယ် များ နှင့် ဘာသာရေးသုတ -ကြွယ်ဝလိုသူများ အတွက် ဖတ်ပြီးလျှင် ;ရိုသေစွာ သိမ်းဆည်းထား ရမည့် တန်ဘိုးရှိလှသော စာအုပ် အမျိုးအစား ဖြစ်သည်။

ယနောင်စာပေ